၇ ရက် သတင်းဂျာနယ်

# 7 DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၃၄) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ၊ ကြာသပတေး၊ (နိုဝင်ဘာ ၁၀ ၊ ၂၀၁၁)







## ရန်ကုန်သို့ပထမဆုံးရောက်ရှိလာသော ကားများ လိုင်စင်ဝင်ရန်ဆောင်ရွက်နေ

အားမာန်

ရန်ကုန်၊ နိုဝင်ဘာ-၃

ယာဉ်အို၊ ယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ်အရ မြန်မာနိုင်ငံသို့ ကုန်တင်သင်္ဘောဖြင့် ပထမဆုံးရောက်ရှိလာသော ကား ၃၄စီးမှာ အေးရှားဝေါ်ဆိပ်ကမ်းတွင် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။ စာ(၁၂)သို့

ယာဉ်အို၊ယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ်အရ မြန်မာနိုင်ငံသို့ အောက်တိုဘာ ၂၆ရက်က ရောက်ရှိလာသော ကား၃၄စီး အေးရှားဝေါ်ဆိပ်ကမ်း၌ နိုဝင်ဘာ၃ရက်တွင် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်စဉ် ဓာတ်ပုံ-အားမာန်

## ၃ ပေခွဲကျော်ရှိ တောက်တဲ့တစ်ကောင် ကျပ်သိန်းပေါင်း တစ်သောင်းခုနစ်ထောင်ဖြင့် ဝယ်ယူ



အောင်သူရ

ရန်ကုန်၊ နိုဝင်ဘာ-၂

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်ဆည်ကျေးရွာတွင် တောက်တဲ့ တစ်ကောင်ကိုကျပ်သိန်းပေါင်း တစ်သောင်းခုနစ်ထောင်ဖြင့် အောက်တိုဘာ ၃၀ရက်က အရောင်းအဝယ်ဖြစ်သွားကြောင်း သတင်းရရှိသည်။

"ကျောက်ဆည်ရွာက တောက်တဲ့တော့ မဟုတ်ဘူး။ အဲဒီရွာကိုယူပြီး အရောင်းအဝယ်ဖြစ်တာ တောက်တဲ့အရှည်က ၃ ပေခွဲရှိတယ်။ စာ(၈)သို့


ငွေကြေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဆောင်ရွက်မည် ၂၉

စားသောက်ဆိုင် ဈေးဝယ်စင်တာနှင့် ဆီဆိုင်များတွင် ATMကတ် သုံးနိုင်တော့မည် ၂၈

Lonely Planet က ရွေးချယ်သော ခရီးသွားရန် အကောင်းဆုံး၁၀နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံပါဝင် ၂၈

ထိုင်းနိုင်ငံရောက် ရေဘေးသင့် မြန်မာလုပ်သားများ အရေးပေါ်အကူအညီလို A


## မြစ်ကြီးနားမြို့တွင် ရက်အတန်ကြာ လျှပ်စစ်မီးပြတ်တောက်

အေးမြကျော်

ရန်ကုန် - နိုဝင်ဘာ ၇

ကချင်ပြည်နယ်၏မြို့တော်ဖြစ်သည့် မြစ်ကြီးနားမြို့အတွက် လျှပ်စစ်ဓာတ်အားအဓိကဖြန့်ချိပေးလျက်ရှိသော ဘူးဂါးလျှပ်စစ်ဓာတ်အားဖြန့်ဝေရေးတွင် ဓာတ်အားပေးတိုင်များ မိုင်းထိမှန်သဖြင့် လျှပ်စစ်မီးမရရှိသည်မှာ ရက်သတ္တပတ်ကျော်ကြာမြင့်သွားပြီဖြစ်ကြောင်းမြစ်ကြီးနားမြို့ဒေသခံများက 7 Day News သို့ပြောကြားသည်။

"ခုထိမီးမရသေးဘူး။ ပြင်နေတယ်လို့တော့ကြားတယ်။ ဘူးဂါးမှာ ဓာတ်အားတိုင်မိုင်းထိသွားလို့ မီးပြတ်တယ်လို့သိရတယ်"ဟုမြစ်ကြီးနားမြို့စီတာပူရပ်ကွက်တွင်နေထိုင်သူတစ်ဦးကပြောကြားသည်။ စာ(၈)သို့

## အမေရိကန်က မြန်မာနိုင်ငံသို့ အသေးစားချေးငွေပေးရန် စီစဉ်နေ

အားမာန်

ရန်ကုန်၊ နိုဝင်ဘာ- ၄

အမေရိကန်အစိုးရက မြန်မာနိုင်ငံသို့ အသေးစားချေးငွေပေးရန် အစီအစဉ်ရှိကြောင်း အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဒဲရက်မစ်ရှဲလ်ကပြောသည်။

"USAIDက တစ်ဆင့် အသေးစားချေးငွေပေးဖို့အစီအစဉ် ကျွန်တော်တို့မှာရှိတယ်။ ဒါပေမဲ့ တိုင်းရင်းသားဒေသတွေနဲ့ အခြားဒေသတွေကိုလည်း အကူအညီပေးဖို့ နည်းလမ်းတွေကိုလည်း ရှာဖွေနေပါတယ်"ဟု ဒဲရက်မစ်ရှဲလ်က နိုဝင်ဘာ ၄ရက်က သတင်းထောက်များသို့ပြောသည်။

ထို့အပြင် အမေရိကန်က မြန်မာနိုင်ငံသို့ ပေးအပ်လျက်ရှိသော စိုက်ပျိုးရေးဆိုင်ရာ ချေးငွေနှင့် အသေးစားချေးငွေများကို ထပ်မံတိုးမြှင့်အကူအညီပေးရန် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြောင်းလည်း အထူးကိုယ်စားလှယ်က ပြောကြားသည်။ စာ(၁၂)သို့





CNC
JACKET
men's wear
ENVIRONMENT FRIENDLY
www.cncmenwear.com
photo : Naing Naing (R-2) . design : nyein thu


D//2
100% Cotton
Junior Jacket Fashion


-Ph:205065,201616,,200747 Ext:7156,7157

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



နိုဝင်ဘာ၇ရက်ကတွေ့ရသော မြစ်ကြီးနားမြို့ မန်ခိန်ရှိ ကချင်နှစ်ခြင်းအသင်းတော်မှ ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းတစ်ခု ဓာတ်ပုံ - ကျော်မျိုးဦး

# နယ်မြေလုံခြုံမှုမရှိသောဒေသခံများကို ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကူညီ

**ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသခံများအတွက် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရခြင်းဖြစ်သည်**

**အေးမြကျော်**

**ရန်ကုန် - နိုဝင်ဘာ ၇**

ကချင်ပြည်နယ်တွင်းမှ လက်နက်ကိုင်ပဋိပက္ခများကြောင့် နယ်မြေလုံခြုံမှုမရှိသော ဒေသများမှ ရွှေ့ပြောင်းရောက်ရှိလာသော ဒေသခံများအတွက် ကယ်ဆယ်ရေးစခန်း ၃၈ခုဖွင့်လှစ်ကာ ကူညီပေးလျက်ရှိကြောင်း အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ တင်သွင်းသောအဆိုအား နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ပြည်သူ့လွှတ်တော်တွင်ပြန်လည်ရှင်းလင်းဆွေးနွေးရာ၌ ထည့်သွင်းပြောကြားခဲ့သည်ကို နိုဝင်ဘာလ၄ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ကချင်ပြည်နယ်အတွင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဖြစ်သော ကေအိုင်အို၊ကေအိုင်အေတပ်ဖွဲ့များနှင့် မြန်မာတပ်မတော်တို့အကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်မှာ ကာလအတန်ကြာပြီဖြစ်ပြီး ယခုရက်ပိုင်းများတွင် ဗန်းမော်-လွယ်ဂျယ်ကားလမ်းတစ်လျှောက်တွင် တိုက်ပွဲများပိုမိုပြင်းထန်လာသဖြင့် ထိုဒေသ၌ နေထိုင်သောဒေသခံများမှာ မြစ်ကြီးနားမြို့တွင်ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများသို့ရောက်ရှိလာကြရာ ယခုရက်များအတွင်းရောက်ရှိလာသူဦးရေ ပိုမိုတိုးပွားလာကြောင်း အကူအညီများပေးနေသော ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့တစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"အခြေအနေကပိုပိုဆိုးလာတော့ ကယ်ဆယ်ရေးစခန်းတွေကိုရောက်လာတဲ့ လူတွေကလည်းပိုပိုများလာတယ်"ဟုမြစ်ကြီးနားမြို့မှ ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့တစ်ခုမှ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေသော ဒါရိုက်တာတစ်ဦးက 7Day News သို့ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၏ဖြေကြားမှုတွင်လည်း နယ်မြေလုံခြုံမှုမရှိသော ဒေသများရှိ အိမ်ထောင်စုပေါင်း ၁၃၉၇ မှ လူဦးရေပေါင်း ၅၅၈၀ အတွက် ၂၀၁၁ခုနှစ်ဇွန်လမှစက်တင်ဘာလအထိကယ်ဆယ်ရေးစခန်းပေါင်း ၃၈ခုဖွင့်လှစ်ကာ ထောက်ပံ့ကူညီခဲ့ပြီး ထိုဒေသခံများအတွက် စားသောက်နေထိုင်ရေးနှင့်ကျန်းမာရေးတို့ကို ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းကူညီလျက်ရှိကြောင်းပြောကြားသည်။

စာ(၁၂)သို့



## CRIME CORNER

## ကားမီးလောင်မှု ငြိမ်းသတ်သည့် မီးသတ်တပ်ဖွဲ့ဝင် ၅ ဦး ဒဏ်ရာရရှိ



ဓာတ်ပုံ - စိုးသီဟအောင်

**မီးလောင်မှု ငြိမ်းသတ်အပြီးတွေ့ရစဉ်**

**အိဖြူလွင်၊ ဝတ်ရည်**

**ရန်ကုန်၊ နိုဝင်ဘာ- ၅**

ပါရမီ ၁၇၃ ယာဉ်လိုင်းမှ ယာဉ်တစ်စီးသည် ယနေ့နံနက် ၁၀ နာရီခွဲက ဘက်ထရီဝါယာရှော့ခ်ဖြစ်ရာမှ ဂက်စ်အိုးပွင့်ထွက်ကာ မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးငြိမ်းသတ်သူ မီးသတ်တပ်ဖွဲ့ဝင် ၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်းရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

အဆိုပါယာဉ်သည် သန်လျင်မြို့နယ်၊ အောင်ချမ်းသာ ရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်းနှင့်သရက်ပင်ကျောင်းလမ်းထိပ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သန်လျင်မီးသတ်စခန်းနှင့် နီးနေသောကြောင့် မီးသတ်တပ်ဖွဲ့ဝင်များ အမြန်ရောက်ရှိပြီး ၁၅ မိနစ်အကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်ဟု သိရသည်။

မီးလောင်မှုကြောင့် ကားပေါ်ပါ စီအင်န်ဂျီဖိုက်ဘာ ဓာတ်ငွေ့အိုး တစ်အိုးပွင့်ထွက်ကာ ကားအမိုးများ၊ ဘေးမှန်များပါ ပွင့်ထွက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

ဖိုက်ဘာဓာတ်ငွေ့အိုးမှ အပိုင်းအစများ လွင့်စင်မှုကြောင့် သန်လျင်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး သန်လျင်ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားစဉ်တွင် ကားပေါ်တွင်ခရီးသည်မပါရှိသောကြောင့် ခရီးသည်ဒဏ်ရာရရှိမှုမရှိသော်လည်း ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့မှာ ထွက်ပြေးတိမ်းရှောင်နေကြောင်းသိရသည်။ အဆိုပါမီးလောင်မှုကို သန်လျင်ရဲစခန်းတွင်(ပ)၈၇၇/ ၂၀၁၁၊ ပုဒ်မ ၂၈၅/ ၂၈၆/ ၃၃၈ ဖြင့်အမှုဖွင့်ထားကြောင်းသိရသည်။

## တောင်းပန်ခြင်း

7Day News ဂျာနယ် အတွဲ (၁၀)၊ အမှတ်(၃၃) စာ-၄ မှ **“ကလေးငယ်ဆယ်ဦးကျော်အား ရောင်းစားခဲ့သော အိုင်အင်န်ဂျီအို ဝန်ထမ်း နိုင်ငံခြားသားကို အရေးယူခဲ့ဟုဆို’** သတင်းကို မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့မှ တာဝန်ရှိသူကိုမေးမြန်း၍ ရေးသားဖော်ပြခဲ့သည်။ သို့သော် သတင်းကို ရေးသားပြီးနောက် မူလသဘောတူထားသည့်အတိုင်း တာဝန်ရှိသူထံသို့ ပြန်လည်ပြသခြင်းမရှိဘဲ ပုံနှိပ်ဖော်ပြခဲ့မိပါသည်။ ထို့ကြောင့် သတင်းတွင်ပါဝင်သောဝန်ထမ်းတစ်ဦးမှာနိုင်ငံခြားသားမဟုတ်ဘဲဒေသခံဝန်ထမ်းတစ်ဦးဟူ၍လည်းကောင်း၊ ထိုဝန်ထမ်းမှာ လူငယ်များကို တစ်ဖက်နိုင်ငံသို့ ရောင်းစားခြင်းမဟုတ်ဘဲ ပြည်တွင်း၌ လူကုန်ကူးမိသော ပုံစံမျိုးဖြစ်ပွားခဲ့သည်ဟူ၍လည်းကောင်းပြင်ဆင်သိမှတ်ပေးပါရန်နှင့် ထိုအဖြစ်အပျက်သည် ၂၀၀၉ ခုနှစ်ကတည်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထိုဝန်ထမ်းကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်အတူတကွ ပူးပေါင်းပြီး အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အပြင် ဝန်ထမ်းအားအဖွဲ့အစည်းမှ ချက်ချင်းထုတ်ပယ်ခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ သတင်း၌ပါဝင်သော အချက်အလက် အချို့လွဲမှားခဲ့သည့်အတွက် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသော မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှ တာဝန်ရှိသူ၊ Save the Children အဖွဲ့အစည်းနှင့် စာဖတ်ပရိသတ်များကို တောင်းပန်အပ်ပါသည်။

**အယ်ဒီတာ**

## ရန်ကုန်-ပုသိမ်ကားလမ်းပေါ်တွင် ကုန်ကားများ ဖောက်ထွင်းနေသောအဖွဲ့အား ဖမ်းမိ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ - ၅**

ရန်ကုန်-ပုသိမ်လမ်းမပေါ်တွင် ကုန်တင်ယာဉ်ကြီးများကို ဖောက်ထွင်းမှုပြုလုပ်နေသော အဖွဲ့တစ်ဖွဲ့အား ထန်းတပင်မြို့နယ် တပ်သစ် ရဲစခန်းက ယခုလ ၂ရက်တွင် ဖမ်းမိခဲ့ကြောင်း အဆိုပါအမှု စစ်ဆေးရေးတာဝန်ခံ ဒုရဲအုပ်မြင့်နိုင်ကပြောသည်။

အဆိုပါအဖွဲ့အား တပ်သစ်ရဲစခန်းမှ ဒုရဲအုပ်မြင့်အောင်နှင့် အဖွဲ့က ကင်းလှည့်ချိန်တွင် ထန်းတပင်မြို့နယ်အတွင်းရှိစန္ဒာယော်ရွာအနီး၌ ကားပျက်ဟန်ဆောင်နေသော ဂျစ်ကားတစ်စီးနှင့် လူသုံးယောက်ကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

မသင်္ကာ၍ လိုက်လံမေးရာတွင် ယင်းကားသည် လှိုင်သာယာဘက်သို့သွားသည်ကို တွေ့သဖြင့် စစ်ဆေးရေးဂိတ်သို့ ကင်းလှည့်အဖွဲ့က ဖုန်းဆက်အကြောင်းကြားကာ ဖမ်းဆီးနိုင်ခဲ့ကြောင်းသိရှိရသည်။

၎င်းတို့ကို ဖမ်းမိချိန်တွင် ကားပေါ်၌ ခိုးယူထားသော ကပ်ထူစက္ကူဘူးအပိုင်းအစများနှင့်အတူ ကုန်ကားတာပေါ်လင်(မိုးကာ) များကိုခွဲကာ ပစ္စည်းခိုးယူစဉ် က အသုံးပြုသော ခဲတန်ချွန်ဓားတစ်ချောင်းကိုတွေ့ရှိခဲ့ရကြောင်း ဒုရဲအုပ်ဦးမြင့်နိုင်က ဆက်လက်ပြောကြားသည်။

ထို့အပြင် ၎င်းတို့ဂျစ်ကားပေါ်တွင်ပိုးသတ်ဆေးပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများနှင့် အထိုင်ဖုန်းအိမ်လေး၊ငါးလုံးကိုပါ တွေ့ရှိခဲ့သည်။

ဖမ်းမိခဲ့သောသုံးယောက်အား စစ်ဆေးရာ ၎င်းတို့ခိုးယူခဲ့သော ပစ္စည်းများကို ခွဲခြမ်းရောင်းချပေးသည့်ခေါင်းဆောင်ဟုယူဆထားသောအဖွဲ့ဝင်တစ်ဦးကိုထပ်မံဖမ်းမိခဲ့ကြောင်းသိရသည်။

သို့သော် ပစ္စည်းခိုးယူစဉ် ဦးဆောင်ခိုးယူသူမှာလွတ်မြောက်နေသေး၍ ရဲစခန်းမှရှာဖွေနေပြီး အမှု အား တရားရုံးတင်ချိန်အထိ ထိုခွဲသူကိုမမိသေးပါက ဖမ်းဝရမ်းထုတ်ကာ ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

ထိုအဖွဲ့ကို စတင်ဖမ်းမိချိန်တွင် (ပ)၉၉/ ၂၀၁၁ ဖြင့် အမှုဖွင့်ကာ မသင်္ကာမှုဖြစ်၍ ပုဒ်မ ၃၈၀/ ၅၄ ဖြင့် အရေးယူထားရာမှ အမှုစစ်ဆေးရာတွင် ခိုးမှုပေါ်လွင်လာ၍ ပုဒ်မ ၃၇၉/ ၅၄ ဖြင့် ပြောင်းလဲအမှုဖွင့်ရန် စီစဉ်နေကြောင်းသိရှိရသည်။

အဆိုပါအဖွဲ့အား ဖမ်းမိခြင်းကြောင့်ပြီးခဲ့သည့်တစ်ပတ်အတွင်းက ပစ္စည်းခိုးယူခံခဲ့ရသော ယာဉ်ပိုင်ရှင်တစ်ဦး၏ ပစ္စည်း ၁၆ မျိုးထဲမှ ၁၀ မျိုးကို ပြန်လည်ရရှိခဲ့ကြောင်း ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

## ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုအတွက် လာရောက်ဆွေးနွေးမှု များလာ

**အောင်သူရ၊ ပြည့်သိမ်း**

**ရန်ကုန်၊ နိုဝင်ဘာ-၃**

**ထိုင်းနိုင်ငံ ရေကြီးမှုအပါအဝင် အခြားသောအခွင့်အလမ်းများကြောင့် မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုအတွက် လာရောက်ဆွေးနွေးမှုများပြားလာကြောင်း သတင်းရရှိသည်။**

“ထိုင်းမှာ ရေကြီးလို့ ဂျပန်နိုင်ငံ ကုမ္ပဏီပိုင် စက်ရုံ ၅၀၀ ထဲက ၃၀၀ လောက် ရေနစ်မြုပ်နေတယ်။ ထိုင်းနိုင်ငံ GDP (အသားတင် ထုတ်ကုန်) ၂ ရာခိုင်နှုန်းလောက်ထိခိုက်နေတယ်လို့လည်း ကြားတယ်။ ဒီတစ်နိုင်ငံတည်းတင် မဟုတ်ပါဘူး။ နိုင်ငံတော်တော်များများလာနေပါတယ်။ ထိုင်းနိုင်ငံကြောင့်လည်း ပါတယ်။ ထိုင်းနိုင်ငံကြောင့်မဟုတ်တာလည်းပါတယ်”ဟု ကုန်သည်စက်မှုအသင်းချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကပြောသည်။

ထိုင်းနိုင်ငံအပြင် ဗီယက်နမ်၊ ဟောင်ကောင်နှင့် ဩစတြေးလျနိုင်ငံများလည်းလာရောက်ဆွေးနွေး မှုများစွာရှိကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီ ညွှန်ကြားရေးမှူး ဒေါ်သီတာမြင့်က ပြောသည်။

နိုင်ငံစုံမှ လုပ်ငန်းရှင်များသည် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံရန် စုံစမ်းမေးမြန်းခြင်းရှိသော်လည်း အကောင်အထည်ဖော်လုပ်ကိုင်ခြင်း အလွန်နည်းနေကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ စုံစမ်းသိရှိရသည်။

ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ဥပဒေ၊နည်းဥပဒေများပြောင်းလဲမှု၊ အခြေခံအဆောက်အအုံ၊ ငွေကြေးစနစ်၊ ဆက်သွယ်ရေး၊ အခွန်စနစ်စသည့်တို့၏ အပြောင်းအလဲများကို စောင့်ကြည့်နေခြင်းကြောင့်ဖြစ်ကြောင်းလည်း အသင်းချုပ်မှ ဒုဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကဆိုသည်။

“စက်မှုဇုန် အများကြီးပါတယ်။ မြန်မာနိုင်ငံအောက်ပိုင်းတွေမှာလုပ်ငန်းလုပ်ချင်တာများတယ်။ ရန်ကုန်၊ ပုသိမ်ငွေဆောင်တို့မှာလုပ်ချင်တယ်လို့ တင်ပြတဲ့လူတွေရှိတယ်” ဟု ဒေါ်သီတာမြင့်က ဆိုသည်။ လာရောက်ဆွေးနွေးသည့်ကုမ္ပဏီပေါင်း ၃၀ ကျော်ရှိကြောင်းလည်း သိရသည်။

“အဓိကက သဘာဝပတ်ဝန်းကျင်ကို မထိခိုက်ဘူး။ တိုင်းပြည်အတွက်လည်း အကျိုးရှိမယ်ဆိုရင် ခွင့်ပြုဖို့ရှိပါတယ်”ဟု ဒေါ်သီတာမြင့်က ဆိုသည်။

ငွေကြေးတန်ဖိုးသတ်မှတ်ချက် ပြင်ပြီးပါက အလုံးအရင်းနှင့်ဝင်လာမည့်အဖွဲ့များ တန်းစီနေကြောင်း UMFCCI မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

# ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ခြင်း တစ်နှစ်ပြည့် အထိမ်းအမှတ် သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်

**အားမာန်**

**ရန်ကုန်၊**
**နိုဝင်ဘာ-၂**

ကမ္ဘာ့ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ခြင်း တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင်မှတ်ပုံမတင်ရသေးသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးချုပ်၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၀ နိုဝင်ဘာ ၁၃ ရက်တွင် ၇ နှစ်ကျော်ကြာ နေအိမ် အကျယ်ချုပ် ဆက်တိုက်ကျခံနေရာမှ လွတ်မြောက်လာခဲ့ပြီး လာမည့် နိုဝင်ဘာ ၁၃ တွင် တစ်နှစ်ပြည့်မည်ဖြစ်သည်။ ထိုသို့လွတ်မြောက်လာသည့် အထိမ်းအမှတ်အဖြစ် မှတ်ပုံမတင်ရသေးသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ဗဟန်းမြို့နယ်ရှိ ရုံးချုပ်၏အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်ဖြစ်ကြောင်း အဖွဲ့ချုပ်ဗဟို သတင်းနှင့် ပြန်ကြားရေးဌာနမှ သတင်းထုတ်ပြန်သည်။

ထိုသတင်းစာရှင်းလင်းပွဲ၌ ပြည်တွင်း၊ပြည်ပ သတင်းထောက်များကို ဖိတ်ကြားထားသည်။

ယခုရက်ပိုင်းအတွင်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည် ပြန်လည်မှတ်ပုံတင်တော့မည်ဟု သတင်းများထွက်ပေါ်နေပြီး ပါတီမှတ်ပုံတင်၊ မတင်ကို လူထုက စိတ်ဝင်စားနေကြသည်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း ပါတီမှတ်ပုံတင်၊ မတင်မှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်နှင့် ဥပဒေပေါ်တွင် မူတည်နေကြောင်း အောက်တိုဘာ၃၀ရက်တွင်သတင်းထောက်များသို့ ပြောကြားခဲ့သည်။

နိုဝင်ဘာ ၁၄ ရက်တွင် ပြုလုပ်မည့် သတင်းစာရှင်းလင်းပွဲတွင် ပါတီ မှတ်ပုံတင်ခြင်း၊ မတင်ခြင်းအတွက် တိကျသောအဖြေ ပေးဖွယ်ရှိကြောင်းသတင်းထောက်အချို့က ယူဆနေကြသည်။ နိုဝင်ဘာ၄ရက်တွင်နိုင်ငံတော်သမ္မတက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုလိုက်ပြီဖြစ်သည်။

# မီးရထားလူစီးနှင့်ကုန်တင်တန်ဆာခနှုန်းများနိုဝင်ဘာ၁၅တွင်စတင်တိုးမြှင့်မည်

**ပြည်သိမ်း**

**ရန်ကုန်၊**
**နိုဝင်ဘာ-၄**

မြန်မာ့မီးရထား၏ လူစီးနှင့် ကုန်တင်တန်ဆာခနှုန်းထားများကို နိုဝင်ဘာလ ၁၅ ရက်မှ စတင်တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ယင်းသို့ တိုးမြှင့်ကောက်ခံရခြင်းသည် ရထားလမ်းများအဆင့်မြှင့်တက်နိုင်စေရန်အတွက် ဖြစ်သည်။ ထို့အပြင် လက်ရှိကောက်ခံနေသော လက်မှတ်ခနှုန်းထားများသည် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၁၆၀ ကျပ်နှုန်းဖြင့် နှုန်းထားသတ်မှတ်ကောက်ခံထားခြင်းဖြစ်သည့်အတွက် ဒီဇယ်ဈေး ၁၉ ဆခန့် ထိမြင့်တက်နေသော်လည်း ရထားလက်မှတ်ခ မြှင့်တင်ခြင်းမရှိဘဲ ဆက်လက် ပြေးဆွဲရသဖြင့် ငွေကြေးပမာဏများစွာ ထုတ်နေရကြောင်း သိရသည်။



**ပုဂ္ဂလိကသို့လွှဲပြောင်းမှုမပြုမီ ယခုကဲ့သို့ ဈေးနှုန်းများကို တိုးမြှင့်လိုက်ခြင်းဖြစ်သည်**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"မြို့ပတ်ရော၊ ဟိုက်ဝေးရော၊ စာပို့ရော၊ အထူးအမြန်ရော အကုန်ဈေးတက်မှာပါ။ ဈေးနှုန်းသစ်ကိုလည်း ခရီးသွားပြည်သူတွေအားလုံးသိအောင်နိုဝင်ဘာ၇ရက်မှာကြေညာပေးမယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သွားလာရေး မန်နေဂျာဦးသိန်းဦးကပြောသည်။

အသစ်တိုးမြှင့်သည့် ဈေးနှုန်းမှာ အဝေးပြေးရထားများအတွက် ၃၅ ရာခိုင်နှုန်းဖြစ်သည်။ ယခင်စာပို့ရထားများ၏ ရိုးရိုးတန်းလက်မှတ်နှုန်းထားမှာ တစ်မိုင်လျှင် ၃ ကျပ်နှုန်းကောက်ခံနေရာမှ ၉ ကျပ်နှုန်းသို့ တိုးမြှင့်မည်ဖြစ်ကာ အမြန်ရထားရိုးရိုးတန်း၊ အထက်တန်း၊ ပထမတန်း၊ အထက်တန်းအိပ်စင်၊ ကုန်တင်တန်ဆာခများကိုလည်း အချိုးကျ တိုးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.10, No.34 ▪ NOVEMBER 10, 2011

# အိုင်အမ်အက်ဖ်ကိုယ်စားလှယ်အဖွဲ့ ၂၀၁၂ တွင်ထပ်မံလာရောက်မည်

အားမာန်

ရန်ကုန်၊ နိုဝင်ဘာ-၃

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံ ငွေအဖွဲ့(IMF)မှ ကိုယ်စားလှယ်အဖွဲ့သည်လာမည့် ၂၀၁၂ နှစ်ဆန်းပိုင်းတွင် မြန်မာနိုင်ငံသို့ထပ်မံလာရောက်နိုင်ရန် မျှော်လင့်ကြောင်း အဆိုပါအဖွဲ့မှ သတင်း ထုတ်ပြန်သည်။

မြန်မာနိုင်ငံတွင် တစ်ခုတည်းသော နိုင်ငံခြားငွေလဲနှုန်း စနစ်ကျင့်သုံးရန်အတွက် နည်းပညာနှင့်အကြံဉာဏ်များပေးရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ မေတ္တာရပ်ခံချက်အရ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မြန်မာနိုင်ငံသို့ အောက်တိုဘာ ၁၉ရက်မှ နိုဝင်ဘာ ၁ရက်ထိ လာရောက်ခဲ့ကြောင်း နိုဝင်ဘာ ၂ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့တွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ငွေကြေးဈေးကွက်နှင့် အရင်းအနှီးဈေးကွက်ဌာန၊ ဥပဒေဌာနနှင့် အာရှပစိဖိတ်ဌာနတို့ပါဝင်သည်။ ထိုအဖွဲ့မှာ မြန်မာနိုင်ငံက လက်ခံဆောင်ရွက်ရန် ရည်ရွယ်လျက်ရှိသော နိုင်ငံတကာ သာမန်ငွေပေးချေမှုများနှင့် ငွေလွှဲပို့မှုများအပေါ် ကန့်သတ်တားမြစ်ချက်များအား ဖယ်ရှားပြီး တစ်ခုတည်းသော နိုင်ငံခြားငွေ လဲလှယ်နှုန်းအသုံးပြုသည့် နိုင်ငံခြားငွေလဲလှယ်မှု စနစ်ကို ဆောင်ရွက်သွားနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ မေတ္တာရပ်ခံချက်ကြောင့် လာရောက်ခဲ့ခြင်းဖြစ်သည်။ တစ်ခုတည်းသော နိုင်ငံခြားငွေလဲလှယ်နှုန်း သတ်မှတ်ရန်အတွက် ပြဿနာဇာစ်မြစ်ကို ဖော်ထုတ်ရန် ထိုအဖွဲ့သည် အစိုးရအရာရှိများ၊ ဘဏ်များ၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကကဏ္ဍများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ကြောင်းလည်း သတင်းထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

# စက်မှုဇုန်များတွင် လျှပ်စစ်ဗို့အားမပြည့်သည့်အတွက် မီးစက်များပါ တွဲသုံးနေရ

ပြည်သိမ်း

ရန်ကုန်၊ နိုဝင်ဘာ-၃



လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံတစ်ရုံ

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

စက်မှုဇုန်များတွင် လျှပ်စစ်ဓာတ်အားအချိန်ပြည့်ရရှိသော်လည်း ဗို့အားမပြည့်သည့်အတွက် မီးစက်များကိုပါ တွဲသုံးနေရကြောင်း စက်မှုလုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

စက်မှုဇုန်များကို လျှပ်စစ်မီး ၂၄ နာရီပေးထားသော်လည်း လုပ်ငန်းအတွက် လိုအပ်သည့် ဗို့အားကို မရကြခြင်းကြောင့် စက်လည်ပတ်ရန် အခက်အခဲများရှိသည့်အတွက် မီးစက်များ အသုံးပြုနေရကြောင်း လှိုင်သာယာစက်မှုဇုန်မှ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

“မီးစက်နဲ့လည်ရတော့ လုပ်ငန်းက မတွင်ကျယ်ဘူး။ ဆီဈေးကလည်း တစ်ဂါလန် ၃,၅၀၀ ကျပ်ဆိုတော့ အားလုံးစိတ်ညစ်နေကြတယ်”ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။


အောက်တိုဘာလကုန်ပိုင်းက ပြည်သူ့လွှတ်တော်တွင် လျှပ်စစ်ဓာတ်အားခများ မြှင့်တင်ရန် အစိုးရအဖွဲ့ကို ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဟု အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောဆိုခဲ့သည်။ ဓာတ်အားသုံးစွဲခတိုးမြှင့်ရေးကိစ္စနှင့်ပတ်သက်၍ စက်မှုဇုန်ရှိ လုပ်ငန်းရှင်တစ်ဦးက “ဗို့အား အပြည့်နဲ့ မီးမှန်မှန်ရရင်တော့ဒီကိစ္စကိုကြိုဆိုပါတယ်။ လက်ရှိအခြေအနေမျိုးဆိုရင်တော့ ရှေ့ဆက်မလွယ်ဘူး”ဟုဆိုသည်။

စက်မှုလုပ်ငန်းများတွင်လျှပ်စစ်ဓာတ်အားခသည် တစ်ယူနစ်လျှင်ကျပ် ၅၀ ရှိပြီး သာမန်လူနေရပ်ကွက်များတွင် ၂၅ ကျပ်သာရှိသည်။ လျှပ်စစ်တစ်ယူနစ်အတွက် ကုန်ကျစရိတ်သည် ၃၈ ကျပ်ဝန်းကျင်ရှိသဖြင့် လူနေရပ်ကွက်များအတွက် လျှပ်စစ်ဓာတ်အားကို ကုန်ကျစရိတ်အရှုံးခံ၍ ပေးနေခြင်းဖြစ်သည်။

“စက်မှုဇုန်တွေမှာ လျှပ်စစ်အတွက် အခြားပေးရတာတွေလည်း အများကြီးပဲ။ ထင်ရှားတာက ဓာတ်အားထိန်းသိမ်းခဆိုပြီးကျပ်၆၀,၀၀၀ နဲ့ကျပ်၁၀၀,၀၀၀ ကြားပေးရတာတွေလည်းရှိတယ်”ဟု အထက်ပါစက်မှုလုပ်ငန်းရှင်က ဆိုသည်။

ယင်းသို့ လျှပ်စစ်ဓာတ်အားအတွက် ကုန်ကျစရိတ်များနေသော်လည်း နွေရာသီဆိုလျှင် စက်မှုဇုန်များတွင် လျှပ်စစ်မီး အချိန်ပိုင်းသာရရှိသည်။

လူနေရပ်ကွက်များထက် လျော့နည်းနေသည့်အတွက်ယင်းစနစ်ကိုပြုပြင်ပြောင်းလဲရန် လိုနေကြောင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရန်၊ ပြည်တွင်းထုတ်ကုန်လုပ်ငန်းများ တိုးတက်ရန်မှာ လျှပ်စစ်ဗို့အား အပြည့်ဖြင့် အချိန်များစွာရရှိရန် အရေးကြီးကြောင်း စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးကသုံးသပ်သည်။






7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

# ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရများခွင့်ပြုပါက နယ်စပ်မှ ဆန်တင်ပို့မှုခွင့်ပြုမည်

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ နိုဝင်ဘာ-၃**

သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများက ခွင့်ပြုပါက နယ်စပ်ဒေသများမှ ဆန်တင်ပို့မှုကို ခွင့်ပြုမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းမြင့်က ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ယင်းသို့နယ်စပ်မှ ဆန်တင်ပို့ခွင့်ပြုရခြင်းသည် ကမ္ဘာ့ဆန်ဈေးကျဆင်းနေသည့်အတွက် ပြည်တွင်း ဆန်ဈေးကျဆင်းမည်ကို စိုးရိမ်၍ ယခုကဲ့သို့ ခွင့်ပြုခြင်းဖြစ်နိုင်ကြောင်း ပြည်ပသို့ဆန်တင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

“လက်ရှိ ဆန်ဈေးကွက်အခြေအနေက ပြည်တွင်းမှာလည်း အရောင်းအဝယ် အေးတယ်။ ပြည်ပမှာလည်း အရောင်းအဝယ် အေးတယ်” ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ပြည်တွင်းဈေးကွက်၌ ၂၅ မှတ် ဆန်သည် ပြည်ပသို့တင်ပို့မှုနည်းသည့်အတွက် ရန်ကုန်ဈေးကွက်သို့ဝင်ရောက်မှု မရှိပေ။ အဆိုပါ ဆန်ဈေးမှာ တစ်အိတ်လျှင် ၁၂,၀၀၀ ကျပ်အောက်တွင်သာ ရှိကြောင်း သိရသည်။

လက်ရှိကမ္ဘာဈေးကွက်တွင် မြန်မာ့ဆန်သည် ၂၅ မှတ်ကို တစ်တန်လျှင် ကန်ဒေါ်လာ ၃၆၀ ဝန်းကျင်သာရှိသည်။ ယင်းဈေးနှုန်းမှာ ယခင်လဆန်းပိုင်းနှင့် နှိုင်းယှဉ်ပါက တစ်တန်လျှင် ကန်ဒေါ်လာ ၃၀ ဝန်းကျင်ဈေးကျလာသည်။

မြန်မာဆန်သည် ကမ္ဘာ့ဈေးကွက်တွင် ယခုနှစ်လယ်က တစ်တန်လျှင်ကန်ဒေါ်လာ ၄၂၀ ထိ ဈေးရခဲ့သည်။ ယင်းအခြေအနေမှ ယခုကဲ့သို့ ဈေးပြန်ကျရခြင်းသည် အိန္ဒိယမှ အရန်ဆန်နှစ်သန်းကို ဈေးကွက်ထဲသို့ ဖြန့်ခဲ့သည့်အတွက်ကြောင့် ဖြစ်သည်။

လက်ရှိပြည်တွင်းဈေးကွက်တွင် ဆန်ဟောင်းကုန်၍ ဆန်သစ်ပေါ်သည့်ကာလသို့ ရောက်လာသော်လည်း ဆန်ဈေးမှာကျဆင်းနေသည့်အပြင် ဝယ်လိုအားလည်း လျော့နည်းလျက်ရှိသည်။

“ဒီနှစ်က ထူးခြားတယ်။ ပုံမှန်ဆိုရင် ဒီအချိန်က ဈေးတက်နေကျပဲ။ ဒါပေမဲ့ ဒီနှစ်က ဘယ်လိုဖြစ်နေလဲ မသိဘူး” ဟု မော်တင်မှ ဆန်ကုန်သည်တစ်ဦးက ဆိုသည်။

လက်ရှိ ပြည်တွင်းဆန်ဈေးသည် ဆန်ကြမ်း(ရှယ်)အမျိုးအစားမှာ တစ်အိတ်လျှင် ၁၄,၀၀၀ ကျပ်ဝန်းကျင်သာ ဈေးရှိသည်။ စပါးဈေးမှာလည်း ဆန်ကြမ်းစပါးကို ကျပ်နှစ်သိန်းခွဲမှသုံးသိန်းနှစ်သောင်း၊ ဆန်ချောစပါးမှာကျပ် ငါးသိန်းမှ ငါးသိန်းခွဲကြားသာ ဈေးရှိသည်။

# စားသုံးရန်မသင့်သည့် ဆိုးဆေးများသုံးထားသော စားသောက်ကုန်များကို မီးရှို့ဖျက်ဆီး

**အိမြှူလွင်**

**ရန်ကုန်၊ နိုဝင်ဘာ-၁**

ရန်ကုန်မြို့တွင်းရှိ ဈေး ၁၈ ဈေးရှိ စားသုံးရန် မသင့်သည့် ဆိုးဆေးများ အသုံးပြုထားသည့် စားသောက်ကုန် အလေးချိန်ပိဿာ ၈၀ ကျော်ကို တာမွေယာယီဈေးတွင် ယနေ့နံနက်ပိုင်းက မီးရှို့ဖျက်ဆီးခဲ့ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ သတင်းရရှိသည်။

အဆိုပါ စားသောက်ကုန်များကို စက်တင်ဘာ ၁၅ ရက်မှ ၂၉ ရက်ထိ ဈေးများဌာနလက်အောက် ဈေးများရှိ ဆိုင်ခန်း ၂၉၃ ခန်းမှ ပစ္စည်းနမူနာများရယူ၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနတွင် စစ်ဆေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ စစ်ဆေးရာမှ ဆိုင်ခန်း ၃၁ ခန်းတွင်ရောင်းချသော ငါးပိ၊ ပဲကြီးလှော်၊ ငရုတ်သီးမှုန့်၊ မျှစ်၊ ပုစွန်ချဉ်၊ အသားတု စသည့် စားသောက်ကုန်များတွင် စားသုံးရန် မသင့်သည့် ဆိုးဆေးများပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။



ဆိုးဆေးများကို တာမွေယာယီဈေးတွင် မီးရှို့ဖျက်ဆီးနေစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

စားသောက်ကုန်များ စစ်ဆေးခြင်းကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့က ပူးပေါင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ဆိုးဆေးများပါဝင်သည့် ပစ္စည်းများ ရောင်းချသည့် ဆိုင်များမှ ပစ္စည်းများကို သိမ်းဆည်းပြီး ဆက်လက်ရောင်းချခြင်း မပြုရန် သတိပေးမှုများ ပြုလုပ်ခဲ့ကြောင်း ဈေးများဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.34 ▪ NOVEMBER 10, 2011

## ၂၀၁၁ခုနှစ် နိုဝင်ဘာလ(၉)ရက်မှ(၁၅)ရက်အထိ

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်မုန်တိုင်းအခြေနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာတိမ်အနည်းဖြစ်ထွန်းပြီး ကျန်ဘင်္ဂလားပင်လယ်အော်မှာ သာယာပါ့မယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာရာသီဥတု သာယာနိုင်ပြီး လှိုင်းအနည်းငယ်သာ ရှိနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ ၁၀မိုင်မှ ၁၅မိုင်ခန့်အထိ တိုက်ခတ်နိုင်ပါတယ်။ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်မှာတော့ တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများကျရောက်မှုကြောင့် ခေတ္တခဏမျှ လှိုင်းအသင့်အတင့် ရှိနိုင်ပါတယ်။

ပြီးခဲ့တဲ့အောက်တိုဘာ(၁၉)ရက်မှာ ဘင်္ဂလားပင်လယ်အော်ထဲမှာ ဒုတိယမုန်တိုင်း 02Bဖြစ်ပြီးကတည်းက ဘင်္ဂလားပင်လယ်အော်ရဲ့ ရေပြင်ရော၊တောင်တရုတ်ပင်လယ်ပြင်မှာရော မုန်တိုင်းတွေငြိမ်သွားခဲ့ပါတယ်။ အဲဒါအပြင် ဘင်္ဂလားပင်လယ်အော်ထဲမှာ အနောက်တောင်မုတ်သုံလေဦးဟာ မူလက 10 deg N လောက်မှာရှိနေခဲ့ရာက 02Bဖြစ်ပြီးတာနဲ့ တောင်ဘက် 5 deg N နိမ့်ဆင်းကျသွားခဲ့ပါတယ်။ ဒီလိုမုတ်သုံလေဦးဟာ တောင်ဘက်နိမ့်ဆင်းသွားတာနဲ့ မြောက်ဘက်က လေအေးတွေဟာ တောင်ဘက်ကို အိကျလာပြီး တစ်နိုင်ငံလုံးလိုလို အရှေ့မြောက်လေအေးတွေဝင်ရောက်စပြုနေပြီဖြစ်ပါတယ်။ အဲဒီအချက်ဟာ ဘင်္ဂလားပင်လယ်အော်ထဲမှာ လေထုမငြိမ်သက်မှုကိုရော၊ မိုးရွာသွန်းမှုကိုရော၊ မုန်တိုင်းဖြစ်ပေါ်မှုကိုရော လျော့နည်းသွားစေခဲ့ပါတယ်။ အကျိုးဆက်ကတော့ပြီးခဲ့တဲ့ ရက်သတ္တတစ်ပတ်အတွင်း မြန်မာတစ်နိုင်ငံလုံးမှာ မိုးရွာသွန်းမှုတွေ လျော့နည်းသွားခဲ့ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့အောက်တိုဘာလ(၂၈)ရက်မှနိုင်ဝင်ဘာလ(၃)ရက်အထိ ဆီးနှင်းမိုးရွာသွန်းသဖြင့် မိုးရေချိန် ၀. ၂လက်မမှ ၀. ၈လက်မအထိ တိုင်းတာရရှိသောဒေသများမှာ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ် အရှေ့မြောက်ပိုင်းတို့ ဖြစ်ကြပြီး၊ မိုးဖွဲများရွာသွန်းသဖြင့် မိုးရေချိန် ၀. ၂လက်မမှ ၀. ၈လက်မအထိ တိုင်းတာရရှိသော ဒေသများကတော့ ပဲခူးတိုင်းအရှေ့အလယ်ပိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းဒေသ အချို့ဖြစ်ကြပါတယ်။ ကျန်ဒေသများ အားလုံးအနေနဲ့တော့ မိုးရေချိန် ၀. ၂လက်မအောက်လျော့ (သို့) မိုးမရွာသော ဒေသများဖြစ်ကြပါတယ်။

**လာမယ့်ရက်သတ္တတစ်ပတ်အတွက်ခန့်မှန်းချက်**

လာမယ့်ခန့်မှန်းကာလ ရက်သတ္တပတ်အတွင်းမြန်မာနိုင်ငံဘက်ဆီကို အရှေ့ဘက်က ရွေ့လျားလာနိုင်တဲ့မုန်တိုင်းအကြွင်းအကျန်တိမ်တိုက် များမရှိနိုင်သလို၊ ဘင်္ဂလားပင်လယ်အော်ထဲမှာလည်း လက်ရှိအခြေအနေအရ မုန်တိုင်းဖြစ်နိုင်ဖို့အလားအလာလည်း မရှိသေးပါဘူး။

လာမယ့်ရက်သတ္တတစ်ပတ်အတွင်း မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းဒေသများဖြစ်ကြတဲ့စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နဲ့ ကရင်ပြည်နယ်အရှေ့ပိုင်း ဒေသတွေ မှာ အရှေ့မြောက်လေများတိုးဝင်မှုကြောင့် ဆီးနှင်းမိုးများ (၅)ရက်ခန့်ကျရောက်နိုင်ပြီး၊ ကျန်ဒေသတွေမှာ အများအားဖြင့်သာယာနိုင်ပါတယ်။

**နေ့အပူချိန်များ**

နေ့အပူချိန်များအနေနဲ့ကတော့ မြန်မာနိုင်ငံမြောက်ပိုင်းနဲ့အထက်ပိုင်း ဒေသများမှာ ဖြစ်မြဲရဲ့အောက်လျော့နည်းနိုင်ပြီး၊ အလယ်ပိုင်းဒေသများမှာ ဖြစ်မြဲခန့်နဲ့အောက်ပိုင်းဒေသများမှာ ဖြစ်မြဲထက်အနည်းငယ်ကျော်လွန်နိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံ တစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်မြင့်တက်မလာနိုင်ဘဲ အများအားဖြင့်လက်ရှိရေအမှတ်များရဲ့ အောက်ကို ကျဆင်းသွားဖွယ်ရာရှိပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ကြီးများတို့တွင် စိုးရိမ်ရေမှတ်များကို ရောက်ရှိနိုင်ဖွယ်မရှိပါ။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

မြောက်ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းနဲ့တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းများ မြန်မာနိုင်ငံဘက်ဆီကို ရောက်ရှိလာနိုင်ဖွယ်ရာ မရှိပါဘူးလို့ ခန့်မှန်းရပါတယ်။ **ဒေါက်တာထွန်းလွင်**

## မြန်မာအသင်း အုပ်စုတက်ရန် အခြေအနေကောင်းနေ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ-၅**

၂၀၁၁ ဆီးဂိမ်းဘောလုံးပြိုင်ပွဲဝင် မြန်မာယူ-၂၃ ဘောလုံးအသင်းသည် ပွဲစဉ်နှစ်ပွဲကစားအပြီး၌ တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်ရရှိခဲ့သဖြင့် အုပ်စုမှ တက်ရန် အခြေအနေကောင်းများ ရရှိနေသည်။

မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲစဉ်အဖြစ် လာအိုအသင်းအား (၃-၂)ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပြီးခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲ သုံးကြိမ်ဆက်အဖွင့်ပွဲစဉ်များတွင် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့သည်။

ဒုတိယပွဲစဉ်အဖြစ် နာမည်ကြီး ဗီယက်နမ်အသင်းအား ဂိုးမရှိသရေရလဒ်ရရှိအောင် ခံကစားနိုင်ခဲ့သဖြင့် ဆက်လက်ယှဉ်ပြိုင်ရမည့်ပွဲစဉ်များတွင် မြန်မာအသင်းအတွက် ဖိအားလျော့သွားခဲ့ရသည်။ မြန်မာအသင်းသည် အထက်ပါပွဲစဉ်နှစ်ပွဲလုံး၌ နောက်တန်းကစားသမား တစ်ဦးစီ တိုက်ရိုက်အနီကတ်ဖြင့် အထုတ်ခံခဲ့ရသည်။

မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် နိုဝင်ဘာ ၉ ရက်တွင် ဘရူနိုင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် ဖိလစ်ပိုင်၊ နိုဝင်ဘာ ၁၅ ရက်တွင် တီမောအသင်းများနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## လေလံအောင်သူများ ကျန်ငွေကို သတ်မှတ်ရက်ကျော်သော်လည်း တောင်းခံခြင်းမရှိသေး

**အောင်သူရ**

**ရန်ကုန်၊ နိုဝင်ဘာ-၃**

လေလံအောင်ထား၍ နောက်ဆုံးပေးသွင်းရန် သတ်မှတ်ထားသော ရက်ကျော်လွန်နေပြီဖြစ်သော်လည်းကျန်ရှိငွေကို သက်ဆိုင်ရာက ထပ်မံတောင်းခံခြင်း မရှိသေးကြောင်းသတင်းရရှိသည်။

“အောက်တိုဘာ ၃၀ ရက်နောက်ဆုံးပေးသွင်းရမှာ၊ ပေးဖို့လည်းငွေအဆင်သင့် လုပ်ထားတာ၊ ဒါပေမဲ့ မတောင်းသေးတော့ မပေးသေးဘူး” ဟု လေလံအောင်သူတစ်ဦးကဆိုသည်။

ထို့အပြင် ကျပ်သန်းပေါင်းတစ်ထောင်အောက်လေလံအေ-ာင်သူများထဲတွင် ငွေပေးသွင်းရန်ကျန်ရှိသော်လည်း ထပ်မံတောင်းခံခြင်းမရှိသေးကြောင်း လေလံအောင်သူတချို့က ပြောသည်။

“ရစရာရှိတာလည်းမတောင်းဘူး၊ သုံးစရာရှိတာလည်း မသုံးရဲသလို ဖြစ်နေတယ်” ဟု လေလံအောင်ခဲ့သူစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ဖေဖော်ဝါရီလက နောက်ဆုံးပြုလုပ်သော လေလံပွဲတွင် ကျပ်သန်းတစ်ထောင်ကျော်ပါက ခြောက်လအတွင်းနှင့် ကျပ်သန်းတစ်ထောင် မကျော်ပါက သုံးလအတွင်းပေးသွင်းရန် သတ်မှတ်ခဲ့သည်။

အဆိုပါ လေလံပွဲတွင် မြေကွက်အဆောက်အအုံတိုက်ခန်းပေါင်း ၂၆၈ ခုပါဝင်ခဲ့ပြီး အပြိုင်အဆိုင်လေလံဆွဲခဲ့ကြကာ စံချိန်တင်ဈေးနှုန်းဖြင့် လေလံအောင်ခဲ့ကြသည်။

## မျက်နှာဖုံး-မြစ်ကြီးနားမြို့တွင် ရက်အတန်ကြာ လျှပ်စစ်မီးပြတ်တောက် မှ

မြစ်ကြီးနားမြို့သို့ လျှပ်စစ်ဓာတ်အားအဓိကဖြန့်ဝေပေးနေသော ဘူးဂါးလျှပ်စစ်ဓာတ်အားဖြန့်ဝေရေးသည် ဘူးဂါးကုမ္ပဏီပိုင် လျှပ်စစ်ဖြန့်ဝေရေးဖြစ်ပြီး မြစ်ကြီးနားနှင့် လိုင်ဇာသို့သွားသောလမ်းတွင်တည်ရှိပြီး မြစ်ကြီးနားမြို့နှင့် မိုင် ၂၀ခန့်အကွာတွင်တည်ရှိသည်။ ထိုနေရာသည် ကချင်ပြည်နယ်အတွင်းမှ နယ်မြေမငြိမ်းချမ်းသော နေရာများတွင် အပါအဝင်ဖြစ်သည်။ မြစ်ကြီးနားမြို့တွင် ရက်အတန်ကြာ လျှပ်စစ်မီးမရရှိသဖြင့် မီးစက်များကို အဓိကထားသုံးစွဲနေရကာ လုပ်ငန်းများတွင် ထုတ်လုပ်စရိတ်များ ပိုမိုကုန်ကျနေရသဖြင့် လုပ်ငန်းများတွက်ခြေမကိုက် ဖြစ်နေရကြောင်း လုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။

နယ်မြေမငြိမ်းချမ်းသော ဗန်းမော်-လွယ်ဂျယ်ကားလမ်းတစ်လျှောက်တွင်ရှိသော ကျေးရွာများမှ ဒေသခံများအတွက် ကယ်ဆယ်ရေးစခန်းများလည်းဖွင့်လှစ်ထားပြီး လျှပ်စစ်မီးမရရှိသည့်အတွက် နေထိုင်ရအဆင်မပြေမှုများရှိနေကြောင်း ဒုက္ခသည်များကို အကူညီပေးနေသော ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“မီးမရတော့ ဖုန်းပြောရတာတောင်အခက်အခဲရှိတယ်။ အခုပြောနေတာတောင် သွင်းထားတဲ့ ဘက်ထရီကုန်သွားမှာစိုးလို့(ဖုန်းကို) ဂရုစိုက်ပြောနေရတယ်။ အဆင်မပြေတာမှတော်တော်မပြေတာ။ တချို့နေရာတွေမှာတော့ မီးစက်နဲ့မီးပေးတာတွေရှိပေမယ့် ညဆို မြစ်ကြီးနားတစ်မြို့လုံးမှောင်နေတာပဲ” ဟု မြစ်ကြီးနားမြို့မှဒေသခံအမျိုးသမီးတစ်ဦးက လက်ရှိအခြေအနေကို တယ်လီဖုန်းမှတစ်ဆင့်ပြောကြားခဲ့သည်။

## မျက်နှာဖုံး-၃ ပေခွဲကျော်ရှိ တောက်တဲ့တစ်ကောင် ကျပ်သိန်းပေါင်း တစ်သောင်းခုနစ်ထောင်ဖြင့် ဝယ်ယူ မှ


အလေးချိန်ကတစ်ပိဿာလေးဆယ်ကျပ်သားရှိတယ်” ဟု မျက်မြင်သက်သေတစ်ဦးကဆိုသည်။

အဆိုပါတောက်တဲ့အား မန္တလေးဒေသခံကုန်သည်တစ်ဦး က ကျပ်သိန်းပေါင်းတစ်သောင်းဖြင့်ဝယ်ယူရန် ကနဦးကမ်းလှမ်းခဲ့သည်ဟုမန္တလေးဒေသခံတောက်တဲ့ကုန်သည်တစ်ဦးကဆိုသည်။

“ကျပ်သိန်းပေါင်း တစ်သောင်းပေးတာ မရောင်းလို့ သိန်း ငါးသောင်းပေးမယ်သွားကမ်းလှမ်းတော့ ရောင်းပြီးကြောင်း သိလိုက်ရတယ်” ဟုအဆိုပါ ဒေသခံ ကုန်သည်ကဆိုသည်။

အဆိုပါ တောက်တဲ့အား မန္တလေးဒေသခံ တရုတ်ကုန်သည်များကဝယ်ယူခြင်းဖြစ်ပြီး တောက်တဲ့၏ ၃ ရက်တစ်ကြိမ် အန်ထုတ်သော အန်ဖတ်အား ဆေးဖော်ရာတွင် အသုံးပြုကြောင်း သိရသည်။

ဈေးကွက်တွင် ၂၅ ကျပ်သားအထက် အလေးချိန်ရှိသော တောက်တဲ့များကို မန္တလေးမြို့၌ အခြေစိုက်၍ လိုက်လံဝယ်ယူနေကြောင်း သတင်းရရှိသည်။



Life
7DAY NEWS JOURNAL
Vol.10, No.34 • NOVEMB



# ဘာမှန်းမသိသော အကြောင်းတရားများနဲ့ ကျွန်တော်လည်း စပါတာကပ်

မောင်သာချို

(တစ်)

သည်စာကို ရေးဖြစ်ဖို့အတွက် ကျွန်တော့်အား ပထမဦးဆုံး စေ့ဆော်သူမှာ ကျွန်တော့်မိတ်ဆွေ တက္ကသိုလ်ကျောင်းဆရာအဟောင်း တစ်ယောက်ပဲဖြစ်ပါသည်။ သူက ဒဿနိကဗေဒဌာနက။ သူရွေးချယ်သုံးနှုန်းလိုက်သော စကားလုံးက X-Factor တဲ့။ အမည်နာမတပ်ဖို့ ခက်နေသော ရောင်ခြည်ကို X-Ray ဟု ခေါ်လိုက်သလိုမျိုး ဘာမှန်းမသိ၊ ရှင်းပြရခက်လှသည့် အကြောင်းခံတရားများကို သူက X-Factor ဟုခေါ်ဝေါ်လိုက်ခြင်းဖြစ်သည်။ လူမျိုးတစ်မျိုး၊ လူ့အဖွဲ့အစည်းတစ်ခုနိမ့်ကျခြင်း တိုးတက်ခြင်းများသည် ထို X-Factor ပေါ်၌ အခြေခံနေကြောင်း သူက ဆိုလိုခြင်းပင်ဖြစ်ပါသည်။ ဤတွင် ကျွန်တော် ဖျတ်ခနဲသတိရမိလိုက်သည်က စပါတာကပ်ပဲ ဖြစ်ပါသည်။

(နှစ်)

Spartacus သည် စပါတာကပ်ဆိုသော အမည်ကို ကျွန်တော်တို့ရင်းနှီးပါသည်။ အခြေခံပညာ ကျောင်းသုံးစာအုပ်တွေထဲမှာပင်လျှင် စပါတာကပ်၏ အမည်နှင့်အကြောင်းက ထင်ရှားစွာပါဝင်ပါသည်။ စာရေးဆရာ Howard Fast ကပင်လျှင် Spartacus ဟု ဝတ္ထုရေးခဲ့ဖူးလေရာ ဆရာတင့်တယ်က "ရောမကို အာခံသူ"ဟု ဘာသာပြန်ခဲ့သဖြင့် ကျွန်တော်တို့ဖတ်ခွင့်ရခဲ့သည် မဟုတ်ပါလား။ ပြီးတော့ စပါတာကပ်က ကမ္ဘာကျော်ရုပ်ရှင်။ ရောမခေတ်သူရဲကောင်း Spartacus။

စပါတာကပ်က ခရစ်တော်မပေါ်မီက ကျွန်သူရဲကောင်းဖြစ်ပါသည်။ Bc 73 ဝန်းကျင်မှာ ရောမအင်ပါယာ၌ ပေါ်ထွန်းခဲ့သူ။ သည်တုန်းက ရောမကျွန်ပိုင်ရှင်တို့သည် မိမိတို့၏ ကျွန်များကို လုပ်ငန်းခွင်ထဲ၌ ဆင်းရဲပင်ပန်းစွာခိုင်းစေသည့်အပြင် Gladiator School ခေါ် လူနှင့်လူချင်း (သို့မဟုတ်) လူနှင့်တိရစ္ဆာန်သတ်ပုတ်ကြရာနေရာများ၌ သူသေကိုယ်သေသတ်ပုတ်စေကာ စရိုက်ပျက်အထက်တန်းလွှာတို့က အရသာခံကြည့်ရှုကြလေ့ရှိပါသည်။ သံခြေချင်းအခတ်ခံထားရကာ ကြာပွတ်သံ တရှမ်းရှမ်းအောက်၌ ကျွဲ၊ နွားတိရစ္ဆာန်လို အသက်ရှင်သန်ကြရသော ကျွန်လူထုကိုဦးဆောင်၍ တော်လှန်သူက စပါတာကပ်။

ဒါရိုက်တာ Stanley Kubrick ရိုက်ကူးပြီး မင်းသားကြီး Kirk Douglas ပါဝင်ခဲ့သည့် Spartacus ရုပ်ရှင်ကားထဲ၌ ကျွန်ပိုင်ရှင်တို့က အာဏာပိုင်များနှင့်ပေါင်းကာ အာခံသူခေါင်းဆောင် စပါတာကပ် ဘယ်သူလဲဆိုသည်ကို လာရောက်စုံစမ်းသည့် ဇာတ်ဝင်ခန်းကလေးကို ကျွန်တော် အမှတ်ရနေပါသည်။ စပါတာကပ် ဘယ်သူလဲဟုမေးလိုက်သောအခါ ကျွန်တွေတစ်ယောက်ပြီးတစ်ယောက် ထလာပြီး ဟိုလူကလည်း I am spartacus၊ သည်လူကလည်း I am spartacus နှင့် ကျွန်အားလုံးက 'ငါ စပါတာကပ်ပဲ'ဟုဖြစ်သွားကြပုံမြင်ကွင်းကို အမှတ်ရနေမိခြင်းဖြစ်ပါသည်။ မီးပွင့်တော့မတတ် မျက်လုံးတွေနဲ့၊ ခက်ထန်သော မေးရိုးကြီးတွေနဲ့ ကြွက်သားအပြိုင်းပြိုင်း ကိုယ်လုံးကိုယ်ဖန်တွေနဲ့ ကျွန်ပိုင်ရှင်တွေကို ပြန်ကြည့်နေသော ကျွန်တိုင်း၊ ကျွန်တိုင်း၏ အသွေးအသားထဲမှာ ဘာမှန်းမသိသည့် အရင်းခံအကြောင်းတရားတွေက လှည့်ပတ်စီးဆင်းနေခဲ့ပုံရပါသည်။ ဘယ်သူကမှ လှုံ့ဆော်ထားတာ မဟုတ်။ ဘယ်သူကမှ စည်းရုံးသိမ်းသွင်းထားတာမဟုတ်။ ဘယ်သူကမှ လက်တို့ထားတာမဟုတ်။ ကိုယ့်အတွက် ပေးဆပ်သူ၊ အဓမ္မနှင့် ရင်ဆိုင်သူ စပါတာကပ်ကို နားလည်ကာ အကုန်လုံး သူ့အလိုအလျောက်၊ I am spartacus ဖြစ်သွားကြခြင်းဖြစ်ပါသည်။ ရှင်းပြရန်ခက်သည့် အရင်းခံအကြောင်းတရား။ X-Factor ။

(သုံး)

နောက်တစ်ယောက် ကျွန်တော်သတိရမိတာက ဦးနာအောက်ဖြစ်ပါသည်။


စာ(၁၁)သို့



# ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဖီ

## မယ်ဇလီဖူးသုပ်




ဒီတစ်ပတ် ဝိုက်ဖီက ဂျာနယ်ထွက်ရက်နဲ့ တိုက်ဆိုင်ပြီး တန်ဆောင်မုန်းလပြည့်နေ့အတွက် မြန်မာလူမျိုးဗုဒ္ဓဘာသာတို့ စားသုံးလေ့ရှိတဲ့ မယ်ဇလီဖူးသုပ်ကို ပြင်ဆင်ထားပါတယ်။

မယ်ဇလီဖူးသုပ်က လုပ်ကိုင်ရတာ လွယ်ကူပြီးတော့ အိမ်ရှင်မတော်တော်များများလည်း နှစ်တိုင်းလိုလို သုပ်စားဖြစ်ကြမှာပါ။

မယ်ဇလီဖူးသုပ်ဖို့ မယ်ဇလီဖူးအစိမ်းဒါမှမဟုတ် ပြုတ်ပြီးသားကိုဝယ်ပါ။ မယ်ဇလီဖူးသုပ်ဖို့အတွက် မြေပဲဆန်လှော်ထောင်း၊ ပုစွန်ခြောက်မှုန့်၊ ငရုတ်သီးစိမ်း၊ ကြက်သွန်နီဆီချက်၊ ငံပြာရည်၊ နှမ်းလှော်၊ သံပရာသီးတို့ပဲ လိုအပ်ပါတယ်။ ပြုတ်ပြီးသား မယ်ဇလီဖူးကို ခုနကအမယ်တွေစုံအောင်ထည့်မွှေလို့ပုံမှန်အသုပ်တွေ သုပ်သလိုသုပ်စားရုံပါပဲ။

တန်ဆောင်မုန်းလပြည့်ညက ကြတ္တိကာနက္ခတ်နှင့် လတို့စန်းယှဉ်တဲ့အတွက် ဆေးဘက်ဝင်သည့် ဆေးပေါင်းခညအဖြစ် သတ်မှတ်ကြပေမယ့်၊ ဒီနှစ်တန်ဆောင်မုန်းလပြည့်ညက ဆေးပေါင်းခတဲ့ညအဖြစ်မကျရောက်ဘူးလို့နက္ခတ်ပညာရှင်တို့၏ဆိုကြပါတယ်။ ဒါပေမမဲ့လည်း အစဉ်အလာအရ လှပတဲ့ တန်ဆောင်တိုင်ညကို မဲဇလီဖူးသုပ်စားရင်း ဖြတ်သန်းနိုင်ကြပါစေ။



# ချစ်စရာ ဂိမ်းဇာတ်ကောင်အရုပ်လေးတွေ ဝယ်နိုင်မယ့်နေရာ

ဈေးဝယ်ထွက်မယ်

အိဖြူလွင်

လွန်ခဲ့တဲ့နှစ်တွေကလို ကွန်ပျူတာဂိမ်းဆိုတာ ယောကျ်ားလေးတွေမှ ဆိုင်မှာ သွားဆော့လို့ရတဲ့ခေတ် မဟုတ်တော့ပါဘူး။ ဖုန်းနဲ့ဆော့မလား၊ ကိုယ်ပိုင်လက်ပ်တော့တွေနဲ့ပဲ ဆော့မလား၊ ဂိမ်းဆိုတာ နည်းပညာမြင့်ပစ္စည်း အသင့်အတင့်ကိုသုံးနိုင်သူတိုင်းရဲ့ လက်တစ်ကမ်းအကွာကို ရောက်နေပါပြီ။

နည်းပညာပစ္စည်းတွေ ဈေးနှုန်းကလူတိုင်းလက်လှမ်းမီတဲ့ အနေအထားကိုရောက်လာတာနဲ့ ဂိမ်းဆိုတာတွေကိုလည်း အားလုံးက နီးစပ်စိတ်ဝင်စားလာကြတာကိုတွေ့ရပါတယ်။

ဒီတစ်ပတ်တော့ ကွန်ပျူတာဂိမ်းတွေထဲက ဇာတ်ကောင်တွေကို နာမည်ကျော် ဒစ္စနေက ပုံစံတူဖန်တီးထုတ်လုပ်ပေးထားတဲ့ အရုပ်တွေရနိုင်တဲ့နေရာ လမ်းညွှန်ပေးချင်ပါတယ်။

ကလေးတွေနဲ့ မိန်းကလေးအများစုကြိုက်တဲ့ မွေးပွဆီလီကွန် အရုပ်တွေက တွေ့နေကျ၊ ဝက်ဝံရုပ်၊ ခွေးရုပ်တွေ မဟုတ်ဘဲ အခုခေတ်လူငယ်၊ လူလတ်အများစု စွဲလမ်းစွာကစားနေကြတဲ့ Plants Vs Zombies, Angry Birds ဂိမ်းတွေထဲက ဇာတ်ကောင်အရုပ်လေးတွေကို အပြင်လောကရဲ့ အရုပ်တွေအဖြစ် ဒီဆိုင်မှာ ရနိုင် တာပါ။



Peashooter, Sunflower, Jalapena, Squash, Melonpult စတဲ့သရဲဂိမ်းထဲက အရုပ်တွေက ဖက်အိပ်စရာ အရွယ်အစားတွေဖြစ်သလို Angry Bird ထဲက ဗုံးအရုပ်တွေ၊ ငှက်အကောင်တွေ၊ စတဲ့ အရုပ်ကြီးတွေကိုလည်း ကလေးတွေရော လူကြီးတွေပါ အကြိုက်တွေ့မယ်လို့ထင်ပါတယ်။

ဒစ္စနေကထုတ်လုပ်တာဖြစ်တဲ့အတွက် သပ်ရပ်ပြီး ချစ်စရာကောင်းတဲ့အပြင် ဈေးနှုန်းအနေနဲ့က အကြီးအသေးပေါ် လိုက်လို့ ၁၀,၀၀၀ ကျပ်ဝန်းကျင်ခန့်ရှိတာပါ။

ဂိမ်းဇာတ်ကောင်အရုပ်တွေကို တစ်နေရာတည်းမှာ ရနိုင်တဲ့နေရာကတော်ဝင်စင်တာတတိယထပ်မှာရှိတဲ့ Limited Edition ဆိုင်မှာပါလို့လမ်းညွှန်ပေးလိုက်ပါရစေ။

7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011




# လူပေါင်း ၃၀၀ ကျော်ကို လှေတစ်စီးဖြင့် အသက်ကယ်တင်ခဲ့သူနှင့် တွေ့ဆုံခြင်း

မျိုးမင်းဦး

**မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ်၊ ရွှေပန်းခိုင်ကျေးရွာတွင် အောက်တိုဘာ ၁၉ ရက်က ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ တစ်ရွာတည်းနေ ရွာသား ၃၀၀ ကျော်၏ အသက်ကို ကယ်ဆယ်ခဲ့သူ ကိုအောင်နိုင်လင်း၏ အတွေ့အကြုံခံစားချက်ကို တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**


ကိုအောင်နိုင်လင်းနှင့် ၎င်းနှင့်အတူ ကယ်ဆယ်ခဲ့သည့် တူဖြစ်သူတို့ကိုတွေ့ရစဉ်

**မြောက်ယမားချောင်းရေအရှိန်ပြင်းပြင်းစီးဆင်းခဲ့တဲ့ ညကကြုံတွေ့ခဲ့ရပုံကို ပြောပြပါလား။**

အောက်တိုဘာလ ၁၉ ရက်ညနေပိုင်းကတည်းက ချောင်းရေက ကမ်းလုံးပြည့်စီးဆင်းခဲ့ပါတယ်။ ည(၁)နာရီလောက်မှာချောင်းရေက ရွာထဲစဝင်နေပြီ။ မိုးကြီးလေကြီးချိန်ဆိုတော့ ချောင်းစပ်မှာနေတဲ့ကျွန်တော့်အနေနဲ့စိတ်မချလို့ နာရီဝက်တစ်ကြိမ်လောက် ထထကြည့်နေမိတယ်။ ချောင်းရေတွေ ရွာထဲမှာ အလုံးအရင်းနဲ့စဝင်လာချိန်မှာ အိမ်ကမိသားစုတွေရော အိမ်အနားကမိသားစု(၃)စုရော စုစုပါင်းလူ(၁၅)ဦးကို ရေဘေးလွတ်ရာ ကျွန်းယင်းတောင်တောရကျောင်းကို လှေနဲ့စပို့ပါတယ်။

**ပထမဆုံးရေဘေးလွတ်ရာကယ်တင်ချိန်မှာ အသက်အငယ်ဆုံးက ဘယ်အရွယ်လဲ။ အသက်အကြီးဆုံးကရော ဘယ်အရွယ်တွေပါသလဲ။**

ပထမဆုံးရေဘေး စကယ်ချိန်မှာ ကျွန်တော်ရဲ့မိသားစုဝင် သမီးကလေးကသုံးလသား အရွယ်သမီးကလေးပါ။ အသက်ကြီးသူတွေရေဘေးလွတ်ရာကယ်တင်ချိန်မှာ တစ်ဦးက အသက်(၈၉)နှစ်ရှိပါတယ်။

**မိသားစုဝင်တွေကို အရင်ဆုံးရေဘေးလွတ်ရာပို့ပြီး ပိုင်ဆိုင်တဲ့ ပစ္စည်းတွေသယ်ယူခဲ့တာရောရှိပါသလား။**

စာ(၁၁)သို့






## စာ-၁၀၊ လူပေါင်း ၃၀၀ ကျော်ကို လှေတစ်စီးဖြင့် အသက်ကယ်တင်ခဲ့သူနှင့် တွေ့ဆုံခြင်း မှ

မိသားစုတွေကို ရေဘေးလွတ်ရာအရင်ဆုံးပို့ပြီးတော့ ဇနီးဖြစ်သူက အိမ်မှာကျန်ခဲ့တဲ့ပစ္စည်းတွေ သယ်ဖို့ပြောပါတယ်။

အချိန်တိုအတွင်းမှာ ရေအရမ်းတက်လာတော့ ပထမဆုံးအနေနဲ့ သက်ကြီးရွယ်အိုတွေနဲ့ ကလေးတွေကိုအရင်ဆုံး ရေဘေးလွတ်ရာပြောင်းရွှေ့ဖို့ ကြိုးစားပါတယ်။ ချောင်းရေတရိပ်ရိပ် တက်လာတော့အရင်ဆုံး မသန်စွမ်းတဲ့အဘိုးအဘွားတွေ လှေနဲ့လိုက်ကယ်တာ၊ အဘိုးအဘွား (၂၃)ဦးကို ဒုတိယအခေါက်အနေနဲ့ ရေဘေးလွတ်ရာပို့ပေးပါတယ်။ သက်ကြီးရွယ်အို ၂၃ဦးထဲမှာ လေဖြတ်သူ၊ မသွားနိုင်သူ(၈)ဦးနဲ့မျက်မမြင်သူ(၁)ဦးပါဝင်တယ်။ ရေထဲမှာ မျောပါနေတဲ့သူတွေကို လှေနံဘောင်ကိုကိုင်ခိုင်းပြီးကလေးတွေကို လှေနဲ့ ခေါက်တိုကယ်ခဲ့တာ လူ (၃၀၀)ကျော်ကို လှေတစ်စီးနဲ့ ကယ်တင်လိုက်နိုင်ပါတယ်။

**လှေတစ်စီးနဲ့ အခုလို ကယ်ဆယ်ရေးလုပ်ဖို့ တစ်စုံတစ်ယောက်က တိုက်တွန်းတာမျိုး ရှိပါသလား။**

ဘယ်သူကမှ မတိုက်တွန်းခဲ့ပါဘူး။ ကျွန်တော့်တစ်သက်မှာ ကြုံရာကျပန်း ဆင်းဆင်းရဲရဲနဲ့ လုပ်ကိုင်ခဲ့ရတဲ့ ဘဝတစ်လျှောက်မှာ ရွာမှာရှိတဲ့ လူတွေအားလုံး အသေအပျောက်မရှိအောင် တစ်ဖက်တစ်လမ်းက ကူညီခွင့်ရတာကိုဝမ်းသာပါတယ်။ကျွန်တော်ရဲ့ လှေကလေးကလူပေါင်းများစွာရဲ့ အသက်တွေ၊ဘဝတွေကိုအထောက်အပံ့ပေးနိုင်တာ ကယ်တင်ခွင့်ရတာကို ဝမ်းမြောက်ပီတိဖြစ်မိပါတယ်။ ကျွန်တော်ပိုင်ဆိုင်ခဲ့တယ်ဆိုတဲ့ပစ္စည်းတွေက ပြန်ရှာလို့ရပါတယ်။လူတွေရဲ့အသက်ကလှေမရှိရင် ဆုံးရှုံးရမယ်ဆိုတဲ့ အသိနဲ့ကယ်ဆယ်ရေးလုပ်တာပါ။

**ရေဘေးဒုက္ခကြုံတွေ့နေချိန်မှာ လှေကိုတစ်ယောက်တည်းလှော်ခတ်ခဲ့တာလား။ ချောင်းရေမှာ လှော်ခတ်ချိန် ကြုံတွေ့ခဲ့ရပုံကို ပြောပြပါလား။**


ချောင်းရေကျချိန်ဖြစ်တဲ့ည (၁)နာရီကနေ နောက်တစ်နေ့မွန်းလွဲ (၂) နာရီလောက်အထိ ချောင်းထဲက လူတွေကိုကယ်တင်ချိန်မှာ လှေကိုကျွန်တော့်တူဖြစ်တဲ့ ကိုထွန်းထွန်းဝင်းနဲ့ကူညီခဲ့တာပါ။ ချောင်း ရေကျချိန်မှာ မျောပါလာတဲ့ သစ်တုံးတွေ၊ လှည်းတွေ၊ အိမ်တွေမှာမျောပါလာတဲ့ပစ္စည်းတွေကြောင့် လိုရာခရီးကို ခက်ခက်ခဲခဲနဲ့လှော်ခတ်ခဲ့ရပါတယ်။ ရွာမှာက လမ်းတစ်ဖြောင့်တည်းနည်းပြီး အိမ်ဝိုင်းအတွင်း စုပေါင်းနေကြတဲ့အတွက် အိမ်ကြိုအိမ်ကြားမှာရသလောက်ကို လှေတိုးပြီး ဝင်ရသမျှ ဝင်ပြီးကယ်ပါတယ်။ အိမ်နှစ်အိမ်ကထွက်ပေါက်ပိတ်မိနေလို့ခေါင်မိုးဖောက် ကယ်တင်တဲ့ အိမ်နှစ်အိမ်နဲ့ နေအိမ်တံခါးသံတိုင်တွေ ချိုးဖဲ့ကယ်တင်တဲ့ အိမ်နှစ်အိမ်တော့ရှိတယ်။ ချောင်းရေက မနက်(၃)နာရီလောက်မှာ အိမ်တွေထဲရှိတဲ့ရေက (၁၀) ပေ (၁၅)ပေနီးပါးရှိတော့ နှစ်ထပ်အိမ်တွေလည်းအပေါ်ထပ်မှာပါ ရေမြုပ်သွားတဲ့အတွက်ထွက်ပေါက်တွေ ပိတ်မိတာဖြစ်ပါတယ်။

**အလုပ်အကိုင်နဲ့လက်ရှိနေထိုင်မှုဘဝကိုပြောပြပါဦး။**

ကျွန်တော်က မိုးခြောက်လေခြောက်မှာ ကြုံရာကျပန်းအလုပ်သမား လိုက်လုပ်ပါတယ်။ မိုးတွင်းမှာတော့ လှေကလေးနဲ့မြောက်ယမားချောင်းအတွင်းရွှေပန်းခိုင်ကျေးရွာနဲ့မြရိပ်ကျေးရွာ၊မြစိမ်းကျေးရွာကိုကူးတို့လှေလုပ်ပါတယ်။ကူးတို့ကူးတာကလည်း ရွာကကျောင်းသား၊ ကျောင်းသူတွေ ချောင်းတစ်ဖက်ကမ်းက ထန်းတောကြီးရွာကို အလွယ်တကူ ကျောင်းတက်နိုင်အောင် အခမဲ့ပို့ပေးပါတယ်။ လူတစ်ဦး(၁၀၀)နှုန်း၊ ဆိုင်ကယ်တစ်စီး လူနှစ်ယောက်(၅၀၀)နှုန်းနဲ့ပို့ပေးတယ်ဆိုပေမယ့် စေတနာကြေးနဲ့ လှေကူးတို့ပို့ရတာပါ။ အရေးပေါ် လူနာရှိလို့ ချောင်းဖြတ်ပြီး မုံရွာဆေးရုံပို့ချင်သူတွေကိုလည်း လှေနဲ့ အခမဲ့ကူညီပေးခဲ့ရတယ်။လက်ရှိတော့ချောင်းရေစဝင်တဲ့ညကစပြီး နိုဝင်ဘာ (၃) ရက်အထိ ကယ်ဆယ်ရေးလုပ်သူတွေရော၊ ဒုက္ခသည်တွေရော မည်သူမဆိုအခမဲ့ မြောက်ယမားချောင်းကိုပို့ဆောင်ပေးနေဆဲပါ။

**ရေကြီးပြီး လက်ရှိအခြေအနေကို ပြောပြပါလား။**

ချောင်းရေနဲ့လူတွေကိုကယ်တင်ချိန်မှာ ကျွန်တော့်အိမ်က ရေစီးနဲ့ယိုင်နဲ့ပြီးနေလို့ မရအောင်ပျက်သွားတယ်။ အိမ်မှာရှိတဲ့ ပစ္စည်းတွေအားလုံး ရေစီးထဲမှာ မျောပါလို့ အဝတ်တစ်ထည်ကိုယ်တစ်ခုပဲကျန်တော့တယ်။ စီးစရာဖိနပ်တောင်မရှိတော့ဘူး။ လောလောဆယ်ရေးဘေးကယ်ဆယ်ရေးအဖွဲ့ကပေးတဲ့အဝတ်အစားလေးတွေဝတ်နေရတယ်။ အိမ်ကမပြင်နိုင်သေးတော့ယာယီဆီးပင်အောက်မှာ ဖြစ်သလိုနေရတယ်။ ကျွန်တော် အပါအဝင်အိမ်အလုံးလိုက်ပျက်ပြီးဖြစ်သလိုနေရတဲ့အိမ်(၁၃)လုံးရှိပါတယ်။ သူတို့လည်းအိမ်ကို ပြင်ဆောက်စရာမတတ်နိုင်သေးတဲ့အတွက်ဖြစ်သလို နေထိုင်နေရတယ်။ ရေဘေးထောက်ပံ့သူတွေကတော့ ထောက်ပံ့ပါတယ်။ မုံရွာခရိုင်အတွင်း နီးစပ်ရာ အလှူရှင်တွေ ထောက်ပံ့တာပဲရှိတဲ့အတွက် အထိုက်အလျောက်တော့ စားဖို့သောက်ဖို့ အဆင်ပြေပါတယ်။



## ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

### သူများသေခြင်းကို ကိုယ်မြင်ရသလို ကိုယ်လည်း တစ်နေ့သေရမယ်ဆိုတာ သိဖို့လိုတယ်

ခန္ဓာကိုယ်ကြီးဟာ ကိုယ့်စိတ်တိုင်းကျ ဘယ်တော့မှမဖြစ်ပါဘူး။ ဘယ်သူမှ မသေချင်ကြပေမယ့် ထာဝစဉ် အသက်ရှင်နေလို့မရဘူး။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာသေရပါတယ်။ အသက်ကြီးတဲ့သူ၊ ငယ်တဲ့သူတွေ၊ ရွယ်တူတွေ ကိုယ့်ရှေ့မှာ တဖြုတ်ဖြုတ်နဲ့သေသွားကြတယ်။ သူများသေခြင်းကို ကိုယ်မြင်နေရတယ်။ ကိုယ်လည်းပဲ သူတို့လို သေရပါဦးမယ်။ ခန္ဓာကြီးဟာ သေရမယ့်ခန္ဓာပဲဖြစ်တယ်။ ဒီဘဝမှာ ပျော်လို့ပါ၊ နေပါရစေ လို့ပြောလို့မရသလို နေပါဦး၊ နေပါဦးလို့လည်း တောင်းပန်လို့မရပါဘူး။ ကိုယ့်စိတ်တိုင်းကျ မဖြစ်တဲ့ ခန္ဓာပါ။ ကိုယ့်ကိုယ်ကိုယ်ပိုင်တယ်လို့ပြောပေမယ့် တကယ်တမ်း မပိုင်တဲ့ခန္ဓာတစ်ခုဖြစ်တယ်။

မအိုချင်လို့လည်းမရဘူး။ မနာချင်လည်းမရဘူး။ မသေချင်လည်းမရဘူး။ ဘာတစ်ခုမှ ကိုယ့်အလိုကို မလိုက်ပါဘူး။ သူ့စိတ်တိုင်းကျသာ သူဖြစ်နေတဲ့ခန္ဓာပါ။ ကိုယ်က ဘယ်လောက်အရေးတယူနဲ့ ပြုပြင်ပေးပေး ထိန်းသိမ်းပေးပေး၊ တယုတယနဲ့ စောင့်ရှောက်ပြီးတော့နေနေ ဒီခန္ဓာကိုယ်ကြီးက ဘာတစ်ခုမှ ကောင်းကျိုးမပေးပါဘူး။ ဘယ်တော့မှလည်း ကောင်းကျိုးမပေးဘူး။ အိုတဲ့ဒုက္ခပေးတယ်။ နာတဲ့ဒုက္ခတွေပေးတယ်။ သေတဲ့ဒုက္ခကိုပေးတယ်။ အမှတ်တမဲ့မနေဘဲ အရာရာကို တရားသဘောနဲ့ဆင်ခြင်ရှုမြင်တတ်မယ်ဆိုရင် ခန္ဓာဆိုတာ သူ့အချိန်ကျရင် သူသွားရမယ့်လမ်းကြောင်း အတိုင်းသာ သွားနေတာမြင်ရမယ်။

ရည်ညွှန်း - "ဓမ္မလမ်းပေါ်မှာ" ဓမ္မဒူတဒေါက်တာအရှင်ပညာသာရ

## နာရေးကူညီမှုအသင်း(ရန်ကုန်)က ရေဘေးသင့်ပြည်သူများအား ကျပ်သိန်းနှစ်ရာ မတည်ကူညီ

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ- ၁**

အောက်တိုဘာလ ၁၉ ရက်နှင့် ၂၀ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးဒုက္ခခံစားခဲ့ရသော ပခုက္ကူ မြို့ ဒေသတစ်ဝိုက်ရှိ ကျေးရွာများအား နာရေးကူညီမှုအသင်း (ရန်ကုန်) မှ ကျပ်သိန်းနှစ်ရာ မတည်ကာ လူသုံးကုန်နှင့် အစားအသောက်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း အသင်းဥက္ကဋ္ဌ ဦးကျော်သူကပြောသည်။

"အောက်တိုဘာ ၂၅ ရက် ညနေပိုင်းမှာ ရှေ့ပြေးကယ်ဆယ်ရေးအဖွဲ့တွေလွှတ်ပြီး လိုအပ်တာတွေလှူတယ်။ အဓိကက ဘယ် ကယ်ဆယ်ရေးအဖွဲ့တွေမှ မရောက်တဲ့နေရာတွေ၊ ရွာတွေကို ဦးစားပေးပြီး ရောက်အောင်သွားတယ်။ လူ့အသုံးအဆောင်ပစ္စည်းတွေနဲ့ စားသောက်ကုန်တွေကိုလှူတယ်။ အဲဒီမှာ ပိုက်ဆံလှူရင်တောင် ဝယ်စားစရာဘာမှ မရှိလို့ ငွေမလှူတော့ဘူး"ဟု ၎င်းကပြောသည်။

နာရေးကူညီမှုအသင်း(ရန်ကုန်)မှ ကယ်ဆယ်ရေးအဖွဲ့သည် ပခုက္ကူမြို့ရှိ စံနစ်သစ်ပုထိုးတိုက် ဆရာတော်ဦးကောသလထံတွင် အခြေစိုက်ကာ ကယ်ဆယ်ရေးအတွက် အကူအညီမရရှိသေးသော ရေဘေးသင့်ကျေးရွာများကိုစုံစမ်းပြီးလှူဒါန်းခဲ့ခြင်းဖြစ်သည်။ ချောင်းနားရွာ၊ တပ်ကုန်း၊ တင်သောင်၊ အုန်းတော၊ မြောက်စု၊ နောင်ဝင်းပေါက်၊ တန်စု၊ လက်ပံလှ စသည့်ကျေးရွာများတွင် ဆန်၊ ဆား၊ ဒန်အိုး၊ ဒန်ခွက်၊ ပန်းကန်၊ ဇွန်း၊ ခြုံစောင် စသည့်ပစ္စည်းများကို အသင်းအတွင်းရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေနှင့်အဖွဲ့က ကိုယ်တိုင်ကိုယ်ကျလှူဒါန်းခဲ့ခြင်းဖြစ်သည်။

ယခုအလှူအတွက် နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ နိုဝင်ဘာ ၁ ရက်က မလေးရှားရောက်မြန်မာများမှ ကျပ်သိန်း ၄၀ လှူဒါန်းခဲ့ပြီး ပြင်ပအလှူရှင် ၉၀ ကျော်ကလည်း အလှူငွေများ ထည့်ဝင်ခဲ့ကြောင်း၊ ဆက်လက်ပြီး ရေဘေးသင့်ပြည်သူများ အား ကူညီထောက်ပံ့သွားရန်ရှိကြောင်း ဦးကျော်သူကပြောသည်။




## စာ-၉၊ ဘာမှန်းမသိသောအကြောင်းတရားများနဲ့ ကျွန်တော်လည်း စပါတာကပ် မှ

မွန်အမျိုးသား။ ကတိုးကော့ နှပ်သူဌေး။ ကျွဲကျောင်းသားဘဝမှစကာ သစ်ကုန်သည်ကြီးဖြစ်သွားရာမှ နောက်ပိုင်းတွင် သူဌေးကြီးဖြစ်သွားခဲ့သူ။ ဘားအံမြို့နယ် ကော့ဂွန်းအုပ်စု ခရဲရွာသားဖြစ်သော်လည်း ကတိုးကော့နှပ်ရွာတွင် အခြေချသူ။ ထို့ကြောင့် ကတိုးကော့နှပ်သူဌေး။ မွေးနှစ် ၁၈၃၂ ဖြစ်ပြီး ကွယ်လွန်နှစ်က ၁၉၁၃ ဖြစ်ရာ ကိုလိုနီခေတ်သူဌေးပဲ ဆိုကြပါစို့။ ထိုဦးနာအောက်အကြောင်းကလည်း ကျောင်းသုံးစာအုပ်တွေထဲမှာလည်းပါ ပြင်ပစာအုပ်တွေထဲမှာလည်းပါမို့ လူသိများပြီးဖြစ်ပါသည်။

အရင်က ဦးနာအောက်အကြောင်း ဖတ်ခဲ့ပြီးဖြစ်သော်လည်း အခုမှ ကျွန်တော့်စိတ်ထဲ ခိုလိုးခုလု ပြန်ဖြစ်လာရသည်က မီးသင်္ဘောကိစ္စဖြစ်ပါသည်။ ဦးနာအောက်က မုတ္တမသင်္ဘောကျင်းကို တည်ထောင်ကာ နှစ်ထပ်သင်္ဘော ၇ စင်း၊ တစ်ထပ်သင်္ဘော ၂ စင်း ဝယ်ယူပြီးနောက် ဗြိတိသျှပိုင် ဧရာဝတီကုမ္ပဏီနှင့် အပြိုင်ပြေးဆွဲခဲ့သည်။ ဤတွင်ခရီးသည်ရရှိရန်အတွက် ဦးနာအောက်နှင့် ဧရာဝတီကုမ္ပဏီတို့ အပြိုင်ဈေးလျှော့ကြသည်။ ၁ ကျပ်မှ ၈ ပဲ၊ ၄ ပဲ၊ ၂ ပဲ၊ ၁ ပဲစသည်စသည်။ ထို့နောက် အခမဲ့။ ထို့နောက် မျက်နှာသုတ်ပဝါတစ်ထည်စီ အလကားထပ်ပေး။ သို့ဖြင့် အပြိုင်အဆိုင် လျှော့ကြရင်း နောက်ဆုံး ဦးနာအောက်ရပ်တည်၍မရ ဖြစ်သွားကာ မိမိသင်္ဘောများကိုပင် ဧရာဝတီကုမ္ပဏီသို့ ထိုးရောင်းလိုက်ရပါတော့သည်။ ဒါကို ကျွန်တော်တို့အားလုံးသိပြီးဖြစ်ပါသည်။ အင်အားကြီးသူက ငယ်သူကို အနိုင်ကျင့်သော နယ်ချဲ့အရင်းရှင် ဘာညာနှင့်လည်းကျွန်တော်တို့ဒေါသထွက်ခဲ့ကြပြီဖြစ်ပါသည်။

အခုကျွန်တော့်စိတ်ထဲခိုးလိုးခုလုဖြစ်မိသည်က သည်တုန်းက ခရီးသည်များကိုပဲ ဖြစ်ပါသည်။ ဘာဖြစ်လို့ ဦးနာအောက်မှ ဦးနာအောက် မလုပ်ခဲ့ကြတာပါလဲ။ ရွှေထမင်းကို ခွံ့ကျွေးစေဦးတော့။ ဗြိတိသျှပိုင်သင်္ဘောကိုငါတို့ဘယ်တော့မှ မစီးဘူးလို့ ဘာကြောင့် မတင်းခဲ့ကြတာလဲ။ ငွေကလေးတစ်ပဲ ရှစ်ပြား၊ ပဝါတစ်စ၊ မျက်နှာသုတ်ပဝါ တစ်ထည်ကလေးမျှနဲ့ ကျွန်တော်တို့စိတ်တွေ အရည်ပျော်သွားကြစတမ်းလား။ ဘယ်သူကမှ သွေးမထိုးထားပါဘဲနှင့် သူ့အလိုလို I am spartacus ဖြစ်သလို ဧရာဝတီသင်္ဘောကိုသူလည်း ဟင့်အင်း၊ ငါလည်း ဟင့်အင်း၊ မင်းလည်း ဟင့်အင်း၊ ညည်းလည်း ဟင့်အင်း၊ ခင်ဗျားလည်း ဟင်အင်း၊ ကျုပ်လည်း ဟင့်အင်း ဘာကြောင့် မလုပ်ခဲ့ကြတာပါလိမ့်။ ကျွန်တော်တို့ အသွေးအသားထဲမှာ အမှားအမှန်ဝေဖန်ပိုင်းခြား သင့်မသင့်ကို အမြော်အမြင်နဲ့ တွက်ဆ၊ အင်း၊ ဟင့်အင်းကို ခိုင်ခိုင်မာမာဆုံးဖြတ်တတ်တဲ့ လိပ်ပြာတွေ သူ့အလိုလို X-Factor အရ အလိုလိုနိုးထနေခဲ့ရင် ဦးနာအောက်ရဲ့ သင်္ဘောတွေ ဗြိတိသျှဧရာဝတီကုမ္ပဏီကို ဘယ်ထိုးရောင်းရပါလိမ့်မလဲ။

(လေး)

ဘာမှန်းမသိသော အရင်းခံအကြောင်းတရားများအရ ရောမကျွန်တိုင်းက I am spartacus လုပ်သလို လူတိုင်း လူတိုင်းက သူ့အလိုလို ဓမ္မနှင့် အဓမ္မကို မှားမှန်ခွဲခြား လက်ခံကျင့်သုံးလျှင် ထိုလူ့အဖွဲ့အစည်း ရှေ့သို့ရောက်စမြဲပင်ဖြစ်ပေသည်။ ။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

## မျက်နှာဖုံး-အမေရိကန်က မြန်မာနိုင်ငံသို့ အသေးစားချေးငွေပေးရန် စီစဉ်နေ မှ

အမေရိကန်အစိုးရက မြန်မာနိုင်ငံအား စီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုကို လွန်ခဲ့သော နှစ် ၂၀ ဝန်းကျင်မှ ယနေ့အထိ ကျင့်သုံးလျက်ရှိသည်။ သို့သော် ယခုလများအတွင်း အစိုးရသစ်၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုပြီး အချို့သော ကန့်သတ်ချက်များကို စတင်ဖြေလျှော့လာသည်။ ထို့အပြင် ယခုကဲ့သို့ အသေးစားချေးငွေပေးအပ်ရန်ပါ စီစဉ်လာခြင်းဖြစ်သည်။

သို့သော် ပြုပြင်ပြောင်းလဲမှုများမှာ ပိုမိုခိုင်မာထင်ရှားသော ပြုပြင်ပြောင်းလဲမှုဖြစ်ရန် လိုကြောင်းလည်း အထူးကိုယ်စားလှယ်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသို့ နိုဝင်ဘာ ၁ မှ ၄ ရက်အထိ လာရောက်ခဲ့သော အမေရိကန်နိုင်ငံမှ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ ဗျူရိုရုံးမှ လက်ထောက်အတွင်းရေးမှူး မိုက်ကယ်ပိုစနာနှင့် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ လာရောက်ခဲ့သော မစ်ရဲလ်တို့မှာ အစိုးရတာဝန်ရှိသူများနှင့်လည်း တွေ့ဆုံခဲ့သည်။

၎င်းတို့နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးတို့ နိုဝင်ဘာ ၃ ရက်က တွေ့ဆုံစဉ် ဒုက္ခသည်များအား ကူညီနိုင်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး အတွက် အသေးစားငွေချေးရေး၊ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စများ ဆွေးနွေးခဲ့ကြောင်း နိုဝင်ဘာ ၄ ရက်ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ထို့အပြင် မစ်ရဲလ်နှင့် ပိုစနာခေါင်းဆောင်သောအဖွဲ့သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်မှာ နိုဝင်ဘာ ၃ ရက်တွင် နေပြည်တော်၌ တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးအပြင်နှစ်နိုင်ငံတပ်မတော် နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကိုပါ ဆွေးနွေးခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

## စာ-၇၊ စားသုံးရန်မသင့်သည့် ဆိုးဆေးများသုံးထားသော စားသောက်ကုန်များ မီးရှို့ဖျက်ဆီး မှ

ဈေးများတွင်ရောင်းချနေသည့်နေ့စဉ်သုံးစားသောက်ကုန်များတွင်စားသုံးရန် မသင့်သည့် ပစ္စည်း အများစုပါဝင်နေပြီး ထိုပစ္စည်းများကို သိလျက်နှင့်ဖြစ်စေ၊ မသိ၍ဖြစ်စေ စားသုံးနေရကြောင်း အိမ်ရှင်မတစ်ဦးက ပြောကြားသည်။

"ဒီလိုစစ်ဆေးတာကို အခုထက်ပိုပြီး ထိထိရောက်ရောက် လုပ်နိုင်ရင် ပိုကောင်းမယ်။ မှျစ်လိုဟာတွေမှာ ဒီမီးရှို့တဲ့မှျစ်ထက် အရောင်ပိုပါ ပိုတောက်တဲ့မှျစ်မျိုးကိုပဲ ကျွန်မတို့နေ့စဉ် စားနေရတာပါ။ ဆိုးဆေးတွေ ဘယ်လောက်များ ဝမ်းထဲရောက်နေပြီဆိုတာ မတွေးရဲတော့ဘူး"ဟု ဆိုးဆေးပါစားသောက်ကုန်များ မီးရှို့ဖျက်ဆီးခြင်းကို တွေ့ရှိသူ အမျိုးသမီးတစ်ဦးကပြောကြားသည်။

## စာ-၄၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုအတွက် လာရောက်ဆွေးနွေးမှု များလာ မှ

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန်အတွက် မြေအသုံးပြုခွင့်နှင့် နိုင်ငံခြားငွေဆိုင်ရာ အမိန့်အား စက်တင်ဘာ ၃၀ ရက်က ထုတ်ပြန်ခဲ့သည်။

နေပြည်တော်တွင် အောက်တိုဘာ ၂၆ရက်က ပြုလုပ်သော တွေ့ဆုံပွဲ၌ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းက "ဂျပန်၊ ကိုရီးယား၊ တရုတ်နိုင်ငံတွေကနေ လာပြီးဆွေးနွေးနေတယ်။ ရင်းနှီးမြှုပ်နှံမှုတွေကတော့ ဝင်လာမှာပဲ။ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာရင် အလုပ်အကိုင် အများကြီးရှိလာမှာ။ ပြည်သူတွေဘက်ကလည်း ကျွမ်းကျင်မှုတွေ အဆင်သင့်လုပ်ထားပါ" ဟု ပြောကြားခဲ့သည်။

လက်ရှိ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသည့် နိုင်ငံများထဲတွင် တရုတ်နိုင်ငံသည် လုပ်ငန်းပမာဏနည်းသော်လည်း ငွေကြေးပမာဏမှာ အများဆုံးဖြစ်သည်။ စာရင်းဇယားများအရ တရုတ်နိုင်ငံသည် လုပ်ငန်းပေါင်း ၃၂ ခုနှင့် ရင်းနှီးမြှုပ်နှံမှုငွေကြေးပမာဏ ကန်ဒေါ်လာသန်းပေါင်း ၉၆၀၃ ဒသမ ၁၆၈ ရှိသည်။ ထိုင်းနိုင်ငံသည် ဒုတိယဖြစ်ပြီး လုပ်ငန်းပေါင်း ၆၁ ခုနှင့် ရင်းနှီးငွေကန် ဒေါ်လာသန်းပေါင်း ၉၅၆၈ ဒသမ ၀၉၃ ရှိသည်။ ဟောင်ကောင်သည် တတိယမြောက်အများဆုံး ရင်းနှီး မြှုပ်နှံသည့် နိုင်ငံဖြစ်ပြီး တောင်ကိုရီးယားမှာ စတုတ္ထအဆင့်တွင် ရှိသည်။

## စာ-၆၊ အိုင်အမ်အက်ဖ် ကိုယ်စားလှယ်အဖွဲ့ ၂၀၁၂ တွင် ထပ်မံလာရောက်မည် မှ

ထိုသို့ IMF ၏ ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ခြင်းမှာ ထိုအဖွဲ့၏ ပဋိညာဉ်စာချုပ်အပိုဒ်(၈)ပါ လုပ်ငန်းများကို ဆောင်ရွက်ရန်ဖြစ်ပြီး၊ ဆက်လက်၍လည်း ပူးပေါင်း ဆောင်ရွက်မှုများ ဆောင်ရွက်ဦးမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။ ထို့ကြောင့် ၂၀၁၂ အစောပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်နိုင်ရန် မျှော်လင့်ထားသည်ဟုဆိုသည်။

ထိုအဖွဲ့တွင် အပြည်ပြည် ငွေကြေးရန်ပုံငွေအဖွဲ့မှ တာဝန်ရှိသူများအပြင် ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန် ရှိသူများပါဝင်ပြီး စုစုပေါင်း ၉ဦး ပါဝင်သည်။

ထို့အပြင်မြန်မာနိုင်ငံ၏ငွေ ကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုဘဏ်နှင့် ဥရောပ သမဂ္ဂအဖွဲ့ဝင်နိုင်ငံများအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော နိုင်ငံတကာအဆင့် အလုပ်ရုံဆွေးနွေး ပွဲကို လာမည့် နိုဝင်ဘာ ၇၊ ၈ ရက်တွင် ချက်ထရီယမ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

## မျက်နှာဖုံး-ရန်ကုန်သို့ ပထမဆုံးရောက်ရှိလာသော ကားများ လိုင်စင်ဝင်ရန်ဆောင်ရွက်နေ မှ

Royal Thiri ကုမ္ပဏီမှ တင်သွင်းပြီး ဂျပန်နိုင်ငံ နာဂိုယာဆိပ်ကမ်းမှ အောက်တိုဘာ ၇ရက်တွင် ထွက်ခွာလာ၍ ရန်ကုန်အေးရှားဝေါ်ဆိပ်ကမ်းသို့ အောက်တိုဘာ ၂၆ ရက်တွင် ရောက်ရှိသည့် ကား ၃၄စီး၌ တိုယိုတာဟိုင်းလပ်-ဆဖ်၊ ကာဒီနာ၊ နစ်ဆန်းစသော အိမ်စီးကားမျိုးစုံပါဝင်သည်။ အဆိုပါကားများမှာ ဆိပ်ကမ်းသို့ရောက် စရက်များတွင် အစိုးရရုံးပိတ်ရက်များနှင့် တိုက်နေခြင်း၊ ဆိပ်ကမ်းတွင် ကားထားရန် နေရာအခက်အခဲရှိခြင်းတို့ကြောင့် နိုဝင်ဘာ ၃ ရက်မှသာ ကွန်တိန်နာထဲမှ ထုတ်ယူခဲ့သည်။

ကွန်တိန်နာမှ ထုတ်ယူပြီး အကောက်ခွန် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုမှာ အဆင်ပြေပြီး၊ နိုဝင်ဘာ၄ရက်အထိ ၂၂စီး ပြီးစီးသွားပြီဖြစ်ကြောင်း Royal Thiri ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒီနေ့မနက်ပဲ အကောက်ခွန်ဌာနက ညွှန်ချုပ်လာကြည့်သွားတယ်။ အထူးစီမံချက်နဲ့ဆောင်ရွက်ပေးတာဆိုတော့ အကောက်ခွန် ရှင်းလင်းရေးလုပ်ငန်းတွေ အားလုံးအဆင်ပြေပါတယ်။ ရောက်စရက်မှာသာ ဆိပ်ကမ်းမှာ နေရာမရှိလို့"ဟု အထက်ပါပုဂ္ဂိုလ်က သူ၏အတွေ့အကြုံကိုပြောသည်။

အဆိုပါကား ၃၄ စီးကို ကွန်တိန်နာ ၁၀ခုဖြင့် သယ်ဆောင်လာခြင်းဖြစ်သည်။ ထိုကုမ္ပဏီမှ ကားတင်သွင်းသောပုံစံမှာ ယာဉ်အဟောင်း အပ်နှံသူများထံမှ ကားအပ်နှံသော စလစ်များကိုဝယ်ယူပြီး ဂျပန်နိုင်ငံမှ ကားများကိုမှာယူတင် သွင်းခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် တင်သွင်းလာသော ကားအချို့အား ကိုယ်တိုင်စီးမည်ဖြစ်ကာ အများစုကို ရောင်းချမည်ဟု တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောသည်။

"အပြင်မှာလည်း ကားဈေးတွေကျနေတော့ အမြတ်ကြီးတော့ မဟုတ်ဘူး။ ဒါပေမဲ့ အလုပ်လုပ်လို့တော့ဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ကားတင်သွင်းမှုဝန်ဆောင်မှု ဆောင်ရွက်နေသော အခြားကုမ္ပဏီများမှ တင်သွင်းသော ကားများမှာလည်း နိုဝင်ဘာတွင် ဆက်တိုက်ရောက်ရှိမည်ဖြစ်ကြောင်းသတင်းရရှိသည်။ ထပ်မံရရှိသောသတင်းအရ နိုဝင်ဘာ ၅ရက်တွင် ကုမ္ပဏီနှစ်ခုမှ တင်သွင်းသော ကားအစီး ၁၀၀ကျော်ပါသည့် Blue Ocean ကားတင်သင်္ဘောမှာ ရန်ကုန် ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိလာသည်။

ယာဉ်အို၊ ယာဉ်ဟောင်း ဖျက်သိမ်းရေး အစီအစဉ်အရ အောက်တိုဘာ ၂၆ ရက်အထိ ကားအစီးရေ ၁၁,၀၀၀ ကျော်အပ်နှံ၍ စလစ်ထုတ်ယူပြီးဖြစ်ကာ၊ နိုဝင်ဘာ၅ရက်အထိ ကားတင်သွင်းရန် လိုင်စင်၆,၉၀၀ ကျော်ထုတ်ပေးပြီးဖြစ်သည်။ ယာဉ်အို၊ ယာဉ်ဟောင်း ဖျက်သိမ်းရေးအဖွဲ့က နိုဝင်ဘာ ၈ ရက်မှစ၍ လိုင်စင်သက်တမ်း ၃၀ နှစ်မှ ၄၀ နှစ်အတွင်း ကားများကို စတင်အပ်နှံခွင့်ပြုသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း ကားတင်သွင်းခြင်း ကိစ္စများနှင့်ပတ်သက်၍ မမှန်မကန်ကိစ္စများဖြစ်ပေါ်နေကြောင်း သိရှိနေရပါသဖြင့် အများပြည်သူများက ဆက်သွယ်မေးမြန်းနိုင်သော ဖုန်းနံပါတ်များကို ထုတ်ပြန်သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ၀၆၇-၄၀၈၀၀၂၊ ၄၀၈၂၁၆၊ ၄၀၈၂၃၂၊ ၄၀၈၃၁၆ ဖုန်းများသို့ ဆက်သွယ်မေးမြန်းနိုင်ပြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ ၀၆၇-၄၀၅၀၁၄ သို့ ဆက်သွယ်သတင်းပို့နိုင်သည်ဟုဆိုသည်။

## စာ-၃၊ နယ်မြေလုံခြုံမှုမရှိသောဒေသခံများကို ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကူညီ မှ



မန်ခိန်ကယ်ဆယ်ရေးစခန်းတွင် နေ့လယ်စာကျွေးမွေးနေသည်ကိုတွေ့ရစဉ်
ဓာတ်ပုံ - ကျော်မျိုးဦး

အစိုးရအနေနှင့် နယ်မြေမငြိမ်းချမ်း၍ ဒုက္ခရောက်နေသော ဒေသခံများကို ငွေကျပ် သန်းပေါင်း ၉၃သန်းကျော်တန်ဖိုးရှိပစ္စည်းများနှင့် ငွေသားကျပ်သန်းပေါင်း ၃၈သန်းကို ပထမအကြိမ်အဖြစ် ထောက်ပံ့ပေးခဲ့ကြောင်း ဝန်ကြီး၏ဆွေးနွေးချက်တွင် ထည့်သွင်းပြောကြားသွားသည်။

ယခုအခါ မြစ်ကြီးနားမြို့ပေါ်ရှိကယ်ဆယ်ရေးစခန်းအားလုံးတွင် နယ်မြေမငြိမ်းချမ်းသဖြင့် ရွှေ့ပြောင်းရောက်ရှိလာသော လူဦးရေမှာ နိုဝင်ဘာလဆန်းပိုင်း၌ ပိုမိုတိုးပွားလာပြီး တစ်မြို့လုံးရှိကယ်ဆယ်ရေးစခန်းများတွင်လူဦးရေ ရှစ်ထောင်ခန့် ရောက်ရှိနေပြီဟုခန့်မှန်းရကြောင်း အကူအညီများပေးနေသော ခရစ်ယာန်ဘာသာရေးအသင်းတစ်ခုမှ စေတနာ့ဝန်ထမ်းတစ်ဦးကပြောသည်။

မြစ်ကြီးနားမြို့တွင် ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့များ၏ အကူအညီနှင့် ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်း ၁၆ခုခန့်ရှိပြီး အစိုးရတာဝန်ရှိသူများ၏အကူအညီနှင့် စခန်းအဖြစ် ဖွင့်လှစ်ထားသော ဘုရားကျောင်းများသို့ရောက်ရှိလာသူများကို စားသောက်ရေးနှင့် နေထိုင်ရေးတို့ကို ကူညီပေးလျက်ရှိကြောင်း ကချင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ်မှ သိရသည်။

ကယ်ဆယ်ရေးစခန်းများသို့ရောက်ရှိလာသူအများစုမှာ အမျိုးသမီးများနှင့်ကလေးငယ်များက အများစုဖြစ်ပြီး ယခုအခါ ဆောင်းရာသီသို့ရောက်ရှိလာပြီဖြစ်၍ ကချင်ပြည်နယ်မှာ အအေးပိုသည့်ဒေသဖြစ်သည့်အတွက် စောင်နှင့်အခင်းများ အရေးပေါ်လိုအပ်နေကြောင်းကိုလည်း ကယ်ဆယ်ရေးစခန်းများတွင် ကူညီနေသူများက တယ်လီဖုန်းမှတစ်ဆင့်ဖြေကြားကြသည်။

"ဒီမှာကအရမ်းအေးတော့ လောလောဆယ် စောင်တွေ၊အခင်းတွေ အရမ်းလိုတယ်။ ယူအင်န်အဖွဲ့အစည်းတွေက သူတို့နဲ့ဆိုင်တဲ့ ဥပမာ WFPဆိုရင် ဆန်နဲ့ပဲတွေဝေတယ်။ တချို့ဆိုရင် Shelter တွေထောက်ပံ့ပေးတယ်။ အကူအညီတွေကတော့လိုနေဆဲပါပဲ" ဟုမြစ်ကြီးနားမြို့မှ ကယ်ဆယ်ရေးစခန်းများတွင် လိုက်လံကူညီပေးနေသော ဒေသခံတစ်ဦးကပြောကြားသည်။

မြစ်ကြီးနားမြို့ရှိကယ်ဆယ်ရေးစခန်းများသို့ရောက်ရှိလာသော လူဦးရေနှင့်နေထိုင်စရာနေရာမှာမလုံလောက်တော့သဖြင့် ၁၀ပေပတ်လည် အခန်းများပါသော ကယ်ဆယ်ရေးစခန်းများထပ်မံဆောက်လုပ်နေရကြောင်း ထပ်မံဆောက်လုပ်နိုင်ရန်အတွက်လည်း သက်ဆိုင်ရာနှင့် အဖွဲ့အစည်းများသို့ အဆိုပြုချက်များတင်ပြထားကြောင်း ကချင်ခရစ်ယာန်နှစ်ခြင်းအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"အများသောအားဖြင့် ဒီကိုရောက်လာကြတဲ့သူတွေက ပြန်ချင်ကြတာများပါတယ်။ လောလောဆယ်အခြေအနေက ပြန်ဖို့ဘယ်လိုမှ မဖြစ်တော့ဘူး။ အခြေအနေကတဖြည်းဖြည်းပိုဆိုးလာတယ်။ အမြန်ငြိမ်းချမ်းစေချင်ပြီ"ဟု ဘာသာရေးအသင်းအဖွဲ့တစ်ခုတွင် ဦးဆောင်လှုပ်ရှားနေသူတစ်ဦးကပြောကြားသည်။

ကချင်ပြည်နယ်အတွင်းတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်သော ကေအိုင်အို၊ ကေအိုင်အေအဖွဲ့အစည်းများနှင့် မြန်မာ့တပ်မတော်တို့ အကြားတိုက်ပွဲများကာလအတန်ကြာဖြစ်ပွားခဲ့ပြီး ကချင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအဖွဲ့အနေနှင့် ၂၀၁၁ခုနှစ် ဇွန်လ၃၀မှ ဩဂုတ်လ ၂၄ အထိ တွေ့ဆုံဆွေးနွေးမှု့သုံးကြိမ်ပြုလုပ်ခဲ့ပြီး စာနှင့်လည်းအပြန်အလှန်ဆက်သွယ်ခဲ့ကြောင်း၊ ကေအိုင်အို၊ ကေအိုင်အေအဖွဲ့များအနေနှင့် နိုင်ငံရေးမျှော်လင့်ချက်ကို တစ်ဆင့်တိုးကာ UNFC ကဦးဆောင်ပြီး ငြိမ်းချမ်းရေးကိုဆောင်ရွက်ရန်သဘောထားကိုအကြောင်းပြကာ သဘောတူညီချက်လက်မှတ်ရေးထိုးရေးကို ဆိုင်းငံ့ထားခဲ့ကြောင်း နိုဝင်ဘာ၄ရက်နေ့ထုတ်သတင်းစာများတွင် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး၏ပြောကြားချက်ကိုဖော်ပြထားသည်။

Health
7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011



# ကာကွယ်တားဆီးနိုင်ပါလျက်နှင့် ဆုံးရှုံးရသည့် ကိုယ်ဝန်ဆောင်မိခင် စကန့် ၉၀ တွင် တစ်ဦးရှိနေ

ဓာတ်ပုံ - ဇေယျမောင်မောင်(အမရပူရ)

သီဟ

နေပြည်တော်၊အောက်တိုဘာ - ၃၁

နှစ်စဉ်အမျိုးသမီးပေါင်း သုံးသိန်းခွဲခန့်တို့သည် ကိုယ်ဝန်ဆောင်စဉ်နှင့် မီးဖွားစဉ်တွင် သေဆုံးနေကြပြီး ကာကွယ်တားဆီးနိုင်ပါလျက်နှင့် သေဆုံးရသူပေါင်းမှာ စက္ကန့် ၉၀တွင် တစ်ဦးနှုန်းရှိကြောင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ UNFPA ၏ စစ်တမ်းတစ်ရပ်အရသိရ သည်။


အလားတူသေဆုံးသည့်မိခင်များ၏ ၉၉ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြောင်း အဆိုပါစစ်တမ်းကဖော်ပြထားသည်။ ထို့အပြင် အမျိုးသမီးများစွာတို့သည် အသက်အလွန်ငယ်ရွယ်စဉ်တွင် မကြာခဏကလေးမွေးဖွားကြပြီး သားဆက်ခြားခြင်းမရှိသဖြင့် ကလေးအသက်ရှင်မှုလည်း နည်းပါးကြောင်း သိရသည်။ ထို့ကြောင့် ယခုနှစ်တွင် ကမ္ဘာပေါ်ရှိ ကလေးငယ်ပေါင်း ၅ ဒသမ ၈ သန်းသော မွေးကင်းစ ကလေးများသည် အသက်တစ်နှစ် မပြည့်မီတွင် သေဆုံးကြဖွယ်ရှိသည်ဟုခန့်မှန်းကြောင်းအထက်ပါ စစ်တမ်းက ဖော်ပြသည်။

ယင်းပြဿနာများသည် ဆင်းရဲသောနိုင်ငံများမှ အမျိုးသမီးများနှင့် နိုင်ငံတိုင်းရှိ ဆင်းရဲသောအမျိုးသမီးများအတွက် ကြီးမားသောအန္တရာယ်တစ်ခုဖြစ်ကြောင်း သိရသည်။

---

# လူတိုင်း ကြုံရတွေ့နိုင်သည့် စိတ်ကျရောဂါ

ဝတ်ရည်



လူတိုင်းလူတိုင်းသည်လူမှုပတ်ဝန်းကျင်တွင် ပြဿနာများနှင့်နေ့စဉ်နှင့်အမျှကြုံတွေ့ခံစားနေကြရသည်။

အဆင်မပြေမှု ပြဿနာများ ကြုံတွေ့သည့်အခါများ စိတ်ဓာတ်ကျခြင်း ဝေဒနာများခံစားကြရနိုင်ပြီး လူတစ်ဦးသည်ဘဝတွင် အနည်းဆုံးတစ်ကြိမ် စိတ်ဓာတ်ကျခြင်းဖြစ်လေ့ရှိကြောင်း ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ အထူးကုဆရာဝန်ကြီးများ၏ အဆိုအရသိရသည်။

ကြုံတွေ့ရသော အခက်အခဲအဆင်မပြေမှုများကြောင့်ဖြစ်ပေါ်သည့်စိတ်ကျခြင်းသည်စိတ်ရောဂါဆိုင်ရာရောဂါမျိုးမဟုတ်ဘဲ ဆေးဝါးဆိုင်ရာအကူအညီဖြင့်ကုသရန်လည်းမလိုအပ်ချေ။

စိတ်ဓာတ်ပျော့ညံ့သူများတွင်သာ ဖြစ်ပွားလေ့ရှိခြင်းမျိုးလည်း မဟုတ်ဘဲ လုပ်ငန်းခွင်ဆိုင်ရာပြဿနာများ၊ လူမှုရေးပြဿနာများစသည့် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာနိုင်ခြေရှိပြီး စိတ်ကျရောဂါဟု အမည်တပ်နိုင်သည့်လက္ခဏာများလည်းများပြားကြောင်း ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ပါမောက္ခဝင်းဆွေက ပြောကြားသည်။

"လူတိုင်းမှာဖြစ်နိုင်တယ်။ ဖြစ်တဲ့လူဆယ်ယောက်မှာတော့တစ်ယောက်လောက်ကရောဂါအဖြစ်ပြောင်းပြီးဆေးကုသရတဲ့အခြေအနေအထိဖြစ်သွားတာလည်းဖြစ်နိုင်တယ်"ဟုဒေါက်တာဝင်းဆွေကဆက်လက်ပြောသည်။

စိတ်ဓာတ်ကျခြင်းကြောင့်ဖြစ်သည့် စိတ်ကျရောဂါသည် လူအများခံစားရလေ့ရှိသော ပုံမှန်လူမှုပြဿနာများကြောင့်ဖြစ်သည့် စိတ်ကျရောဂါနှင့်မျိုးရိုးဗီဇများကြောင့်ဖြစ်သည့် စိတ်ကျရောဂါဟူ၍ ရှိကြပြီး ပုံမှန်စိတ်ကျရောဂါသည် ဆေးဝါးကုသမှုမလိုအပ်သော်လည်းမျိုးရိုးကြောင့်ဖြစ်သည့် စိတ်ကျရောဂါသည် ဆေးကုသမှု အချိန်မီမရရှိပါက နောက်ဆုံး မိမိကိုယ်မိမိသတ်သေသည်အထိ ပြင်းထန်ကြောင်းသိရသည်။

စိတ်ကျရောဂါခံစားနေရသူသည် အကြောင်းအရာတစ်ခုအား အာရုံစူးစိုက်၍မရခြင်း၊ လူအများနှင့်ဝေးရာတွင်တစ်ယောက်တည်းနေထိုင်လိုခြင်း၊ စိတ်အားငယ်ခြင်း၊ အလိုလိုနေရင်း ငိုချင်ခြင်း၊ အိပ်၍မရခြင်း၊စားမဝင်ခြင်း၊ ကိုယ်အလေးချိန်လျော့ကျခြင်း၊ လိင်ပိုင်းဆိုင်ရာစိတ်နည်းပါးလာခြင်းတို့သည် စိတ်ကျဝေဒနာသည်များ၏ လက္ခဏာတစ်ခုလည်းဖြစ်ကြောင်းသိရသည်။

စာ(၁၄)သို့

---

# ကျန်းမာမှုကို မိမိကိုယ်တိုင်မြှင့်တင်ခြင်း

သီဟ

အာရောဂျံ ပရမံလာဘံဟူသည့် မြန်မာစကားပုံရှိသည့်အတိုင်းပင် ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးပင်ဖြစ်သည်။ ကျန်းမာခြင်းဟူသည် ကာယ၊စိတ္တနှစ်ဖြာစလုံး ချို့ယွင်းချက်မရှိ ကောင်းမွန်နေခြင်းဖြစ်ကြောင်း ပညာရှင်များက အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

လူတစ်ဦးတစ်ယောက် သက်တမ်းစေ့စွာနှင့် ပျော်ရွှင်စွာနေထိုင်နိုင်ရန်အတွက် ဆေးရုံ၊ဆေးခန်း၊ ဓာတ်ခွဲခန်း၊ ဆရာဝန် အစရှိသည့် ကျန်းမာရေးအထောက်အကူပြု အရင်းအမြစ်များအား ထာဝစဉ် အားကိုးနေနိုင်ရန်မှာ လွယ်ကူသည့် ကိစ္စတစ်ရပ်မဟုတ်ချေ။

ထို့ကြောင့် မိမိတို့၏ တစ်ကိုယ်ရေကျန်းမာမှုအား မိမိကိုယ်ကိုမြှင့်တင်ရန်လိုအပ်သည်ဟု ကျန်းမာရေးပညာပေး လုပ်ငန်းများ လုပ်ဆောင်ခဲ့သူ ဗဟိုကျန်းမာရေးပညာဌာနမှ ညွှန်ကြားရေးမှူး (အငြိမ်းစား) ဒေါက်တာခင်မောင်လွင်က ပြောသည်။

"ကျန်းမာရေးအဆင့်မြှင့်တင်တာနဲ့ ကျန်းမာမှုမြှင့်တင်တာ ရောနေကြတယ်။ ကျန်းမာမှုမြှင့်တင်ခြင်းဆိုတာ Health Promotion လို့ခေါ်တယ်။ ကိုယ့်ဘာသာကိုယ် ကိုယ့်ရဲ့ကျန်းမာမှုကို မြှင့်တင်တာ၊ကျန်းမာရေး အဆင့်မြှင့်တယ်ဆိုတာကတော့ဆေးရုံ၊ဆေးခန်း ဆရာဝန်တို့စတဲ့အားကိုးရမယ့်ဟာတွေမြှင့်တင်တာ"ဟုဒေါက်တာခင်မောင်လွင်ကပြောသည်။

မိမိ၏ ကျန်းမာမှုကို မြှင့်တင်ရန်မှာမူ မိမိကိုယ်တိုင်လုပ်ဆောင်ရမည့်အရေးကိစ္စတစ်ခုဖြစ်ပြီး ဆ ရာဝန်ဆရာမများက ပြုလုပ်ပေး၍ရသည့် အရာတစ်ခုမဟုတ်ပေ။

ထို့ကြောင့် ကာကွယ်၍ရသည့်ရောဂါများအား ကြိုတင်ကာကွယ်ခြင်းဖြင့် မိမိ၏ကျန်းမာမှုအား မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ရောဂါများအားကြိုတင်ကာကွယ်ရာတွင် မိမိ၏ကျန်းမာရေးအား ထိခိုက်စေနိုင်မည့် အကြောင်းအရာများအား မိမိကိုယ်တိုင်ထိန်းချုပ်နိုင်ခြင်းသည်လည်း အရေးကြီးသည့်အချက်တစ်ချက်ပင်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မိမိ၏နေအိမ်၊ရပ်ကွက်၊လမ်းတို့၌လည်း ကျန်းမာရေးနှင့်ကိုက်ညီစွာ အဆင့်မြှင့်တင်ထားနိုင်ရန်လည်း လိုအပ်ကြောင်း ဒေါက်တာခင်မောင်လွင်ကပြောသည်။

မိမိတို့အိမ်တွင် ရေကောင်း၊ရေသန့်ရရှိစေရန်ပြုလုပ်ထားခြင်း၊ အစာသန့်၊ရေသန့်၊ လက်သန့်၊ အိမ်သာသန့် အစရှိသည့် သန့်လေးသန့်စံနှုန်းနှင့်ပြည့်မီစေရန်ပြုလုပ်ထားမည်ဆိုပါက ဖြစ်ပွားလာမည့် ရောဂါအတော်များများအား ကာကွယ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် ပတ်ဝန်းကျင်ရှိ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသည့် အရာများဖြစ်သည့် ခြင်ပေါက်ပွားစေနိုင်သည့် ရေလှောင်ကန်များ အစရှိသည့်အရာများရှိပါကလည်း ကျန်းမာရေးနှင့် ညီညွတ်စွာပြုလုပ်နိုင်ရန် သက်ဆိုင်ရာသို့ အရေးဆိုပိုင်ခွင့်များလည်းရှိရန်လိုအပ်သည်။

စာ(၁၄)သို့



7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

## စာ-၁၃၊ ကျန်းမာမှုကို မိမိကိုယ်တိုင်မြှင့်တင်ခြင်း မှ



"ပြောရုံပဲလားဆိုတော့မဟုတ်သေးဘူး။ ပြောလည်းပြောရမယ် ကိုယ်ကိုယ်တိုင်လည်း လုပ်ရမယ်၊ အများလည်းလုပ်ရမယ်။ စုစည်းဖို့ လိုတယ်။ တစ်ဦးချင်း၊မိသားစု ရပ်ရွာ၊ကျောင်းသူ အဖွဲ့အစည်းအ လိုက် အလွှာအလိုက် စုစည်းဖို့လိုတယ်"ဟုဒေါက်တာခင်မောင်လွင် ကပြောသည်။

ထို့ကြောင့် တစ်ယောက်ချင်းနှင့် မိသားစုအလိုက်မှ ရပ်ရွာထဲ တွင်ကျန်းမာရေးအား စေတနာထားအဖွဲ့အစည်းများပေါ် ပေါက် လာရန်လိုကြောင်း သိရသည်။

အဆိုပါအဖွဲ့အစည်းများသည် အစားအစာလုံခြုံမှုရှိစေရန် နှင့် အခြားကျန်းမာရေးဆိုင်ရာပြဿနာများကိုကာကွယ်နိုင်ရန်အတွက် လက်လှမ်းမီရာ ပြည်သူ့ကိုယ်စားလှယ်များမှတစ်ဆင့် သက်ဆိုင်ရာ အဖွဲ့အစည်းများထံသို့ ပေါက်ရောက်စေရန် တင်ပြမှုများ ပြုလုပ်ရန် လည်း လိုအပ်ကြောင်း သိရသည်။

ကိုယ့်ကျန်းမာရေးကို ထိခိုက်စေမည့်အရာများအား ထိန်းချုပ် ခြင်းသည် မိမိကိုယ်တိုင်လုပ်ဆောင်ရမည့်အရာဖြစ်ပြီး ဆရာဝန် ဆရာမများနှင့် အစိုးရမှပြုလုပ်နိုင်သည့် အရာမဟုတ်ကြောင်း ဒေါက်တာခင်မောင်လွင်ကပြောသည်။

"ရောဂါရလာပြီဆိုရင် ကျန်းမာရေးအတွက်ထိခိုက်မယ်။ ရောဂါတွေဖြစ်ပေါ်လာပြီဆိုရင် ဆေးရုံတွေ၊ဆေးခန်းတွေကို အား ကိုးရတော့မယ်။ ရောဂါမဖြစ်အောင်နေနိုင်ရင် ကိုယ့်ကိုယ်ကိုယ် အားကိုးလို့ရတယ် ဘယ်သူ့ကိုမှ အားကိုးစရာမလိုဘူး"ဟု ဒေါက်တာ ခင်မောင်လွင်ကပြောသည်။

မိမိကိုယ်ကိုယ် ကျန်းမာမှုမြှင့်တင်သည့် အပြုအမူများကျယ်ပြန့် စွာဆောင်ရွက်လာနိုင်ပါက ကျေးလက်ဒေသမှလူများအပါအဝင် တစ်နိုင်ငံလုံးမှ ပြည်သူများ ကျန်းမာစွာနှင့် အသက်ရှည်စွာနေ ထိုင်မည်ဖြစ်သည်။

ထို့အပြင် ကောင်းမွန်စွာ ပညာသင်ကြားနိုင်စွမ်း၊အလုပ်လုပ် နိုင်စွမ်းများလည်း တိုးလာမည်ဖြစ်ကာ တစ်ဦးချင်းဝင်ငွေမှသည် နိုင်ငံ၏ ဝင်ငွေအထိတိုးတက်လာနိုင်မည်ဟု ပညာရှင်များက သုံးသပ် သည်။

ကျန်းမာရေးမြှင့်တင်ခြင်းဟူသည် ဆေးရုံကြီးကြီးမှ ရွာကြီးကြီး သို့ တစ်ဆင့်တစ်ဆင့်ရောက်သွားခြင်းမျိုး၊ ကျေးရွာအရောက် ဆရာ ဝန် များဆေးဆင်းကုခြင်းမျိုး မဟုတ်ဘဲ ရွာတိုင်းတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် အတွေ့အကြုံများ၊ အသိပညာများရှိလာကာ မိမိတို့ ၏ ကျန်းမာရေးအား စီမံခန့်ခွဲ ထိန်းချုပ်နိုင်သည့် အရည်အသွေးများ ရှိလာရန် လေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်ကြောင်း ဒေါက်တာခင် မောင်လွင်ကပြောသည်။

# ပျော်ပျော်နေတတ်သူများ သက်တမ်းပိုရှည်ဟု လေ့လာမှုကဆို

**ဘေဂျင်း၊ နိုဝင်ဘာ - ၁**

ဗြိတိန်နိုင်ငံရှိ ယူနီဗာစီတီကော လိပ် လန်ဒန်မှ ပညာရှင်များ၏ လေ့လာချက်အရ အသက်ရှည်သည့် မျိုးဗီဇမပါရှိသော်လည်း ပျော်ပျော် နေတတ်သူများသည် အခြားသူများထက် သက်တမ်းပိုရှည်ကြောင်းသိရသည်။

လေ့လာချက်အရ ပျော်ရွှင်စွာနေတတ်သည်ဟုဝန်ခံသော သက်ကြီးရွယ်အိုများသည် စိုးရိမ်စိတ်၊ ပူပန်သောကနှင့် ကြောက်စိတ်ရှိ သည့် သက်ကြီးရွယ်အိုများထက် သေဆုံးနိုင်ခြေ ၃၅ ရာခိုင်နှုန်း ပိုနည်းကြောင်းသိရသည်။ ပညာရှင်များသည် ယခုလေ့လာမှုအား ငါးနှစ် ကြာပြုလုပ်ခဲ့ပြီး သုတေသနရလဒ်ကို အမျိုးသားသိပ္ပံအကယ်ဒမီများဂျာနယ်တွင် ပုံနှိပ်ဖော်ပြခဲ့သည်။

လေ့လာမှုမှာ အသက် ၅၂ မှ ၇၉နှစ်အရွယ် လူပေါင်း ၃,၈၀၀ ၏ ပျော်ရွှင်မှုနှင့် စိတ်သောကခံစားချက်များကို မေးမြန်းမှတ်တမ်း တင်လေ့လာခဲ့ခြင်းဖြစ်သည်။ လေ့လာမှုတွင် အပျော်ရွှင်ဆုံး လူအုပ်စု၊ အလယ်အလတ်အဆင့် ပျော်ရွှင်တတ်သူများအုပ်စုနှင့် ပျော်ရွှင်မှု အနည်းဆုံးအုပ်စုဟူ၍ အုပ်စုသုံးစုခွဲကာ လေ့လာခဲ့သည်။

ထို့နောက် ငါးနှစ်ကြာအောင် လေ့လာမှတ်တမ်းတင်ပြီးနောက် အပျော်ရွှင်တတ်ဆုံး လူအုပ်စုမှ လူ ၃ ဒသမ ၆ ရာခိုင်နှုန်း သေဆုံးပြီး အလယ်အလတ်အဆင့် အုပ်စုမှ ၄ ဒသမ ၆ ရာခိုင်နှုန်းနှင့် အနိမ့်ဆုံးအုပ်စုမှ ၇ ဒသမ ၃ ရာ ခိုင်နှုန်းသေဆုံးခဲ့သည်ကိုတွေ့ခဲ့ရသည်။

—Ref: LA Time

## စာ - ၁၃၊ လူတိုင်းကြုံတွေ့နိုင်ရသည့်စိတ်ကျရောဂါ မှ

"အဲဒါတွေကိုအနုတ်လက္ခဏာ တွေလို့သတ်မှတ်လေ့ရှိတယ်။ အ ရာရာမှာ အများနဲ့ပူးပေါင်းပြီးလုပ် ဖို့အတွက်အားနည်းပြီးတစ်ယောက် တည်းနေချင်စိတ်ရှိလာတာမျိုးပါ။ တချို့ကျတော့လည်း အဲဒါနဲ့ဆန့် ကျင်ဘက်လက္ခဏာတွေပြသလေ့ ရှိတယ်"ဟု အဆိုပါဆရာဝန်က ပြောသည်။

အပေါင်းလက္ခဏာအဖြစ် သတ်မှတ်ထားသည့်လက္ခဏာများ တွင်လည်း ဝေဒနာရှင်သည် လူ အများနှင့် ထိတွေ့မှုမရှိဘဲ တစ် ယောက်တည်း နေလေ့ရှိသော် လည်း အစားအသောက်များ အလွန်အမင်းစားသုံးလာခြင်း၊ အလွန်အမင်းအိပ်ခြင်းလက္ခဏာ များ ပြသကြောင်းသိရသည်။

ထိုသို့ စိတ်ကျခြင်းနှင့် ပတ် သက်ပြီး ရောဂါလက္ခဏာ အမျိုးမျိုး ပြသလေ့ရှိကြပြီး အချို့သူများတွင် လည်း သာမန်ထက်ပို၍ လူအ များနှင့်ပိုမိုရင်းနှီးစွာ ဆက်ဆံခြင်း၊ စကားပြောများလာခြင်း၊ လှုပ် ရှားမှု လွန်ကဲလာခြင်းတို့သည် လည်းစိတ်ကျရောဂါ၏ လက္ခဏာ မျိုးဖြစ်ပြီး တုံ့ပြန်စိတ်ကျရောဂါအ ဖြစ် သတ်မှတ်လေ့ရှိကြောင်း သိရ သည်။

"မျိုးရိုးရှိတဲ့သူတွေကတော့ ပိုပြီး သတိထားရပြီး ပိုပြင်းထန်လေ့ ရှိကြတယ်။ သူတို့ကဒီလိုလက္ခဏာ တွေအပြင်ကိုယ့်ကို ကိုယ်အပြစ် တင်နှိမ့်ချတဲ့ စိတ်တွေများလာ တာမျိုး၊ မျှော်လင့်ချက်မဲ့သွား သလိုခံစားချက်မျိုး ပြင်းပြင်းထန် ထန်ခံစားရပြီး နောက်ဆုံး နေတာ ထက်သေတာကမှ အေးတယ် ဆိုပြီး သတ်သေတာမျိုးတွေ ဖြစ် နိုင်တယ်"ဟုဒေါက်တာဝင်းဆွေ ကပြောကြားသည်။

စိတ်ကျခြင်းနှင့် ဆိုင်သည့် ရောဂါလက္ခဏာများပြသသည့် အခါရောဂါကြောင့် ဖြစ်ပွားခြင်း နှင့်ရင်ဆိုင်ရသည့် အခက်အခဲ များကြောင့် စိတ်ကျခြင်းများအား ခွဲခြားသိရှိရန် လိုအပ်ပြီး နဂိုမှ စိတ်ကြွ၊ စိတ်ကျခြင်းမျိုးရိုးရှိသူ များ၊ အရက်သောက်သူများ၊ မိမိ ကိုယ်မိမိသတ်သေသည့် မျိုးရိုးရှိ သူများတွင် ၄ ဦးလျှင် တစ်ဦးနှုန်း ခန့်မှာ မျိုးရိုးလိုက်လေ့ရှိတတ် ကြောင်းသိရသည်။

ပုံမှန်အခက်အခဲများကြောင့် ဖြစ်သည့် စိတ်ကျခြင်းသည် ထို ကြုံတွေ့ရသည့်အခက် အခဲများ ပြေပျောက် ဖြေရှင်းနိုင်သည့် အချိန်တွင် စိတ်ကျခြင်းဝေဒနာ ပါ တစ်ခါတည်းသက်သာစေနိုင် မည်ဖြစ်သည်။

စိတ်ကျခြင်းလက္ခဏာများ ဖြစ်ပေါ်နေသည့်လူတစ်ဦးအား မိသားစု မိတ်ဆွေအသိုင်းအဝိုင်း က နွေးထွေးစွာဆက်ဆံခြင်း၊ ပြ ဿနာများအတွက်တစ်စုံတစ်ဦးမှ ကြားဝင်ပြီး ကူညီဖြေရှင်းပေးခြင်း၊ ဘာသာရေးအဆုံးအမများဖြင့် မိမိစိတ်အား ငြိမ်းချမ်းစွာထား ရှိခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ ကျင့်ခန်း ဆောင်ရွက်ခြင်းဖြင့် လည်း သက်သာစေနိုင်ကြောင်း သိရသည်။

"ဘေးကနေ သက်သာစေ အောင် အားပေးပေးတဲ့ သူတွေ ပြဿနာဖြေရှင်းပေးမယ့် နည်း လမ်းတွေနဲ့ဆိုရင်အမြန်ဆုံးစိတ်ကျ ဝေဒနာကနေ ကင်းဝေးစေနိုင်ပါ တယ်။ တစ်ခုခုကိုဆုံးရှုံးသွားတဲ့သူ တွေဆိုလည်း အပြောင်းအလဲ အစားတစ်ခုခုရသွားတယ်ဆိုရင် သက်သာလာလေ့ရှိတယ်" ဟု ဒေါက်တာဝင်းဆွေကပြောကြား သည်။

မျိုးရိုးရှိသူများတွင် ဖြစ်ပွား သည့်စိတ်ကျရောဂါသည် အချို့ တွင်မည်သည့်ပြဿနာမှမရှိဘဲ အ လိုလိုနေရင်းစိတ်ကျခြင်းဝေဒနာ များ ခံစားရလာခြင်းဖြစ်ပြီး အ ချို့တွင် အနည်းငယ်သောပြဿ နာများကြောင့် အလွန်အမင်း စိတ်ဓာတ်ကျသွားခြင်းမှတစ်ဆင့် ဆေးဝါးကုသမှုမရှိသည့် အခါ မိမိကိုယ်မိမိ သတ်သေသည်အထိ ဖြစ်ပွားကြခြင်းဖြစ်ကြောင်းဒေါက် တာဝင်းဆွေကပြောကြားသည်။

စိတ်ဖိစီးမှုများခြင်း၊စိတ်ဓာတ် ကျခြင်းတို့သည် စိတ်ပိုင်းဆိုင်ရာ ကိုသာမကမိမိ၏ရုပ်ပိုင်းဆိုင်ရာ ကိုပါ ထိခိုက်စေနိုင်ပြီး၊ အခက် အခဲများကြုံတွေ့လာရပါက မိမိ တစ်ယောက်တည်းတွင်သာ ထို ကဲ့သို့ ဖြစ်ပွားခြင်းမျိုးမဟုတ် ကြောင်းနှင့် လောကဓံတရားဟု စိတ်စွဲမှတ်ပြီး သက်သာအောင် ကြိုးစားသင့်ကာ လွဲမှားသောဆေး ဝါးများအသုံးပြုခြင်းသည်နောက် ဆက်တွဲပြဿနာများဖြစ်ပေါ်၍ ပိုမိုစိတ်ညစ်စေနိုင်ကြောင်းကို သိရှိပြီး ထိုဆေးဝါးများအသုံး ပြုခြင်းအား ဆင်ခြင်သင့်ကြောင်း ကျွမ်းကျင်ဆရာဝန်များက အကြံ ပြုပြောကြားထားသည်။






Regional
7DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

## မနလေးတွင်လည်း အမြင့်ကားများ ထက်ဝက်ကျော်ဈေးကျကာ ဝယ်လက်အေး

**စိုင်းသာအောင်**

**မန္တလေး၊ နိုဝင်ဘာ-၄**

မန္တလေးမြို့ကားဝယ်ရောင်းလောကတွင် အဆင့်မြင့်ကားများ ဈေးထက်ဝက်ကျော်ကျဆင်းသွားပြီး ကားပါမစ်တစ်စောင်လျှင် ကျပ်သိန်း ၉၀ ဝန်းကျင်ဈေးဖြင့် အရောင်းအဝယ်ဈေးကွက်ဝင်လျက်ရှိသည်။

မန္တလေး စက်မှုဇုန်ထုတ် ၆ခ/xxxxx၊ ၇ခ/xxxxx ကားများသည် ယခင်က တစ်စီးလျှင် ကျပ်သိန်း ၇၀၀ အထိ ပေါက်ခဲ့သော်လည်း ယခုအခါကျပ်သိန်း ၃၀၀အောက်တွင်သာဈေးရှိတော့ကြောင်း စက်မှုဇုန်ထုတ်ဂျစ်ကားများမှာ ကားလတ်ပါက ကျပ်သိန်း ၄၀ ခန့်ရပြီး ကားသန့်ကားကောင်းပါက ကျပ်သိန်း၆၀ဝန်းကျင်သာရှိကြောင်းကားဝယ်ရောင်းလောကမှသိရသည်။


ဓာတ်ပုံ-ညီညီဇော်

မန္တလေးမြို့ လမ်း (၆၀) ကားရောင်းဝယ်ရေးစခန်းမှ ကားပွဲစားတစ်ဦးက "ဒီရက်ပိုင်းအမြင့်ကားတွေ ထက်ဝက်ကျော် ဈေးကျနေပြီး ဈေးကွက် ပျောက်နေပါတယ်။ လောလောဆယ် စက်မှုဇုန်ထုတ်လိုက်ထရပ်ကားတွေကတော့ မြို့ပေါ်ရော၊ နယ်ကပါ အဝယ်လိုက်လာတာကြောင့် လိုက်ထရပ် ၂၀၀၀ မော်ဒယ်က ယခင်ကျပ်သိန်း၁၂၀ရှိရာက အခုကားကြောတင်းရင် ကျပ်သိန်း ၁၆၀ အထိ အဝယ်လိုက်ပါတယ်။ လိုက်ထရပ်တွေက လူစီးရတာရော၊ ကုန်တင်ရတာပါ အဆင်ပြေတော့ နယ်ကလည်း အဝယ်လိုက်တယ်။ ဈေးချိုတော်၊ မန်းမြန်မာပလာဇာ၊ ရတနာပုံ စူပါစင်တာ၊ ဒိုင်းမွန်းပလာဇာ၊ ၇၈ရှော့ပင်းစင်တာ၊ မန်းမြို့ဈေးတို့က ဈေးသည်တွေ၊ ဆန်ပွဲရုံတွေက လူစီးဖို့ထက် ပစ္စည်းတင် ကုန်တင်ဖို့အတွက် ဝယ်ယူကြတော့ ဈေးကွက်ဝင်အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု 7Day News သို့ရှင်းပြသည်။

မန္တလေးမြို့ ရွှေကုန်သည်တစ်ဦးက"၅ခ/xxxx ဆာ့ဗ်ကား တစ်စီး မိသားစုစီးဖို့ လွန်ခဲ့တဲ့ ၂ နှစ်က ကျပ်သိန်း ၄၈၀ နဲ့ ဝယ်ထားတာ၊ အခု ပြန်ရောင်းတာ ကျပ်သိန်း ၂၁၀ ပဲရတော့တယ်" ဟု ပြောသည်။ အလားတူ ပြိုင်ကားဝယ်ထားသော ဖခင်တစ်ဦးက "သားကပြိုင်ကားစီးချင်တယ်ဆိုလို့ BMW ပြိုင်ကား ၁ခ/xxx တစ်စီးကျပ်သိန်း ၇၀၀ နဲ့ဝယ်ပေးထားတယ်။ အခုပြန်ရောင်းတာ ကျပ်သိန်း ၃၀၀ ပဲရတော့တယ်" ဟု ပြောသည်။

## ရှမ်းအရှေ့ဒေသမှ အမျိုးသမီးငယ်များ အိမ်ထောင်အစောဆုံးပြု

**ထူးသန့်**

**နေပြည်တော်၊ နိုဝင်ဘာ-၂**

ကုလသမဂ္ဂကလေးသူငယ်များရံပုံငွေအဖွဲ့(ယူနီဆက်မြန်မာ)၏ အမျိုးသမီးများနှင့်ကလေးသူငယ်များဆိုင်ရာ လေ့လာမှုစစ်တမ်းအရမြန်မာနိုင်ငံရှိအသက် ၁၅နှစ်မှ ၁၉ နှစ်အကြား လက်ထပ်သောအမျိုးသမီးဦးရေအချိုးအစားတွင် ရှမ်းပြည်နယ်မှ လက်ထပ်သောအမျိုးသမီးဦးရေတွင် ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသက အများဆုံးပါဝင်သည်ဟုဆိုသည်။

ရှမ်းအရှေ့က ၂၂ရာခိုင်နှုန်းကျော်ဖြင့် ဦးဆောင်နေကာ ဒုတိယနှင့် တတိယနေရာတွင်လည်း ရှမ်းပြည်နယ် မြောက်ပိုင်းက ၁၅ ရာခိုင်နှုန်းနီးပါးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းက ၁၀ ရာခိုင်နှုန်းကျော်ဖြင့်ပါဝင်နေကြောင်း ၎င်းအပြင် ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီးမှာလည်း ၁၀ ရာခိုင်နှုန်းကျော်ဖြင့် အများဆုံး စာရင်းတွင်ပါဝင်နေကြောင်း ရာခိုင်နှုန်းအနည်းဆုံးစာရင်းတွင် မူစစ်ကိုင်းတိုင်းဒေသကြီးကငါးရာခိုင်နှုန်းအောက်တွင် ပါဝင်နေကြောင်း သိရသည်။

"ဒီစစ်တမ်းအရဆိုရင် အဲဒီဒေသက အမျိုးသမီး ၅ ယောက်မှာ တစ်ယောက်က အသက် ၁၅ နှစ်ကျော်နဲ့လက်ထပ်တဲ့ သဘောပဲ။ အဲဒါက ဘာကိုပြသလဲဆိုတော့ အဲဒီဒေသမှာပညာရေး၊စီးပွားရေးနိမ့်ကျနေတဲ့ သဘောပဲ။ အထူးသဖြင့်တော့ပညာရေးပေါ့။ ပညာရေးမလိုက်ဖြစ်တော့ရင် စောစောစီးစီးအိမ်ထောင်ကျတာများပါတယ်" ဟု နေပြည်တော်မှ လူမှုရေး အကျိုးဆောင်တစ်ဦးကသုံးသပ်ပြောကြားသည်။

အထက်ပါ စစ်တမ်းအရ မိဘနှင့်အတူမနေရသောကလေးသူငယ်ရာခိုင်နှုန်းလည်း မြင့်တက်လာကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်း နယ်စပ်ဒေသများတွင် အတွေ့ရများကြောင်း၊ အသက် ၁၅နှစ်မှ ၁၉နှစ်အကြား အမျိုးသမီးများ လက်ထပ်မှုနှုန်းတွင် မြို့ပြက ၅ ဒသမ ၁ နှင့် ကျေးလက်က ၈ဒသမ၄ ရာခိုင်နှုန်း အသီးသီးရှိကြောင်း သိရသည်။

## မြောက်ယမားချောင်း ရေဝင်ရောက်ပြီး ၁၃ ရက်အကြာ ရှေးဟောင်းစေတီတော်တစ်ဆူပြိုကျပျက်စီး

**ရန်နိုင်ကျော်**

**မုံရွာ၊ နိုဝင်ဘာ-၁**

မြောက်ယမားချောင်းရေသည် ယခုနှစ်အောက်တိုဘာလ ၁၉ ရက်နှင့် ၂၀ ရက်တွင် နှစ်ပေါင်း ၄၇ နှစ်တာကာလအတွင်း စံချိန်သစ်တင်သ ည်အထိ မြင့်တက်ခဲ့ပြီးနောက် ၁၃ ရက်အကြာ ဆားလင်းကြီးမြို့နယ်၊ ဒုန်းတောကျေးရွာ၊ ယွန်းကျောင်းတိုက်အတွင်း ရှေးဟောင်းဆုတောင်းပြည့်မြတ်စွာဘုရားစေတီတော်ကြီး ထီးတော်မြေခပြိုကျပျက်စီးခဲ့ကြောင်း ဒုန်းတောကျေးရွာ၊ ယွန်းကျောင်းကျောင်းတိုက် ပဓာနနာယကဆရာတော်အရှင်ပညာဘာသက မိန့်ကြားခဲ့သည်။

"နိုဝင်ဘာလ ၂ရက် နံနက် ၇ နာရီခွဲအချိန်မှာ ရှေးဟောင်းဆုတောင်းပြည့်မြတ်စွာဘုရားစေတီတော်ကြီး တအိအိနဲ့မြည်ပြီးရွှေထီးတော်မြေခစေတီတော်ပြိုကျခဲ့ပါတယ်။ ရှေးခေတ်အုတ်ချပ်ကြီးတွေနဲ့တည်ဆောက်ထားပြီး မြေနီအရိုးကိုင်ထားတဲ့အတွက် အုတ်ချပ်တွေဟာ တစ်ချပ်နဲ့တစ်ချပ်မစွဲတော့ဘဲ ပြိုကျလာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလ ၂၀ ရက်ကလည်း မြောက်ယမားချောင်းရေဝင်တော့ အောက်က ရေအစိုဓာတ်နဲ့ စေတီတော်ပြိုကျသွားတာဖြစ်ပါတယ်"ဟု ဆရာတော်အရှင်ပညာဘာသကမိန့်ကြားခဲ့သည်။

ဒုန်းတော ကျေးရွာ၊ ယွန်းကျောင်းတိုက်အတွင်း ဆုတောင်းပြည့်စေတီတော်သည်ဉာဏ်တော် ၄၅ ပေရှိပြီး အတွင်းဘက်လိုဏ်လေးလိုဏ်တွင် ကြေးဆင်းတုတော် သုံးဆူနှင့်စကျင်ကျောက်ဆင်းတုတော်တစ်ဆူတည်ထားကိုးကွယ်ကြောင်း သိရှိရသည်။ အဆိုပါ စေတီတော်တွင် ကိုးကွယ်လျက်ရှိသည့် ကြေးဆင်းတုတော်တို့၏ကမ္ပည်းမှတ်တမ်းများအရမြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်တော်သလင်းလပြည့်ကျော် ၅ ရက်ဟုပါရှိပြီး ရှေးဟောင်း စေတီတော်အတွင်း အသစ်တစ်ဖန် မွမ်းမံချိန်တွင် ကြေးဆင်းတုတော်များ ထည့်သွင်းကိုးကွယ်ခဲ့သည်ဟု အသက် ၇၀ ကျော်အရွယ်ဒုန်းတောကျေးရွာဒေသခံ ဦးရွှေပိုက်က ပြောသည်။

စာ(၁၈) သို့

## အိမ်ပေါ်အထိ ကလေးငယ်အား တက်ဆွဲသူကို ရွာသားများ ဝိုင်းဖမ်း

**ဥက္ကာကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ-၃**

ဧရာဝတီတိုင်း၊ လေးမျက်နှာမြို့နယ်၊ အိုင်သပြုကျေးရွာအနီးရှိ လှေဆွဲကြီးကျေးရွာတွင် ယခုလ ၂ ရက် ညပိုင်းက ဆားရောင်းရန်လာသော သူများက အိမ်ပေါ်တွင် မီးဖိုနေသော အသက် ၇ နှစ်အရွယ် ကလေးငယ်အား ဝင်ဆွဲသည့်အတွက် ရွာသားများက ဝိုင်းဝန်းဖမ်းဆီးကာ အိုင်သပြု ရဲစခန်း၌ ချုပ်နှောင်ထားကြောင်း သတင်းရရှိသည်။

လှေဆွဲကြီးကျေးရွာ အစွန်ရှိ နေအိမ်နောက်ဖေးခန်းတွင် အသက် ၇ နှစ်အရွယ် ကလေးငယ်တစ်ဦးတည်း မီးမွှေးနေခိုက်အမည်မသိ တစ်နယ်သားလူနှစ်ဦးက အပေါက်မှဆွဲထုတ်ရန်ကြိုးစားသောကြောင့် ကလေးက လန့်အော်ခဲ့ရာမှ အိမ်နီးနားချင်းများ ထွက်ကြည့်ကြသဖြင့် အဆိုပါ လူနှစ်ဦးသည် တစ်ကွဲတပြားစီ ထွက်ပြေးသွားခဲ့ကြသည်။

စာ(၁၈) သို့



7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

# တရားမဝင် ငွေစုအဖွဲ့တွင် ငွေစုထားသူများ ငွေကျပ်သိန်းပေါင်း တစ်သောင်းခန့် ဆုံးရှုံးမှုဖြစ်ပေါ်

**အောင်သူမြင့်**

**လွိုင်ကော်၊ အောက်တိုဘာ-၃၁**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ သီရိမင်္ဂလာဈေးမှ ဈေးသူ ဈေးသား အများစုတို့ ပါဝင်ထည့်ဝင်သော တရားမဝင်ငွေကြေးအဖွဲ့ တစ်ခုတွင် ငွေကြေးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ထိုတရားမဝင်ငွေကြေးအဖွဲ့အစည်းတွင် ငွေထည့်ဝင်ထားသူများထံမှ စုံစမ်းသိရသည်။

အဆိုပါတရားမဝင်ငွေကြေးအဖွဲ့ကို လွိုင်ကော်မြို့၊ သီရိမင်္ဂလာဈေး၌ ၂၀၀၃ ခုနှစ်ခန့်မှ စတင် လုပ်ဆောင်ခဲ့ရာ ၂၀၁၀ အောက်တိုဘာလခန့်မှစတင်၍ အဆိုပါတရားမဝင်ငွေကြေးအဖွဲ့အစည်းထံတွင် ငွေထည့်ဝင်ထားသူများအနေဖြင့် အတိုးပုံမှန်မရရှိခြင်း၊ ထည့်ဝင်ငွေအရင်းကိုလည်း ပြန်လည်ထုတ်ယူ၍ မရရှိခြင်းတို့ကြောင့် ပြဿနာပေါ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအဖွဲ့က ထည့်ဝင်ငွေများအပေါ် ၆ ကျပ်နှုန်းအတိုးပေးပြီး ထုတ်ချေးငွေအပေါ် ၁၀ ကျပ်နှုန်းအတိုးယူပြီး အဆိုပါ အဖွဲ့အစည်းတွင် စာရင်းဇယားရေးသွင်းပြုစုခြင်း၊ ငွေလက်ခံခြင်း၊ ငွေထုတ်ပေးခြင်း ကိစ္စရပ်များကို အသက် ၆၀ ကျော်အရွယ် အမျိုးသားကြီး တစ်ဦးတည်းကသာ တာဝန်ခံ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ အဆိုပါအဖွဲ့အစည်းတွင် ငွေထည့်ဝင်ထားသူ ၉၆၀ ကျော်ရှိပြီး ငွေချေးယူထားသူပေါင်းမှာ ၆၀၀ ဝန်းကျင်ရှိကြောင်း ငွေထည့်ဝင်ထားသူအချို့ကို ဆက်သွယ်မေးမြန်းချက်အရသိရသည်။

ငွေချေးယူထားသူများထံမှ ငွေများ ပြန်လည်ကောက်ခံရရှိရေးအတွက် ထည့်ဝင်ထားသူများကိုယ်တိုင် နည်းအမျိုးမျိုးဖြင့် ကြိုးစားနေသော်လည်း ဆုံးရှုံးငွေများ အပြည့်အဝ ပြန်လည်ရရှိရန် မလွယ်ကူကြောင်း ၎င်းတို့ကပြောသည်။

"အဲဒီ အဖွဲ့အစည်းမှာ ငွေထည့်ဝင်ပြီး အကျိုးအမြတ်ရရှိခဲ့တဲ့လူတွေလည်းအများကြီးပါပဲ။ ဆုံးရှုံးမှုဖြစ်ရသူတွေလည်းမနည်းဘူး။ ကျွန်တော်က ခြံကွက်ရောင်းလို့ရတဲ့ငွေကလေးကို အခြားနေရာမှာလည်း ရင်းနှီးမြှုပ်နှံတာမျိုးမလုပ်တတ်တော့ ပြဿနာပေါ်ခါနီးမှာ ငွေထည့်ဝင်မိတာ။ အတိုးလေးတစ်လ နှစ်လလောက်ပဲစားလိုက်ရသေးတယ်။ အခုတော့ ဆုံးရှုံးငွေတွေ ပြန်ရနိုးနိုး မျှော်နေရဆဲပါပဲ" ဟု လွိုင်ကော်မြို့၊ လောခမ္မရပ်ကွက်နေ အသက် ၆၀ ဝန်းကျင်အရွယ်အမျိုးသားကြီးတစ်ဦးကပြောသည်။

"ကိုယ့်ရှေ့က ငွေထည့်ဖူးတဲ့သူတွေ အတိုးလည်း မှန်မှန်ရတယ်။ အရင်းပြန်ထုတ်ချင်ရင်လည်း လွယ်တယ်ဆိုတော့ ပိုင်ဆိုင်တဲ့ပစ္စည်းကလေးရောင်းပြီး အကုန်အပ်လိုက်တာပဲ။ အတိုးကလည်း ၆ ကျပ်ရတယ်ဆိုတော့ မက်မိတာပေါ့။ တရားဝင်တာ၊ မဝင်တာတော့ နားမလည်ပါဘူး။ ကိုယ့်အလှည့်ရောက်မှ ပြဿနာပေါ်တော့လည်းကံပေါ့"ဟု ကိုယ်တိုင်ကြုံရသည့် ပညာရေးဝန်ထမ်းအမျိုးသမီးတစ်ဦးကပြောသည်။

အဆိုပါအဖွဲ့အစည်းတွင် ငွေကြေးထည့်ဝင်သူများမှာ အလွှာပေါင်းစုံမှ အလုပ်အကိုင်မျိုးစုံလုပ်ကိုင်ကြသူများဖြစ်ပြီး ကျပ်တစ်သိန်းမှ ကျပ်သိန်း ၃၀၀ ခန့်အထိထည့်ဝင်ရင်းနှီးမြှုပ်နှံကြကြောင်းလည်းသိရသည်။

ထုတ်ချေးငွေအပေါ် အတိုးနှင့် အရင်းများ ပုံမှန်ပြန်လည်ကောက်ခံရရှိခြင်းမရှိဘဲ ထည့်ဝင်ငွေအပေါ် အတိုးများကို ပုံမှန်ထုတ်ပေးရသောကြောင့်ဝင်ငွေနှင့်ထွက်ငွေမမျှတတော့သဖြင့်ဆုံးရှုံးမှုများခဲ့ခြင်းဖြစ်နိုင်ကြောင်း ယင်းအဖွဲ့အစည်း၌ပါဝင်ပတ်သက်သူအချို့ကပြောသည်။

တရားမဝင်အဖွဲ့အစည်းဖြစ်သည်နှင့်အညီ စာရင်းဇယားစနစ်တကျပြုစုထားရှိမှုမရှိခြင်း၊ ဘဏ္ဍာရေးစည်းမျဉ်း နားမလည်ခြင်း၊ ထုတ်ချေးထားသည့် ငွေများအပေါ် တရားဥပဒေနှင့်အညီ ပြန်လည်တောင်းခံရန် ခက်ခဲခြင်း စသည့်အကြောင်းများကြောင့် ငွေကြေးဆုံးရှုံးရခြင်းဖြစ်ကြောင်း သိရသည်။

# ကယားပြည်နယ်တွင် ငှက်ဖျားဆေးယဉ်ပါးမှု လျှော့ပါးရေး သုတေသနစီမံချက်ပြုလုပ်မည်

**မြတ်စုမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၃**

ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း အမြင့်ဆုံးဒေသများတွင် အပါအဝင်ဖြစ်သည့် ကယားပြည်နယ်တွင် ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့၏ ပံ့ပိုးမှုဖြင့် ငှက်ဖျားဆေးယဉ်ပါးမှု လျှော့ပါးရေးသုတေသနစီမံချက်တစ်ခုပြုလုပ်သွားမည်ဖြစ်ကြောင်း ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးထံမှ သတင်းရရှိသည်။

"အခုငှက်ဖျားထူပြောတဲ့နေရာတွေကိုဦးစားပေးအနေနဲ့ ဒီဒေသကိုအရင်ဝင်တာ။ နောက်ပိုင်းမှာ ရှမ်းပြည်နယ်နဲ့ ကချင်ပြည်နယ်တွေမှာ ဆက်လုပ်သွားမယ်" ဟု ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)၊ ငှက်ဖျားဆေးယဉ်ပါးမှုသု တေသနစီမံ ချက်မှ သုတေသနမှူး ဒေါက်တာထင်လင်းက ပြောသည်။

"ငှက်ဖျားဆေးယဉ်ပါးမှုက ထောက်လှမ်းစောင့်ကြည့်နေရတဲ့အချိန်။ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ငှက်ဖျားက အိမ်နီးချင်းနိုင်ငံတွေကိုကူးစက်သွားဖို့လွယ်တယ်။ သက်သေအထောက်အထားမရှိပေမယ့် သံသယဖြစ်စရာ အချက်အလက်တွေကို လွန်ခဲ့တဲ့ ၂ နှစ်လောက်ကပဲ တွေ့နေရတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် ငှက်ဖျားဖြစ်ပွားမှုနှုန်းအမြင့်ဆုံးဒေသများကို အဆင့်အလိုက်သတ်မှတ်ထားပြီး၊ ကရင်၊ ကယား၊ မွန်နှင့် တနင်္သာရီဒေသများသည် ငှက်ဖျားဖြစ်ပွားမှုနှုန်း အဆင့် ၁ တွင် ရှိကာ ရှမ်းနှင့် ကချင်ပြည်နယ်သည် ဒုတိယအဆင့်တွင်ရှိကြောင်းအထက်ပါပုဂ္ဂိုလ်ထံမှ သိရသည်။

မြန်မာနိုင်ငံတွင် Global Fund ၏ထောက်ပံ့မှုဖြင့် ဆောင်ရွက်လျက်ရှိသည့် အာတီမီစင်လင်း ငှက်ဖျားဆေးယဉ်ပါးမှု ထိန်းချုပ်ရေးအဖွဲ့ကလည်း မြန်မာနိုင်ငံတစ်ခုလုံးရှိ ငှက်ဖျားဖြစ်ပွားမှုနှုန်း မြင့်မားသော ဒေသများတွင် သုတေသနပြုလုပ်ငန်းများကိုပြုလုပ်သွားရန်အစီအစဉ်များရှိကြောင်း ဒေါက်တာထင်လင်းက ပြောသည်။

"တစ်နှစ်မှာ တစ်နေရာစီစမ်းသပ်သွားမှာပါ။ ၂၀၁၃ မှာ စတင်မယ်လို့မှန်းထားတယ်" ဟု ၎င်းကပြောသည်။




# ဖွံ့ဖြိုးပြီးနိုင်ငံများထံမှ နည်းပညာ လွှဲပြောင်းရရှိရေးလိုအပ်

**ထူးသန့်**

**နေပြည်တော်၊ နိုဝင်ဘာ- ၁**

စီးပွားရေးဖွံ့ဖြိုးရန် သယံဇာတကို အဓိကမှီခိုနေရသော မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု ပုံစံအသစ်ကိုဆောင်ရွက်နိုင်ရန်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများထံမှ နည်းပညာများ လွှဲပြောင်းရရှိရန် လိုအပ်ကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြောသည်။

သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးနှင့် စီးပွားရေးတိုးတက်မှုအကြားထိန်းညှိဖော်ဆောင်ရသည့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုအတွက် မြန်မာနိုင်ငံအနေဖြင့် နည်းပညာလိုအပ်ကြောင်း၊ နေ၊ လေ၊ ဒီရေတို့မှရရှိသော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာ လွှဲပြောင်းရရှိရန် လိုအပ်ကြောင်း ဖွံ့ဖြိုးပြီး နိုင်ငံများအနေဖြင့် မူပိုင်ခွင့်ကို ခြွင်းချက်ထားပြီး ဖွံ့ဖြိုးဆဲ နိုင်ငံများသို့ နည်းပညာလွှဲပြောင်းပေးသင့်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပထမဆုံးအကြိမ် ကျင်းပသောအစိမ်းရောင် စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်တွင် ပြောကြားသည်။

"အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု ကာဗွန်ထုတ်လွှတ်မှုနည်းပါးစေရေး၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေး၊ သယံဇာတကို ထိရောက်စွာ အသုံးပြုရေးတို့ကို လွှမ်းခြုံစေရမှာဖြစ်သော်လည်း ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့အတွက် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးနဲ့ သယံဇာတများ ထိရောက်စွာ အသုံးပြုရေးတို့ကို အလေးပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားသွားသည်။

အဆိုပါဖွံ့ဖြိုးတိုးတက်မှုပုံစံသစ်ကို အရှေ့အာရှ နိုင်ငံများက စတင်ခဲ့ခြင်းဖြစ်ပြီး ရုပ်ကြွင်းလောင်စာပေါ် မှီခိုနေရမှု၊ ဂေဟစနစ်ယိုယွင်းကျဆင်းလာမှုနှင့် ရေရှားပါးမှုတို့ကို လျှော့ချခြင်းအလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ ဆင်းရဲမှုလျှော့ချခြင်းစသည့် ကဏ္ဍများလွှမ်းခြုံပါဝင်ကြောင်း မြန်မာနိုင်ငံအနေဖြင့် သယံဇာတများကို ထိရောက်စွာ အသုံးချရေးနှင့် တားဆီးကာကွယ်ရေး၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေးစသည်များကို ဦးစားပေးဆောင်ရွက်သင့်ကြောင်းလည်း ဝန်ကြီး၏ပြောကြားချက်အရ သိရသည်။

---

# ကျပ်သိန်း ၃၅၀ ကျော်ဖိုးရှိ တရားမဝင် ခဲမဖြူ အဖြိုက်နက်များ ဖမ်းမိ

**ကြီးမြင့်နိုင်(လွိုင်ကော်)**

**လွိုင်ကော်၊**

**အောက်တိုဘာ-၂၄**

လွိုင်ကော်-မော်ချီးလမ်း၊ လွိုင်ကော်မြို့အဝင် ပန်ကန်းစစ်ဆေးရေးဂိတ်တွင် ယခုလ ၂၂ ရက်က ကားသုံးစီးဖြင့် တရားမဝင် သယ်ဆောင်လာသည့် ခဲမဖြူ အဖြိုက်နက်ရောရာ သတ္တုပိဿာ ၅,၀၀၀ ကျော်(ကာလတန်ဖိုးကျပ် ၃၅,၈၄၃,၅၀၀)ကိုဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၂ ရက်ညနေ ၄နာရီအချိန်က လွိုင်ကော်မြို့အဝင် ပန်ကန်း စစ်ဆေးရေးဂိတ်တွင် လွိုင်ကော်-မော်ချီးလမ်းအတိုင်း မော်ချီးမှ လွိုင်ကော်သို့ မောင်းနှင်လာသည့် ဖားဆောင်းမြို့နယ်၊ မော်ချီးကျေးရွာနေ စောဒိုထူး(ခ)ကွိကွိ(၁၉)နှစ်၊ စောဒိုဒို(ခ)စောဘွယ်လှ(၂၃)နှစ်၊ လွိုင်ကော်မြို့နယ်ပန်ကန်းကျေးရွာအုပ်စု ထူဒူးငံသကျေးရွာနေစိုင်းလွင်ထွေး(၂၇)နှစ်တို့ မောင်းနှင်လာသော တိုယိုတာ ဟိုင်းလတ်ယာဉ်များပေါ်တွင် အဆိုပါတွင်းထွက်သတ္တုများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယာဉ်မောင်းများ ဖြစ်ကြသည့် စောဒိုထူး(ခ)ကွိကွိ၊ စောဒိုဒို(ခ)စောဘွယ်လှနှင့် စိုင်းလွင်ထွေးတို့၏ ကားပေါ်တွင် လိုက်ပါလာသည့်လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာအုပ်စု၊ ထူဒူးငံသကျေးရွာနေ မနော်ဆာဂေး (၃၉)နှစ်အား လွိုင်ကော်ရဲစခန်းက (ပ) ၁၃၇/၂၀၁၁၊ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၁ အရ အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

---

# မိုးထစ်ချုန်းစဉ်လျှပ်စီးဖြစ်စေသော အီလက်ထရွန်နစ်ပစည်းအသုံးပြုသူတစ်ဦး မိုးကြိုးထိမှန်သေဆုံး

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ-၁**

မိုးသည်းထန်စွာရွာသွန်း၍ မိုးထစ်ချုန်းစဉ်လျှပ်စီးဖြစ်စေသောအီလက်ထရွန်နစ်ပစ္စည်း အသုံးပြုသော မုံရွာမြို့နယ်၊ မုံရွေး-ကြေးမုံကျေးရွာနေ ဒုတိယနှစ် အဝေးသင်မြန်မာစာကျောင်းသားမောင်ကောင်းခန့်ဇော်(ခ)ကျော်ရဲအောင်၊ အသက်(၂၄)နှစ်၊(အဘ)ဦးကျော်မြင့်ဦးသည်အောက်တိုဘာလ(၂၈)ရက် နံနက်(၆)နာရီအချိန်နေအိမ်မှ မုံရွာတက္ကသိုလ်ကျောင်းသွားစဉ် မိုးကြိုးထိမှန်သေဆုံးခဲ့ကြောင်း သိရှိရသည်။

အောက်တိုဘာလ(၂၈)ရက် နံနက်စောစောနေအိမ်ကနေကျောင်းသွားဖို့ထွက်လာတဲ့မောင်ကောင်းခန့်ဇော်(ခ)ကျော်ရဲအောင်က အမ်ပီဖိုးလားအမ်ပီသရီးလားတော့မသိဘူး။ နားကြပ်နဲ့နားထောင်ရင်းမုံရွာ-မန္တလေးလမ်းပေါ် တက်လာတယ်။ ပုရစ်ကုန်မြောက်ရွာအနီးက ဆင်ခံဆင်းတုတော်ကြီးအနီးမှာ အပင်မြင့်မြင့် မန်ကျည်းပင်အောက်မှာမိုးခိုနေချိန်မှာ လျှပ်စီးလက်ပြီးမိုးကြိုးထိမှန်သေဆုံးတာဖြစ်ပါတယ်။ အဲဒီနေ့နံနက်ပိုင်းမှာ မုံရွာ-အမြင့်လမ်းပိုင်းက နဂါးတွင်းကျေးရွာအုပ်စု ကျွန်းရွာသစ်ကျေးရွာမှာလည်းနွားသုံးကောင်မိုးကြိုးကြောင့်သေဆုံးပြီး အနီးပတ်ဝန်းကျင်က လူတစ်ဦးအောက်ပိုင်း မိုးကြိုးထိမှန်ခဲ့တယ်" ဟု မိုးကြိုးထိမှန်မှုကြောင့် လူနှင့်နွားသေဆုံးမှု သွားရောက်ကြည့်ရှုခဲ့သော မုံရွာဒေသခံတစ်ဦးကပြောကြားသည်။

ယခုနှစ်မိုးဦးကာလပြေလက မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်တွင် မိုးကြိုးကြောင့် ကလေးငယ်တစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။ အောက်တိုဘာလတွင် မိုးကြိုးကြောင့် လူတစ်ဦးသေဆုံးပြီးတစ်ဦးဒဏ်ရာရရှိကာ နွားသုံးကောင် မိုးကြိုးထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းချိန် မိုးထစ်ချုန်းစဉ်ကာလအတွင်း အပင်မြင့်သော သစ်ပင်များအောက်၌ ခိုနားခြင်း၊ လွင်တီးခေါင်တွင်သွားလာခြင်းနှင့် လျှပ်စီးဖြစ်စေသော အီလက်ထရွန်နစ်ပစ္စည်းများ အသုံးပြုခြင်းတို့အား ရှောင်ကြဉ်သင့်ကြောင်း မိုးကြိုးအန္တရာယ်ကြိုတင်ကာကွယ်ရေးနည်းလမ်းများအရ သိရှိရသည်။

---

# ဘုရားဖူးယာဉ်များ နဝဒေးတံတားဖြတ်သန်းခ ပေးဆောင်ရန်မလို




*ပြည်မြို့ရှိ ဧရာဝတီမြစ်ကူးတံတားဖြစ်သော နဝဒေးတံတား*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**မြတ်စုမွန်**

**ရန်ကုန်၊ နိုဝင်ဘာ - ၃**

ပြည်-သရေခေတ္တရာမြို့ဟောင်းနှင့် ဧရာဝတီမြစ်တစ်ဖက်ကမ်းနှင့်ရွှေဘုံသာမုနိစေတီသို့ ဘုရားဖူးခရီးအဖြစ်လာရောက်လည်ပတ်သည့် ဘုရားဖူးယာဉ်များအား နဝဒေးတံတားကို အခမဲ့ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်းပြည်-ပန်းတောင်း-တောင်ကုတ်လမ်းအပိုင်းကိုလမ်းတံတားကြေး ကောက်ခံခွင့် ရရှိထားသည့် နေလသစ္စာ ဆောက်လုပ်ရေး ကုမ္ပဏီလုပ်ငန်းရှင် ဦးကျော်တောင်ကပြောသည်။

"ပြည်ဘက်ကမ်းကနေ ရွှေဘုံသာမုနိကို ဘုရားဖူးသွားမယ့်ကားတွေ၊ ဆိုင်ကယ်တွေအားလုံးကိုအသွားအပြန် ကားဖြတ်သန်းခွင့်ပြုပါတယ်။ အခု ဂိတ်က ဝန်ထမ်းတွေကိုလည်း သေသေချာချာပြောမယ်။ စာလည်း ကပ်ထားမယ်" ဟု ဦးကျော်တောင်က 7Day News သို့ပြောသည်။

ပြည်မြို့မှ တစ်ဖက်ကမ်းရှိ ရွှေဘုံသာမုနိသို့ ဖြတ်သန်းသွားလာလျက်ရှိသည့် ဘုရားဖူးကားများနှင့် ဆိုင်ကယ်များသည် နဝဒေးတံတားထိပ်ရှိပုဂ္ဂလိကတန်ပိုဂိတ်ဝန်ထမ်းများက အသွားအပြန်ဖြတ်သန်းခများ ကောက်ခံလျက်ရှိကြောင်း ကိုယ်တိုင်တွေ့ကြုံသူတစ်ဦးကပြောသည်။

"ကျွန်တော်တို့ပြည်ဆံတော်ကိုဖူးပြီး ရွှေဘုံသာမုနိကိုဆက်သွားကြတယ်။ နဝဒေးတံတားကို ဆိုင်ကယ်ဖြတ်ခဆိုပြီး ၂၀၀ ပေးရတယ်။ တစ်နာရီလောက်နေပြီး ပြန်လာတော့ ၂၀၀ ထပ်တောင်းတယ်။ စောစောက ပေးပြီးခဲ့ပြီပြောတော့ အသွားအပြန်ပေးရမယ်ဆိုပြီးပြောတယ်။ အပြန်အတွက် ၂၀၀ ပေးခဲ့ရတယ်"ဟု စက်တင်ဘာလအတွင်းက ပြည်မြို့သို့ သွားရောက်ခဲ့သူတစ်ဦးကပြောသည်။

"ဒါ ကျွန်တော့် အားနည်းချက်ပါ။ ဝန်ထမ်းတွေကို ကျွန်တော် ပြန်ကြပ်မတ်ပါ့မယ်။ အစကတည်းက ဘုရားဖူးခရီးသွားတွေ အဆင်ပြေအောင် လုပ်ထားပေးတာပါ" ဟု ကုမ္ပဏီပိုင်ရှင် ဦးကျော်တောင်ကပြောသည်။

နေလသစ္စာ ဆောက်လုပ်ရေး ကုမ္ပဏီသည် ပြည်-ပန်းတောင်း-တောင်ကုတ်လမ်း အပိုင်းကို လမ်းတံတားဖြတ်သန်းခကောက်ခံခွင့်ကို ၂၀၁၀ ပြည့်နှစ်မှ စတင်ရရှိခဲ့ခြင်းဖြစ်သည်။

---

# ဂီရိမုန်တိုင်းသင့်ခဲ့သောဒေသများသို့ အသေးစား လောင်းလှေများ ထုတ်လုပ်ရောင်းချ

**မောင်သန်းဝင်း**

**မြေပုံ၊ နိုဝင်ဘာ-၁**

ဂီရိမုန်တိုင်းဒဏ်ခံခဲ့ရသော ရခိုင်ကမ်းရိုးတန်းဒေသအလယ်ပိုင်း မြေပုံ၊ ကျောက်ဖြူ၊ မင်းပြား၊ ပေါက်တောဒေသများ၌ ရေလုပ်ငန်းကဏ္ဍနာလန်ထူနိုင်ရေးအတွက် အဆိုပါမြို့နယ်ဒေသများသို့လေးမြို့ချောင်းဒေသမှ ရေလုပ်ငန်းသုံး အသေးစားရေယာဉ်လောင်းလှေများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေကြောင်း လေးမြို့ချောင်းဒေသ အသေးစားလောင်းလှေ ထုတ်လုပ်ရောင်းချသူများထံမှ သိရသည်။

ဂီရိမုန်တိုင်းကြောင့် အဆိုပါမြို့နယ်ဒေသများရှိ ရေလုပ်ငန်းကဏ္ဍ၌ ငါးဖမ်းဘုတ်၊ စက်လှေ၊ အသေးစားလောင်းလှေများနှင့် ငါးဖမ်းပိုက်ကွန်များ ရာနှုန်းပြည့်နီးပါး ထိခိုက်ပျက်စီးခဲ့ရပြီး ယခုမုန်တိုင်းတိုက်ခတ်ပြီး တစ်နှစ်ပြည့်ပြီဖြစ်သော်လည်း ရေလုပ်ငန်းဖွံ့ဖြိုးမှုမှာ မူလပုံမှန်အနေအထားသို့ရောက်ရှိရန် လိုအပ်ချက်များစွာရှိနေသေးသည်ဟု သိရသည်။

"ဂီရိမုန်တိုင်းဒဏ်သင့်မြေပုံ၊ ကျောက်ဖြူ၊ မင်းပြား၊ ပေါက်တောမြို့နယ်ဒေသတွေကို ပထမအသုတ်အနေနဲ့ ရေလုပ်ငန်းသုံးပျဉ်ကိုးချပ်စပ်အသေးစားလောင်းလှေအစီးရေ၇၅စီးကို အောက်တိုဘာလဆန်းပိုင်းက တင်ပို့ဖြန့်ဖြူး ရောင်းချခဲ့ပါတယ်။ နောက်ပြီး ဒုတိယအသုတ်အနေဖြင့်ပျဉ်ကိုး ချပ်စပ်မှပျဉ်ဆယ့်နှစ်ချပ်စပ်အထိပါဝင်တဲ့အသေးစားလောင်းလှေအစီးရေ၉၀ ကိုလည်း နိုဝင်ဘာလ အတွင်းမှာတင်ပို့ဖြန့်ဖြူးနိုင်ဖို့လုပ်ဆောင်နေပါတယ်"ဟုလေးမြို့ချောင်းဒေသမင်းပြားမြို့နယ်ပန်းမြောင်းကျေးရွာမှ ရေလုပ်ငန်းသုံးအသေးစား ပျဉ်စပ်လောင်းလှေထုတ်လုပ်မှုလုပ်ငန်းရှင်ဦးမြသာက ပြောသည်။

အဆိုပါ အသေးစားပျဉ် ၉ ချပ်စပ်၊ ၂၂ ချပ်စပ်လောင်းလှေများမှာ ရေလုပ်သားတစ်ဦးမှ ငါးဦးအထိ မြစ်ချောင်းများအတွင်း အန္တရာယ်မရှိ လုပ်ကိုင်နိုင်ကြောင်းလည်း သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

# ဧရာဝတီ(ညောင်တုန်း)တံတား ယခုနှစ်အတွင်းဖွင့်လှစ်ရန်စီစဉ်

**မောင်ထီလာ**

**ညောင်တုန်း၊အောက်တိုဘာ-၂၅**

ဆောက်လုပ်ရေးဝန်ကြီးဌာနက ဧရာဝတီမြစ်ကူးတံတားကြီးငါးစင်းတစ်ပြိုင်နက်တည်ဆောက်နေရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး အဖွဲ့ (၅)မှ တာဝန်ယူတည်ဆောက်နေသည့် ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းကြီးမှာ ယခုအခါ ပင်မတံတား တည်ဆောက်ခြင်းလုပ်ငန်း ၉၅ ရာခိုင်နှုန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ချဉ်းကပ်တံတားများအပါအဝင်တံတားတစ်စင်းလုံး၏ လုပ်ငန်းပြီးစီးမှုမှာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်၍ ယခုနှစ်အတွင်း ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတံတား (ညောင်တုန်း)တံတားကြီးသည်ဧရာဝတီတိုင်း ဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်ရှိ ရန်ကုန်-ပုသိမ်လမ်း မိုင်တိုင် ၄၀ နှင့် ၄၄ ကြားရှိ ဗိုလ်မြတ်ထွန်းတံတားအထက်ပေ ၈၀၀၀ အကွာတွင် တည်ဆောက်နေသည့်တံတားကြီးတစ်စင်းဖြစ်သည်။ ဧရာဝတီတံတား (ညောင်တုန်း)တည်ဆောက်ရေး စီမံကိန်း၌ ကားလမ်းနှင့် ရထားလမ်းပါဝင်သည့် တံတားစီမံကိန်းတစ်ခုဖြစ်သည်။

ဧရာဝတီတံတား (ညောင်တုန်း)တံတားအမျိုးအစားမှာ တံတားအုတ်မြစ်နှင့် အောက်ထည်သံကူကွန်ကရစ်နှင့် တံတားအပေါ်ထည်မှာ သံမဏိတံတားအမျိုးအစားဖြစ်သည်။ တံတားအကျယ်မှာ ၄၈ ဒသမ ၅ ပေရှိပြီး ဧရာဝတီတံတား(ညောင်တုန်း) တံတားကို ၂၀၁၀ ဇန်နဝါရီလ ၁ ရက်က စတင်တည်ဆောက်ခဲ့ရာ တစ်နှစ်အတွင်း ပြီးစီးခဲ့ခြင်းဖြစ်သည်။

# မိုးစပါးအောင်မြင်ရေးအတွက် စိုက်ပျိုးစရိတ်၊ မျိုးစပါး၊ စက်သုံးဆီ၊ မြေသြဇာများ ထုတ်ပေးကူညီ

**မောင်ထီလာ**

**မိတ္ထီလာ၊**

**အောက်တိုဘာ- ၃၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးစပါးသိပ္ပံနည်းကျစိုက်ပျိုးရေး၊ စပါးအထွက်တိုးရေး၊ ကျေးလက်ဒေသများ ဆင်းရဲမှုလျှော့ချရေးအတွက် ၂၀၁၁-၁၂ မိုးစပါးစိုက်ပျိုးရေးအတွက် ဦးဆောင်အထူးပြုကုမ္ပဏီ ၂၈ ခုက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ၂၆ မြို့နယ်မှ တောင်သူလယ်သမားများ လိုအပ်လျက်ရှိသော စိုက်ပျိုးစရိတ်၊ မျိုးစပါး၊ စက်သုံးဆီနှင့် မြေသြဇာများ ထုတ်ပေးခဲ့သည်ဟုသိရသည်။

ဧရာဝတီတိုင်းဒေသကြီး ၂၆ မြို့နယ်ရှိ ကျေးရွာအုပ်စုပေါင်း ၁,၀၄၈ အုပ်စုမှ တောင်သူလယ်သမား ၄၉,၄၁၅ ဦးကို စိုက်ပျိုးမည့် မိုးစပါး ၄၁၂၃၁၅ ဒသမ ၀၃ ဧက အတွက် မျိုးစပါးတင်းပေါင်း ၃၃,၆၅၇ တင်း၊ စက်သုံးဆီ ၁၃,၅၀၀ ဂါလန်၊ မြေသြဇာ ၂၂၆,၃၆၂ အိတ်နှင့် စိုက်ပျိုးစရိတ် သိန်းပေါင်း ၉၆၇၁၅ ဒသမ ၂၂ ထုတ်ပေးခဲ့ပြီး စိုက်ပျိုးစရိတ် ချေးငွေများကို ကုမ္ပဏီများအား စပါးရောင်းပြီးမှ ငွေပြန်ဆပ်ရမည်ဖြစ်ပြီး ကုမ္ပဏီများက စပါးရိတ်သိမ်းချိန်တွင်လည်း တောင်သူလယ်သမားများအား တစ်ဦးလျှင် ၁၀,၀၀၀ ကျပ်စီ ထပ်မံပံ့ပိုးကူညီသွားမည်ဖြစ်သည်။ ထွက်ရှိသည့် စပါးကိုလည်း ကုမ္ပဏီများက ဈေးနှိမ်ဝယ်ယူခြင်းမရှိဘဲ လက်ရှိပေါက်ဈေးအတိုင်းဝယ်ယူသွားမည်ဖြစ်ကာ စပါးတင်း ၁၀၀ လျှင် ၄၀၀,၀၀၀ ကျပ်ဈေးဖြင့် ဝယ်ယူရန်စီစဉ်နေကြသည်။

စပါးတစ်ဧက တင်း ၁၀၀ ကျော်ထွက်သည့် တောင်သူများကိုလည်း ထိုက်ထိုက်တန်တန်ဂုဏ်ပြုဆုများပေးရန် စီစဉ်ထားသည်ဟု သိရပြီး နွေစပါးစိုက်ပျိုးရန်အတွက် တောင်သူလယ်သမားများအား စိုက်စရိတ်ချေးငွေများကို နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် ထပ်မံထုတ်ချေးသွားမည်ဖြစ်ကြောင်းသိရသည်။

အထူးပြုကုမ္ပဏီများက တောင်သူလယ်သမားများအား ပံ့ပိုးကူညီရာတွင် ကဥ္စနကျွန်းသာကုမ္ပဏီမှ အများဆုံးကူညီခဲ့သည်ဟုသိရသည်။

# တောင်သူစိုက်သနပ်ခါးခြံများအား မြေခွန်စည်းကြပ်သင့်ဟုဆို

**ရှုဝံကြယ်**

**ပခုက္ကူ၊ နိုဝင်ဘာ- ၁**



*မုံရွာမြို့ရှိ သနပ်ခါးစိုက်ကွက်တစ်ခု*

ဓာတ်ပုံ - မျိုးမင်းဦး

မကွေးတိုင်းဒေသကြီးပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းရှိ သနပ်ခါးစိုက်ပျိုးခြံများမှ သနပ်ခါးပင်များခိုးယူခံရခြင်းများ ကြုံတွေ့နေရပြီး အခိုးခံရသော ခြံပိုင်ရှင်တောင်သူများအနေဖြင့် စိုက်ပျိုးခြံများမှာ ဥယျာဉ်ခြံမြေမပေါက်ဘဲ မြေခွန်ပြေစာ စည်းကြပ်မခံရခြင်းကြောင့် တရားမဝင်အနေအထားဖြစ်နေရကြောင်း သိရသည်။

သနပ်ခါးပင်ခိုးယူသူများမှာ အပင်ခြေရင်းတွင် ရေစွတ်ထားသော အဝတ်ပတ်ကာ အမြစ်နားမှနေ၍ လွှနှင့်တိုက် ခိုးယူကြကြောင်း သိရသည်။

ကိုယ်တိုင်စိုက် ကိုယ်တိုင်ရောင်းတောင်သူခြံပိုင်ရှင်များအနေဖြင့် မိမိခြံလုံခြုံမှုရှိစေရန် သက်ဆိုင်ရာမှ ခြံစိုက်တောင်သူများအားစနစ်တကျစစ်ဆေး၍ တရားဝင်ပိုင်ဆိုင်ခွင့်ရှိစေရေး ဆောင်ရွက်ပေးမှသာ လုံခြုံမှုအဆင့်ရောက်မည်ဟု သနပ်ခါးပင်စိုက်ပျိုးသူတစ်ဦးကပြောသည်။

နှစ်စဉ် အနည်းနှင့် အများဆိုသလို ခိုးယူခံနေရပြီး ပြီးခဲ့သည့်နှစ်က အပင်ပေါင်း ၄၀၀ခန့် အခိုးခံခဲ့ရကာ ခြံပိုင်ရှင်မှာလည်း ခိုးယူခြင်းကိုတိတိပပမဖော်ထုတ်နိုင်၍ သက်ဆိုင်ရာသို့တိုင်ကြားခြင်း၊ ခိုးမှုဖွင့်ခြင်းများ မပြုလုပ်နိုင်ခဲ့ကြောင်းသိရသည်။

# စာ(၁၅) အိမ်ပေါ်အထိ ကလေးငယ်အား တက်ဆွဲသူကို ရွာသားများ ဝိုင်းဖမ်း မှ

ထို့နောက် ရွာသားများက ထွက်ပြေးသွားသူနှစ်ဦးနောက်သို့ လိုက်လံရှာဖွေရာ ည ၈ နာရီခန့်တွင် ၎င်းတို့ လိုက်ပါလာသော ဆားတင်သည့်လှေပေါ်၌ နောက်တစ်ဦးနှင့်အတူ သုံးဦးကို ဖမ်းမိခဲ့သောကြောင့် အိုင်သပြုကျေးရွာ ရဲစခန်းသို့ ပို့ဆောင်ကာ အမှုဖွင့်ချုပ်နှောင်ထားကြောင်း သိရသည်။

အိုင်သပြု ကျေးရွာတွင် ယမန်နှစ်ကလည်း အသက် ၈ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို လှည့်ဖြားခေါ်ဆောင်ကာ နားကပ်များဖြုတ်ရောင်းစားသည့်ဖြစ်ရပ်တစ်ခုဖြစ်ပွားခဲ့ပြီး အဆိုပါအမျိုးသမီးနှင့် မိန်းကလေးငယ်ကို ရွာသားများက ပြန်လည်တွေ့ရှိသဖြင့် ဖမ်းဆီးခဲ့ကြကြောင်းနှင့် ထိုအမျိုးသမီးမှာ လူကုန်ကူးသည့်အမှုဖြင့် ပြစ်ဒဏ်မခံရဘဲ ပစ္စည်းလုယူမှုဖြင့်သာ ထောင်ဒဏ်တစ်နှစ်ခွဲကျခံခဲ့ရကြောင်း အိုင်သပြုကျေးရွာဒေသခံက ပြောသည်။

# စာ(၁၅) မြောက်ယမားချောင်း ရေဝင်ရောက်ပြီး ၁၃ ရက်အကြာ ရှေးဟောင်းစေတီတော်တစ်ဆူပြိုကျပျက်စီး မှ

"ဒုန်းတောရွာထဲကို ရေအများဆုံးဝင်တာ ဒီနှစ်ပဲကြုံခဲ့ရတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း၄၀ ကျော်အချိန်တုန်းကလည်းမြောက်ယမားချောင်းရေက ဒီနှစ်ထက်ပိုများတယ်။ အဲဒီအချိန်တုန်းက မြောက်ယမားချောင်းရေကြီးလို့ ရှမ်းရွာတစ်ရွာလုံးချောင်းရေထဲ မျောသွားဖူးတယ်။ ဒီနှစ်ချောင်းရေဝင်ပြီးပြန်ကျသွားချိန်ချောင်းရေက အောက်တိုဘာ ၂၀ မှာဝင်ပြီး နိုဝင်ဘာလ ၂ ရက်မှာ ဆုတောင်းပြည့်ဘုရားကြီးပြိုကျသွားတယ်။ ချောင်းရေကြောင့်ပြိုတာလို့တိုက်ရိုက်ပြောလို့မရပေမယ့်ရေဝင်သွားတဲ့အစိုဓာတ်ကြောင့်စေတီတော်ကြီးပျက်စီးပြိုကျသွားတာဖြစ်ပါတယ်"ဟု အသက် ၆၀ ကျော်အရွယ်ရှိ ဒုန်းတောကျေးရွာဒေသခံ ဦးထွန်းမင်းက ပြောကြားခဲ့သည်။

မြောက်ယမားချောင်း ရေဝင်ရောက်ပြီး ၁၃ ရက်အကြာတွင် ပြိုကျပျက်စီးခဲ့သောရှေးဟောင်းဆင်းတုတော်အားဒုန်းတောကျေးရွာယွန်းကျောင်းတိုက်ပဓာန နာယကဆရာတော်ဦးဆောင်၍ ရပ်မိရပ်ဖများစုပေါင်းကာ ရှေးခေတ်လက်ရာမပျက် ပြန်လည်ပြုပြင်တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**Job Opportunity**

7Day Shopping Guide

- Layout Designer M (1) post
- Graphic Designer M (1) post

**ဝန်ထမ်းအလိုရှိသည်**

- Junior Cashier F (1) post

7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

# ထိုင်းနိုင်ငံရေကြီးမှုကြောင့် မြဝတီစခန်းတွင် ပြန်လာသူ လုပ်သားတစ်သောင်းကျော်ရှိ

**အောင်သူရ**

**ရန်ကုန်၊ နိုဝင်ဘာ-၂**

ထိုင်းနိုင်ငံ ရေကြီးမှုကြောင့် ပြန်လာသော မြန်မာလုပ်သားများအား လက်ခံသည့်မြဝတီစခန်းတွင် ပြန်ရောက်လာသူတစ်သောင်းနှစ်ထောင်ကျော်အထိ ရှိလာကြောင်း အလုပ်သမားဝန်ကြီးဌာနညွှန်ကြားရေးမှူးညွှန် ဦးချစ်ရှိန်က ပြောသည်။

"အောက်တိုဘာ ၂၄ ကစပြီး လက်ခံတာ နိုဝင်ဘာ ၁ ရက်အထိ ၁၂,၀၂၀ ဦးရှိပြီး မြဝတီကနေ ဘားအံအထိ အစိုးရအစီအစဉ်နဲ့ ပို့ပေးနေပါတယ်" ဦးချစ်ရှိန်က ဆိုသည်။

ထို့အပြင် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနနှင့် မြန်မာသံရုံးတို့ ပူးပေါင်း၍ ယာယီနေထိုင်ခွင့် စာရွက်စာတမ်းအား အောက်တိုဘာ ၂၉ ရက်တွင်စတင်ထုတ်ပေးခဲ့သည်။ ဘန်ကောက်မြို့တောင်ဘက်ရှိ နခွန်ပထုန်မြို့နယ်နှင့် စပ်ရိုက်ခင် ဝစ်ထယာဘုန်းကြီးကျောင်းအတွင်း ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသည်ဟု သိရသည်။

ထိုင်းနိုင်ငံတွင်ရေကြီးနေမှုမှာ သုံးလကျော်ရှိပြီဖြစ်ပြီး သေဆုံးသူ ၄၀၀ ကျော်ရှိကာ မြန်မာနိုင်ငံသား အများစုလုပ်ကိုင်နေသော အယုဒ္ဓယမြို့ ပါဝင်ခဲ့သည်။

ထိုင်းအစိုးရထံတွင် တရားဝင်မှတ်ပုံတင်၍ အလုပ်လုပ်နေသူမြန်မာလုပ်သားတစ်သန်းကျော် ရှိကြောင်း သိရသည်။



# သက်ကြီးဆရာဝန်များကို ဦးစားပေး စောင့်ရှောက်ပေးမည့် Care စင်တာ ဖွင့်မည်

**ဝတ်ရည်**

**ရန်ကုန်၊ နိုဝင်ဘာ-၂**

အသက် ၇၀ ကျော် သက်ကြီးရွယ်အိုများကို စောင့်ရှောက်မှုပေးမည့် Day Care Center ဖွင့်လှစ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ သတင်းရရှိသည်။

ကျန်းမာရေးဆိုင်ရာ ရောဂါကုသပေးသည့် စင်တာမျိုးမဟုတ်ဘဲ ဘိုးဘွားများအချင်းချင်း အပြန်အလှန်စာနာနားလည် ဖေးမပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်ပြီး သက်ကြီးရွယ်အိုဆရာဝန်ကြီးများအား ပထမဦးဆုံးလက်ခံမည်ဖြစ်ကာ နောက်ပိုင်းတွင် ပြင်ပမှအဘိုးအဘွားတို့ကို လက်ခံပေးမည်ဖြစ်ကြောင်း သိရသည်။

"လေဖြတ်တာ၊ နှလုံးနဲ့တခြားရောဂါကြီးတွေမရှိဘူးဆိုရင်လက်ခံပါတယ်။ ဒါပေမဲ့ ဒီစင်တာမှာ အီးစီဂျီတို့ ဆီးချိုတို့လိုမျိုးလိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေတော့ လုပ်ပေးမှာပါ" ဟု မြန်မာနိုင်ငံဆရာဝန်အသင်း အဆိုပါစီမံချက်မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါစင်တာသို့ လာသည့်အဘိုး၊ အဘွားများအတွက်Membership အနေဖြင့် တစ်နှစ်စာ ငွေကျပ်တစ်သိန်းခွဲသတ်မှတ်ထားပြီး ဒီဇင်ဘာလအတွင်းတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း အထက်ပါဆရာဝန်ကဆက်လက်ပြောသည်။ လှိုင်သာယာမြို့နယ်အတွင်းရှိပန်းလှိုင်ဆေးရုံကြီးမှ အဘိုးအဘွားများအတွက် ထိုကဲ့သို့စင်တာမျိုးဖွင့်လှစ်ပေးထားပြီး ယခုမြန်မာနိုင်ငံဆရာဝန်အသင်းမှဖွင့်လှစ်မည့် Day Care Center အား တောင်မြင်းပြိုင်ကွင်းလမ်း တာမွေမြို့နယ်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
၁။ Photoshop - ကျွမ်းကျင် ၂ ဦး၊ ၂။ အထွေထွေဝန်ထမ်း - ၂ ဦး၊ ၃။ အငယ်တန်းဓာတ်ပုံဆရာ - ၂ဦး
**ဖုန်း-၀၉-၅၅၀၁၇၄၂**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ အရောင်းဝန်ထမ်း - ကျား၊ မ ၃၀ ဦး၊ ၂။ ငွေကိုင် - မ ၃၀ ဦး
Human Resources Department
City Mart Holding Co., Ltd
အမှတ်(၁-၁၁)၊ ပဒုမ္မာကွင်းအရှေ့ဘက်ခြမ်း၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်။

---

**အလိုရှိသည်**
ယာဉ်မောင်း - ကျား ၂ဦး
**ဖုန်း-၃၇၄၂၈၃**

---

**အလိုရှိသည်**
၁။ အလှကုန်အရောင်း - မ ၁ ဦး (အချိန်ပိုင်း)၊ ၂။ စက်ကြီးပန်းထိုးကျွမ်းကျင် - မ ၁ ဦး။
**ဖုန်း-၀၉-၅၀၆၂၉၇၈**

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
၁။ IT Staff - ကျား ၁ ဦး၊
၂။ Assistant Engineer - ကျား ၁ ဦး။
**ဖုန်း-၅၃၀၈၈၁၊ ၀၉-၇၃၀၄၂၃၇၄**

---

**အလိုရှိသည်**
စက်ဘီးတပ်ဆင်ကျွမ်းကျင် - ကျား ၁ ဦး
**ဖုန်း-၀၉-၇၃၀၅၉၃၄၈**

---

**ဝန်ထမ်းအလိုရှိသည်**
Senior Agronomist (Agriculture Assistant)
Monywa, Sagaing Division
**Email: hr.solidarites.mm@gmail.com**

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
၁။ တရုတ်စကားပြန် ကျွမ်းကျင် - ၂ဦး၊
၂။ စက်ပြင် ကျွမ်းကျင် - ၂ဦး။
**ဖုန်း-၄၀၁၃၄၄၊ ၇၀၅၅၁၉**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ ငွေကိုင် - ၂ဦး၊
၂။ စားပွဲထိုး- ၁၀ ဦး။
**ဖုန်း-၀၉-၅၀၈၅၃၈၁**

---

**ဝန်ထမ်းအလိုရှိသည်**
မူကြိုကျောင်းဝန်ထမ်း(မ)
**ဖုန်း-၀၉၇၃၀၄၉၅၄၃**

---

**ဝန်ထမ်းအလိုရှိသည်**
ဆံပင်ညှပ်၊ ခေါင်းလျှော် ကျွမ်းကျင် - မ ၃ဦး(ညှိနှိုင်းလစာ)
**ဖုန်း-၀၉-၇၃၀၁၇၄၁၄**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Office Staff - မ ၂ ဦး၊ ၂။ Receptionist - မ ၃ ဦး၊ ၃။ Pharmacist - မ ၂ဦး၊ ၄။ Pharmacy Sales (ဆေးဝါးအရောင်း) - မ ၃ ဦး၊ ၅။ Nurse-Aid (သူနာပြုအကူ) - မ ၅ဦး။
ကန်တော်လေး(အထူးကုဆေးခန်း)
**ဖုန်း-၃၈၄၀၄၂၊ ၃၈၄၀၄၃**

---

**ဝန်ထမ်းအလိုရှိသည်**
Chief Accountant - မ ၁ ဦး
**ဖုန်း-၅၅၄၀၆၄၊ ၅၅၄၀၆၅**

---

**ဝန်ထမ်းအလိုရှိသည်**
အရောင်းဝန်ထမ်း - မ ၄ ဦး
7 STARS COMPUTER
အမှတ်(၂၂၅/၂၂၇)၊ အနော်ရထာလမ်းနှင့်ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**
Networking & Game ကျွမ်းကျင်(အတွေ့အကြုံရှိသူများသာ လျှောက်ထားရန်)။
**ဖုန်း-၀၉-၅၀၉၅၂၈၄**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Sale & Marketing မန်နေဂျာ - ကျား/မ ၃ဦး၊ ၂။ Sale & Marketing Supervisor - ကျား/မ ၃ဦး၊ Sale & Marketing Leader - ကျား/မ ၅ဦး။
Deluxe Formula Industrial Co., Ltd
**ဖုန်း-၆၈၅၅၂၆၊ ၆၈၅၉၈၈**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ အဖျော်ဆရာ - ၁ ဦး၊
၂။ အကြော်ဆရာ - ၁ ဦး
**ဖုန်း-၀၉-၅၀၀၉၁၆၀**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ General Manager - 1
၂။ Assistant Account - 1
၃။ Assistant Manager(F) - 1
(English-4Skills လိုအပ်သည်)
F.H.Co., Ltd
**ဖုန်း-၆၆၂၉၆၅**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Marketing Staff - ၅ ဦး
၂။ Office Staff - ၅ ဦး
No. 482, 1st Fl, Strand Rd, Corner of 15 Street, Lanmadaw Tsp, Yangon

---

**ဝန်ထမ်းအလိုရှိသည်**
Japanese Instructor - 2 Posts
Receptionist - 1 Post
Shinpo Japanese Language School
**ဖုန်း-၅၂၆၀၃၀**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ ဆောက်လုပ်ရေးလုပ်ငန်းအတွက် - ကျား ၃ ဦး၊ ၂။ စားသောက်ကုန်လုပ်ငန်းအတွက် - ကျား ၂ဦး၊ ၃။ Japanese Language Instructor - ကျား/မ ၄ဦး၊ ၄။ Office Staff - မ ၁ဦး
Better Life Education & Career Supporting Centre
**ဖုန်း-၃၈၂၅၂၉**

---

**အလိုရှိသည်**
လုပ်သက်ရှိပြီး အသက် ၄၀နှစ်အောက် အမျိုးသား B.E (သို့) A.G.T.I ၃ ဦးနှင့် ဘူမိဗေဒဘွဲ့ရ ၁၀ ဦး
**ဖုန်း-၀၉-၅၀၄၀၄၁၁**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Sale & Marketing Executive - ကျား ၂ဦး၊ ၂။ Sale & Marketing Assistant - မ ၂ဦး၊ ၃။ Sale & Marketing Staff - ကျား ၅ဦး
**ဖုန်း-၂၉၅၀၄၆၊ ၇၂၄၇၈၆**

---

**အလိုရှိသည်**
စာစီစာရိုက်နှင့် ဒီဇိုင်းကျွမ်းကျင် (မ) ၂ဦး (လစာ-၈၀,၀၀၀)
Min Thurein Publishing Services
**ဖုန်း-၀၉-၅၁၄၈၅၂၄**

---

**ဝန်ထမ်းအလိုရှိသည်**
အထွေထွေဝန်ထမ်း - ကျား ၄ဦး
**ဖုန်း-၀၉-၇၃၀၂၇၇၃၃**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ စာရင်းစစ်(ကျွမ်းကျင်)- မ ၂ဦး၊ ၂။ ငွေကိုင်(ကျွမ်းကျင်)- ကျား၊မ ၂ဦး၊ ၃။ စည်ဘားကိုင် - ကျား၊မ ၂ဦး
**ဖုန်း-၀၉-၅၀၉၃၈၇၀**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Export-Import - ကျား/မ ၁ ဦး၊ ၂။ Marketing Supervisor - ကျား/မ ၂ဦး၊ ၃။ Secretary - မ ၁ ဦး၊ ၄။ Marketing - ကျား ၄ဦး၊ ၅။ ဂိုဒေါင်အလုပ် သမား - ကျား ၅ ဦး။
**ဖုန်း-၀၉-၇၃၁၂၃၉၉၃**

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
၁။ အိမ်ခြံမြေကျွမ်းကျင် - ကျား/မ ၅ဦး၊
၂။ အိမ်ခြံမြေဝန်ထမ်း- ကျား/မ ၅ ဦး
**ဖုန်း-၇၀၀၃၃၁၊ ၀၉-၅၁၉၄၄၅၄**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Marketing Manager - မ ၁ ဦး၊ ၂။ Accounting - မ ၁ဦး၊ ၃။ Marketing - မ ၂ဦး
M&C အထည်အရောင်းဖြန့်ချိရေး
**ဖုန်း-၀၉-၈၀၃၂၅၅၀**

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
၁။ လုံခြုံရေး - ကျား ၃ ဦး
၂။ Office Staff - မ ၃ ဦး
၃။ Receptionist - မ ၃ ဦး
အမှတ်(၄၂)၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
၁။ 4 Unit ပုံနှိပ်စက်ကိုင် (ကျွမ်းကျင်) - ၃ ဦး၊ ၂။ ပုံနှိပ်စက်အကူ - ၅ ဦး၊ ၃။ Marketing (ပုံနှိပ်ပိုင်းဆိုင်ရာ) - ကျား/မ ၅ ဦး
**ဖုန်း-၂၀၀၅၇၅၊ ၀၉-၇၃၀၃၂၉၇၃**

---

**အလိုရှိသည်**
၁။ လက်ထောက်ဆရာ/ဆရာမ - ၂ဦး၊ ၂။ ကြီးကြပ်ရေးမှူး - မ ၁ ဦး၊ ၃။ သူနာပြုအကူ - မ ၃ဦး
**ဖုန်း-၀၉-၇၃၀၁၅၂၁၅**

---

**အလိုရှိသည်**
၁။ နေ့ (သို့) ည မောင်းနိုင်သော တက္ကစီယာဉ်မောင်း - ၂ဦး
၂။ ကျောင်းသားများ အိမ်လိုက်သင်နိုင်သော ဆရာမ - ၂ဦး
**ဖုန်း-၀၉-၈၆၁၉၆၇၁**

---

**အလိုရှိသည်**
ယာဉ်မောင်းဝန်ထမ်း - ၁ ဦး
**ဖုန်း-၀၉-၅၁၀၂၁၉၄**

---

**ဝန်ထမ်းအလိုရှိသည်**
ဆံပင်ညှပ်လျှော် ကျွမ်းကျင် - ၃ဦး၊
ခေါင်းလျှော် အလုပ်သင် - ၁၅ဦး
**ဖုန်း-၀၉-၇၃၀၀၅၆၁၁**

---

**ဝန်ထမ်းအလိုရှိသည်**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



၁၉၉၁ ခုနှစ်တွင် စတင်တည်ထောင်သည်
ဒေါ်ဝင်းဝင်းမေ(မဟာသိပ္ပံ)
VEC
VICTORY EDUCATION CENTRE
MANDALAY
ပညာရိပ်သာ
VICTORY EDUCATION CENTRE
(၅) တန်း မှ (၁၀)တန်းထိ လက်ခံ၍ VEC ပညာရိပ်သာ တွင်သာ သင်ကြားနေပါသည်။
VEC (၁)
VEC (၂)

# Education

7 DAY NEWS JOURNAL

Vol.10, No.34 • NOVEMBER 10, 2011


## IELTS စာမေးပွဲအချိန်စာရင်းထုတ်ပြန်ကြေညာ

နေလင်းထွန်း

ရန်ကုန်၊ နိုဝင်ဘာ - ၁

အင်္ဂလိပ်ဘာသာစကားအရည်အချင်းစစ်ဆေးသည့် IELTS စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားများ အတွက် ၂၀၁၂ ခုနှစ်၏ စာမေးပွဲအချိန်စာရင်းများကိုထုတ်ပြန်လိုက်ကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)မှသိရသည်။

စာမေးပွဲဖြေဆိုရန်အတွက် ပတ်စ်ပို့အရွယ်အစားဓာတ်ပုံနှစ်ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်တို့ယူဆောင်လာရမည်ဖြစ်ပြီး စာမေးပွဲကြေးအား ကျပ်ငွေဖြင့် ပြောင်းလဲ ကောက်ခံတော့မည်ဖြစ်၍ ကျပ် တစ်သိန်းသုံးသောင်းပေးသွင်းရမည်ဖြစ်သည်။

မြန်မာကျောင်းသားများသည် အင်္ဂလိပ်ဘာသာစကားပြောနိုင်ငံများတွင် ပညာသင် ယူရန် IELTS စာမေးပွဲများကိုဖြေဆိုနေကြလျက်ရှိပြီး လစဉ်စစ်ဆေးနေသည့် စာမေးပွဲများအား လစဉ် ဝင်ရောက်ဖြေဆိုသူသုံးရာကျော်ရှိနေကြောင်းသိရသည်။

| စာမေးပွဲစစ်ဆေးမည့်နေ့ရက်(၂၀၁၂) | စာရင်းပေးသွင်းရမည့်နေ့ရက် |
|---|---|
| ဇန်ဝါရီလ ၂၁ | ယခုနှစ်၊ နိုဝင်ဘာလမှ ဒီဇင်ဘာလ ၁၆ |
| ဖေဖော်ဝါရီလ ၁၈ | ဇန်နဝါရီလ ၁၃ |
| မတ်လ ၁၀ | ဖေဖော်ဝါရီလ ၃ |
| ဧပြီလ ၂၈ (အကယ်ဒမစ်ဖြေဆိုမည့်သူများသာ) | မတ်လ ၂၃ |
| မေလ ၂၆ | ဧပြီလ ၂၀ |
| ဇွန်လ ၃၀ | မေလ ၂၅ |
| ဇူလိုင်လ ၂၁ | ဇွန်လ ၁၅ |
| ဩဂုတ်လ ၂၅ | ဇူလိုင်လ ၂၀ |
| စက်တင်ဘာလ ၂၂ | ဩဂုတ်လ ၁၇ |
| အောက်တိုဘာလ ၁၃ | စက်တင်ဘာလ ၇ |
| နိုဝင်ဘာလ ၁၇ | အောက်တိုဘာလ ၁၂ |
| ဒီဇင်ဘာလ ၈ | နိုဝင်ဘာလ ၂ |

## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ပြည်ပတက္ကသိုလ်များနှင့်ချိတ်ဆက်ကာ သင်တန်းများဖွင့်ရန်စီစဉ်

နေလင်းထွန်း

ရန်ကုန်၊ နိုဝင်ဘာ - ၂

အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နေသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည်ပြည်ပတက္ကသိုလ်အချို့နှင့် ချိတ်ဆက်၍ ပြည်တွင်း၌ အင်ဂျင်နီယာဘာသာရပ်သင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံရှိ အေအိုင်တီ၊ မလေးရှားနိုင်ငံတွင် ကျောင်းဖွင့်လှစ်ထားသည့် ဩစတြေးလျနိုင်ငံ အခြေစိုက် ကာတင်းတက္ကသိုလ်တို့နှင့်တွေ့ဆုံ၍ ကျောင်းဖွင့်လှစ်နိုင်ရန် ညှိနှိုင်းနေခြင်းဖြစ်သော်လည်း လက်ရှိချိန်ထိ ဆွေးနွေးဆဲအဆင့်တွင်သာ ရှိသေးကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"တက္ကသိုလ်တစ်ခုဖွင့်ဖို့ဆိုတာ မလွယ်ဘူးလေ။ အဓိကတော့ မြေနေရာအခက်အခဲပါပဲ။ ကျောင်းအင်္ဂါရပ်နဲ့ကိုက်ညီတဲ့မြေနေရာ အကျယ်အဝန်းတော့ရှိရမှာပေ့ါ။ အခုချိန်ထိကတော့ စကားပြောဆွေးနွေးနေတုန်းပါပဲ။ ကျောင်းဖွင့်ဖြစ်ရင်တော့ ဒီမှာတက်ပြီး မလေးရှား၊ ဒါမှမဟုတ် ဩစတြေးလျနိုင်ငံတွေမှာ ဆက်ပြီးပညာသင်နိုင်မှာပါ"ဟု အဆိုပါပုဂ္ဂိုလ်ကဆိုသည်။

ကျောင်းသားများ၏ ဈေးကွက်တောင်းဆိုမှုကြောင့် သင်တန်းကျောင်းများ တည်ထောင်၍ ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်လိုသူ မြင့်တက်လျက်ရှိရာ ပြည်တွင်း၌ အကြီးမားဆုံး ပုဂ္ဂလိကအသင်းအဖွဲ့တစ်ခုဖြစ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (UMFCCI) သည်လည်း ထိုင်းနိုင်ငံရှိ တက္ကသိုလ်တစ်ခုနှင့်ချိတ်ဆက်၍ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ မဟာဘွဲ့သင်တန်းအား ဖွင့်လှစ်သင်ကြားရန် ပြင်ဆင်ထားပြီးဖြစ်သည်။

အောက်တိုဘာတွင် ကျင်းပခဲ့သော ပြည်သူ့လွှတ်တော်၌ ပုဂ္ဂလိကတက္ကသိုလ်များ ဖွင့်လှစ်တည်ထောင်ခွင့်ပြုရေးအတွက် ပုဂ္ဂလိကတက္ကသိုလ်ပညာရေး မူကြမ်းအား သင့်တော်သည့်အချိန် ရယူရေးဆွဲရန် အတည်ပြုထားပြီးဖြစ်သည်။

## စင်ကာပူအမျိုးသားတကသိုလ်မှ မြန်မာကျောင်းသား အကောင်းဆုံးပရောဂျက်ဆုရ

သီဟ

ရန်ကုန်၊နိုဝင်ဘာ - ၄



စင်ကာပူ အမျိုးသားတက္ကသိုလ် National University of Singapore ၏ Institute of System Science တွင် တက်ရောက်လျက်ရှိသည့်မြန်မာကျောင်းသားတစ်ဦးသည် ကျောင်းပြီးချိန် ပရောဂျက်ပြုလုပ်ရာတွင် အကောင်းဆုံးပရောဂျက်ဆုနှင့် ပရောဂျက်ပြုလုပ်ပေးခဲ့သည့် ကုမ္ပဏီ၏အလုပ်အကိုင် ကမ်းလှမ်းခြင်းကိုပါ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပရောဂျက်သည် နိုင်ငံတကာ ကျောင်းသားများ၏ ပရောဂျက် စုစုပေါင်း ၄၀ အား ပြန်လည်တင်ပြရာ၌ အဆိုပါ ကျောင်းသားကBest Industrial Award ရရှိခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

ဆုရရှိသူ ကျောင်းသားမောင်ကျော်သူရသည် ကျောင်းပြီးချိန်တွင် စင်ကာပူနိုင်ငံ သင်္ဘောကျင်းတစ်ခုဖြစ်သော Keppel Shipyard ကုမ္ပဏီ၏ လုပ်ငန်းခွင် မတော်တဆမှုကင်းစင်ရေး လေ့ကျင့်ပေးရေးအစီအစဉ်အား ပရိုဂရမ်ရေးသားပေးခဲ့ခြင်း ဖြစ်ကာ ဆုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ဆုရရှိခဲ့ခြင်းသည် ကုမ္ပဏီမှ လက်ရှိကျင့်သုံးလျက်ရှိသည့် စနစ်ထက်ပိုမိုကောင်းမွန်သည့်စနစ်အား ရေးသားပေးနိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟု သိရသည်။

စင်ကာပူ အမျိုးသားတက္ကသိုလ် NUS ၏ Institute of System Science မှချီးမြှင့်သည့် Diploma in System Analysis ဘွဲ့လွန်ဒီပလိုမာသည် စာတွေ့သီးသန့်မဟုတ်ဘဲ လက်တွေ့နှင့်ပေါင်းစပ်သင်ကြားရသည့် ဘာသာရပ်တစ်ခုဖြစ်ကာ နှစ်စဉ် ဧပြီ၊ မေလများတွင် ဝင်ခွင့်ခေါ်ယူလေ့ရှိကြောင်း သိရသည်။

## မနလေးတကသိုလ်တွင် ခရီးသွားလုပ်ငန်းပညာနှင့် စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းဖွင့်မည်

နေလင်းထွန်း

ရန်ကုန်၊ နိုဝင်ဘာ - ၂


မန္တလေးမြို့ရှိ မန္တလေးတက္ကသိုလ်တွင် ခရီးသွားလုပ်ငန်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဒီပလိုမာသင်တန်းများကို ယခုနှစ်မှစတင်၍ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကိုးလကြာ တက်ရောက်ရမည့်သင်တန်းအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားရမည်ဖြစ်ပြီး အသက်ကန့်သတ်ထားမှုမရှိကြောင်း၊ သင်တန်းချိန်မှာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၇မှ ၉နာရီဖြစ်သည်။

သင်တန်းလျှောက်လွှာအားမန္တလေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် နိုဝင်ဘာလ ၁၇ရက်နောက်ဆုံး လျှောက်ထားရမည်ဖြစ်ပြီး နိုဝင်ဘာလ ၂၂ရက်တွင် သင်တန်းဝင်ခွင့်စာမေးပွဲစစ်ဆေးမည်ဖြစ်သည်။

"မန္တလေးတက္ကသိုလ်မှာ ပထမဆုံးအကြိမ် ဖွင့်လှစ်တာပါ။ ဝင်ခွင့်စာမေးပွဲက ၂နာရီကြာ မေးခွန်းဖြစ်ပြီး အင်္ဂလိပ်စာနဲ့ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ ဗဟုသုတတွေကိုမေးမှာပါ"ဟု သင်တန်းရေးရာဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ခရီးသွားလုပ်ငန်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဒီပလိုမာသင်တန်း၏ သင်တန်းကြေးမှာ လစဉ်ကျပ်တစ်သောင်းခွဲမှ နှစ်သောင်းကျပ်ထိ ပေးသွင်းရဖွယ်ရှိကြောင်း သိရသည်။




7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

## သုတေသနစာတမ်းဖတ်ပွဲတွင် အကောင်းဆုံးစာတမ်းဆုရှင်များကို ချီးမြှင့်

နေလင်းထွန်း

**ရန်ကုန်၊ နိုဝင်ဘာ - ၂**

ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဆု (၂၀၁၀)နှင့် (၁၁)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲတွင် အကောင်းဆုံးစာတမ်းဆုရရှိသူများအား အောက်တိုဘာလ ၂၉ရက်၊ ရန်ကုန်တက္ကသိုလ်၊ ဝိဇ္ဇာခန်းမ၌ ဆုရွေးချယ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဆု(၂၀၁၀)အတွက် ပါရဂူဘွဲ့တင်သွင်းသောပညာရှင်ခြောက်ဦးအား ရွေးချယ်ခဲ့ပြီး ဒေသအသီးသီးရှိတက္ကသိုလ်များမှဆရာ၊ဆရာမ၁၀ဦးကသက်ဆိုင်ရာ ဘာသာရပ်များအလိုက် အကောင်းဆုံး သုတေသန စာတမ်းဆုများရရှိခဲ့ကြသည်။

ဒေသအသီးသီးရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ပြည်ပမှ ပညာရှင်များအနေဖြင့် သုတေသနစာတမ်းတင်သွင်းဖတ်ကြားနိုင်ရန်နှင့် ပါရဂူကျမ်းအတွက် ဝိဇ္ဇာပညာရပ်၊သိပ္ပံပညာရပ်နှင့်လူမှုရေးပညာရပ်တို့တင်သွင်းနိုင်ရန် နှစ်စဉ်မတ်လ နောက်ဆုံးရက်တွင် သက်ဆိုင်ရာ သုတေသနစာတမ်းနှင့် ပါရဂူကျမ်းများအား မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့သို့ပေးပို့နိုင်ကြောင်းသိရသည်။

အကောင်းဆုံး သုတေသနစာတမ်းများနှင့်ပါရဂူကျမ်းများကို မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့မှ ဂျာနယ်များ ထုတ်ဝေ၍ တက္ကသိုလ်၊ ကောလိပ်များသို့ ဖြန့်ဝေနေကြောင်း မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့မှ သိရသည်။

## ဩစတြေးလျတက္ကသိုလ်မှပေးသည့် ဘွဲ့အတွက် ဘာသာရပ်ကင်းလွတ်ခွင့်လျှောက်နိုင်

သီဟ

ရန်ကုန်၊နိုင်ဝင်ဘာ-၄

မြန်မာနိုင်ငံမှ စီးပွားရေးဆိုင်ရာဘွဲ့တစ်ခုခုရရှိထားသည့် ကျောင်းသား / သူများအတွက် စင်ကာပူနိုင်ငံရှိPSB Academy တွင်ဩစတြေးလျအခြေစိုက်တက္ကသိုလ် တစ်ခုဖြစ်သည့် University of W ollongong မှပေးအပ်သည့် စီးပွားရေးဆိုင်ရာဘွဲ့အားတက်ရောက်မည်ဆိုပါကဘာသာရပ်ကင်းလွတ်ခွင့်များလျှောက်ထားနိုင်ကြောင်း သိရသည်။

ဘာသာရပ်ကင်းလွတ်ခွင့် လျှောက်ထားရာတွင် Bachelor of Business Management (BBM) ဘွဲ့ရရှိသူများမှာ ဘာသာရပ်ကင်းလွတ်ခွင့်ပိုမိုရရှိနိုင်မည့်အပြင် လျှောက်ထားကြေးပါ ကင်းလွတ်ခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

တက်ရောက်နိုင်သည့် စီးပွားရေးဆိုင်ရာဘွဲ့ Bachelor of Commerce တွင် Finance, Ma nangement, Marketing, Public Relation, Supply Chain Management ဟူ၍ ဘာသာရပ်ငါးမျိုးခွဲခြားထားကြောင်း သိရသည်။ ဩစတြေးလျတက္ကသိုလ်များသည် ဘာသာရပ်ဆိုင်ရာကင်းလွတ်ခွင့်လျှောက်ထားရာတွင် ခက်ခဲလေ့ရှိပြီး ယခင်နှစ်များက အခြေခံနှစ်အတွက်သာ ကင်းလွတ်ခွင့်ပေးလေ့ရှိကြောင်း သိရသည်။ ဘာသာရပ်ကင်းလွတ်ခွင့် လျှောက်ထားလိုသူများသည် ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် Crown Education သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

### ပညာရေးသတင်းတိုများ

#### နိုင်ငံခြားဘာသာတကသိုလ် ဘာသာစကားသင်တန်းများ နိုဝင်ဘာ ၁၄ နောက်ဆုံးလျှောက်ထားရမည်

**ရန်ကုန်၊ နိုဝင်ဘာ - ၂**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် အင်္ဂလိပ်ဘာသာစကားအတွက် အချိန်ပြည့်ဒီပလိုမာတစ်နှစ်သင်တန်းနှင့် အခြားဘာသာစကားများအတွက် အချိန်ပိုင်း ဒီပလိုမာလေးနှစ်သင်တန်းများ တက်ရောက်လိုပါက နိုဝင်ဘာလ ၁၄ရက် နောက်ဆုံးလျှောက်ထားရမည်ဖြစ်ကြောင်းသိရသည်။ သင်တန်းများအတွက် နိုင်ငံတော်မှ အသိအမှတ်ပြုဘွဲ့တစ်ခုရရှိထားရမည်ဖြစ်ပြီး သင်တန်းဝင်ခွင့်စာမေးပွဲဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

#### အမေရိကန်တွင် တစ်လခွဲကြာ ပညာသင်ခွင့်လျှောက်နိုင်

**ရန်ကုန်၊ နိုဝင်ဘာ - ၃**

အမေရိကန်နိုင်ငံတွင်ရက်သတ္တပတ်ခြောက်ပတ်ကြာပညာသင်ယူခွင့်ရရှိရန် အသက် ၃၀ မှ ၅၀နှစ်အရွယ်လုပ်ငန်းအတွေ့အကြုံကောင်းရှိထားသူများ နိုဝင်ဘာလ ၁၃ ရက် နောက်ဆုံးလျှောက်ထားနိုင်ကြောင်း သိရသည်။ ၎င်းနိုင်ငံရှိအင်စတီကျူ့ဒ်ခြောက်ခုမှ ပေးအပ်သည့်ပညာသင်ဆုအတွက် RangoonUSECA@state.govသို့ အီးမေးလ်ဖြင့် ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ကြောင်း သိရသည်။

#### ဒေါက်တာအောင်ထွန်းသက်၏ ဟောပြောပွဲတက်ရောက်နိုင်

**ရန်ကုန်၊ နိုဝင်ဘာ - ၃**

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့မှ ကျင်းပသော ပညာရပ်ဆိုင်ရာဟောပြောပွဲတွင်ဒေါက်တာအောင်ထွန်းသက်က'ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရအတွက် ပညာရှင်များ၏အခန်းကဏ္ဍ'ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်ကြောင်းသိရသည်။ ဟောပြောပွဲကို နိုဝင်ဘာလ ၉ရက်၊ နေ့လယ် ၂နာရီတွင် ရန်ကုန်တက္ကသိုလ်၊ ဝိဇ္ဇာခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

## ဥရောပနိုင်ငံများ ပညာသင်ဆုဆိုင်ရာ အခွင့်အလမ်းများ ဆွေးနွေး

နေလင်းထွန်း

**ရန်ကုန်၊ နိုဝင်ဘာ - ၂**

ဥရောပသမဂ္ဂ(အီးယူ)နိုင်ငံများတွင် မြန်မာကျောင်းသားများ ပညာတော်သင်ဆုရရှိနိုင်မည့်အခွင့်အလမ်းဆိုင်ရာအကြောင်းအရာများကို ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများအား ၎င်းအဖွဲ့အစည်းမှ ပညာရှင်များကလာရောက်ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

မြန်မာကျောင်းသားများ ဥရောပနိုင်ငံများတွင် ပညာသင်ယူမှုအခွင့်အလမ်းများ ရရှိနိုင်မည့် Research Cooperation and EU's 7th Research and Technological Development Programme(FP7) နှင့် EU's Erasmus Mundus mobility and scholarship programme တို့အကြောင်းရှင်းလင်းဆွေးနွေးခဲ့ကြောင်း ဥရောပသမဂ္ဂ သုတေသနနှင့်ပညာတော်သင်ဆုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဥရောပသမဂ္ဂက သူတို့ဆီမှာရှိတဲ့ ပညာတော်သင်ဆုအခွင့်အလမ်းတွေအကြောင်း လာရောက်ရှင်းလင်းဆွေးနွေးတာပါ။ ပညာသင်ဆုတွေက အရင်တည်းက ပေးနေတာဖြစ်ပေမယ့် အခုမှ ဒီကိုလာပြီး အဲ့ဒီပညာသင်ဆုတွေအကြောင်းရှင်းပြတာပါ။ မြန်မာကျောင်းသားတွေကိုပညာသင်ဆုလျှောက်ထားဖို့လည်း တိုက်တွန်းသွားပါတယ်။ ကျောင်းသားတွေက အင်တာနက်ကနေတစ်ဆင့် ကိုယ့်အစီအစဉ်နဲ့ကိုယ် လျှောက်ရမှာပါ"ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ပညာသင်ဆုအတွက် ဒီဂရီဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့တို့ကို သက်ဆိုင်ရာဘာသာရပ်နယ်ပယ်များအလိုက် ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး လာမည့်ပညာသင်နှစ်အတွက် လျှောက်ထားလိုသူများသည် ယခုနှစ် နိုဝင်ဘာလမှ လာမည့်နှစ် ဇန်နဝါရီလအတွင်း လျှောက်ထားရန်လိုအပ်ကြောင်း သိရသည်။

ပညာသင်ဆုလျှောက်ထားရန် လိုအပ်သောအရည်အချင်းအသေးစိတ်အား သက်ဆိုင်ရာတက္ကသိုလ်များ၏ အင်တာနက်ဝက်ဘ်ဆိုက်တွင်ဝင်ရောက်ကြည့်ရှုလျှောက်ထားရမည်ဖြစ်ပြီး Erasmus Mundus ဝက်ဘ်ဆိုက်ဖြစ်သော http://eacea.ec.europa.eu/erasmus_mundus တွင်ကြည့်ရှုလေ့လာနိုင်သည်။

ဝန်ထမ်းအလိုရှိသည် PEOPLE

Keppel Fels
Electrical, Commissioning, Welder
Superintendent / Foreman
S$ 1600 ~ S$ 3500
EP & S'Pass
Oil & Gas
Welder S$ 450 ~ S$ 900
Pipe Fitter S$ 450 ~ S$ 900
37 73 43/ 37 7344 / 38 57 58 / 38 68 77 392 233 Fax : 392393

(ဝန်ထမ်းအလိုရှိသည်)
၁။ Marketing Executive
Marketing
၂။ Sale Executive
၃။ Marketing Assistant
Marketing
၄။ Admin Executive
၅။ Office Staff
Computer Word, Excel

Technology

7Day News Journal

Vol.10, No.34 • NOVEMBER 10, 2011

# iPhone 4S တွင် ဘက်ထရီပြဿနာရှိဟုဆို

**လန်ဒန်၊ နိုဝင်ဘာ - ၁**

မကြာသေးမီက ထွက်ရှိခဲ့သော iPhone 4S ဖုန်းမော်ဒယ်အသစ်သည် ယခင် မော်ဒယ်အဟောင်းများထက် ကွန်ရက်ချိတ်ဆက်မှု ပိုမိုမြန်ဆန်မည်ဟု ကတိပေးထားသော်လည်း ဘက်ထရီပါဝါမှာ မျှော်မှန်းထားသည်ထက် အားနည်းကြောင်း မာကျူရီသတင်းဌာန၏ သတင်းတစ်ရပ်က ဖော်ပြသည်။

ယင်း iPhone အသစ်ကို အသုံးပြုသူများသည် ယခုအခါ လူမှုကွန်ရက်ဝက်ဘ်ဆိုက်များပေါ်တွင် ဖုန်းဘက်ထရီနှင့်ပတ်သက်၍ ဝေဖန်မှုများပြုလုပ်နေကြောင်း သတင်းကဆိုသည်။ အသုံးပြုသူများက ထိုဖုန်းသည် တစ်နေ့တာအတွင်း အကြိမ်ရေ အနည်းဆုံးနှုန်းဖြင့် အသုံးပြုသော်လည်း ဘက်ထရီအားနည်း၍ အားပြန်သွင်းရကြောင်းဆိုထားသည်။



Apple ကုမ္ပဏီကမူ iPhone 4S သည် ဖုန်းခေါ်ဆို စကားပြောချိန် ရှစ်နာရီသုံးနိုင်ပြီး 3G ကွန်ရက်နှင့်ချိတ်ဆက်၍ အင်တာနက်သုံးလျှင် ခြောက်နာရီ၊ အသင့်အနေအထားဖြင့် ထားရှိမည်ဆိုပါက နာရီ ၂၀၀ အသုံးခံနိုင်မည်ဟု ဆိုထားသည်။

ဗြိတိန်ဂါးဒီးယန်းသတင်းစာ၏ အဆိုအရ Apple သည် ယခု ဘက်ထရီပြဿနာကို မှတ်ချက်မပေးသေးသော်လည်း ကုမ္ပဏီ၏ အင်ဂျင်နီယာများကမူ ဘက်ထရီပြဿနာကြုံရသော အသုံးပြုသူများထံ တိတ်တဆိတ် ဆက်သွယ်ဖြေရှင်းပေးနေကြောင်းဖော်ပြထားသည်။

Apple ၏ iPhone 4S မှာ ကမ္ဘာတစ်ဝန်း ဖြန့်ချိထားသော ဖုန်းများတွင် ဘက်ထရီပြဿနာကြုံတွေ့ရခြင်း ကြီးကြီးမားမား မရှိသေးဘဲ ယခုအချိန်ထိ စံချိန်တင် ရောင်းကောင်းဆဲဖြစ်သည်။ စာရင်းများအရ Apple သည် iPhone 4S ဖြန့်ချိသည့် ပထမပတ်အတွင်း ဖုန်းလုံးရေလေးသန်းရောင်းချခဲ့ရပြီး ကမ္ဘာ့ရောင်းအကောင်းဆုံး စံချိန်တင်ဖုန်းဖြစ်ခဲ့သည်။

—*Ref: AP*

# ကွန်ပျူတာ စနစ်တစ်ခုလုံး မြန်မာစာလုံးများဖြင့် အသုံးပြုနိုင်မည့် သာလွန်မြန်မာ ကွန်ပျူတာစနစ် ဖြန့်ချိမည်

**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ- ၄**

မြန်မာယူနီကုဒ်၏ စံနှုန်းသတ်မှတ်ချက်များကို အသုံးပြုထားပြီး ကွန်ပျူတာစနစ်တစ်ခုလုံးကို မြန်မာစာလုံးများဖြင့် အသုံးပြုနိုင်မည့် သာလွန်မြန်မာကွန်ပျူတာစနစ် (Tharlon OS) ကို တရားဝင်စတင်ဖြန့်ချိရောင်းချတော့မည်ဖြစ်သည်။

ပထမဆုံးမြန်မာစာသုံးစက်လည်ပတ်မှုစနစ်တစ်ခုအဖြစ် ထွက်ပေါ်လာခဲ့သည်ဟုဆိုသော အဆိုပါ Tharlon OS (Operation Sysetm) သည် ကွန်ပျူတာများကိုဖွင့်ပြီးနောက် ပထမဆုံးမြင်ရမည့် iCon များနှင့် မရှိမဖြစ်အသုံးပြုရမည့် ဆော့ဖ်ဝဲများကို မြန်မာအညွှန်းများဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်ဟု ယင်း၏ဝက်ဘ်ဆိုက်ဖြစ်သော www.tharlon.org တွင်ဖော်ပြထားသည်။

သာလွန် OS သည် ကွန်ပျူတာစနစ်များတွင် အသုံးအများဆုံးဖြစ်နေသည့် Linux Distro တစ်ခုဖြစ်သော Ubutu OS version 10.10 ကိုအခြေခံပြီး မြန်မာမှုပြုထုတ်လုပ်ထားခြင်းဖြစ်သည်ဟုသိရသည်။

မကြာမီ ဖြန့်ချိတော့မည့် ထိုသာလွန် OS သည် Beta Version အနေဖြင့် စမ်းသပ်ထုတ်ဝေခြင်းဖြစ်ပြီး ယင်း၏ဝက်ဘ်ဆိုက်များနှင့်ဆိုရှယ်ဆိုက်တစ်ဖြစ်သည့်ဖေ့စ်ဘွတ်ခ်၏ ၄င်းစာမျက်နှာများပေါ်တွင်လည်း အခမဲ့ဒေါင်းလော့ရယူသုံးစွဲနိုင်မည်ဖြစ်သည်။



# လေကြောင်းလိုင်းနှင့် ဘဏ်များတွင် e-Admin Banking စနစ် စတင်အသုံးပြုမည်

**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ-၁**

ပြည်တွင်းလေကြောင်းလိုင်းများနှင့် ဘဏ်များတွင် ဝန်ထမ်းရေးရာစီမံခန့်ခွဲခြင်းကိစ္စရပ်များအတွက် e-Admin Banking စနစ်ကို စတင်အသုံးပြုတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ e-Admin Banking စနစ်ကို အင်ဖိုစစ်မြန်မာတက်ခနိုလိုဂျီကုမ္ပဏီက ရေးဆွဲမည်ဖြစ်သည်။

ယင်းစနစ်ကို ပုဂ္ဂလိကဘဏ်များ၊ အစိုးရဘဏ်များနှင့် ပြည်တွင်းရှိ လေကြောင်းလိုင်းကုမ္ပဏီများတွင် သုံးစွဲသွားမည်ဖြစ်ပြီး သုံးစွဲကြမည့် ရည်ရွယ်ချက်များမှာ ဝန်ထမ်းများ၏ ကိုယ်ရေးမှတ်တမ်းများ၊လုပ်ငန်းပိုင်းဆောင်ရွက်မှုများကို ကွန်ပျူတာနည်းပညာအသုံးပြုကာ အသေးစိတ်ထိန်းချုပ်နိုင်ရန်ဖြစ်ကြောင်းသိရသည်။

e-Admin Banking စနစ်ကို လက်ရှိအချိန်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲများ၊ ကမ္ဘောဇလေကြောင်းလိုင်းနှင့် ဘဏ်လုပ်ငန်းများ၊ MICB Bank တွင်စတင်ပြီး စမ်းသပ်သုံးစွဲနေကြောင်းသိရသည်။ မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် အသုံးပြုနိုင်ရန်လည်း ဆောင်ရွက်နေသည့် အဆိုပါဝန်ထမ်းထိန်းချုပ်ရေးစနစ်ကို ၂၀၁၂ ခုနှစ်အတွင်းတွင်ကျယ်စွာအသုံးပြုလာနိုင်ရန် အစိုးရက ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်းသတင်းရရှိသည်။

# Yahoo က အွန်လိုင်းဒေတာကုမဏီတစ်ခုကို ဒေါ်လာသန်း ၂၇၀ ဖြင့် ဝယ်ယူမည်

**ဆန်ဖရန်စစ္စကို၊ နိုဝင်ဘာ - ၁**

အင်တာနက်ကုမ္ပဏီကြီး Yahooသည် အွန်လိုင်းဒေတာနှင့်ကြော်ငြာကွန်ရက်တစ်ခုဖြစ်သည့် အင်တာကလစ်ကုမ္ပဏီကို ကန်ဒေါ်လာသန်း ၂၇၀ ဝန်းကျင်ဖြင့် ဝယ်ယူတော့မည်ဟုသိရသည်။

Yahoo၏ အမေရိကဒေသဆိုင်ရာ အမှုဆောင်ဒုဉက္ကဌ ရော့စ်လီဗင်ဆွန်ကလည်း "ဒီရင်း နှီးမြှုပ်နှံမှုဟာ Yahooနဲ့ ကျွန် တော်တို့ရဲ့ ပါတနာဝက်ဘ်ဆိုက်တွေမှာကြော်ငြာလုပ်ငန်းပိုကောင်းလာဖို့ အာရုံစိုက်စေနိုင်မှာပါ"ဟု ပြောသည်။

အချို့ဆန်းစစ်သူများကမူ အင်တာကလစ်ကုမ္ပဏီ၏ နည်းပညာများသည် ရာဟူးအား ဈေးကွက်တွင် အွန်လိုင်းကြော်ငြာဈေးကွက်ဝေစု ပိုမိုရရှိရန်ကူညီနိုင်ပြီး ပြိုင်ဘက်ဂူးဂဲလ်နှင့် ဖေ့စ်ဘွတ်ခ်တို့အား ကျော်ဖြတ်နိုင်မည်ဟုဆို သည်။ သို့သော် Yahooသည် ပြီးခဲ့သော သုံးလပတ်ဘဏ္ဍာရေးကာလအတွင်း နှစ်စဉ်ဝင်ငွေငါးရာခိုင်နှုန်းလျော့ကျခဲ့ပြီး ကာရိုးဘာ့ဇ်နုတ်ထွက်ပြီးနောက် အမှုဆောင်အရာရှိချုပ်သစ်တစ်ဦး ရှာဖွေနေသည်။

Yahooသည် ဘဏ္ဍာရေးအရ ရုန်းကန်နေရသော်လည်း ၎င်း၏ဝက်ဘ်ဆိုက်တွင် လစဉ်ကြည့်ရှုသူ သန်း ၇၀၀ ရှိကာ ၎င်း၏ သတင်းဝက်ဘ်ဆိုက်မှာလည်း ဩဂုတ်လတွင် ကြည့်ရှုအသုံးပြုသူ ၈၁ ဒသမ ၂ သန်းရှိခဲ့ပြီး အကြီးဆုံးအွန်လိုင်းသတင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်သည်။

—*Ref: AFP*





# ပြည်တွင်းသတင်းအေဂျင်စီ ဝက်ဘ်ဆိုက် လွှင့်တင်

**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ- ၁**

နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်နေသည့် ပြည်တွင်းသတင်းအချက်အလက်များကိုဝယ်ယူလိုသည့် သတင်းမီဒီယာများသို့ ပြန်လည်ရောင်းချပေးမည့် သတင်းအေဂျင်စီတစ်ခုက ၎င်း၏ဝက်ဘ်ဆိုက်ကို တရားဝင်လွှင့်တင်ထားပြီဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါသတင်းအေဂျင်စီကုမ္ပဏီမှာ ရွှေမြစ်မခဖြစ်ပြီး ၎င်း၏ဝက်ဘ်ဆိုက်အမည်မှာ မြစ်မခမီဒီယာဂရုပ်ဖြစ်သည်။

သတင်းများကိုသာသီးသန့်ဖော်ပြပေးမည့် ထိုမြစ်မခမီဒီယာဂရုပ်၏ ဝက်ဘ်ဆိုက်လိပ်စာမှာ www.myitmakhamediagroup.com ဖြစ်ပြီး လူမှုကွန်ရက်ဆိုက်ဖြစ်သော ဖေ့စ်ဘွတ်ခ်ပေါ်ရှိယင်း၏စာမျက်နှာလိပ်စာမှာမူ facebook.com/shwemyitmakhamediagroup ဖြစ်သည်။

သတင်းများအားလုံးသည် ပြည်တွင်းနှင့် သက်ဆိုင်သည့် အကြောင်းအရာများသာဖြစ်မည်ဖြစ်ပြီး ထိုသတင်းများကို မည်သည့်သတင်းမီဒီယာလုပ်ငန်းများကမဆို ဝယ်ယူနိုင်မည်ဟု ယင်းသတင်းအေဂျင်စီ၏ တာဝန်ခံအယ်ဒီတာဒေါ်မေသကြာန်ဟိန်က ပြောသည်။


ပြီးခဲ့သည့် အောက်တိုဘာ ၆ ရက်ကစတင်လွှင့်တင်ခဲ့သော်လည်း ယင်းလကုန်ပိုင်းတွင်မှ ဝက်ဘ်ဆိုက်တည်ဆောက်မှုအပိုင်းနှင့်သတင်းတင်ဆက်မှုအပိုင်းများ အပြီးသတ်ပြည့်စုံခဲ့သောကြောင့် ၂၀၁၁ နိုဝင်ဘာလဆန်းပိုင်းတွင် တရားဝင်အသိပေးနိုင်ခြင်းဖြစ်ကြောင်းသိရသည်။

ထို့အပြင် အဆိုပါသတင်းအေဂျင်စီနှင့်၎င်း၏ဝက်ဘ်ဆိုက်စာမျက်နှာများသည် သက်ဆိုင်ရာ၏ တရားဝင်ခွင့်ပြုချက်လိုင်စင်ကိုရရှိထားသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း ဒေါ်မေသကြာန်ဟိန်ကပြောသည်။ မြစ်မခမီဒီယာဂရုပ်ဝက်ဘ်ဆိုက်တွင် နေ့စဉ်လွှင့်တင်ထားသောသတင်းများသည် ပြည်တွင်းမှ သတင်းထောက်များရယူထားသည့် အချက်အလက်များဖြစ်ပြီး ဝန်ထမ်းအရေအတွက် ၁၅ ဦးဝန်း ကျင်ဖြင့် လည်ပတ်နေကြောင်း သိရသည်။












7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

# ကလေးပျောက်ဆုံးသည့်မိဘများ ကမ္ဘာ့အေးလူငယ်သင်တန်းကျောင်းတွင်လည်းသွားရောက်စုံစမ်းနိုင်

**မြတ်စုမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၂**

မိဘနှင့်ကွဲကွာကာလမ်းပေါ်ရောက်နေသော ကလေးငယ်များအား မိဘနှင့် ပြန်လည်တွေ့ဆုံနိုင်စေရန် မိသားစုပြန်လည်ရှာဖွေပေးခြင်း လုပ်ငန်းများကို အင်န်ဂျီအိုတစ်ခုနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိပြီး မိမိတို့ကလေးများ ပျောက်ဆုံးသည့် မိဘများသည် လူမှုဝန်ထမ်းဦးစီးဌာန၊ ကမ္ဘာ့အေးလူငယ်သင်တန်းကျောင်းတွင်လည်း လာရောက်စုံစမ်းသင့်ကြောင်း အဆိုပါ သင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ကြီးဦးကြီးမြင့်က ပြောကြားသည်။

လမ်းပေါ်တွင် တောင်းရမ်းစားသောက်နေသော ကလေးများနှင့် မိသားစုထံမပြန်ဘဲ လမ်းပေါ်တွင် လေလွင့်နေသော ကလေးသူငယ်များကို ကလေးသူငယ်ဥပဒေပုဒ်မ ၃၃(က)အရသင်တန်းကျောင်းများတွင် ယာယီစောင့်ရှောက်ထားပြီး မိသားစုပြန်လည်ရှာဖွေခြင်းကို လုပ်ဆောင်နေခြင်းဖြစ်ရာ အောက်တိုဘာလအတွင်း သင်တန်းကျောင်းသို့ရောက်ရှိလာသည့် ကလေး ၁၅ ဦးအနက် ၅ ဦးကို မိသားစုထံပြန်လည်အပ်နှံနိုင်ခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

"ကလေးပျောက်သွားရင် ဒီကိုလည်းဆက်သွယ်ပြီး ရှာနိုင်တယ်။ အခုကလေးငါးယောက်ကို မိသားစုဆီပြန်အပ်နိုင်ခဲ့ပြီ။ ဆက်တိုက် ပြန်အပ်သွားဖို့ရှိတယ်။ တချို့ကလေးတွေက နေရပ်လိပ်စာ၊ မိဘအမှန်အတိုင်း ပြန်မပြောနိုင်တာမျိုးရှိတယ်။ ကလေးပျောက်တဲ့မိဘတွေက ဒီကိုလည်းဆက်သွယ်ရှာဖွေသင့်တယ်" ဟု ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်းခြံဝင်းအတွင်း ဖွင့်လှစ်ထားသည့် ကမ္ဘာ့အေးလူငယ်သင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ကြီးဦးကြီးမြင့်က ပြောကြားသည်။

အချို့ကလေးငယ်များသည် သင်တန်းကျောင်းများသို့ မကြာခဏရောက်လာလေ့ရှိသည့် လေလွင့်ကလေးငယ်များဖြစ်ပြီး အချို့ကလေးများမှာ မိသားစုက တောင်းရမ်းစားသောက်ခိုင်းထားသည့် ကလေးများဖြစ်ရာ ၎င်းတို့၏ မိသားစုများကလည်း အဆိုပါ ကလေးများအားအကျိုးမပြုသော မိသားစုများဖြစ်ပါက ကလေးသူငယ်ဥပဒေပုဒ်မ ၃၄(က)အရနိုင်ငံတော်က စောင့်ရှောက်ရန်လိုအပ်သောကလေးအဖြစ် ၄က်အော်စမ်းလူငယ်သင်တန်းကျောင်းသို့ ပို့ဆောင်စောင့်ရှောက်ရကြောင်း အထက်ပါ ပုဂ္ဂိုလ်က ပြောကြားသည်။

"ကလေးတွေနဲ့ ကျွန်တော်တို့အကြိမ်ကြိမ်စကားပြောကြည့်တယ်။ တချို့က မိသားစုအရမ်းများတယ်။ စီးပွားရေးမပြေလည်တော့ ကလေးကို မထိန်းနိုင်ဘူး။ ကလေးတွေက လမ်းပေါ်မှာ အလုပ်လုပ်ရင်း အိမ်မပြန်ဘဲ လမ်းပေါ်မှာနေတဲ့ကလေးတွေရောက်လာရင် မိသားစုကို ရှာဖွေပေးပြီး ခံဝန်ကတိနဲ့ ပြန်ထိန်းသိမ်းခိုင်းတယ်။ သက်ဆိုင်ရာ ရပ်ကွက်နဲ့ ရဲထောက်ခံစာတွေ တောင်းထားတယ်။ မိဘတွေကကလေးပျောက်သွားရင် ဒီကို လှမ်းမေးတာရှိတယ်။ ဒါပေမဲ့ နည်းတယ်"ဟု ဦးကြီးမြင့်ကဆက်လက်ရှင်းပြသည်။

ထိုကဲ့သို့ လမ်းပေါ်နေ လေလွင့်ကလေးငယ်များနှင့် တောင်းရမ်းစားသောက်နေသည့် ကလေးများကို ယခင်က စည်ပင် ရဲဝန်ထမ်းများက သင်တန်းကျောင်းသို့ ခေါ်ဆောင်လာခြင်း၊ ရဲနဒီလမ်းပေါ်နေ ကလေးထိန်းသိမ်းရေးစခန်းတွင် ထိန်းသိမ်းထားခြင်းမျိုးရှိခဲ့ကာ ပြီးခဲ့သည့် ဩဂုတ်လနောက်ပိုင်းမှစတင်ကာ နယ်မြေခံရဲစခန်းများက ကိုင်တွယ်ဖြေရှင်းလျက်ရှိကြောင်း သိရသည်။

# အမိုးနီးယားအရည်များ ပဲခူးမြစ်အနီး စွန့်ပစ်မှုကြောင့် လူ ၄ ဦး ဆေးရုံရောက်

**အိဖြူလွင်**

**ရန်ကုန်၊ နိုဝင်ဘာ-၂**

ဂက်စ်အိုးအတွင်းမှ အမိုးနီးယားအရည်များကို ပဲခူးမြစ်ဘေးတွင် စွန့်ပစ်လိုက်ခြင်းကြောင့် မြစ်အနီး၌ နေထိုင်သူလေးဦး အနံ့များရှူမိကာ ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်လိုက်ရကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

ဖြစ်ရပ်မှာအောက်တိုဘာ ၃၀ ရက် က ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဂက်စ်အိုးများသည် လုပ်ငန်းသုံး ဂက်စ်အိုးကြီးများဖြစ်ပြီးထိုအိုးများအတွင်းမှ အမိုးနီးယားအရည်များကို ပိုက်တပ်ကာမြစ်အတွင်းစွန့်ပစ်နေစဉ်၎င်းနေရာ၏ အနောက်ဘက်ပေ ၂၅၀ ခန့်အကွာတွင် နေထိုင်သူများမူးဝေအော့အန်မှုများ ခံစားခဲ့ရခြင်းဖြစ်သည်။ အမိုးနီးယားအရည်များ လာရောက်စွန့်ပစ်သူများသည် တောင်ဒဂုံမြို့နယ် ၅၅ ရပ်ကွက်နေသံတိုသံစရောင်းဝယ်သူကလုပ်ခငွေကျပ်ငါးသောင်းပေးကာ စွန့်ပစ်ရန် စေခိုင်းခံရသူများဖြစ်ကြောင်း ထိုသူများအား စစ်ဆေးချက်အရ သိရသည်။

ဂက်စ်အိုးများမှ အမိုးနီးယားအရည်များ လာရောက်စွန့်ပစ်မှုကြောင့် တစ်နှစ်သားအရွယ် ကလေးငယ်တစ်ဦးအပါအဝင် စုစုပေါင်း လူ ၄ ဦးမှာ ရန်ကုန်ဆေးရုံကြီးသို့ တက်ရောက်ကုသမှုခံယူခဲ့ရသည်။

အန္တရာယ်ဖြစ်စေနိုင်သော အမိုးနီးယားအရည်များအား စည်းကမ်းမဲ့စွန့်ပစ်သူများကို ဒဂုံဆိပ်ကမ်းမြို့နယ် ရဲစခန်းတွင် ပ-၃၄၃/၂၀၁၁၊ပုဒ်မ-၃၃၈/၂၈၄ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။

# ဦးဘဂျမ်းလမ်း ကာတွန်းပြပွဲ ပြန်လည်ကျင်းပမည်

**ဥက္ကာကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ-၂**

ဦးဘဂျမ်းလမ်း(၁၃-လမ်းအောက်ဘလောက်)၏ တန်ဆောင်တိုင်မီးထွန်းပွဲနှင့် ကာတွန်းပြပွဲကို ၁၀ နှစ်ကျော် ရပ်နားထားခဲ့ရာမှ ယခုနှစ်မှစတင်ကာ ပြန်လည်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မီးထွန်းပွဲနှင့် ကာတွန်းပြပွဲကို ယခုလ ၈ ရက်မှ ၁၁ ရက်အထိ လေးရက်တာ ပြုလုပ်သွားမည်ဖြစ်ပြီး ပြပွဲတွင်ကာတွန်းဆရာအယောက် ၁၀၀ ခန့်ကမေတ္တာဖြင့် ပါဝင်ရေးဆွဲကြမည်ဖြစ်ကြောင်း သိရသည်။

"ကမ်းနားမုခ်ဦးမှာ ဆရာကြီးဦးဘဂျမ်းရဲ့ ကာတွန်းပုံတွေကို နဖူးစည်းချိတ်ဆွဲပြသပါမယ်။ မုခ်ဦးဘေးမှာ ဆရာကြီးဦးဘဂျမ်းရုပ်ပုံတွေ ချိတ်ဆွဲမယ်။ ဆရာကြီးနေခဲ့တဲ့ အိမ်ရှေ့မှာ သူ့ကာတွန်းပုံတွေ ချိတ်မယ်။ လမ်းဘေးနှစ်ဖက်မှာ ဝါးလုံးတန်းတွေနဲ့ ကာတွန်းတွေချိတ်ပြီး မီးချောင်းတွေထွန်းမှာပါ။ အရင်ကတော့ဝါးနဲ့လုပ်တဲ့ မီးပုံးလေးတွေမှာ ကာတွန်းပုံလေးတွေကပ်ပြီးပြပါတယ်" ဟု ကာတွန်းပြပွဲတာဝန်ရှိသူတစ်ဦးကပြောသည်။

ဦးဘဂျမ်းလမ်းကာတွန်းပြပွဲကို ယခင်က ကာတွန်းဆရာများက မေတ္တာဖြင့် ရေးဆွဲပေးကာဂရင်းတို့အား ဂုဏ်ပြုလက်ဆောင်များ ပြန်လည်ပေးအပ်ခြင်းဖြင့် အစဉ်အလာမပျက်ကျင်းပလာခဲ့ပြီးနောက် ရပ်နားခဲ့ကာ ယခုနှစ်တွင်ပြန်လည်ကျင်းပခြင်းဖြစ်သည်။

ဦးဘဂျမ်းလမ်းတွင် ကာတွန်းပြပွဲအားရပ်နားထားသော်လည်း တန်ဆောင်တိုင်မီးထွန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နှစ်စဉ်ပြုလုပ်ခဲ့ကြောင်း သိရသည်။ ကာတွန်းပြပွဲကို ခွင့်ပြုချက်ရပါက နောင်နှစ်များတွင်လည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

# ကားဘက်ထရီခေါင်းနှင့်ဓာတ်ငွေ့အိုးဘားပိတ်ခြင်းက ယာဉ်မီးလောင်မှုကာကွယ်ရေးအတွက် အကောင်းဆုံးဖြစ်



*ဝါယာရှော့ခ်ဖြစ်ပါက အန္တရာယ်ကင်းစေရေးအတွက် အသိရှိထားရန်လိုအပ်သည်*

**မေဝင်းမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၂**

သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအနေဖြင့် ဝါယာရှော့ခ်ဖြစ်သည်ကိုသိရှိပါက ကားဘက်ထရီခေါင်းဖြုတ်ခြင်းနှင့်ဓာတ်ငွေ့အိုးဘားပိတ်ခြင်းက မော်တော်ယာဉ်မီးလောင်မှု မဖြစ်စေရေးအကောင်းဆုံး ကာကွယ်မှုတစ်ခုဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန၊ စီအင်န်ဂျီဌာနမှတာဝန်ရှိသူတစ်ဦးက အကြံပြုပြောကြားသည်။

ပြီးခဲ့သည့်အောက်တိုဘာလ ၃၁ ရက်က စီအင်န်ဂျီတက္ကစီယာဉ်တစ်စီး ဝါယာရှော့ဖြစ်ကာ မီးလောင်ခဲ့သည့်ဖြစ်စဉ်အရစီအင်န်ဂျီမော်တော်ယာဉ်အသုံးပြုသူများ သတိပြုစရာဖြစ်လာသည်။

အဆိုပါ ကိုရိုလာ စီးတီး တက္ကစီယာဉ်သည်အောက်တိုဘာ ၃၁ ရက်၊ နံနက် ၈ နာရီ ၅ မိနစ်ခန့်က ရွှေပြည်သာ ၁ သဘာဝဓာတ်ငွေ့ဆိုင်အနီး၊အမှတ်၄လမ်းမကြီးပေါ် မောင်းနှင်နေစဉ်ကားအတွင်းပိုင်းတွင် ဝါယာရှော့ခ်ဖြစ်သည်ကိုတွေ့ရှိသဖြင့်ယာဉ်မောင်းကဖြူးစ်ကြိုးကို ဖြုတ်ပစ်ခဲ့သည်ဟုဆိုသည်။ ကားတံခါးများပိတ်ကာ ကားရပ်ထားခဲ့ပြီး စက်ပြင်ဆရာကိုခေါ်ရန် ထွက်ခွာသွားခဲ့သည်။ ယာဉ်မောင်း ထွက်သွားစဉ်အတွင်း မော်တော်ယာဉ်မီးလောင်မှုဖြစ်ကာ မီးသတ်ဦးစီးဌာနက ငြိမ်းသတ်နိုင်ခဲ့သည်။

မော်တော်ယာဉ်အတွင်းပိုင်းနှင့်ဓာတ်ငွေ့အိုးမီးလောင်ကျွမ်းခဲ့သော်လည်း ဓာတ်ငွေ့အိုးပေါက်ကွဲမှုမရှိခဲ့ကြောင်း သိရသည်။

ဝါယာရှော့ခ်ကြောင့် မော်တော်ယာဉ်မီးလောင်မှုမှာ မကြာခဏဖြစ်ပွားလျက်ရှိသဖြင့် လုံခြုံစိတ်ချ အန္တရာယ်ကင်းစေရေးအတွက် Safety ဆိုင်ရာအခြေခံအချက်များကိုသိရှိနားလည်အောင် လုပ်ဆောင်သင့်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

# စာနယ်ဇင်းလွတ်လပ်ခွင့် မရှိပါက ဒီမိုကရေစီမရနိုင်ဟု လွှတ်တော်ကော်မတီ ဥက္ကဋ္ဌပြောကြား

**သီဟ**

**နေပြည်တော်၊အောက်တိုဘာ-၃၀**

စာနယ်ဇင်းလွတ်လပ်ခွင့်သည် ဒီမိုကရေစီပင်ဖြစ်ကာ စာနယ်ဇင်းလွတ်လပ်ခွင့်ရှိပါက ဒီမိုကရေစီရှိမည်ဖြစ်ကာ စာနယ်ဇင်းလွတ်လပ်ခွင့်မရှိပါက ဒီမိုကရေစီမရှိနိုင်ကြောင်း ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်ကပြောသည်။


"အုပ်ချုပ်နေတဲ့ အစိုးရပဲဖြစ်စေကာမူ မဟုတ်တာလုပ်ရင်ပြည်သူ့ဆန္ဒနဲ့ဆန့်ကျင်နေရင် စာနယ်ဇင်းကတစ်ဆင့် ကန့်ကွက်ပြောဆိုနိုင်ခွင့်ရှိရမယ်။ အစိုးရပေါ်လစီပင်ဖြစ်စေကာမူ အကျိုးသင့်အကြောင်းသင့် ဝေဖန်နိုင်စွမ်းရှိရမယ်"ဟု သူရဦးအေးမြင့်ကပြောသည်။သူရဦးအေးမြင့်က ယနေ့နေ့လယ်ပိုင်း လွှတ်တော်ဝင်းအတွင်းရှိ အားကစား၊ယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ရုံးခန်း၌ကျင်းပပြုလုပ်သည့် ပြည်တွင်းမီဒီယာများနှင့် ပထမအကြိမ် လွတ်လပ်စွာတွေ့ဆုံပွဲတွင် အထက်ပါအတိုင်းပြောကြားသွားခြင်းဖြစ်သည်။

တွေ့ဆုံပွဲတွင် လက်ရှိမီဒီယာများ ရင်ဆိုင်နေကြရသည့် အခက်အခဲများနှင့်ပတ်သက်၍ မီဒီယာများဘက်မှ လွတ်လပ်စွာတင်ပြဆွေးနွေးခွင့်ရရှိခဲ့ကြပြီး ကော်မတီအနေဖြင့်လည်း အစိုးရအဖွဲ့အစည်းမဟုတ်သဖြင့် ကြားနာမှုများပြုလုပ်ကာ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်ဟုကတိပြုသွားသည်။

7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

# ရှက်တတ်တာ အထက်တန်းစားစိတ်

အာဝါသ



"ဟေ့ဒို့က အရှက်နဲ့လူလုပ်တာကွ၊ မင်းမရှက်ပေမယ့် ဒို့ရှက်တယ်" ဆိုတဲ့ အပြောမျိုး ဇာတ်ကွက်ဇာတ်လမ်းတချို့ထဲမှာရော၊ ပြင်ပမှာပါ ရံဖန်ရံခါဆိုသလို ကြားရတတ်ပါတယ်။ ဒီစကားမျိုးက လူ့အဖြစ်လူ့သိက္ခာကို မြှင့်တင်ထိန်းသိမ်းရာရောက်တဲ့ သဘောမျိုးဆောင်နေသလိုပါပဲ။ ဘာကြောင့်လဲဆိုတော့ ရှက်စိတ်ဟာ လူကလွဲပြီး တခြားဘယ်သက်ရှိသတ္တဝါမှာမှ ရှိတတ်တာမဟုတ်တဲ့ အကြောင်း ယေဘုယျအားဖြင့် လက်ခံသတ်မှတ်ထားခြင်းဆိုတဲ့ လူ့ဂုဏ်ကို ထိန်းသိမ်းနိုင်ကြတာမဟုတ်ပြန်ပါဘူး။ ရှက်တတ်တယ်ဆိုတဲ့ အတိုင်း တကယ်ရှက်သူ၊ မှန်မှန်ကန်ကန် ရှက်တတ်သူတွေ ရှိပေမယ့် တချို့ကိုတော့ ဟန်ဆောင်ရှက်သူ၊ အရှက်နည်းသူတွေအဖြစ်နဲ့ တွေ့ရတတ်ပါသေးတယ်။

ဟီရိဩတ္တပ္ပခေါ်တဲ့ ပါဠိစကားရဲ့ မြန်မာပြန်အနက်ကို "အရှက်အကြောက်"လို့တစ်ပေါင်းတည်း ပြောဆိုသုံးနှုန်းရင်းရှိပေမယ့် "အရှက်"နဲ့ "အကြောက်" ဟာ အဓိပ္ပာယ်ချင်း ကွဲပြားသလို သဘောသဘာဝချင်းလည်းခြားနားနေပါတယ်။ ကြောက်စိတ်က လူရဲ့ မွေးရာပါ ပင်ကို "သဘာဝစိတ်" ဖြစ်ပြီး ရှက်စိတ်က အလေ့အကျင့်နဲ့သင်ယူမှုကို အခြေခံတဲ့ "တုပစိတ်"ဖြစ်တယ်လို့စိတ်ပညာတွေ့ရှိချက်များက ဖွင့်ဆိုထားပါတယ်။ မွေးကင်းစကလေးတစ်ယောက်ဟာ ကိုယ်ခန္ဓာမှာ ဗလာကျင်းနေတာကို မရှက်တတ်သေးပေမယ့် သက်ရောက်မှုတစ်ခုခု(ဥပမာ။ အသံ၊ အကောင် စသည်)ရှိလာတယ်ဆိုရင်တော့ သဘာဝအလျောက် ကြောက်တတ်နေပါပြီ။ ဒီလိုနဲ့ လူမှန်းသိတတ်စအရွယ်လောက်မှာ စတင်ပေါ်ပေါက်လာလေ့ရှိတဲ့ လူရဲ့ ရှက်စိတ်ဟာ တွေ့ကြုံခံစားမှုနဲ့ အခြေအနေအဖြစ်အပျက်တွေကို အကြောင်းခံပြီး ပြောင်းလဲဖြစ်ပေါ်လေ့ရှိတယ်လို့ ဆိုပါတယ်။

အရှက်ကို "အတွင်းရှက်" နဲ့ "အပြင်ရှက်" ရယ်လို့ ပညာရှင်တွေခွဲခြမ်းစိတ်ဖြာလေ့လာခဲ့ကြပါတယ်။ အတွင်းရှက်ဆိုတာက စာရိတ္တနဲ့ကိုယ်ကျင့်တရားဆိုင်ရာ အမူကိစ္စအကြောင်း အချက်တွေပေါ် မူတည်ဆက်စပ်နေတာဖြစ်ပြီး အပြင်ရှက်က လူ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာတွေကို အခြေခံတဲ့ အနေအထိုင်၊ အပြောအဆို၊ ဝတ်စားဆင်ယင်မှုတွေနဲ့ ပတ်သက်နေပါတယ်။ အတွင်းရှက်၊ အပြင်ရှက် နှစ်မျိုးမှာ သိလျက်မြင်လွယ်တဲ့ အပြင်ရှက်က အပေါ်ယံကိစ္စတွေကြောင့် ဖြစ်လာတာမို့ ပြုပြင်ဆင်ခြင်ဖို့ သိပ်အခက်ကြီးမဟုတ်လှပေမယ့် လူတွေရဲ့ စာရိတ္တနဲ့ ယှဉ်တဲ့ အတွင်းရှက်မျိုးမှာကျတော့ သိသာမြင်သာ မရှိသလို ရှက်စရာအပြုအမူတစ်ခုကို ကျူးလွန်ဖန်တီးသူ ကာယကံရှင်ကိုယ်တိုင်က ဆင်ခြင်ဖို့ထက် အသိခေါက်ခက် အဝင်နက်ဆိုသလို တလွဲဆံပင်ကောင်းနေတတ်တာကြောင့် သက်ရောက်ထွက်ပေါ်လာတဲ့ အကျိုးဆက်ဆိုရင်လည်း ဖွယ်ဖွယ်ရာရာ မြင်ရလေ့မရှိပါဘူး။

ကမ္ဘာပေါ်က လူမျိုးတိုင်း၊ နေရာဒေသတိုင်းမှာ မိမိတို့ ရိုးရာယဉ်ကျေးမှုနဲ့ ကိုက်ညီဆီလျော်တဲ့ ဝတ်စားဆင်ယင်မှုနဲ့ နေထိုင်ဆက်ဆံမှုဓလေ့ထုံးတမ်းတွေရှိကြပါတယ်။ ဘယ်လောက်ပဲ ရိုင်းပြသူဖြစ်လင့်ကစား အဝတ်အစားမပါဘဲ နေထိုင်တယ်မတွေ့ရတာဟာ အပြင်ရှက်အတွက် စောင့်ထိန်းရခြင်းလို့ ဆိုနိုင်ပါတယ်။ ရိုင်းစိုင်းတယ်ဆိုရာမှာလည်း လူ့အသိုင်းအဝိုင်းနဲ့ ပတ်ဝန်းကျင်ရဲ့ အကန့်အသတ်တွေအတိုင်း ရှက်စိတ်ကတစ်ဆင့် ပြုပြင်ပြောင်းလဲပေးသွားတာဖြစ်ပါတယ်။ လူမျိုးတစ်မျိုးနဲ့ တစ်မျိုးယဉ်ကျေးမှု ပုံစံချင်းမတူလို့ ဝတ်ပုံစားပုံ၊ ပြောဆိုနေထိုင်ပုံတွေ ကွဲပြားနေပေမယ့် ကိုယ်ပိုင်ယဉ်ကျေးမှုအလိုက် အရှက်ကိုထိန်းသိမ်းကာကွယ်တယ်ဆိုတဲ့ အခြေခံ အသိတရားချင်းတော့ မကွာခြားလှပါဘူး။ တစ်ခုပဲရှိတာက ကနေ့ကာလရဲ့ယဉ်ကျေးမှု ရောယှက်လာမှုတွေကြောင့် ပြောင်းလဲသွားရတဲ့ ဝတ်စားနေထိုင်မှု အသွင်သဏ္ဌာန်တချို့နဲ့ ပတ်သက်လို့တော့ ယိုသူရှက်ရှက် မရှက်ရှက်မြင်သူကခြွင်းချက်ထားပေးရုံတတ်နိုင်မယ်ထင်ပါတယ်။

လူ့အသိုင်းအဝိုင်းထဲ လျစ်လျူရှုထားဖို့မဖြစ်တာက အတွင်းရှက်ပါ။ အတွင်းရှက်ဆိုတာ မမှန်တာကို မလုပ်ဝံ့တဲ့ စိတ်မျိုးကို ဆိုလိုပါတယ်။ ရှက်စိတ်ဟာ မိမိတန်ဖိုးထားတတ်သူတွေမှာသာ ပေါ်ပေါက်ဖြစ်တည်နိုင်တာမို့ မရှက်တတ်သူဟာ သူတစ်ပါးအပေါ် စာနာစိတ်လည်းမထားတတ်သလို မဟုတ်တာ၊ မမှန်တာ၊ မတရားတာလုပ်ဖို့လည်း ဝန်မလေးတဲ့ အလျောက် လူ့တန်ဖိုးကင်းမဲ့သူတစ်ယောက်သာဖြစ်နေပါတော့တယ်။ လောကမှာ သိက္ခာရှိတဲ့ လူဆိုတာ အများနည်းတူ မကြီးပွားမချမ်းသာရင်နေ၊ မှန်ကန်မှုတရားမျှတမှုကို မျက်ကွယ်ပြုပြီး မိုးခါးရေလိုက်မသောက်တတ်တဲ့ လျှာပေါ်မြက်ပေါက်ခံမယ့်လူစားမျိုးကို ခေါ်တာဖြစ်ပါတယ်။

လူတစ်ယောက်နဲ့ တစ်ယောက်အရှက်ကိုအလေးထားရှုမြင်ပုံချင်းကွာခြားနေတာကြောင့် အပြုအမူနဲ့ လုပ်ရပ်တွေကိုလည်း အမျိုးမျိုးအပြားပြား တွေ့နိုင်ပါတယ်။ နေ့စဉ်ဘဝထဲက ရှက်စရာအဖြစ်အပျက်တွေမှာ ခရီးသည်ရဲ့ ပိုက်ဆံပြန်အမ်းဖို့ ထပ်တလဲလဲ သတိပေးခြင်းခံရတဲ့ ဘတ်စ်ကားစပယ်ယာလိုအဖြစ်မျိုးတွေကနေ မကြာသေးမီ ပြီးခဲ့တဲ့တစ်နှစ်က မိသားစုလာဘ်စားမှုအရှုပ်တော်ပုံသတင်းကြောင့် အရှက်ကြီးရှက်ရလို့တောင်ထိပ်ကနေ ခုန်ချပြီး အဆုံးစီရင်သွားတဲ့တောင်ကိုရီးယားသမ္မတ "ဂိုမူဟွန်း"လိုသင်ခန်းစာယူစရာဖြစ်ရပ်မျိုးတွေအထိပါဝင်နေနိုင်ပါတယ်။ ၂၀၀၃ ခုနှစ်က ၂၀၀၈ ခုနှစ်တွေအတွင်း သမ္မတတာဝန်ထမ်းဆောင်ခဲ့တဲ့ "ဂိုမူဟွန်း" ဟာ သူ့လက်ထက်မှာ ရန်သူမြောက်ကိုရီးယားနဲ့ နွေးထွေးတဲ့ဆက်ဆံရေးကို တည်ဆောက်ဖော်ဆောင်နိုင်ခဲ့ရုံမက နိုင်ငံရဲ့ လာဘ်စားမှုတိုက်ဖျက်ရေး အစီအမံတွေကိုလည်း အောင်အောင်မြင်မြင်စွမ်းဆောင်နိုင်ခဲ့တာကြောင့် ဂုဏ်သတင်းကောင်းရှိခဲ့သလို ကိုယ်တိုင်ကလည်း သူ့ကိုယ်သူ အသန့်ရှင်းဆုံးနိုင်ငံရေးသမားအဖြစ်လက်မထောင်နိုင်ခဲ့တဲ့အတိုင်း အငြိမ်းစားယူပြီးတဲ့နောက် သူသမ္မတဖြစ်နေစဉ် ဇနီးအပါအဝင် သူ့ဝန်ထမ်းတွေရဲ့ လာဘ်စားမှုပြဿနာတွေအတွက် တရားရုံးမှာ ၁၀ နာရီကြာ စစ်မေးခံလို့အပြီး အခုလိုအဆုံးစီရင်သွားခဲ့တာပါ။

တစ်ခါက ကိုယ်တိုင် ရှက်ခဲ့ရဖူးတဲ့ အတွေ့အကြုံတစ်ခုကိုလည်း (မျက်နှာပူပူနဲ့ပဲကိုယ်လို မကြုံကြရလေအောင်) ပြောပြရဦးမယ်။ ဖြစ်ပုံက သွားရင်းလာရင်း မခံမရပ်နိုင်ဖြစ်လွန်းလို့ လမ်းကြားတစ်ခုမှာ အခင်းလေးကိစ္စဖြေရှင်းမိပါတယ်။ ဇောတစ်ဖက်နဲ့ လူသွားလူလာကိုသတိထားကြည့်နေရတာမို့ ပြီးလုပြီးခင်ရောက်မှ နေရာမှာ တွေ့လိုက်ရတဲ့ စာက "ခွေးများသေးပေါက်ရန်နေရာ" တဲ့။ ဒီစာကြောင့်ပြုဆဲကိစ္စလည်း ရပ်တန့်ခဲ့ရသလိုတော်တော်လည်း ရှက်မိသွားပါတယ်။ နောက်နောင် ဒီစာတန်းမျိုးဘယ်မှာ တွေ့တွေ့ စိတ်နာစရာအဖြစ်ပြန်သတိရပြီး လူစင်စစ်က ရိုင်းရိုင်းစိုင်းစိုင်းခွေးနဲ့ အနှိုင်းခံရတဲ့ဒါမျိုးကိစ္စတွေလည်း ပပျောက်သွားစေချင်နေတော့တယ်။

တချို့က ရှက်စရာကို ရှက်စရာလို့မြင်ပြီး ပြုပြင်ဆင်ခြင်မယ့်အစား ဂုဏ်တောင်ယူနေကြသူတွေရှိတတ်ပါတယ်။ ကံအလှည့်သင့်တယ်ပဲပြောပြော၊ စိုင်ကော်လို့ချုံပေါ်ရောက်တယ်ပဲခေါ်ခေါ် ဘယ်သူမဆို ကိုယ်ပိုင်အစွမ်းအစနဲ့ကိုယ်ပိုင်အရည်အချင်း မပါဘဲ ချမ်းသာကြီးပွားနေတာဟာ လူတစ်ယောက်ရဲ့ တကယ့်အောင်မြင်မှု အစစ်လို့ မဆိုနိုင်ပါဘူး။ အများအားဖြင့် တွေ့ရတတ်တဲ့ ရပ်ကွက်ထဲ၊ လမ်းထဲ လောင်းကစားလုပ်ငန်းနဲ့ အဆင်ပြေနေသူတွေ၊ နေရာကောင်း၊အခွင့်ကောင်းရလို့ ဟုန်းခနဲထတောက်သူတွေ၊ လက်လုပ်လက်စားဆင်းရဲသားနင်းပြားတွေထံက အဆမတန်အတိုးအမြတ်တွေနဲ့တိုက်ဆောက်၊ ကားစီးနေနိုင်သူတွေဟာ အခြေခံကိုက ဖြတ်လမ်းပေါ် ခွကျော်နင်းလျှောက်ခဲ့တာ ဖြစ်လေတော့ ကိုယ်ဘယ်ဘဝ၊ဘယ်အခြေအနေကလာတယ်ဆိုတာ ပြန်သတိမရတော့ဘဲရှက်တတ်ဖို့နေနေသာသာ မိုးမမြင်၊ လေမမြင်ဘယ်သူ့မှ လူမထင်ဆိုတာမျိုးတွေအထိ ဖြစ်ကုန်တော့တာပေါ့။ ပြောပြန်ရင်မနာလိုလို့ဖြစ်ဦးမယ်။ ဒါကိုပဲ သူများထက်အကွက်မြင်လို့၊ ကြံရည်ဖန်ရည်ရှိလို့ အခွင့်အလမ်းကို အသုံးချတတ်လို့ဆိုတဲ့ အတုအယောင်ဂုဏ်ပုဒ်တွေနဲ့ ကိုယ့်ကိုယ်ကို ကြံဖန်ချီးမွမ်းခန်းဖွင့်နေတတ်သေးသလို ပိုဆိုးတာက တစ်ခါတစ်ခါမှာ ဒီလိုလူစားမျိုးတွေကပဲ ဆရာဒေါက်တာသန်းထွန်းပြောခဲ့သလို အရပ်က လေးစားခံရအောင် ဘုရားအော် ရှိခိုးပြီးအခွင့်သင့်တိုင်း နေရာ ဝင်ယူချင်ကြသေးတယ်။ သူတို့မို့ ရှက်ရမှန်းမသိတာပြောပါတယ်။

စည်းစိမ်ဥစ္စာတို့၊ ရာထူးအာဏာတို့ဆိုတာ တည်မြဲတာမဟုတ်ပါဘူးလို့ သိတော့သိနေကြတယ်။ သိရုံတင်မကဘူး တချို့ဆိုသေရင်ယူသွားလို့မှ မရတာဘဲလို့လည်း တရားသံနှောပြီး ပြောတတ်ကြသေးတယ်။ တကယ့်တကယ်က တချို့အဖြစ်အပျက်တွေမှာ အဲဒီထိအောင်တောင် မခံလိုက်ပါဘူး။ ငွေပဲဖြစ်ဖြစ်၊ ရာထူးအာဏာပဲဖြစ်ဖြစ်ရှိတုန်းက ရှိသလို၊ တန်ခိုးကြီးထွားစဉ်က ကြီးထွားသလိုမောက်မာမင်းမူခဲ့ကြသူတွေဟာအဲဒါတွေမဲ့ပြီလည်းဆိုရော မရှက်နိုင်ကြတော့ဘဲ ချက်ချင်းဆိုသလို လေသံရောဟန်ပန်ပါပြောင်းသွားတတ်တယ်။ ဒါကြောင့်အထက်နားမှာ ပြောခဲ့သားမဟုတ်လား။ မရှက်တတ်ရင် တစ်ပါးသူတွေအပေါ်လည်း စာနာတတ်တာမဟုတ်ပါဘူးလို့။ အစကတည်းကရှက်လည်း ရှက်တတ်၊ လုပ်ရပ်လည်း မှန်ခဲ့မယ်ဆိုရင် အခြေအနေအလှည့်အပြောင်းမှာလူတကာကိုအောက်ကျို့ခံလိုက်တောင်းပန်နေဖို့ လိုအပ်ပါ့မလား။

လူ့တန်ဖိုးကိုစည်းကမ်းလို့ဆိုရင် ရှက်တတ်တာ လူ့သိက္ခာလို့ပြောရပါမယ်။ ငွေ၊ ပညာ၊ အာဏာတွေတစ်ခုမှ မရှိလည်း လူ့သိက္ခာမကင်းမဲ့သူတိုင်း လူရာဝင်နိုင်ပါတယ်။ လူဆိုတာ အတ္တဇီဝအခြေခံရှိတဲ့ သတ္တဝါဖြစ်တာမှန်ပေမယ့်လူ့သိက္ခာမဲ့လောက်အောင်တော့ အတ္တစိတ်တွေ မထားရှိသင့်ဘူးပေါ့။ ကိုယ့်အပြုအမူ၊ ကိုယ့်လုပ်ရပ်တိုင်းကို သူများတွေ မသိနိုင်ပေမယ့် ကိုယ့်ကိုယ်ကိုယ် လိပ်ပြာသန့်နေဖို့တော့ အရေးကြီးတယ်။ လူ့သိက္ခာဆိုလို့လည်း ကြီးကြီးကျယ်ကျယ်တွေ အတွေးပွားပြီး စဉ်းစားနေဖို့မလိုပါဘူး။ ဘဝအကြောင်း မကောင်းလို့ ဈေးပဲရောင်းရ ရောင်းရ၊ ခွေးပဲ မောင်းရမောင်းရ ဆိုပါတော့၊ လမ်းသွားရင်း စည်းကမ်းမဲ့ အမှိုက်ပစ်တာနဲ့ ကွမ်းတံတွေးထွေးတာ၊ ပစ္စည်းမှန် ဈေးမှန်မပြောဘဲ လိမ်ညာအလေးခိုးရောင်းတာ၊ ဘတ်စ်ကားပေါ်မှာ တန်းမတူသူတွေနဲ့ ယှဉ်ပြီး နေရာလုတာ၊ အုပ်စုတောင့်ရင်တောင့်သလို သန့်ရှင်းမျှတတဲ့ အားကစားစိတ်ဓာတ်ကို ပစ်ပယ်ပြီး ဘောလုံးပွဲမှာ ဗရုတ်သုတ်ခလုပ်တာ အဲဒါမျိုးတွေကိုတော့ လူ့သိက္ခာအတွက် အနိမ့်ဆုံးလိုအပ်တဲ့အောင်မှတ်လို့သတ်မှတ်ဖို့ခက်တာပေါ့။

"လူနေချို့ကြား စိတ်နေဘုံဖျား" လို့ ဆိုထားပါရော၊ အဲဒါကြောင့်ပြောတာ။ ရှက်တတ်သူတိုင်းဟာ အထက်တန်းစားတွေပါလို့။ ။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

# Current Affairs

Vol.10, No.34 • NOVEMBER 10, 2011

## ယောချောင်းနံဘေး ကျေးရွာများရှိ ရေဘေးသင့်အိမ်ထောင်စုများကို နေရာရွှေ့ပြောင်းရန်စီစဉ်

**နေလင်းထွန်း**

**ဆိပ်ဖြူ**

**နိုဝင်ဘာ-၆**

၂နှစ်ဆက်တိုက် ရေကြီးမှုအန္တရာယ်နှင့်ကြုံတွေ့ခဲ့ရသော ယောချောင်းကမ်းနံဘေးရှိ ကျေးရွာများမှ ရေဘေးသင့် အိမ်ထောင်စုများအား နေရာပြောင်းရွှေ့ရန်ဆောင်ရွက်လျက်ရှိကြောင်း ၄င်းကျေးရွာအုပ်ချုပ်ရေးမှူးများထံမှ သိရသည်။

လာမည့်နှစ်များတွင် ရေဘေးအန္တရာယ်ထပ်မံကျရောက်နိုင်သည့် အခြေအနေရှိနေခြင်းကြောင့် ရေဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော အိမ်ထောင်စုများအား ရေလွတ်နေရာများသို့ ပြောင်းရွှေ့ရန်ဆောင်ရွက်နေခြင်းဖြစ်ပြီး ရွာလုံးကျွတ်ပြောင်းရွှေ့ကြမည့် ရွာများလည်းရှိကြောင်း ဆိပ်ဖြူမြို့နယ်၊ ဆိုက်ခမ်းကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

စာသင်ကျောင်းရဲ့ အရှေ့ဘက်ကုန်းမြင့်ရေလွတ်တဲ့နေရာမှာ ကွက်သစ်ရိုက်ချပေးမယ်။၆၁ အိမ်ပဲရွှေ့မယ်။ကျန်တဲ့အိမ်တွေက ရွှေ့ဖို့စိတ်ကူးမရှိတဲ့အတွက် လက်ရှိနေရာမှာပဲ ဘာဖြစ်ဖြစ်ဆက်နေမယ်ပြောတယ်။ပေ ၄၀-၆၀ အကျယ်ကို မြေပိုင်ရှင်နဲ့ ကျပ်တစ်သိန်းနဲ့ညှိထားတယ်။မြောက်ရွာမကတော့တစ်ရွာလုံးရွှေ့ရမယ်ပြောတယ်”ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ဆိုက်ခမ်းကျေးရွာသည် အိမ်ထောင်စုပေါင်း ၃၄၀စုနေထိုင်လျက်ရှိ၍ ရေဘေးကြောင့် မျောပါပျက်စီးဆုံးရှုံးခဲ့သောအိမ်ခြေမှာ ၂၇၂စုရှိကာ လူသေဆုံးမှုမရှိကြောင်းသိရသည်။



ဆိုက်ခမ်းကျေးရွာတွင် ကျေးရွာပြောင်းရွှေ့ရေး အစည်းအဝေးပြုလုပ်နေကြစဉ် ဓာတ်ပုံ-နေလင်းထွန်း

ယောချောင်းနံဘေးတွင် တည်ရှိသော ပခုက္ကူမြို့နယ်ရှိ ဝါဇီကျေးရွာသည်လည်း ရေဘေးကြောင့် အိမ်ခြေ ၁၅၃ ပျက်စီးဆုံးရှုံးခဲ့ပြီး အိမ်ခြေ ၅၂အိမ်အား နေရာပြောင်းရွှေ့ပေးရန်ဆောင်ရွက်နေကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူကဆိုသည်။

“ပြောင်းရွှေ့မယ့်နေရာတွေက ယာမြေပိုင်ရှင်တွေရှိတဲ့အတွက် အဲ့ဒီနေရာတွေကို ကွက်သစ်ရိုက်ပြီး ဂရန်ပေးတယ်။ မြေပိုင်ရှင်ကို သူကြိုက်တဲ့မြေကွက်ငါးကွက်ကို ပေးလိုက်တယ်။ ရေဘေးသင့်ပြီး ပြောင်းရွှေ့မယ့်သူတွေကတော့ မဲနှိုက်ရမယ်။အခမဲ့မြေနေရာရမယ်ပေါ့”ဟု ၄င်းကပြောသည်။

ယောချောင်းရေစီးဆင်းမှုကြောင့် ယခုနှစ်ရေကြီးမှုဖြစ်ပွားခြင်းသည် ယခင်နှစ်ထက်သုံးဆခန့်ပိုမိုဆိုးဝါးခဲ့သည့်အတွက်ချောင်းကမ်းနံဘေးရှိ ကျေးရွာများအနေဖြင့် နေအိမ်များနှင့်စိုက်ပျိုးမြေများပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

“လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ်ကျော်လောက်က ရေတိုးတာကြုံဖူးတယ်။ ရေမတိုးတာကြာပြီပေါ့။ မနှစ်ကနဲ့ ဒီနှစ် ၂နှစ်ဆက်တိုက် ရေတိုးတာနဲ့ ကြုံရတာပဲ။ဒီနှစ်က အဆိုးဆုံးပဲ”ဟု ပခုက္ကူမြို့နယ်ရှိ ဆိပ်ဖြူကျေးရွာမှ အသက် ၇၀ ကျော်အဘွားအိုတစ်ဦးက ဆိုသည်။

## မြန်မာနိုင်ငံ၏အလွန်အပြုသဘောဆောင်သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုခြေလှမ်းများ အမေရိကန်မြင်တွေ့

**အားမာန်**

နိုဝင်ဘာလဆန်းပိုင်းတွင် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် ဒဲရက်မစ်ရှဲလ်နှင့် အမေရိကန်နိုင်ငံ၏ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာဗျူရိုရုံးမှ လက်ထောက်အတွင်းရေးမှူး မိုက်ကယ်လ်ပိုစနာတို့နှစ်ဦးကို နိုဝင်ဘာ ၄ရက် ညနေပိုင်းသတင်းထောက်၆ဦးနှင့် တွေ့ဆုံရှင်းလင်းစဉ် 7Day News က မေးမြန်းခဲ့သောမေးခွန်းနှင့် ၎င်းတို့၏အဖြေများကိုစာဖတ်ပရိသတ်များ အတွက်ကောက်နုတ်ဖော်ပြလိုက်ပါသည်။

ဒဲရက်မစ်ရှဲလ်မှာ မြန်မာနိုင်ငံသို့ ၎င်း၏ တတိယမြောက်ခရီးစဉ်အဖြစ် နိုဝင်ဘာလ ၂ရက်မှ ၄ရက်အထိ လာရောက်ခဲ့ခြင်းဖြစ်ပြီး မိုက်ကယ်ပိုစနာမှာ၎င်း၏ ပထမဆုံးခရီးစဉ်အဖြစ် နိုဝင်ဘာလ ၁ ရက် မှ ၄ရက်အထိ လာရောက်ခဲ့ခြင်းဖြစ်သည်။

**တကယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးကောက်ပွဲကော်မရှင်မှာမှတ်ပုံတင်ပြီး ရွေးကောက်ပွဲဝင်မယ်ဆိုရင် အမေရိကန်အစိုးရရဲ့ တုံ့ပြန်မှုက ဘာများဖြစ်ပါမလဲ။**

ပိုစနာ - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မှတ်ပုံတင်ခြင်းကိစ္စနဲ့ပတ်သက်လို့ဒီမှာရှိတဲ့လူတွေအားလုံးရဲ့ဆန္ဒ၊ နေရာတိုင်းမှာရှိတဲ့လူတွေအားလုံးရဲ့ဆန္ဒက ပွင့်ပွင့်လင်းလင်းယှဉ်ပြိုင်နိုင်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်စဉ်ရှိဖို့ပါပဲ။ နိုင်ငံတိုင်းမှာရှိတဲ့ လူတွေအားလုံးကလည်း သူတို့တွေရဲ့နိုင်ငံရေးအမြင်တွေနဲ့ လိုအင်ဆန္ဒတွေကို ပွင့်ပွင့်လင်းလင်းဖော်ထုတ်နိုင်စွမ်းရှိရပါမယ်။ အဲဒါဟာ ကျွန်တော်တို့ရဲ့ ဆန္ဒဖြစ်သလို ရွေးကောက်ပွဲမှာ ပါဝင်စေချင်တဲ့ဆန္ဒလည်းဖြစ်ပါတယ်။ သူတို့မှာ မှတ်ပုံတင်ဖို့ အခွင့်အလမ်းရှိသလား။ ပွင့်ပွင့်လင်းလင်း မဲဆွယ်စည်းရုံးပြီး ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်နိုင်ပါသလား။ ဒီစကားကို ကျွန်တော် ဒီမှာလည်းပြောတယ်။ ကျွန်တော်သွားရောက်တဲ့ နိုင်ငံတိုင်းမှာလည်း ပြောတယ်။

**မြန်မာအစိုးရက ၂၀၁၄ အာဆီယံ အလှည့်ကျဥက္ကဋ္ဌရာထူးရဖို့ ကြိုးပမ်းမှုအပေါ် ဘယ်လိုများ မှတ်ချက်ပေးချင်ပါသလဲ။**

ဒဲရက်မစ်ရှဲလ် - အာဆီယံ ၂၀၁၄ ရဲ့အဖြေက ရှင်းပါတယ်။ အဲဒီကိစ္စက အာဆီယံပေါ်မှာပဲ မူတည်ပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းက အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးလာသွားတာ ကျွန်တော်သိပါတယ်။ သူ ဒီကိစ္စကိုလည်းပြောသွားပါတယ်။သူက အာဆီယံအဖွဲ့ဝင်နိုင်ငံတွေကို အကြံပြုပါလိမ့်မယ်။

**အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ်မှာ ချမှတ်ထားတဲ့ စီးပွားရေးအရ ပိတ်ဆို့မှုတွေကို ဖယ်ရှားပေးဖို့အတွက် မြန်မာနိုင်ငံမှာ ဘယ်လိုလိုအပ်ချက်တွေရှိနေပါသလဲ။**

ဒဲရက်မစ်ရှဲလ် - စီးပွားရေးအရပိတ်ဆို့မှုတွေ ရုပ်သိမ်းခြင်းနဲ့ပတ်သက်လို့ပြောရရင် အကောင်းဆုံးကတော့ စီးပွားရေးပိတ်ဆို့မှုကို အာရုံမထားဘဲ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ပိုစနာ စောစောကပြောခဲ့သလို စစ်မှန်တဲ့ပြုပြင်ပြောင်းလဲမှုများ ရှိတယ်ဆိုတဲ့ အထောက်အထားများရှိခဲ့ ရင် ကျွန်တော်တို့ကလည်း ထိုသို့ကြိုးပမ်းမှုများမှာ ပူးပေါင်းပါဝင်သူများ ဖြစ်ပါလိမ့်မယ်။

စီးပွားရေးအရ ပိတ်ဆို့မှုဆိုတာက ကျွန်တော်တို့ရဲ့(မူဝါဒရေးရာ)ချဉ်းကပ်ပုံ၊ ချဉ်းကပ်နည်းတစ်ရပ်ရဲ့ အခေါ်အဝေါ်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ပြုပြင်ပြောင်းလဲမှုတွေကိုမြင်တွေ့လာတာနဲ့အမျှ အဲဒီပြုပြင်ပြောင်းလဲမှုကြိုးပမ်းချက်တွေကို အထောက်အကူပြုမယ့် လိုအပ်ချက်တွေမှာကျွန်တော်တို့ပါဝင်ပါမယ်။ အရေးယူပိတ်ဆို့မှုတွေက ဘာလဲဆိုတာ စားပွဲပေါ်မှာ ချပြထားပါတယ်။ ကျွန်တော်တို့ကလည်း ပြုပြင် ပြောင်းလဲမှုတွေကိုမြင်တွေ့နေပါတယ်။ ပိတ်ဆို့အရေးယူမှုက အမေရိကန်ဥပဒေသဖြစ်ပါတယ်။ ကျွန်တော်တို့က ကွန်ဂရက်လွှတ်တော်မှာ ဆွေးနွေးကြပါမယ်။ သူတို့(အမေရိကန်လွှတ်တော်အမတ်များ)ကလည်း ဒီပြုပြင်ပြောင်းလဲမှုတွေကိုမြင်တွေ့ဖို့လိုပါတယ်။ သူတို့က စစ်မှန်တဲ့ပြုပြင်ပြောင်းလဲမှုတွေ(Genuine Reform၊ Evidence of Genuine Reform)ကို မြင်တွေ့ဖို့လိုပါတယ်။ ခံစားနိုင်ဖို့လည်းလိုပါတယ်။ ကျွန်တော်တို့ ဒီအဆင့်တွေကို ကျော်လွှားသွားနိုင်ဖို့လိုပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့က မြန်မာအစိုးရရဲ့ ဆောင်ရွက်ချက်တွေကို အနီးကပ်စောင့်ကြည့်သွားမှာပါ။ အစိုးရရဲ့ ပြုမူချက်တွေကို ပြည်သူတွေက တုံ့ပြန်မယ်။ ပြည်သူတွေက ဘယ်လိုတုံ့ပြန်မလဲဆိုတာကိုလည်း ကျွန်တော်တို့ စောင့်ကြည့်သွားပါမယ်။ ပြည်သူတွေဆီက တူညီတဲ့တုံ့ပြန်မှုကိုပြန်ရမယ်။ အခုချိန်ထိတော့ အလွန် အပြုသဘောဆန်တဲ့ခြေလှမ်းတွေ(Very Positive Step)၊ အပြုသဘောဆောင်တဲ့ လက္ခဏာ (Positive Gesture)တွေ မြင်တွေ့နေရပါပြီ။ ဒါ့ကြောင့်မို့ ကျွန်တော်တို့(အမေရိကန် အစိုးရ)က ဘယ်လိုဆက်လက်ဆောင်ရွက်ရမယ်ဆိုတာကိုစတင်စဉ်းစားနေပါပြီ။ စီးပွားရေးပိတ်ဆို့မှုတွေကိုရုပ်သိမ်းဖို့ပိုမိုခိုင်မာတဲ့ခြေလှမ်းတွေကို မြင်တွေ့ရဖို့လိုပါတယ်။ မြန်မာနိုင်ငံအပေါ် ကန့်သတ်ချက်တွေကိုလည်း အခုကတည်းက စတင်လျှော့ချလာခဲ့ပါပြီ။ ဥပမာ-ခရီးသွားလာမှုမျိုးပေါ့။ အဲဒီတော့ကျွန်တော်တို့ဘက်ကလည်း စတင်လှုပ်ရှားနေပါပြီ။

## ငွေလဲကောင်တာ ၆ ခုက တစ်လကျော်အတွင်း မြန်မာငွေ ၃၃ ဘီလီယံတန်ဖိုးရှိ နိုင်ငံခြားငွေများ ဝယ်ယူ

**အောင်သူရ၊ ပြည်သိမ်း**

**ရန်ကုန်၊ နိုဝင်ဘာ- ၄**

ရန်ကုန်မြို့ သိမ်ဖြူဆိပ်ကမ်းတွင် ဖွင့်လှစ်ထားသော ငွေလဲကောင်တာ၆ ခုက ရက်ပေါင်း ၃၄ ရက်အတွင်း (နိုင်ငံခြားငွေ ၄ မျိုး) မြန်မာကျပ်ငွေ ၃၃ ဘီလီယံတန်ဖိုးခန့် ဝယ်ယူခဲ့ရကြောင်း အဆိုပါစင်တာမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အောက်တိုဘာ ၁ရက်မှ နိုဝင်ဘာ ၃ရက်အထိ အမေရိကန်ဒေါ်လာ သန်း ၂၀ နှင့် အက်ဖ်အီးစီ ၁၉သန်းခန့်ဝယ်ယူခဲ့ရကြောင်း အဆိုပါ တာဝန်ရှိသူက ပြောသည်။

ထိုငွေလဲကောင်တာ ၆ခုမှ အဆိုပါကာလအတွင်း ပြန်လည်ရောင်းချရသည့် နိုင်ငံခြားငွေမှာမူ အမေရိကန်ဒေါ်လာ တစ်သန်းနှင့် အက်ဖ်အီးစီ ဒသမ ၃၈သန်းသာရှိခဲ့သည်။

“နိုင်ငံခြားငွေက ငါးသိန်းထိပဲ ဘဏ်တွေမှာ ထားလို့ရတာ။ ဝယ်ရတဲ့ငွေမှာ ငါးသိန်းကျော်တာကို ဗဟိုဘဏ်မှာ အပ်ထားရတယ်”ဟု ပုဂ္ဂလိကဘဏ်တွင် တာဝန်ထမ်းဆောင်နေသည့် ညွှန်ကြားရေးမှူးတစ်ဦးကပြောသည်။

အဆိုပါစာရင်းကိုကြည့်၍ ငွေကြေးဆိုင်ရာကျွမ်းကျင်သူတစ်ဦးက “ဒေါ်လာဝယ်လိုအားကျနေတာကိုပြတာ။ အဲဒီလို ဝယ်လိုအားကျနေတဲ့အတွက် ဈေးကလည်း ကျလာဦးမှာပဲ”ဟု သုံးသပ် ပြောသည်။

ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များက ၂၀၁၀ နှစ်ဆန်းပိုင်းမှစ၍ စီးပွားရေးလုပ်ငန်းများ မကောင်းခဲ့သဖြင့် ပြည်တွင်း နိုင်ငံခြားငွေဝယ်လိုအား ကျဆင်းခဲ့ကြောင်း သုံးသပ်ကြသည်။

ငွေလွှဲကောင်တာစတင်ဖွင့်လှစ်သော အောက်တိုဘာ ၁ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ၈၃၀ ကျပ်ဖြင့် ဝယ်ယူပေးခဲ့သော်လည်း တဖြည်းဖြည်း ဈေးကျဆင်းလာခဲ့ရာ နိုဝင်ဘာ ၇ ရက်တွင် အမေရိကန်တစ် ဒေါ်လာလျှင် ၇၈၀ ကျပ်ဈေးသာ ရှိတော့သည်။

ထို့အပြင် ငွေလွှဲကောင်တာ စဖွင့်ပြီး နှစ်ပတ်အတွင်း ငွေပမာဏ သောင်းဂဏန်း အလွယ်တကူ ရောင်းချနိုင်သော်လည်း ယခုအခါ သတ်မှတ်ထားသော အချက်သုံးချက်မပြည့်စုံပါက ဒေါ်လာ ၅၀၀ ခန့်သာ ရောင်းချနိုင်သည်။

အောက်တိုဘာ ၂၄ရက်မှစ၍ ရောဝတီဘဏ်၊ AGD ဘဏ် အပါအဝင် ပုဂ္ဂလိက ဘဏ်အချို့က ရန်ကုန်မြို့အပါအဝင်အခြားသော မြို့ကြီးများရှိ လူစည်ကားရာနေရာများတွင် ငွေလွှဲကောင်တာများဖွင့်လှစ်လာကြသည်။ ငွေလွှဲကောင်တာများက ဝယ်ယူပေးသောနိုင်ငံခြားငွေလေးမျိုးမှာ အမေရိကန်ဒေါ်လာ၊ အက်ဖ်အီးစီ၊ ယူရိုနှင့် စင်ကာပူ ဒေါ်လာတို့ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

## စားသောက်ဆိုင်၊ ဈေးဝယ်စင်တာနှင့် ဆီဆိုင်များတွင် ATM ကတ်ဖြင့်ဝယ်နိုင်ရန် ဘဏ်အချို့ ပြင်ဆင်နေ

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ နိုဝင်ဘာ- ၇**

စားသောက်ဆိုင်များ ဈေးဝယ်စင်တာများ ဟိုတယ်များ၊ ဓာတ်ဆီဆိုင်များတွင် ATM ကတ်ဖြင့် ဝယ်ယူနိုင်ရန် posing of sale စနစ်ကို ပုဂ္ဂလိကဘဏ်များက စတင်နေကြကြောင်းအဆိုပါ ဘဏ်အသိုင်းအဝိုင်းမှ သတင်းရရှိ သည်။

ATMကတ်စနစ်ကိုပုဂ္ဂလိကဘဏ်အချို့တွင် ယခုလတွင် စတင်လုပ်ကိုင်နေပြီး ဗဟိုဘဏ်မှ ခွင့်ပြုချက်ရပါက POS ဝန်ဆောင်မှုကိုပါ ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သမဝါယမ (CB)ဘဏ်မှ မန်နေဂျင်းဒါရိုက်တာဦးဖေမြင့်က ပြောသည်။

"ဒီဝန်ဆောင်မှုရရင် စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေ သွားရင် ငွေကိုင်ပြီး သွားစရာ မလိုတော့ဘူး"ဟု အထက်ပါ ပုဂ္ဂိုလ်ကရှင်းပြသည်။

လောလောဆယ်ယင်းစနစ်မျိုးကို ကုမ္ပဏီအုပ်စုအတွင်း သက်ဆိုင်သည့် လုပ်ငန်းအချို့၌ တင်နေပြီဖြစ်ကြောင်း လက်ရှိအခြေအနေတွင် Premierကတ်စနစ်ဖြင့် ကမ်းခြေဟိုတယ်အချို့၊ ဓာတ်ဆီဆိုင်၊ ပန်းလှိုင်ဆေးရုံတို့တွင် စမ်းသပ်စတင်လုပ်ကိုင်နေကြောင်းဦးဖေမြင့်ကပြောသည်။

POS စနစ်သည်ပုဂ္ဂလိက ဘဏ်များအတွက်ဝန်ဆောင်မှုတစ်ခုဖြစ်ပြီး မြန်မာ့ပေးမန့်ယူနီယမ် MPU အကောင်အထည်ဖော်လာပါက နိုင်ငံတွင်းယင်းစနစ်ချိတ်ဆက်ထားသည့်နေရာတိုင်းတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။

## Lonely Planet က ရွေးချယ်သော ခရီးသွားရန် အကောင်းဆုံး၁၀နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံပါဝင်

**အောင်သူရ**

**ရန်ကုန်၊ နိုဝင်ဘာ-၂**

ကမ္ဘာလှည့်ခရီးသွားများ၏ ယုံကြည်မှုရရှိထားသော Lonely Planet ခရီးသွားလမ်းညွှန်စာအုပ်က ရွေးချယ်သော ၂၀၁၂ ခုနှစ် ခရီးသွားရန် အကောင်းဆုံး ၁၀ နိုင်ငံ စာရင်းတွင် မြန်မာနိုင်ငံ ပါဝင်လာကြောင်း သတင်းရရှိသည်။

Lonely Planet က ရွေးချယ်ခဲ့သော ၂၀၁၂ ခုနှစ် ကမ္ဘာ့အကောင်းဆုံးခရီးသွား ၁၀ နိုင်ငံထဲတွင်ပထမအဖြစ်ယူဂန်ဒါ၊ဒုတိယနိုင်ငံအဖြစ် မြန်မာနိုင်ငံအား ဖော်ပြထားပြီး တတိယအဖြစ်ယူကရိန်းနိုင်ငံအားဖော်ပြထားသည်။

နေအိမ်အကျယ်ချုပ်မှ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာပြီး အဖွဲ့လိုက်မဟုတ်သော ခရီးသွားများအား မြန်မာနိုင်ငံသို့ ပြန်လည်လာရောက်ရန် ဖိတ်ခေါ်ခဲ့သော ဆုံးဖြတ်ချက်ကြောင့်ဖြစ်သည်ဟုလည်း ဖော်ပြထားသည်။

"ဒီသတင်းကမင်္ဂလာသတင်းပဲ၊ ဆုရတာထက်ပိုကောင်းတယ်။ ဒီနာမည်မပျက်အောင် ဆက်ထိန်းသိမ်းရမယ်"ဟု ရန်ကုန်မြို့ အခန်း၃၀ပါဟိုတယ်ဖွင့်လှစ်ထားသော ဟိုတယ်ပိုင်ရှင်တစ်ဦးက ရွေးချယ်ခံရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်၍ Lonely Planet က ထုတ်ပြန်ချက်တွင် ရွှေတိဂုံစေတီတော်အကြောင်းအား ဖော်ပြထားပြီး တောင်ကုန်းများ၊ သဲအဖြူရောင်ကမ်းခြေများ၊ ဝိုင်းရံထားသော စွန်ပုံသဏ္ဌာန်ရှိသည့် နိုင်ငံဟုညွှန်းဆိုထားသ ည်။

ထို့အပြင် နိုင်ငံတွင်း၌လည်း ရှေးဟောင်းမြို့များ၊မရေတွက်နိုင်သော ဘုရားများနှင့် ပုဂံဒေသအကြောင်းကိုလည်း ဖော်ပြထားသည်။

"တခြားစိတ်ဝင်စားစရာက ကမ္ဘာမှာ သဘောအကောင်းဆုံး လူသားတွေ အဲဒီမှာရှိတယ်" ဟုလည်း တင်စားထားသည်။

Lonely Planet ခရီးသွားလမ်းညွှန်စာအုပ်သည် ကမ္ဘာ့လှည့်ခရီးသွားများ လက်စွဲစာအုပ်ဖြစ်ပြီး ယခင် ဩစတြေးလျနိုင်ငံက ထုတ်ဝေခဲ့သော်လည်း ပြီးခဲ့သည့်နှစ်ကစ၍ ဘီဘီစီသတင်းဌာနသို့ ရောင်းချခဲ့ကြောင်း သိရသည်။

Lonely Planet က ၂၀၁၂ ခုနှစ်အတွက် ရွေးချယ်ခဲ့သော ခရီးသွားရန်အကောင်းဆုံး ၁၀နိုင်ငံမှာ ယူဂန်ဒါ၊ မြန်မာ၊ ဂျော်ဒန်၊ ဂျာဗား၊ ယူကရိန်း၊ ဒိန်းမတ်၊ ဘူတန်၊ ကျူးဘား၊ နယူးကာလီဖိုးနီးယား၊ ထိုင်ဝမ်နှင့် ဆွစ်ဇာလန်နိုင်ငံတို့ဖြစ်သည်။ ၂၀၁၁ခုနှစ်ကလည်း ထိုကဲ့သို့ ရွေးချယ်ခဲ့ပြီး ရွေးချယ်ခံနိုင်ငံတွင်ပါဝင်ခဲ့သည့်ဂျပန်နိုင်ငံက ထိုနှစ်ကစ၍ ကမ္ဘာလှည့်ခရီးသည်များ တိုးတက်ရရှိလာခဲ့ကြောင်း ခရီးသွားလုပ်ငန်း လုပ်ကိုင်သူတို့က သုံးသပ်သည်။

ယခုနှစ် ခရီးသွားရာသီအတွက် ဒီဇင်ဘာလအထိ ရရှိထားသောစာရင်းဇယားများအရယမန်နှစ်ကထက် ၂၅ရာခိုင်နှုန်း တိုးတက်လာနိုင်ကြောင်းမြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူးက သုံးသပ်ထားပြီး နိုဝင်ဘာလအတွက် ရန်ကုန်မြို့ရှိဟိုတယ်များ အခန်းပြည့် ရရှိထားကြောင်း သိရသည်။


ဦးပိန်တံတားပေါ်တွင်တွေ့ရသည့် နိုင်ငံခြားသားဧည့်သည်များ

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)






# ငွေကြေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများဆက်လက်ဆောင်ရွက်မည်

အားမာန်

ရန်ကုန်၊ နိုဝင်ဘာ- ၇

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန နှင့်ဥရောပသမဂ္ဂ(အီးယူ)တို့ပူးပေါင်း၍ ကျင်းပသောအလုပ်ရုံဆွေးနွေးပွဲမှပေါ် ထွက်လာသည့် အကြံပြုချက်များနှင့်အညီ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ပြုပြင် ပြောင်းလဲမှုများနှင့် ဖြေလျှော့မှုများကို အင်တိုက်အားတိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးလှထွန်းကပြောကြားသည်။**

နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တွင် ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ကျင်းပသော ငွေရေးကြေးရေးကဏ္ဍ၏အရေးပါမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အဖွင့်အမှာစကားပြောကြားရာတွင်ဦးလှထွန်းက "ဒီဆွေးနွေးပွဲမှာဖြစ်ထွန်းပေါ်ပေါက်လာတဲ့ အကြံပြုချက်များနှင့် အညီမြန်မာနိုင်ငံရဲ့ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြုပြင်ပြောင်းလဲမှုများနှင့်ဖြေလျှော့မှုများကို အင်တိုက်အားတိုက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ထို့အပြင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက "ဒီကနေ့ ဆွေးနွေးပွဲကနေ မြန်မာနိုင်ငံရဲ့ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ပြီးပြည့်စုံတဲ့ ရှေ့လုပ်ငန်းစဉ်တစ်ရပ် ထွက်ပေါ်လာနိုင်မယ်လို့ ယုံကြည်တယ်။ သို့မှသာ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြင့်မားစေပြီး ဆင်းရဲမှု လျှော့ကျသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် အခုကျင်းပမယ့်အလုပ်ရုံဆွေးနွေးပွဲမှာလည်း ဘဏ္ဍာရေးနဲ့ ငွေရေးကြေးရေးကဏ္ဍဆိုင်ရာ အကြံကောင်း၊ ဉာဏ်ကောင်းများ ဆောင်ရန်၊ ရှောင်ရန်များ၊ ပြုပြင်သင့်သည့်အချက်များ ထွက်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်"ဟု ဆက်လက်ပြောသည်။

ဗဟိုဘဏ်နှင့် အီးယူတို့ပူးပေါင်း၍ ပထမဆုံးကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးနိုဗယ်ဆုရ ဒေါ်အောင်ဆန်းစုကြည်တက်ရောက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်မှာ ဦးလှထွန်း၊ အီးယူအဖွဲ့ခေါင်းဆောင်သံအမတ်ဒေးဗစ်လစ်မန်း၊ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိမ်းတို့၏ အမှာစကား ပြောကြားမှုနှင့် စာတမ်းရှင် နှစ်ဦး၏စာတမ်း ဖတ်ကြားဆွေးနွေးအပြီး ၁၁နာရီအကျော်တွင် အခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စာတမ်းရှင် ရှစ်ဦးက စာတမ်းများဖတ်ကြားပြီး၊ ဆွေးနွေးပွဲကို အပိုင်း ၅ ပိုင်းခွဲ၍ ကျင်းပခဲ့သည်။ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေကြေးကဏ္ဍအကူအညီများ၏ အရေးပါမှု၊ ဘဏ်လုပ်ငန်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်မှု၊ ဗဟိုဘဏ်၏ တောင့်တင်းခိုင်မာမှု၊ စည်းကမ်းထိန်းကျောင်းမှုနှင့် ကြီးကြပ်စစ်ဆေးမှု၊ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များဟူ၍ဖြစ်သည်။ ယခု သတင်းရေးသားချိန် ဆွေးနွေးပွဲပထမရက်နေ့ဝက်အထိ ထူးခြားမှုမှာ စာတမ်းဖတ်ကြားမှုများအပြီး အပြန်အလှန်ဆွေးနွေးခြင်းကဏ္ဍကို အလေးပေးထည့်သွင်းထားခြင်းဖြစ်သည်။ ထို့အပြင် စာတမ်းရှင်များ၊ ဝင်ရောက်ဆွေးနွေးသူများ၊ မေးခွန်း မေးမြန်းသူများ၏ ဆွေးနွေးမေးမြန်းမှုများမှာ ပွင့်လင်းမှုရှိသည်ကိုလည်း တွေ့ရသည်။ နှစ်ရက်ကြာ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသော အကြံဉာဏ်၊ နည်းလမ်းနှင့် အစီအမံများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလတို ကာလရှည် စီမံကိန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက်၊ဌာနအလိုက်ချမှတ်တာဝန်ပေးသွားမည်ဖြစ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ပြောသည်။



မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်းဘဏ်ချေးငွေနှင့်အပ်ငွေအတိုးနှုန်းများကို လျှော့ချခြင်း၊ နိုင်ငံခြားငွေ ငွေလဲကောင်တာများကို ဖွင့်လှစ်ခွင့်ပြုခြင်း၊ ဘဏ်တွင်အပ်နှံထားသည့် ငွေများ ဆုံးရှုံးမှုမဖြစ်စေရန်နှင့် ဘဏ်လုပ်ငန်း စနစ်တကျ တည်ငြိမ်မှုရှိစေရန် အပ်ငွေအာမခံလုပ်ငန်း(Deposit Insurance)ကို ပြီးခဲ့သည့် အောက်တိုဘာလမှစတင်၍ လုပ်ကိုင်ခွင့်ပြုခြင်းစသော ပြုပြင်ပြောင်းလဲမှုအချို့ကိုပြုလုပ်ခဲ့သည်။ ထို့အပြင် တစ်ခုတည်းသော နိုင်ငံခြား ငွေလဲနှုန်း သတ်မှတ်ရေးအတွက်လည်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အကြံဉာဏ်များရယူကာ ပူးပေါင်းဆောင်ရွက်နေပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဦးလှထွန်းကပြောကြားခဲ့သည်။

"အခုချိန်မှာ မြန်မာနိုင်ငံအနေနဲ့ ပြုပြင်ပြောင်းလဲမှုများဟာ အတိုင်းအတာတစ်ခုထိ တိုးတက်မှုရရှိနေပြီလို့ ဆိုနိုင်ပါတယ်။ နိုင်ငံခြားဘဏ်များအား မြန်မာနိုင်ငံအတွင်း လုပ်ကိုင်ခွင့်ပေးတဲ့အခါမှာ ဘဏ်လုပ်ငန်းကဏ္ဍဟာ လုပ်ငန်းများ ဘယ်လောက်ထိ ရောက်စွာ အကောင်အထည်ဖော်နိုင်ပြီဆိုတာ သိရှိနိုင်မယ်ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ပမှ ယှဉ်ပြိုင်နိုင်မှုကို ကောင်းစွာ ရင်ဆိုင်နိုင်မယ့် ခိုင်မာတောင့်တင်းတဲ့ ငွေကြေးတစ်ရပ်တည်ဆောက်နိုင်ဖို့ မရှိမဖြစ် အရေးပါလျက်ရှိပါတယ်။ ပြည်ပဘဏ်များ မဝင်ရောက်လာမီ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ဘဏ်အရာထမ်းများရဲ့ စွမ်းဆောင်မှု မြှင့်တင်ဖို့ အထူးလိုအပ်ပါတယ်"ဟုလည်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းပြောကြားခဲ့သည်။

အီးယူ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် သံအမတ်ဒေးဗစ်လစ်မန်းကလည်း မြန်မာနိုင်ငံ၏ ငွေကြေးကဏ္ဍနှင့် ဘဏ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာ၏ သင်ခန်းစာများကို ရယူပြီး ယခုအလုပ်ရုံဆွေးနွေးပွဲမှ ပညာရှင်များ၏ အကြံဉာဏ်များကို ရယူဆောင်ရွက်မည်ဟု ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောခဲ့သည့်အတွက် များစွာဝမ်းမြောက်ကြောင်းပြောကြားသည်။

ဦးလှထွန်းကလည်း အီးယူက လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများပေးအပ်ပါက ဝမ်းမြောက်ဝမ်းသာစွာ လက်ခံမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။








■ နန်းအိမ်ရိပ်(ဆေး-၁)

# အနာဂတ်အတွက် လက်ဆင့်ကမ်း

ကျွန်မက ဆရာဝန်ဘွဲ့ရပြီး ပြင်ပသင်ဆရာမဘဝနဲ့ ပျော်မွေ့နေတဲ့သူပါ။ တက္ကသိုလ်ဝင်တန်းဇီဝဗေဒ သင်ရိုးမှာပါတဲ့ ထူးကဲခြင်း (သို့မဟုတ်)၊ လိုက်လျောညီထွေစွာပြုပြင်ပြောင်းလဲခြင်း (Adaptation) ဆိုတဲ့ အကြောင်းအရာတချို့ကိုကျောင်းသား၊ ကျောင်းသူများကို သင်ပေးရင်းနဲ့ အတွေးနယ်ချဲ့မိပါတယ်။

အရင်တုန်းက ကျွန်မတို့တွေ အေးလာရင် စောင်ခြုံတယ်။ ပူလာရင်ယပ်ခတ်တယ်။ ရာသီဥတုနဲ့ လိုက်လျောညီထွေဖြစ်အောင်ပေ့ါ။ အခုခေတ်မှာတော့ အေးသော ရာသီဥတုကို ရင်ဆိုင်ဖို့အပူပေးတဲ့ကိရိယာမျိုးစုံ၊ ပူသော ရာသီဥတုအတွက် အအေးပေးစနစ်မျိုးစုံကို ကျွန်မတို့ရနိုင်နေပါပြီ။ နည်းပညာတွေ တိုးတက်လာတဲ့အခါ ကျွန်မတို့ သဘာဝတရားကို လွန်ဆန်နိုင်ပြီ။ ခံနိုင်ရည်ရှိပြီ။ အဲဒီလိုတွေ ပြောနိုင်လောက်အောင်ကို တိုးတက်မှုတွေ မြန်ဆန်တာ အံ့သြဖွယ်ရာပါ။

ကမ္ဘာပျက်ရင် ပြောင်းရွှေ့နေထိုင်နိုင်ဖို့ အင်္ဂါဂြိုဟ်ကို လေ့လာနေကြတယ်။ အသက်ရှင်ရပ်တည်နိုင်ဖို့အတွက် လူသားတွေရဲ့ လိုက်လျောညီထွေပြောင်းလဲခြင်း (Adaptation)ပါ။ အိုမင်းခြင်း (aging)ဆိုတာကို တွန်းလှန်နိုင်ဖို့ (cells)(ဆဲလ်)အသစ်တွေပွားပေးနိုင်မယ့် နည်းလမ်းကို ပညာရှင်တွေ လေ့လာနေကြတယ်။ ဘယ်တော့မှ မအိုနိုင်အောင်ပေ့ါ။

အဲဒီလို ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုတွေနောက်ကိုလိုက်ရင်း ကျွန်မတို့အားလုံး ကျေနပ်နေကြတော့မှာလား။

ကျွန်မ စာသင်ခဲ့တဲ့ သက်တမ်း ဆယ်နှစ်ကျော်ကျော်မှာ သတိထားမိလာတာက ဆယ်ကျော်သက်တွေရဲ့ ကိုယ်ရည်ကိုယ်သွေး၊ အတွေးအခေါ်၊ ကိုယ်ကျင့်တရား၊ တန်ဖိုးထားမှုတွေ ပြောင်းလဲလာတယ်။ အဲ့ဒီလို ပြောင်းလဲလာရာမှာတော့ကောင်းသော ပြောင်းလဲခြင်းကို ဦးတည်လာတယ်လို့ ကျွန်မ မခံစားမိဘူး။ အများစုကိုပြောတာပါ။

ကျွန်မ ဆရာဝန်ဘွဲ့ရပြီးမှ အင်တာနက်ကို အသုံးပြုဖူးတယ်။ သုံးခွင့်ရတဲ့အချိန်မှာ နောက်ကျသွားပါလားလို့ ခံစားမိတယ်။ ကျွန်မသိချင်တာတွေ၊ လေ့လာချင်တာတွေ အများကြီးကို တစ်နေရာစီမှာ ရှိနေကြပေမယ့် နီးနီးလေးလို စကားပြောခွင့်ရတယ်။ အတွေ့အကြုံတွေ ဖလှယ်ခွင့်ရတယ်။ နည်းပညာတိုးတက်မှုတွေရဲ့ ကျေးဇူးကြီးမားပါဘိ။

အင်တာနက်ဆိုင်တွေမှာ လူငယ်တွေကို မြင်ရတော့ ကျွန်မဝမ်းသာတယ်။ ဂျီတော့ခ်ထဲမှာ ကျွန်မဆီဝင်လာတဲ့အကောင့်တွေနဲ့ စကားပြောကြည့်တယ်။ ဆယ်ယောက်လောက်နဲ့ ပြောမိရင် ကိုးယောက်ပြောလာတာက ရည်းစားစကား။ အချိန်တွေ၊ ပိုက်ဆံတွေ နှမြောလိုက်တာ။ "ခုတ်ရာတခြား၊ ရှရာတစ်လွဲ" ဖြစ်နေပါပြီ။

ကျွန်မ ကွန်ပျူတာမတတ်လို့ဘွဲ့ရပြီးမှ ကွန်ပျူတာသင်တန်းပြန်တက်ရတယ်။ အဲဒါပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်အောင် ကျွန်မကိုယ်ကျွန်မ Adapt လုပ်တာပဲ။

ဒါပေမဲ့ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုတွေရဲ့နောက်ကို စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုပါ၊ ပါမလာရင် အနှစ်သာရ မရှိနိုင်တော့ဘူး။ အသုံးချပုံမှားယွင်းရင် အကျိုးတရား မမှန်နိုင်ဘူး။

လူငယ်တွေအားလုံးအတွက် လူကြီးတွေမှာ တာဝန်ရှိတယ်။ သားသမီးတွေ အားလုံးအတွက် မိဘတွေမှာ တာဝန်ရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေ အားလုံးအတွက် ဆရာ၊ ဆရာမတွေမှာ တာဝန်ရှိပါတယ်။

လူကြီးတွေကလည်း လူငယ်တွေနဲ့ အမြင်မတူတာနဲ့ဘဲ မျက်နှာလွှဲထားတော့မှာလား။ လက်တွဲခေါ်သင့်ပါတယ်။ မိဘတွေကလည်း ကလေးတွေအတွက် ရုပ်ပိုင်းဆိုင်ရာ လိုအပ်တာကို ဖြည့်ဆည်းပေးရုံနဲ့ လုံလောက်ပြီလို့ အသိပညာ၊ အတတ်ပညာ၊ ကိုယ်ကျင့်တရား၊ ယဉ်ကျေးမှုစတာတွေကို လေ့ကျင့်သင်ကြားပေးနိုင်မှ ဥယျာဉ်မှူးကောင်း ပီသနိုင်မှာပါ။

အခုခေတ်မှာ သူများဆံပင်ဆေးဆိုးရင် လိုက်ဆိုးတယ်။ ဆံပင်ထောင်ရင်လိုက်ထောင်တယ်။ ရည်းစားထားရင်လိုက်ထားတယ်။ အများကြီးပါပဲ။ ခေတ်မီအောင် ကြိုးစားနေကြတာ။ အားသွန်ခွန်စိုက်ပေ့ါ။ လူကြီးသူမရှေ့မှာ ခေါင်းငုံ့သွားရင် စတိုင်ပျက်တယ်လို့ယူဆတယ်။ အခြေခံယဉ်ကျေးမှုဆိုတာကို မကြားဖူးဘူး။ ရိုင်းစိုင်းတဲ့အပြောအဆို၊ အပြုအမူတွေကို ခေတ်ယဉ်ကျေးမှုတစ်ခုလိုလက်ခံထားကြတယ်။ ရည်မှန်းချက်မရှိဘဲ လမ်းပျောက်နေကြတယ်။ မှားနေမှန်း မသိနိုင်ဘဲ ဆက်လျှောက်နေကြတယ်။ သူတို့တွေကိုတဖြည်းဖြည်းချင်း ပြုပြင်ပြောင်းလဲပေးဖို့ ကျွန်မတို့အားလုံးမှာ တာဝန်ရှိပါတယ်။ တစ်နိုင်တစ်ပိုင်ပေ့ါ။ တစ်ဦးတစ်ယောက်ချင်းစီက တက်ညီလက်ညီကြိုးစားပေးကြရင် တစ်ချိန်ချိန်မှာ ကျွန်မတို့မြင်ချင်တဲ့ လူချွန် လူကောင်းလေးတွေကို မြင်ခွင့်ရမှာပါ။

ကျွန်မဆေးကျောင်းသူဘဝမှာ ကျွန်မတို့ရဲ့ ဆရာကြီးတစ်ယောက်ပြောဖူးတာကို သတိရမိပါတယ်။ "မင်းတို့တွေတတ်အောင်သင်ကြ၊ ငါတို့အသက်ကြီးလာရင် မင်းတို့ဆီမှာပြန်ကုရမှာ" တကယ့်ကို အမှန်တရားပါ။ ကျွန်မတို့အားလုံးရဲ့ ကံကြမ္မာဟာ သူတို့ရဲ့လက်ထဲမှာပါ။

ဆရာဝန်တွေ ဆေးမကုတတ်တော့ရင်၊ အင်ဂျင်နီယာတွေ တိုက်မဆောက်တတ်တော့ရင် ပညာရှင်တွေ နည်းပါးလာရင် ကျွန်မတို့ရဲ့ အနာဂတ်ဟာ ရင်လေးစရာပါ။

လူငယ်တိုင်းကိုချစ်ခင်သော စိတ်ထားနဲ့ ပြုစုပျိုးထောင်ပေးဖို့ လူကြီးတွေဖြစ်တဲ့ ကျွန်မတို့အားလုံးမှာ တာဝန်ရှိပါတယ်။

သားသမီးတိုင်းအတွက် မိဘတွေမှာ တာဝန်ရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူတိုင်းအတွက် ဆရာ၊ ဆရာမတွေမှာ တာဝန်ရှိပါတယ်။ စာဖတ်သူတိုင်းအတွက် စာရေးဆရာ၊ စာရေးဆရာမတွေမှာ တာဝန်ရှိပါတယ်။ ပရိသတ်တိုင်းအတွက် အနုပညာရှင်တွေမှာ တာဝန်ရှိပါတယ်။ ပြည်သူတိုင်းအတွက် အစိုးရမှာ တာဝန်ရှိပါတယ်။ ကျွန်မတို့အားလုံး တာဝန်ကျေပွန်ကြရင် မဝေးလှသော အနာဂတ်မှာ . . . ထိုင်တည်းရနိုင်တာကိုး (Connection ကောင်းရင်ပေ့ါလေ)၊ တကယ့်ကို စွယ်စုံကျမ်းကြီးလိုပါပဲ။

ကျွန်မနဲ့ ဝေးကွာသွားတာကြာပြီဖြစ်တဲ့ သူငယ်ချင်းဟောင်းတွေနဲ့ ပြန်ဆုံခွင့်ရတယ်။ ကမ္ဘာရဲ့ တာ။ အခုခေတ်လူငယ်တွေ သူများအင်တာနက်သုံးလို့ လိုက်သုံးတယ်။ အဲဒါလည်း Adapt လုပ်တာပဲ။ ကွန်ပျူတာသုံးနေတဲ့ခေတ်မှာ လက်နှိပ်စက်ရိုက်ပြီး ကျန်နေခဲ့လို့မှ မရတာ။ ယူဆနေကြပြီလား။ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေကို ဂရုပြုသင့်ပါတယ်။

ဆရာ၊ ဆရာမတွေက လည်း စာသင်ပေးရုံနဲ့တာဝန်ကျေသွားပြီလား။ ပြန်တွေးကြည့်သင့်နေပါပြီ။

JOKE

## အတော်ဆုံးလူ

လေယာဉ်ငယ်တစ်စင်းပေါ်တွင် လူလေးယောက်လိုက်ပါလာသည်။ လေယာဉ်မှူး၊ ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်၊ ကမ္ဘာတွင် အတော်ဆုံးအတတ်ဆုံးလူသားနှင့် ပန့်လူငယ်တစ်ယောက်တို့ဖြစ်သည်။

ပျံသန်းနေရင်း မကြာခင်ပြဿနာပေါ်လာသောအခါ လေယာဉ်ပျက်ကျတော့မည်ဖြစ်ကြောင်း၊ သို့သော်လေယာဉ်ပေါ်တွင် လေထီးသုံးခုသာပါကြောင်း လေယာဉ်မှူးကပြောသည်။

ကမ္ဘာ့အချမ်းသာဆုံးလူသားက သူသာ အသက်မရှင်လျှင် ၎င်း၏ ရှေ့နေများက ကျန်လူများအား တရားစွဲလို့ဆုံးမှာမဟုတ်တော့ဟုဆိုကာ လေထီးတစ်ခုကိုယူပြီး ခုန်ဆင်းသွားသည်။

ကမ္ဘာ့အတော်ဆုံးအတတ်ဆုံးဆိုသူကလည်း သူမရှိလျှင် ကမ္ဘာသူ၊ ကမ္ဘာသားများ ဒုက္ခရောက်ရချည်ရဲ့ဟုပြောဆိုပြီး လေထီးတစ်ခုကိုယူ၍ လေယာဉ်ပေါ်မှ ခုန်ဆင်းသွားသည်။

ဤတွင် လေယာဉ်မှူးက ပန့်လူငယ်အား "ကဲ ဒါဆို မင်းနဲ့ငါနဲ့ပဲ ကျန်တဲ့လေထီးတစ်ခုကို အသေအကျေလုရတော့မှာပေ့ါ" ဟု ဆိုလိုက်ရာ လူငယ်က "အဲလိုလုပ်ဖို့မလိုပါဘူး။ လေယာဉ်မှူးကြီးရယ်။ ကမ္ဘာ့အတော်ဆုံးဆိုတဲ့လူက ကျွန်တော့်ကျောပိုးအိတ်ကိုယူပြီး ခုန်ချသွားတာ" ဟု ဆိုပါတော့သည်။

## ကလေးအမြင်

ကျွန်တော်၏ လေးနှစ်အရွယ် သမီးငယ်လေးသည် အိမ်ထောင်ပြုသည်ဆိုခြင်းကိုနားလည်ရခက်နေသဖြင့် ရုပ်ပုံကားချပ်များနှင့်ဆိုလျှင် သူပိုပြီးသိနားလည်လွယ်မှာပဲဟု တွေးတောရင်း ကျွန်တော်တို့မင်္ဂလာဆောင်ဓာတ်ပုံအယ်လ်ဘမ်ကို ထုတ်ပြီးရှင်းပြလိုက်သည်။

ဓာတ်ပုံများကြည့်ပြီးသောအခါ 'သမီးမရှင်းတာရှိသေးလား' ဟုမေးလိုက်ရာ သမီးငယ်လေးက "ဩော် . . . မေမေက အဲ့ဒီအချိန်ကတည်းက သမီးတို့အတွက် အလုပ်လာလုပ်ပေးနေတာပေ့ါနော် . . . ဖေဖေ" ဟု ရေရေလည်လည်သဘောပေါက်သွားဟန်ဖြင့်ပြောပါတော့သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနို၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွင့်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : editor@7daynewsjournal.com

7Day News Hotline : 73032006

7 DAY NEWS JOURNAL

# Business

Vol.10, No.34 • NOVEMBER 10, 2011



# အင်းလေလံနှုန်းထားများ အဆများစွာ မြင့်မားလာ

**သန်းဌေး**

**ရန်ကုန်၊ နိုဝင်ဘာ- ၃**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အင်းလေလံဈေးနှုန်းများသည်ပြီးခဲ့သည့်နှစ်ပေါက်ဈေးထက် အဆများစွာ မြင့်မားလာကြောင်း ယင်းဒေသရှိ အင်းသူကြီးများက ပြောသည်။

ယခုဘဏ္ဍာနှစ်မှ စတင်ကာ အင်းလေလံခွန်ကောက်ခံမှုကို သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနများကို လုပ်ပိုင်ခွင့်ပေးအပ်ခဲ့သည်။

ယခင်ကျပ်နှစ်သိန်းတန်အင်းမှာ ကျပ်ငါးသိန်းဖြစ်လာသကဲ့သို့ ကျပ်သုံးသိန်းတန်အင်းမှာ ဆယ့်ငါးသိန်းဖြစ်ပြီး အချို့မှာ သုံးဆယ့်ငါးသိန်းအထိငွေသွင်းခဲ့ရကြောင်း အင်းသူကြီးများက အသီးသီးပြောကြသည်။ တိုက်ရိုက်ချအင်းမဟုတ်ပါက အပြတ်ပေး၍ ထပ်မံဝယ်ယူကြရကြောင်း ၎င်းတို့ကပြောသည်။

ယခုနှစ် ဇူလိုင် ၂၇ ရက်က မအူပင်မြို့၊ တိုးရွှေဝါခန်းမတွင် လေလံပွဲ၌ အိတ်ပိတ်တင်ဒါဆွဲကြရာမှ အပြိုင်မရှိသော အင်းများလည်းပြီးခဲ့သည့်နှစ်ကထက်ကြမ်းခင်းဈေးမြင့်တက်ခဲ့ကြောင်းသတင်းရရှိသည်။

အင်းလေလံရထားသော အင်းသူကြီးများက ပြီးခဲ့သောနှစ်များကထက်လေလံအခွန်မြင့်မားစွာပေးအပ်ခဲ့ရသော်လည်း ဒေသခံ ရေလုပ်သားများက ဘုံငါးဖမ်းလုပ်ကွက်အဖြစ် လုပ်ကိုင်လိုကြောင်း ဆန္ဒပြတောင်းဆိုမှုများကြောင့်သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးမှအောက်ခြေကျေးလက်များအထိ အင်းသူကြီးများနှင့် ဒေသခံ ရေလုပ်သားများကြား ပဋိပက္ခကို လိုက်လံဖြေရှင်းပေးနေရကြောင်း မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးစိန်သောင်းကပြောသည်။

# အရောင်းကျချိန် ထိန်းသိမ်းစရိတ်ကောက်ခံခြင်းကို ယုဇနပလာဇာဆိုင်ရှင်များ မကျေနပ်

**အောင်သူရ**

**ရန်ကုန်၊ နိုဝင်ဘာ-၁**

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ယုဇနာပလာဇာက နိုဝင်ဘာမှစ၍ ပြုပြင်ထိန်းသိမ်းရေးစရိတ် တစ်ပေပတ်လည်လျှင် ကျပ် ၉၀ ကောက်ခံခြင်းအပေါ် ဆိုင်ရှင်အများစုက မကျေနပ်ကြောင်း သတင်းရရှိသည်။

"အရောင်းအဝယ်မကောင်းဆုံးအချိန်မှာ ဆိုင်လခ အမြင့်ဆုံးဖြစ်လာတဲ့အတွက် အဆင်မပြေတာပါ" ဟု အဆိုပါ ပလာဇာဆိုင်ဖွင့်လှစ်ရောင်းချသူတစ်ဦးက ဆိုသည်။

ပထမထပ်တွင်ဖွင့်လှစ်ထားသည့် တစ်လလျှင် ကျပ် ၁၁ သိန်းခွဲ ဆိုင်လခပေးဆောင်ရသော ယခန်းမှာ အခုထပ်မံကောက်ခံသောနှုန်းဖြင့်ကောက်ခံပါက ကျပ်တစ်သိန်းခွဲ ထပ်ဆောင်းပေးရတော့မည်ဖြစ်သည်။ စာ(၃၄)သို့



## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၇၈၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၇၈၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၂၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၀ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၈၀ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၂၀ | ကျပ် |

၂၀၁၁ နိုဝင်ဘာ ၅ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။
မှတ်ချက်။ ။ပို့ကုန်ရငွေဈေးနှုန်းသည် နိုဝင်ဘာ ၄ ရက်ဈေးဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၃၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၂၄၇ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၈. ၂၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၄ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၈. ၉၉ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၀. ၆၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၁၁၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၆၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၄၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၀၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၈၆ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၀. ၉၆၃၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၆၀၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၁၈၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၅၀၃၂ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၇၅၆. ၁၀၀ |
| ရေနံစိမ်း | စည် | ၁၁၁. ၉၇၀ |
| ငွေ | ၁ အောင်စ | ၃၄. ၀၈၄ |
| ကြေးနီ | ပေါင် | ၃၅၆. ၄၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၇၈၃ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ နိုဝင်ဘာ ၅ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# (၂၇၅) ကြိမ်မြောက်အောင်ဘာလေထီကို အက္ခရာတစ်လုံး တိုးရောင်းမည်

**မေဝင်းမွန်**

**ရန်ကုန်၊ နိုဝင်ဘာ - ၂**

လာမည့်ဒီဇင်ဘာ ၁ ရက်တွင်ဖွင့်လှစ်မည့်(၂၇၅)ကြိမ်မြောက်အောင်ဘာလေသိန်း ထီဖွင့်ပွဲတွင် အက္ခရာ တစ်လုံးတိုးမြှင့်ရောင်းချမည်ဖြစ်ရာ ဆုမဲတန်ဖိုးကျပ်သိန်း ၉၀၀ ကျော် တိုးမြှင့်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။ စာ(၃၄)သို့



7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

# ရွှေဈေး အကျဘက်ရောက်နိုင်သည်ဟူသော ခန့်မှန်းချက်များကြောင့် လက်ကြီးသမားအရောင်းအဝယ်အေး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ- ၅**

ရွှေဈေးကွက်အတွင်း၌ အရပ်ဘက်ဝယ်လိုအား များနေပြီး ရွှေလုပ်ငန်းရှင်အချင်းချင်း ဝယ်လိုအားနည်းနေကြောင်း ဈေးကွက်ကျွမ်းကျင်သူရွှေလုပ်ငန်းရှင်များက ပြောသည်။

အရပ်ဘက်မှ ရွှေဝယ်လိုအား များနေခြင်းမှာ ဈေးကွက်သဘောတရားအရပွဲလမ်းသဘင်ကျင်းပသော ကာလဖြစ်နေခြင်းကြောင့်ဖြစ်ပြီး လုပ်ငန်းရှင်များပြုလုပ်သော ဈေးကွက်အရောင်းအဝယ်နည်းနေသည်မှာ လက်ရှိရွှေဈေးကွက်မှ အကျဘက်သို့ သွားနိုင်သည်ဟူသော ခန့်မှန်းချက်များကြောင့်ဖြစ်သည်ဟု ရွှေဆိုင်လုပ်ငန်းတာဝန်ခံတစ်ဦးက ပြောသည်။

ယခုတစ်ပါတ်တွင်း၌ရွှေဈေးနှုန်းများသည် ကျပ် ၅,၀၀၀ ဝန်းကျင်သာ အတက်အကျဖြစ်နေပြီး ကမ္ဘာ့ရွှေဈေးကို အကျဘက်မှန်းနေခြင်းဖြစ်သည်ဟု ရွှေကုန်သည်တစ်ဦးကသုံးသပ်သည်။

ပြည်တွင်းရွှေဈေးနှုန်းသည် ယခုတစ်ပတ်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၂၅,၀၀၀ ကျပ်ဝန်းကျင်တွင်လည်ပတ်နေခဲ့ပြီး နိုဝင်ဘာ ၄ ရက်တွင် ကမ္ဘာ့ရွှေဈေးအနည်းငယ် တက်ရိပ်ပြခဲ့၍ ၇၃၀,၀၀၀ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ၁,၇၃၅ ဒေါ်လာနှင့် ၁,၇၅၅ ဒေါ်လာကြားတွင် အတက်အကျဖြစ်နေခဲ့သည်။

ပြည်တွင်း ရွှေဈေးနှုန်းမှာ ပုံမှန်အားဖြင့် ကမ္ဘာ့ရွှေဈေးထက် အနည်းဆုံး ကျပ် ၁၀,၀၀၀ နှင့် အထက်မြင့်လေ့ရှိသော်လည်းယခုရက်ပိုင်းတွင် ကျပ် ၄,၀၀၀ နိမ့်ကျခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ယင်းကဲ့သို့ ပြည်တွင်းရွှေဈေးနှုန်းသည် ကမ္ဘာ့ရွှေဈေးထက်နိမ့်နေသည့်တိုင် ဈေးနှုန်းများဆက်လက်ကျဆင်းနေကြောင်း သိရသည်။

"ပြည်တွင်းက ကမ္ဘာ့ဈေးထက်နိမ့်ပေမယ့် ဈေးကျတာက လိုင်းသိပ်မစွဲလို့ ဈေးကျတာပါ"ဟု ရွှေကုန်သည်တစ်ဦးကပြောသည်။

ထို့ကြောင့် အပြင်လိုင်းနှင့် အရောင်းအဝယ်လုပ်မှုများသောအပိုင်းဈေးကွက်မှာ အရောင်းအဝယ်အေးကာပြည်တွင်းဈေးကွက်သီးသန့်သာဖြစ်သော အတည်ဈေးကွက်အရောင်းအဝယ်သာကောင်းနေကြောင်းသိရသည်။

အတည်ဈေးကွက်တွင် အရောင်းအဝယ်များသော ၁၅ ပဲရည်ဈေးနှုန်းမှာ နိုဝင်ဘာ ၅ ရက်၌ ၆၈၃,၈၀၀ ကျပ်ရှိသည်။






## စာ(၃၃) - (၂၇၅)ကြိမ်မြောက် အောင်ဘာလေထီကို အက္ခရာတစ်လုံး တိုးရောင်းမည် မှ

ကမှမအထိအက္ခရာ ၂၅လုံးဖြင့်ရောင်းချပေးမည်ဖြစ်ကာ ယခုဖွင့်လှစ်သည့်(၂၇၄)ကြိမ်မြောက် အောင်ဘာလေသိန်းထီဖွင့်ပွဲထက် ဆုမဲပေါင်း ၂၃၆ ဆု တိုးမြှင့်ခွဲဝေပေးမည်ဖြစ်ပြီး ဆုမဲတန်ဖိုးကျပ် ၉၈၂ သိန်းပိုမိုမည်ဖြစ်ကြောင်းယခုလ ၁ ရက်ကပြုလုပ်သည့်အောင်ဘာလေသိန်းထီဖွင့်ပွဲမှ သိရသည်။

ဆုမဲအရေအတွက်မှာ ကျပ်သိန်း ၁,၀၀၀ တစ်ဆု၊ ကျပ်သိန်း ၅၀၀ တစ်ဆု၊ ကျပ်သိန်း ၃၀၀ သုံးဆု၊ ကျပ်သိန်း ၂၀၀ ငါးဆုနှင့် မင်္ဂလာစုံတွဲကျပ်သိန်း ၁၀၀၊ ၁၄ ဆုအပါအဝင်ဆုမဲပေါင်း ၁၅၀၀၇ ဆုဖွင့်လှစ်သွားမည်ဖြစ်သည်။

အပိုဂုဏ်ပြုဆုငွေပေးခွင့်မပြုတော့သော်လည်းအောင်ဘာလေထီဈေးမှာအရောင်းဆိုင်အချို့တွင်ဈေးမကျသည့်အနေအထားရှိနေဆဲဖြစ်ပြီး မူရင်းဈေး ၂၀၀ကျပ်ဖြင့်ရောင်းချမှုများလည်းရှိလာသည်။

အရောင်းပုံမှန်ဖြင့်သာ သွားနေသည့်ထီဈေးကွက်မှာ အက္ခရာထပ်တိုးလိုက်သည့်အတွက် အားစိုက်ရောင်းရမည့် အနေအထားရှိနေသည်ဟုထီကုန်သည်တစ်ဦးကသုံးသပ်သည်။ ဈေးကွက်အတွင်း ထီတစ်စောင် ၂၅၀ ကျပ်မှ ၃၀၀ ကျပ်အထိရောင်းဈေးရှိသည်ဟု သိရသည်။

အောင်ဘာလေထီရောင်းဈေး မှာပုံမှန်အားဖြင့် ထီဖွင့်ပွဲရက်နီးသည်အခါ ဈေးလျှော့ရောင်းသည့် အနေအထားရှိသော်လည်း ဈေးမလျှော့ဖြစ်နေသည်ဟု ထီဖွင့်ပွဲမတိုင်ခင်တစ်ရက်က ထီထိုးသူအမျိုးသမီးတစ်ဦးကပြောသည်။

ထီလုပ်ငန်းရှင်အချို့က မူရင်းဈေး ၂၀၀ ကျပ်ဖြင့်ရောင်းချမှုများရှိလာသဖြင့် ၂၀၀ ကျပ်ဖြင့် ထီရောင်းချသည့်ထီဆိုင်များဖွင့်လှစ်နိုင်ရန်စီစဉ်နေပြီဖြစ်ကြောင်း ဝါရင့် ထီလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

## စာ(၃၃) - အရောင်းကျချိန်တွင် ထိန်းသိမ်းစရိတ်ကောက်ခံခြင်းကို ယုဇနပလာဇာဆိုင်ရှင်များ မကျေနပ် မှ

ပလာဇာဖွင့်လှစ်ပြီးနောက် ၂၀၁၀ နှောင်းပိုင်းမှစ၍ အရောင်းအဝယ်မကောင်းဖြစ်ခဲ့ရာ ယခုနှစ်စပိုင်းမှစ၍ ၃၀ ရာခိုင်နှုန်းခန့် အရောင်းကျလာကြောင်း ဆိုင်ရှင်များကဆိုသည်။

"ပလာဇာစဖွင့်တည်းက ပြုပြင်ထိန်းသိမ်းရေး စရိတ်တစ်ခါမှ မကောက်ခဲ့ဘူး။ မီတာခများတယ်လို့တင်ပြလာလို့မီတာခကို အစိုးရဈေးအတိုင်း ပြန်ကောက်ပြီး ပြုပြင်ထိန်းသိမ်းရေးစရိတ်ကို ပြန်ကောက်တာပါ" ဟု ယုဇနပလာဇာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယုဇနပလာဇာတွင် မီတာခအား တစ်ယူနစ် ၁၈၀ ကျပ်ပေးဆောင်ရပြီး အိမ်သာအသုံးပြုခနှင့်ကားပါကင်ကြေးပါပေးဆောင်ရကြောင်း ဆိုင်ရှင်များကဆိုသည်။


"အဓိကအခက်အခဲက ဆွေးနွေးမှုမရှိတာပါ။ တစ်ခုခုလုပ်မယ်ဆိုရင်" ဟု အဆိုပါပလာဇာတွင် ဆိုင်ခန်းဖွင့်လှစ်ရောင်းချသူတစ်ဦးကဆိုသည်။

ယုဇနပလာဇာသည် တခြားသောဈေးဝယ်စင်တာများနှင့်မတူဘဲ နေ့စဉ်နံနက် ၉ နာရီမှညနေ ၅ နာရီအထိ ဖွင့်လှစ်ပြီး တစ်ပတ်လျှင် တစ်ရက်ပိတ်သော ပလာဇာဖြစ်သည်။

# 7DAY BOOK REVIEW

လက်ဝဲမင်းညို ကလောင်ဖြင့် ထင်ရှားခဲ့သူ အိုင်စီအက်စ် ဦးချမ်းသာ၏ ဘဝဖြတ်သန်းမှုစာအုပ်ဖြစ်သည်။ ၁၉၀၇ မှ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ လွတ်လပ်ရေးအလံတင်အခန်းအထိ နှစ်ပေါင်း ၄၀ ကျော်ကြာသည့် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဖြစ်သည်။ ထိုနှစ်ပေါင်း ၄၀ ကျော်ကာလအတွင်း ဦးချမ်းသာ၏ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးရပြီးခေတ် စသည့်ဘဝအဖုံဖုံကို စိတ်ဝင်စားစွာဖတ်ရမည်ဖြစ်သည်။

စာအုပ်တွင် ပထမပိုင်း၊ ဒုတိယပိုင်း နှစ်ပိုင်းခွဲထားပြီး ပထမပိုင်းတွင် အခန်း ၄ ခန်း၊ ဒုတိယပိုင်းတွင် အခန်း ၁၅ ခန်းခွဲ၍ရေးသားထားသည်။ စာအုပ်၏ အမှာစာတွင် စာရေးဆရာညိုမြက 'ဝါသနာက အနုပညာ၊ လုပ်ချင်တာ




## ကျွန်တော် အိုင်စီအက်စ် (ဦးချမ်းသာ)

က နိုင်ငံရေး၊ အကျိုးပေးက အုပ်ချုပ်ရေးဖြစ်သည်။ ပင်ကိုဝါသနာကတခြား၊ လုပ်ချင်ဖြစ်ချင်တဲ့ဆန္ဒကတစ်မျိုး အကျိုးပေးဖြစ်တာက တစ်ဖုံ လူတစ်ယောက်တည်းမှာ ၃ မျိုး ဆုံနေပေတော့သည်။ နောက်ဆုံးဘဝမှာ ၄နှစ်နှင့် ၃ လကျော် ထိန်းသိမ်းခြင်းခံခဲ့ရသည်။ အတွေ့အကြုံလည်းစုံလေပြီ။ ယခုစာအုပ်တွင် ပါသည်များသည် သူ၏ ဘဝအတွေ့အကြုံတစ်စိတ်တစ်ဒေသမျှသာ ဖြစ်ပေသည်'ဟု မှတ်ချက်ပြုခဲ့သည်ကို ဖတ်ရပါမည်။

ဦးညိုမြ ပြောသလို ပင် ဦးချမ်းသာသည် ပန်းချီပညာကို ဦးဘဉာဏ်၊ ဦးငွေကိုင်၊ ဦးစံဝင်း၊ ဦးလှရှိန်တို့ထံမှ ဆည်းပူးခဲ့ပြီး ဆီဆေးပန်းချီကား ၃၅၀ ကျော်ရေးသားခဲ့သည်။ ပုဂံဝန်ထောက်မင်းဦးတင်၊ ဦးဖေမောင်တင်၊ မန်လည်ဆရာတော်၊ ရွှေပြည်ဦးဘတင်တို့၏စာများကို လေ့လာဖတ်ရှုပြီး ပဒေသာရတုကို စပ်ဆိုခဲ့ရာ စာပေဗိမာန်ဆုရရှိခဲ့သည်။ အနုပညာ၏ အခြေခံသဘောတို့ကို အနုပညာဂုဏ်ရည်စာအုပ်တွင် ရေးသားပြုစုခဲ့ရာ ထိုစာအုပ်ကို တက္ကသိုလ်ဥပစာတန်းတွင်အထွေထွေမြန်မာစာအဖြစ် ၂နှစ်ပြဋ္ဌာန်းသတ်မှတ်ခဲ့သည်။ 'လက်ျာစံထား' ကလောင်ဖြင့် 'မေတ္တာသစ္စာ၊ လူ့ဂုဏ်ရည်၊ စာရိတ္တဂုဏ်ရည်' စာအုပ်များ ရေးသားပြုစုခဲ့သည်။ စာဆိုတော်ဦးချမ်းသာအမည်ဖြင့် ရတုများ၊ ကျမ်းများရေးသားခဲ့ပြီး ရာဇဝင် အခြေခံဆောင်းပါးများ၊ အတ္ထုပ္ပတ္တိစာတမ်းများ၊ မင်းဘူးဦးသြဘာသ၏ ဘဝနှင့်စာပေတို့ကိုရေးသားပြုစုခဲ့သည်။ စာရေးဆရာသိပ္ပံမောင်ဝ(အိုင်စီအက်စ် ဦးစိန်တင်)၏ တိုက်တွန်းမှုဖြင့် ဂန္ထလောက၊ နဝဒေး၊ သင့်ဘဝ မဂ္ဂဇင်းတို့တွင် ရံဖန်ရံခါရေးသားခဲ့သည်။ ကျောင်းသားဘဝတွင်လည်း တန်ဆောင်တိုင်ကာလ ကျောင်းအုပ်ကြီးနှင့် အဆောင်မှူးများကို ဘီယာနာကဖီးက မုန့်နှင့်ကော်ဖီဝယ်ပြီး ဧည့်ခံသည့်အစဉ်အလာကိုဖျက်၍ မုန်းဟင်းခါးနှင့် ဘူးသီးကြော်ကို ပင်နီအကျီဝတ်ဆင်ကာ ဧည့်ခံခဲ့သည်။ အိုင်စီအက်စ်ဘဝတွင် ဘုရင်ခံ၏ နေ့လယ်စာစားပွဲသို့ ခေါင်းပေါင်း၊ တောင်ရှည်ပုဆိုး၊ ပင်နီရင်ဖုံးဖြင့် တက်ရောက်ခဲ့သဖြင့် ဘုရင်ခံ၏ ပြုံပြင်မှုကိုခံခဲ့ရသည်။ ပဲခူးနယ်ပိုင်ဝန်ထောက်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် လယ်သမားဆန္ဒပြချီတက်ပွဲကို အာဏာမသုံးဘဲကိုင်တွယ်ခဲ့ကာ အမျိုးသားရေးစိတ်ဓာတ်ကိုပြသခဲ့သည်။

မခိုမကတ်ဘဲ၊ မခိုးဘဲ ကိုယ်ကျင့်သိက္ခာကိုစောင့်စည်းကြသည့် အစဉ်အလာသည် ဥပဒေနှင့် ပညတ်တာထက်ပင်ခိုင်မြဲကြောင်း၊ လခနည်းနည်းနှင့် တာဝန်ကြီးကြီးပေးထားသော် အာဏာကိုရောင်းစားနိုင်ကြောင်း၊ အလွဲသုံးစားလုပ်ပြီး ကိုယ်ကျိုးရှာနိုင်ကြောင်း၊ အာဏာကို အလွဲသုံးစားလုပ်ရင်၊ ရောင်းစားရင်၊ အာဏာနှင့် ကိုယ်ကျိုးရှာရင် အစိုးရနှင့် လူထုကို ထိခိုက်နစ်နာမှုက လခကြီးပေးရတာထက်ပင် အဆပေါင်းများစွာပိုကြောင်း ဂျပန်ခေတ်က ဂျပန်ဗိုလ်ချုပ်တစ်ယောက်ကို ရှင်းပြထားသည့် ၎င်း၏စိတ်ဓာတ်နှင့် ယုံကြည်ချက်တို့ကိုဖတ်ရသည်မှာ ယနေ့အချိန်အခါတွင် မှတ်သားဖွယ်ဖြစ်လောက်ပါသည်။ စာအုပ်ဈေးစာအုပ်တိုက်မှ တန်ဖိုး ၅,၀၀၀ ကျပ်ဖြင့် ဒုတိယအကြိမ် ထုတ်ဝေခြင်းဖြစ်သည်။

# Knowledge ဗဟုသုတ

## ကြက်ဥကို လတ်ဆတ်အောင် ထိန်းသိမ်းနည်း

ကြက်ဥများလတ်ဆတ်ခြင်း၊ အထားခံခြင်းဟူသည် ယင်းတို့ကိုထိန်းသိမ်းထားရာတွင် အသုံးပြုသည့်အအေးနှုန်းအခြေအနေပေါ်တွင် မူတည်သည်။ ဖြစ်နိုင်လျှင်အအေးခန်းအတွင်း ထည့်ရောင်းသည့်ကြက်ဥများကိုဝယ်ယူသင့်ပြီး အသုံးမလိုခင်တွင် ရေမဆေးသင့်ပေ။ ကြက်ဥတွင်အခွံမာက အကာအကွယ်တစ်ခုအဖြစ်တည်ရှိသော်လည်း စိမ့်ဝင်နိုင်စွမ်းရှိသည့် အခွံများက အနံ့အသက်များကို စုပ်ယူသည်။ ထို့ကြောင့် လေလုံသည့်ဘူးထဲတွင်ထည့်ကာ အနံ့အသက်များမဝင်စေရန်နှင့် ရေငွေ့ကုန်ဆုံးခြင်းတို့ကို ကာကွယ်နိုင်ရန်အတွက် သိမ်းဆည်းသင့်သည်ဟုဆိုသည်။

ကြက်ဥအကာများမပါးလွှာသွားစေရန်အတွက် ရေခဲသေတ္တာတံခါးတွင်ပါရှိသည့်ကြက်ဥထည့်ခွက်တွင် မထားသင့်ဘဲ ရေခဲသေတ္တာအတွင်းပိုင်းစင်များပေါ်တွင် လုံခြုံအောင်ထည့်ပြီး သိမ်းဆည်းရမည်ဟုသိရသည်။ လတ်ဆတ်သည့်ကြက်ဥဆိုပါက လေးလေးပင်ပင်ရှိသဖြင့် ဓာတ်မီးဖြင့်ထိုး၍စမ်းသပ်ခြင်း အပြင်ဖန်ခွက်ထဲတွင်ရေထဲထည့်၍လည်းစမ်းနိုင်သည်။ ဥလတ်ပါကရေတွင်မြုပ်ကာဖန်ခွက်အောက်ခြေတွင် တည်ရှိနေသည်ကိုမြင်ရမည်ဖြစ်သည်။

*—Source: Reader's Digest*


# တစ်ပတ်တာကံကြမ္မာ

နိုဝင်ဘာ ၉ ရက် မှ ၁၅ ရက် အထိ



## ARIES မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

စိတ်ချမ်းသာစရာများနှင့် အဆင်ပြေခြင်းများ လွှမ်းမိုးနေသည်။ ကာလအတန်ကြာ မိမိနှင့်ဝေးကွာနေသည့် ပျော်ရွှင်မှုများ ပိုင်ဆိုင်ခံစားရမည်။ ပျိုရွယ်သူများ မေတ္တာရေးကံအထူးကောင်းသည်။ ၅၂၈၊ ၁၅၀၀ မေတ္တာနှစ်ခုလုံး အကျိုးပေးသည်။ မိမိအပေါ် ကောင်းကျိုးပေးသောသူများနှင့်တွေ့မည်။ မိသားစုတွင် အလုပ်စီးပွားတိုးတက်မည်။ စိတ်ချမ်းမြေ့မည်။




## TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

လမ်းသစ်ပွင့်မည်။ ဦးတည်ချက်သစ်များ အောင်မြင်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ်လာသောအခက်အခဲများကို ပြေလည်အောင်ဖြေရှင်းနိုင်မည်။ ယခုကာလအတွင်း ပေါ်ပေါက်လာသောအခွင့်အရေးများကို လက်လွှတ်မပေးသင့်ပါ။ ငွေမချေးရ။ အာမခံခြင်း၊ တာဝန်ယူခြင်းမပြုရ။ တနင်္ဂနွေ၊ စနေနေ့မွေးသူများကိစ္စ တာဝန်ယူခြင်းရှောင်ပါ။




## GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ရည်မှန်းချက်အောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ စကားများစရာများ၊ ပဋိပက္ခများကြုံတတ်သည်။ သူတစ်ပါးကြောင့် မိမိအကြံအစည်များ နှောင့်နှေးမည်။ အခက်အခဲများ ဖြေရှင်းနိုင်မည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများ သတိထား၍ဆောင်ရွက်ပါ။ လုပ်ငန်းခွင်ရှိသူများ ရာထူးတိုးမည်။ အလုပ်လျှောက်၊ အလုပ်ရှာသူများ ကောင်းသောနေရာရမည်။ မေတ္တာရေးကံကောင်းမည်။



## CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

လူမျိုးခြားအကျိုးပေးမည်။ တိုင်းတစ်ပါးနှင့် တိုက်ရိုက်ဆက်စပ်၍ လုပ်သောလုပ်ငန်းအကျိုးပေးမည်။ နေရာအပြောင်းအရွှေ့၊ အပြောင်းအလဲရှိက လက်ခံပါ။ ပြောင်းလဲခြင်းနောက်ကွယ်မှ တိုးတက်မှုအဆင့်ဆင့်ရမည်။ မိသားစုတွင် လက်လွန်ထားသောငွေကြေး၊ ပြန့်ကျဲနေသော စီးပွားများစုစည်းနိုင်မည်။ ခြွေတာင်း၍ကောင်းသည်။ ရင်းနှီးသူများနှင့် စိတ်ဝမ်းကွဲရတတ်သည်။ သည်းခံပါ။




## LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

စိတ်အေးချမ်းစရာများကြုံမည်။ မိသားစုနှင့်ပတ်သက်သောကောင်းသတင်းများ ကြုံတွေ့ကြားသိရမည်။ အလှူမင်္ဂလာကိစ္စများကြုံမည်။ မိတ်ဆွေကောင်းများနှင့်ကြုံတွေ့ရမည်။ ပြဿနာများအေးချမ်းသွားမည်။ ကျန်းမာရေးအညံ့ရှိသည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ ပျိုရွယ်သူများ မေတ္တာရေးစန်းပွင့်မည်။ လုပ်ငန်းခွင်ရှိသူများ တိုးတက်ခြင်းရှိမည်။ ငွေကြေးမြှုပ်နှံမှုများမှ အကျိုးအမြတ်ကောင်းရမည်။




## VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

အရာရာအဆင်ပြေမည်။ အလိုရှိသည်များ ပြည့်မြောက်အောင် ဆောင်ရွက်နိုင်မည်။ ခက်ခဲသောပြဿနာများဖြေရှင်းနိုင်မည်။ တစ်ခုထက်ပိုသောလုပ်ငန်းများ တစ်ပြိုင်တည်းလုပ်ကိုင်ရမည်။ ရုတ်တရက် ဆုံးဖြတ်ပြီး ချက်ချင်းလက်ငင်း ရှေ့တိုးဆောင်ရွက်၍ ထင်ထင်ရှားရှားအောင်မြင်မည်။ တစ်ပိုင်းတစ်စဖြစ်နေသည်များ ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။ မိသားစုတွင် အလှူမင်္ဂလာကိစ္စများကြုံမည်။



## LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

အထူးကောင်းသည်။ မိမိဆောင်ရွက်သမျှအဆင်ပြေမည်။ အထောက်အကူပြုသောသူများနှင့်တွေ့မည်။ တစ်ပါးသူ၏ ပူးပေါင်းကူညီမှုရရှိမည်။ ငွေကြေးကိစ္စ၊ လုပ်ငန်းရေးရာကိစ္စတို့တွင် ရည်မှန်းထားသည့်အတိုင်း ရှေ့တိုးဆောင်ရွက်ပါ။ တနင်္ဂနွေနေ့၊ အင်္ဂါနေ့မွေးသူများနှင့် လုပ်ငန်းလုပ်၍မရ။ အရှေ့မြောက် အရပ်သို့ ခရီးသွားခြင်းရှောင်ပါ။ ပျိုရွယ်သူများ မေတ္တာရေးကံကောင်းမည်။




## SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

ကောက်ကျစ်စဉ်းလဲသူများ၊ ဒုက္ခပေးသူများ၊ ရိုင်းစိုင်းသူများဝန်းရံနေသည်။ အထူးသတိရှိရမည်။ စေတနာတန်ဖိုး နားမလည်သူများနှင့်တွေ့တတ်သည်။ မိမိထံမှ တစ်စုံတစ်ရာ ရယူလိုစိတ်နှင့် ပေါင်းသင်းသူများနှင့်တွေ့တတ်သည်။ အန္တရာယ်အခက်အခဲများလွှမ်းမိုးနေသည်။ ငွေကုန်ကြေးကျများမည်။ စိတ်ပင်ပန်းစရာများ တစ်မျိုးပြီးတစ်မျိုးကြုံမည်။ ရန်မုန်းများပေါ်တတ်သည်။




## SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

တစ်ပါးသူနှင့် ဆန့်ကျင်ပြီး ထင်ရာဇွတ်လုပ်လိုစိတ် ပြင်းထန်နေမည်။ အချို့သောအခါများတွင် မိမိကိုယ်တိုင်မှ ဟုတ်ပါရဲ့လားဟုပင် ထင်မှတ်လောက်အောင် စိတ်ရူးပေါက်ပြီး လုပ်လိုစိတ်ပြင်းထန်နေသည်။ ငွေကုန်များသောကိစ္စများ၊ အကျိုးမဲ့အချိန်ကုန်သောကိစ္စများ လုပ်ကိုင်လိမ့်မည်။ တစ်ပါးသူ အတန်တန်သတိပေးနေသည့်ကြားမှ ကိုယ်ထင်ရာလုပ်လိုက်သောကိစ္စမှ စိတ်ရှုပ်စရာများကြုံတွေ့ရတတ်သည်။




## CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

အပျက်အစီး၊ အကုန်အကျများပြီး စိတ်အနှောင့်အယှက်ရှိမည်။ စိတ်ရှုပ်ထွေးစရာများကြုံတွေ့နိုင်သည်။ သူတစ်ပါးအပေါ် လွန်လွန်ကဲကဲ ယုံစားခြင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။ တနင်္ဂနွေနှင့် သောကြာနေ့မွေးသူများမှ ပြဿနာများ သယ်ဆောင်လာတတ်သည်။ မိမိအပေါ် ဒုက္ခပေးသူများဝန်းရံနေသည်။ အရာရာ သတိနှင့်ဆောင်ရွက်မှ တော်ရုံကျမည်။



## AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

ကောင်းသောကာလဖြစ်သည်။ ရိုးရိုးသားသားနှင့် အစီအစဉ်တကျ ဆောင်ရွက်ခြင်း၏ ကောင်းသောအကျိုးဆက်ရရှိမည်။ ငွေကြေးကိစ္စ စကားပြောဆိုမှုအောင်မြင်မည်။ လုပ်ငန်းမရှိသူ လုပ်ငန်းရမည်။ စီးပွားဥစ္စာတိုးတက်မည်။ ဆောင်ရွက်လိုက်သည့်ကိစ္စမှန်သမျှ ကောင်းသောတုံ့ပြန်မှုကြုံတွေ့ရမည်။ ရပ်ဝေးနှင့် ဆက်စပ်၍ အောင်မြင်မှုကောင်းများရရှိမည်။



## PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

စီစဉ်ထားသည်တစ်မျိုး၊ လက်တွေ့တစ်မျိုး အခက်အခဲကြားမှ ဆောင်ရွက်ရသောအနေအထားရှိသည်။ မိမိကိုယ်ကိုယ်ပင် မယုံအပ်သောကာလဖြစ်သည်။ စိတ်အမျိုးမျိုးပြောင်းလဲတတ်သည်။ ရုတ်တရက် ပေါ်လာသောပြဿနာများကို အချိန်မဆွဲဘဲ ဖြေရှင်းကာမှ တော်ရုံကျမည်။ အကုန်အကျများမည်။ အပျောက်အရှများမည်။ စိတ်ပျံ့လွင့်လွယ်မည်။ အခါတိုင်းထက်ပို၍ အသုံးစရိတ်ကြီးမည်။

7DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

# လူမှုရေးရာခံစားချက်များအကြောင်း သင်ယူခြင်း

ကြည်နေဝင်းမင်း

(ကျောင်းသားများအား ကိုယ်ချင်းစာစိတ်ဖြစ်ပေါ်လာအောင် ကူညီပေးခြင်းသည် ဆရာများအား ပို၍ထက်မြက်လာစေပြီး ကျောင်းသားများကို ပို၍အောင်မြင်လာစေကြောင်း ယေးလ်တက္ကသိုလ် သုတေသီ မာ့ခ်ဘရက်ကက်က ဆိုထားသည်။)

မာ့ခ်ဘရက်ကက်သည် ငယ်စဉ်က ကျောင်းတက်ရသည်ကို မနှစ်သက်ခဲ့။ “ကျွန်တော် အမြဲတမ်း ပျင်းရိငြီးငွေ့နေခဲ့တယ်။ ဘယ်ဆရာမှလည်း တကယ်ဂရုစိုက်တယ်လို့ ကျွန်တော် မခံစားခဲ့ရဘူး။ အားကျအတုယူလောက်တဲ့လူမျိုးလည်း မတွေ့ခဲ့ဘူး”ဟု မာခ့်ကပြောပြသည်။

ဘွဲ့တွေ တစ်သီတစ်တန်းကြီးရထားပြီး သူ့ရဲ့အလုပ်အကိုင်ဘဝတစ်လျှောက် ဒေါ်လာလေးသန်းလောက် အထောက်အပံ့ရရှိခဲ့သည့် အသက် ၄၂ နှစ်အရွယ် ယေးလ်တက္ကသိုလ်မှ သုတေသီ သိပ္ပံပညာရှင်တစ်ဦးထံမှ ယင်းသို့ မကျေမချမ်း ပြောဆိုသံထွက်လာသည်မှာ အံ့သြစရာကောင်းသည်။ သို့သော် ကလေးငယ်အများအပြားပင်ကျောင်းနှင့်ပတ်သက်လျှင် မိမိကဲ့သို့ ခံစားရသည်ကို ဒေါက်တာဘရက်ကက် ကောင်းစွာသိသည်။ ထို့အတွက်လည်း တစ်နိုင်ငံလုံးမှ ကျောင်းများတွင် ခံစားချက်ပိုင်းဆိုင်ရာလုံးဝပြုပြင်ပြောင်းလဲသွားစေရန် လုပ်ဆောင်လိုသည်။

ကျောင်းဆရာများအား ပို၍ထက်မြက်လာစေပြီး ကျောင်းသားများအား ပို၍အောင်မြင်မှုရှိလာစေရန်အတွက် ကျောင်းများအား မည်သို့ပြုပြင်ပြောင်းလဲမည်နည်းဟူ၍ အချေအတင်ငြင်းခုံဆွေးနွေးနေကြချိန်တွင် ‘လူမှုရေးရာခံစားချက်များအကြောင်းသင်ယူခြင်း’(SEL)သည် အရေးပါသောအစိတ်အပိုင်းဖြစ်နိုင်သည်။



Daniel Goleman ကြောင့် လူကြိုက်များလာခဲ့သော ခံစားချက်ပိုင်းဆိုင်ရာဉာဏ်ရည်ထက်မြက်မှု(Emotional Intelligence) မှတစ်ဆင့် ထပ်မံပေါက်ဖွားလာခဲ့သည့် လူမှုရေးရာခံစားချက်များအကြောင်းသင်ယူခြင်း (Social Emotional Learning) မှာ ခံစားချက်များနှင့် အပြန်အလှန်ပြောဆိုဆက်ဆံမှုများကို မည်သို့ဖော်ထုတ်ရမည်၊ မည်သို့ထိန်းချုပ်ရမည်ဆိုခြင်းနှင့်ပတ်သက်၍ ကျောင်းသားများအား သင်ကြားပေးခြင်းဖြစ်သည်။ အပြန်အလှန်ဆက်သွယ်မှုနှင့်ယဉ်ကျေးမှုပေါင်းစုံကူးလူးဆက်ဆံနေသည့်ကမ္ဘာကြီးတွင်အရေးပါသော်ငြားမကြာခဏ လျစ်လျူရှုခံထားရသည့် ‘ကိုယ်ချင်းစာနာစိတ်’ကို မြှင့်တင်ခြင်းဖြစ်သည်။

သို့သော် ကျောင်းသားများတွင် ကိုယ်ချင်းစာနာစိတ် ဖွံ့ဖြိုးလာစေရန်အတွက် ဆရာများနှင့် ဦးစွာအလုပ်လုပ်ရမည်ကို ဒေါက်တာဘရက်ကက်က အလျင်အမြန်သိမြင်ခဲ့သည်။ လွန်ခဲ့သော ဆယ်နှစ်က ဒေါက်တာဘရက်ကက်တို့အဖွဲ့က ကျောင်းများအတွက် ခံစားချက်များနှင့်ပတ်သက်၍ သင်ရိုးညွှန်းတမ်းကိုစတင်မိတ်ဆက်ခဲ့ပြီး ကျောင်းဆရာများအား လက်တွေ့အကောင်အထည်ဖော်စေခဲ့သည်။ ဆရာများသင်ကြားပုံကိုသွားရောက်လေ့လာရာတွင် ခံစားချက်များအကြောင်းပြောသည့် ဆရာများကိုယ်တိုင်ပင် သက်သောင့်သက်သာမရှိသည်ကို ဒေါက်တာဘရက်ကက်ကြုံတွေ့ရသည်။



“ဆရာတစ်ယောက်ဆိုရင် ကျွန်တော်တို့ဖော်ပြထားတဲ့ခံစားချက်စာရင်းထဲက မကောင်းဘူးလို့ သူထင်တဲ့အချက်တွေကို ကြက်ခြေခတ် ခတ်ပြီးတော့မှ သူတို့ ဘယ်လိုခံစားနေရလဲလို့ ကျောင်းသားတွေကိုမေးတယ်။ ဆရာတွေက သဘောမပေါက်ဘူးဆိုမှတော့၊ အင်း . . . ကျောင်းသားတွေလည်း ဘယ်တော့မှ သဘောပေါက်မှာမဟုတ်ဘူးလို့ကျွန်တော်တို့သိမြင်လာခဲ့တယ်”ဟု ဒေါက်တာဘရက်ကက်ဆိုပါသည်။

ထို့အတွက်ကြောင့်ပင်ဒေါက်တာဘရက်ကက်တို့အဖွဲ့သည် ၂၀၀၅ ခုနှစ်တွင် RULER ဟု ယခုအခါ ခေါ်တွင်သော လေ့ကျင့်ပညာပေးရေးအစီအစဉ်တစ်ခုကို ဖော်ထုတ်ခဲ့သည်။ ယင်းအစီအစဉ်မှနေ၍ ခံစားချက်ပိုင်းဆိုင်ရာကျန်းမာရေး(Emotional Health)နှင့်ပတ်သက်၍ စိတ်နေသဘောထား၊ ဗဟုသုတနှင့် လိုအပ်သောစွမ်းရည်များကို ဆရာများအား ညွှန်ကြားပေးပြီး ဆရာများမှတစ်ဆင့် ကျောင်းသားများအား ပြန်လည်သင်ကြားနိုင်ရန် အကူအညီပေးခဲ့သည်။

ယင်းအစီအစဉ်က အရေးပါသောစွမ်းရည်ငါးမျိုးကို အဓိကအာရုံစိုက်ထားသည်။ ၎င်းတို့မှာ မိမိကိုယ်တိုင်နှင့် အခြားသူများ၏ ခံစားချက်များကို အသိအမှတ်ပြုခြင်း၊ ခံစားချက်များဖြစ်ပေါ်ခြင်းနှင့် နောက်ဆက်တွဲအကျိုးဆက်များကို နားလည်သဘောပေါက်ခြင်း၊ ခံစားချက်မှန်သမျှကို ပြည့်ပြည့်စုံစုံအမည်ပေးဖော်ထုတ်ခြင်း၊ မတူညီသောအခြေအနေများတွင် ခံစားချက်များကို လိုက်လျောညီထွေဖော်ပြခြင်း၊ လူမှုဆက်ဆံရေးထူထောင်ရန်နှင့် ရည်မှန်းချက်များအောင်မြင်ရန် ခံစားချက်များကိုထိထိရောက်ရောက်ပဲ့ကိုင်ထိန်းသိမ်းခြင်းတို့ဖြစ်သည်။

ကျောင်းစာသင်ခန်းများတွင် ခံစားချက်ပိုင်းဆိုင်ရာ စာတတ်မြောက်မှုအတွက် လိုက်နာရမည့်အချက်များကို ကျင့်သုံးစေသည်။ ကျောင်းသားများက ၎င်းတို့ခံစားချက်များ၏ သဘောသဘာဝနှင့်ပြင်းထန်မှုကိုဖော်ထုတ်နိုင်စေရန် ခံစားမှုအပြောင်းအလဲ မီတာများ (Mood Meters)များကို အသုံးပြုသည်။ ကျောင်းသားများ လေ့လာသင်ယူနိုင်သော အတိတ်ကာလမှ အတွေ့အကြုံခံစားချက်များကိုလည်း မှတ်တမ်းတင်သည်။


သို့သော် ယင်းခံစားချက်ပိုင်းဆိုင်ရာ သင်ရိုးညွှန်းတမ်းမှာ သီးခြားဘာသာရပ်အဖြစ် သီးသန့်ခွဲခြားထားခြင်းမဟုတ်ပေ။ ခံစားချက်ပိုင်းဆိုင်ရာ သင်ခန်းစာများအား အခြားဘာသာရပ်များနှင့် ပေါင်းစပ်သင်ကြားနိုင်ရန် ဆရာများအား လေ့ကျင့်ပေးထားသည်။ လူငယ်ဖတ် ဝတ္ထုတစ်ပုဒ်၏ ဇာတ်ကောင်အကြောင်း ဆွေးနွေးမှုမှာ ကျောင်းသားများအတွက် ခံစားချက်ပိုင်းဆိုင်ရာချိတ်ဆက်နေမှု လေ့ကျင့်ဖတ်ရှုသည့်အခွင့်အရေး ဖြစ်သွားနိုင်သည်။ သမိုင်းသင်ခန်းစာမှာ နေ့စွဲများနှင့် တိုက်ပွဲများအကြောင်းသာမဟုတ်တော့ဘဲ လူတို့၏ ခံစားချက်များကို သြဇာတိက္ကမကြီးမားသောခေါင်းဆောင်များက အားကျအတုယူစေခဲ့ပုံသို့မဟုတ်ပါက ခြယ်လှယ်ခဲ့ပုံလေ့လာမှုအဖြစ် ပြောင်းလဲသွားသည်။

ယခုအခါ အမေရိကန်နိုင်ငံတစ်ဝန်း ကျောင်းအများအပြားတွင် RULER အစီအစဉ်ကို အသုံးချနေပြီဖြစ်ရာ သိသာထင်ရှားသော အောင်မြင်မှုများရရှိနေသည်။ သုတေသနအရ RULER အစီအစဉ် အားဖြည့်ထားသော အတန်းများတွင် စာမေးပွဲရလဒ် ၁၁ ရာခိုင်နှုန်းတိုးတက်လာပြီး ကျောင်းအတွက်လည်း ၁၇ ရာခိုင်နှုန်းပြဿနာလျော့ပါးလာသည်ကို တွေ့ရှိထားသည်။

ခံစားချက်ပိုင်းဆိုင်ရာ သင်ကြားမှုအား အလေးအနက်ထားရမည်ဟူသောစိတ်ကူးမှာ ၁၉၉၄ ခုနှစ်တွင်စတင်ခဲ့ပါသည်။ ပညာရေး၊ လူမှုရေးနှင့် ခံစားချက်ပိုင်းဆိုင်ရာ သင်ယူမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(CASEL)ကို Daniel Goleman က ထူထောင်ခဲ့သည်။ ယခုအခါ Goleman တို့အုပ်စုက အမေရိကန်နှင့် ကမ္ဘာတစ်ဝန်း နိုင်ငံများတွင် ဒေါက်တာဘရက်ကက်တို့ကဲ့သို့ သင်ကြားရေးအစီအစဉ်များအတွက် ဗဟိုအဖွဲ့အစည်းအဖြစ် တာဝန်ယူဆောင်ရွက်သည်။

လူမှုရေးနှင့် ခံစားချက်ပိုင်းသင်ကြားမှု ထိရောက်အောင်မြင်ရေးမှာ ‘P’သုံးလုံးပေါ်တွင် မူတည်ကြောင်း CASEL အဖွဲ့ ဥက္ကဋ္ဌရော်ဂျာဝစ်စဘာ့ဂ်က ဆိုပါသည်။ ပထမ ‘P’ မှာ မူဝါဒဖြစ်ပြီး မူဝါဒ (Policy)ပိုင်းတွင် ပြည်နယ်နှင့် ဗဟိုအစိုးရ၏ မူဝါဒခိုင်မာရမည်။ ဒုတိယ‘P’မှာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၏ သက်ဝင်ယုံကြည်မှု (Principal's buy-in) ဖြစ်ပြီး တတိယ‘P’မှာ ပီပီပြင်ပြင် လိုက်နာအကောင်အထည်ဖော်မှု (Professional Development) တို့ဖြစ်ပါသည်။

*—Ref: Reading, Writing, Empathy : Schools try "Social Emotional Learning"*







For your hands only...
ROMANSON
Free Gift
Only in
November
Available At : CHERRY OO
Inquiry Ph : 01-373997, 01-381751, 02-72992

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 6700) (775) Processor | 60,225 |
| Intel P4 DualCore 3.0 (E5700) (775) Processor | 53,625 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 95,700 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 152,625 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 240,075 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 50,325 |
| MSI PH51A-P35 (B3) | 84,150 |
| ASUS P5G41T-MLX (775) | 51,150 |
| ASUS P8H61-MLX Plus (1155) | 71,775 |
| ASUS P8H67MLE (1155) | 94,050 |
| Gigabyte P67A-UD3 (B3) (1155) | 144,375 |
| Gigabyte G41MT-S2 (775) | 51,150 |
| Gigabyte H55M- S2V (1156) | 82,500 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 39,600 |
| 1 GB DDR2 (800) Kingston | 14,850 |
| 2 GB DDR2 (800) Kingston | 22,275 |
| 4 GB DDR3 (1333) Kingston | 22,275 |
| **Harddisk** | |
| 500 GB Seagate SATA | 39,600 |
| 1.5 TB Seagate SATA | 66,000 |
| 2 TB Seagate SATA | 80,850 |
| **PCI Express Card** | |
| MSI EAH 5450 1GB DDR3 PCI Express Card | 43,725 |
| MSI N430GT 1GB PCI Express Card | 68,475 |
| MSI N430GT 2GB PCI Express Card | 72,600 |
| ASUS ENGTX520 1GB PCI Express Card | 54,450 |
| ASUS ENGT 430 1GB DDR3 PCI Express Card | 67,650 |
| ASUS EHA 5750 Formula 1GB DDR5 PCI Express Card | 117,975 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 41,250 |
| Gigabyte Geforce 220TC 1GB PCI Express Card | 57,750 |
| **Memory Stick** | |
| Memory Stick Apacer 4 GB | 7,500 |
| Memory Stick Sony 8 GB | 13,000 |
| Memory Stick Sony 16 GB | 23,500 |
| Memory Stick Verbatim 16 GB | 16,000 |
| **UPS** | |
| Power Tree (650 VA) UPS | 36,000 |
| Power Tree (1250 VA) UPS | 61,000 |
| Power Pro (650 VA) UPS | 33,000 |
| Power Pro (1200 VA) UPS | 62,000 |
| Star (650 VA) UPS LED | 30,525 |
| Star (650 VA) UPS LCD Display | 32,174 |
| East (650 VA) UPS LED | 34,650 |
| East (650 VA) UPS LCD Display | 42,900 |
| East (1200 VA) UPS | 63,525 |
| **DVD Writer** | |
| HP DVD Writer (SATA) | 22,500 |
| ASUS DVD Writer (SATA) | 23,925 |
| Liteon DVD Writer (SATA) | 25,575 |
| **အိတ်ဆောင်တီဗီငှက်အဘီစန်** | 160,000 |

Technoland ဆိုင်မှ နိုဝင်ဘာ(၄)ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0" | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1" | 229,425 |
| **Asus** | |
| Intel Atom 1.66 Ghz 1GB DDR2, 160GB HDD,10.2" | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3" | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6" | 515,000 |
| **Sony** | |
| Intel Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0" | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0" | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၄) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့်OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၇၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၉၈ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၃၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၁၆၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၁၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၃၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ (၄) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၂,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၇၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဉနီ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၂၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၂,၀၀၀-၂,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၄,၈၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၄,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ နိုဝင်ဘာ (၂) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၃၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃၉၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၂၀၀-၁,၃၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၄၀၀-၁,၅၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၃,၅၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဉ/ဘဲဉ | တစ်လုံး | ၉၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၄,၂၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၂၀၀-၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၀၀၀-၂၇,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၅၀၀-၂,၂၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၇၀၀-၃,၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၅၀၀-၂,၂၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၄,၄၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၅၀၀-၉,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၅၀၀-၉,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၉,၀၀၀-၂၆,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၃၀၀ |

နိုဝင်ဘာ(၂)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/အ/သ | ၁၀၀ အောက် |
| စူဇူကီး ဝက်ဂွန် R+ | - | ၂၀ | ၁၇၅ |
| ဟိုင်းလပ်ဆပ် 4ND | ၂၀၀၅ | - | ၄၀၀ |
| စူဇူကီး R- (2Way) | CNG | ၂၀ | ၁၄၅ |
| တိုယိုတာ (လီမိတက်) | ၉၀ | ၄ခ | ၂၃၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၆ | ၄ခ | ၃၄၀ |
| မတ်ခ်တူး ၂၀၅ | ၉၅ | ၄၀ | ၂၄၀ |
| ချယ်ရီဝက်ဂွန် | - | ၆၀ | ၁၂၅ |
| လန်ခရူဇာ | ၉၇ | ၄၀ | ၁,၀၀၀ |


နိုဝင်ဘာ (၄)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Oct (29) | Oct (30) | Oct (31) | Nov (1) | Nov (2) | Nov (3) | Nov (4) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |

7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

# Puzzle&Classified




## Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**
အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ PH:09-73037776, 09-73204374

**ရောင်းမည်**
အမှတ်(၁၁)၊ ကွမ်းခြံတန်းလမ်း၊ ကြည့်မြင်တိုင်။ သိန်း -၅၀၀ ဖုန်း-၀၉-၄၉၇၂၂၅၆၉

**ကလေးများအတွက် တရုတ်စာ**
စင်ကာပူမှ သင်ရိုးများဖြင့် အိမ်အရောက်သင်ပေးမည်။ ဖုန်း-၀၉-၇၃၀၇၄၅၁၄

**ကမ္ဘာသစ်**
ကားလက်မှတ်အရောင်းဌာန၊ လက်မှတ်ဝယ်ယူလျှင် အိမ်အရောက်အခမဲ့ပို့ဆောင်ပေးပါသည်။ ဖုန်း-၃၉၀၁၁၆၊ ၀၉-၇၃၀၉၂၉၅၉

**DynamicWin Computer**
ကွန်ပျူတာပြုပြင်ခြင်းနှင့် Network ချိတ်ခြင်းများကိုစိတ်တိုင်းကျဝန်ဆောင်မှုပေးပါသည်။ ဖုန်း-၀၉-၇၃၀၁၂၅၆၉၊ ၂၅၆၇၉၅

**ဝန်ဆောင်မှု**
ကွန်ပျူတာနှင့်ပတ်သက်သည့်ကိစ္စအဝဝကို စိတ်တိုင်းကျသည်အထိ ဝန်ဆောင်မှုပေးပါသည်။ ဖုန်း-၀၉၇၃၉၀၀၇၀၂၊ ၀၉၇၃၀၁၅၁၈၆

**ဆရာဦးမြင့်သန်း B.Sc(maths)**
၇၊ ၈၊ ၉၊ ၁၀ တန်းများ ထူးချွန်လိုသူများအတွက် သင်္ချာသီးသန့်အထူးပိုင်းများ အိမ်အရောက်သင်သည်။ ဖုန်း-၀၉-၇၃၁၆၃၀၄၄၊ ၆၄၄၃၀၆

**Ko Htet Aung**
ကွန်ပျူတာ အိမ်အရောက်သင်သည်။ i Office Course, Graphic Design, Photoshop Advance (ဓာတ်ပုံပြုပြင်ခြင်း) ဖုန်း-၀၉-၇၃၁၆၇၅၆၄

**ရွှေကိုးသာ**
မြန်မာထမင်းဟင်းနှင့် အာရှအစားအစာများကို စျေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိပါသည်။ ဖုန်း-၅၁၂၂၉၅၊ ၀၉-၇၃၁၆၉၅၄၂

**ရောင်းမည်**
အသင့်နေထိုင်ရန် လုံးချင်းတစ်ထပ်တိုက်၊ ၃၉×၁၃၀ ပေ၊ ရေမီးအစုံ၊ သန်လျင်မြို့၊ ရွှေဝါလမ်းသွယ်(၂)ညှိနှိုင်း။ ဖုန်း-၀၁-၂၅၁၁၅၃

**တိုက်ခန်းငှားမည်**
ကျိုက္ကဆံ လမ်းမပေါ်၊ ကျောက်မြောင်းဈေးမှတ်တိုင်ရှေ့၊ ၁၃×၅၀ ပေ၊ ရေမီးစုံ၊ ၃ လွှာ၊ ထပ်ခိုးပါ။ ဆက်သွယ်စုံစမ်းရန်ဖုန်း- ၂၄၃၄၂၀

**မြေညီရောင်းမည်**
လသာ ၂၃လမ်းအထက်(၁၂ခွဲ၅၀) ပေ၊ Hall ဆိုင်သင့်။ ဖုန်း-၀၉-၅၁၃၆၁၁၃

**ကိုရီးယား ဘာသာသင်တန်း**
Basic, Level (1), Level (2) အသေးစိတ်စုံစမ်းရန်။ ဖုန်း-၀၉-၄၉၅၀၈၅၂၂

**အိမ်နှင့် မြေရောင်းမည်**
စမ်းချောင်းမြို့နယ်၊ လမ်းကျယ် (သန့်)၊ ၂၅×၇၅ ပေ၊ ဖုန်း-၀၉-၅၁၄၃၀၀၉

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
ရွှေပြည်သာ၊ သီရိမင်္ဂလာပတ်လမ်း၊ ထန်းခြောက်ပင်အနီး၊ ၄၀×၆၀ ပေ၊ နှစ်၆၀ဂရန်၊ ရေမီးစုံ၊ စျေး၊ ကျောင်း၊ ကားဂိတ်နီး။ သိန်း-၂၅၀ ဖုန်း-၀၉-၇၃၁၀၀၂၅၆၉

**သင်တန်းကျောင်း**
ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ဇာတ်ညွှန်း အခြေခံရေးနည်းသင်တန်း။ စာတွေ့၊ လက်တွေ့ သင်ကြားပေးနေပြီ။ ဖုန်း- ၂၄၇၂၃၀၊ ၀၉-၄၃၀၉၄၃၀၆

**တက္ကသိုလ်ဝင်တန်း "ဓာတု"**
ဂုဏ်ထူးအမှတ်ကောင်းရန် အချိန်မီ သင်ကြားပေးပါသည်။ ဖုန်း-၀၉-၇၃၀၇၀၁၇၃

**အုတ်သဲကျောက်ဝယ်လိုသည်**
ရန်ကုန်မြို့တွင်း၌သာ။ ဖုန်း-၀၉-၅၄၀၆၀၀၃

**ရှင်ပွင့်နိုင်(Service Centre)**
အဲကွန်း Servicing ပြုလုပ်ခြင်းများကို ၈,၀၀၀ ကျပ်ဖြင့် အပြီးအစီး အိမ်အရောက်ဝန်ဆောင်မှု။ ဖုန်း-၀၉-၇၃၀၂၀၁၂၃

**ရောင်းမည်/ငှားမည်**
၆၅×၁၂၀ပေ၊ ဂရန်ပေါက်ပြီး၊ ၀. ၁၄ ဧက(ကျယ်ဝန်း) မြေကွက် အမှတ် ၉၆/၁၃၁ (သိန်း-၁၂၀ ညှိနှိုင်း) ဖုန်း-၀၉-၂၂၂၅၄၈၃

**ရောင်းမည်**
ဦးဖိုးစိန်လမ်း၀. ၁၆၆ ဧက၊ ဘိုးဘွားပိုင် 2 RC, 6 MBR, 8 AC, Phone. ဖုန်း-၀၁-၅၉၉၉၄၃

**တက္ကစီ ငှားလိုသည်**
နေ့မောင်း တစ်လက်ကိုင် စနစ်ဖြင့်ငှားလိုသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပေးပါရန်။ ဖုန်း-၀၉-၄၃၁၁၉၄၈၈

**"ရေစစ်" အောက်ဆီဂျင်စက်ရုံ**
စက်မှုလုပ်ငန်းသုံး၌သာမက ဆေးရုံလုပ်ငန်းသုံးအဖြစ်ပါ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။ ဖုန်း-၃၉၁၁၀၆၊ ၀၉-၅၁၁၆၂၈၂

**Special IELTS**
7.5 & Above ရရန်တာဝန်ယူသည်။ ဖုန်း-၀၉-၅၆၁၇၇၈၁

**ရောင်းမည်**
တောင်ဥက္ကလာ၊ ၃ ထပ်တိုက်(၂၅×၆၀) ပေ၊ အဆင့်မြင့်ပြင်ပြီး။ သိန်း- ၂၃၀၀ ။ ဖုန်း-၀၉-၅၀၃၄၆၇၇

**တိရစ္ဆာန်ဆေးကုခန်း**
ခွေး၊ ကြောင် အရေပြားရောဂါနှင့် ပြင်းထန်သော ကူးစက်ရောဂါများ အတွက်။ ဖုန်း-၀၉-၇၃၀၃၄၀၈၁

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ အရှေ့မင်းလမ်းမ (ရန်ကုန်-ပဲခူးလမ်းမကြီး)၊ တံတားထိပ်အနီး။ ဘိုးဘွားပိုင်မြေ၊ ရေမီးစုံ၊ ဖုန်းပါ။ ဖုန်း-၆၂၀၅၁၊ ၀၉-၅၁၉၅၆၁၃

**သင်တန်း**
ဂျပန်စာ၊ စကားပြော အိမ်တိုင်ရာရောက်သင်ကြားပေးသည်။ ဖုန်း-၀၉-၄၉၁၅၁၃၄၆

**ခြံအမြန်ရောင်းမည်**
၄၀× ၂၇၁ပေ၊ ပေဟတ်ာ-မြန်အောင် ကားလမ်းဘေး၊ သဘာဝမီးစက်ကြီးရှေ့၊ ရွာသစ်ကုန်း၊ မြန်အောင်မြို့။ ဖုန်း-၀၉-၄၉၇၅၂၅၆၀

**မြေညီနှင့် ပထမထပ်ရောင်းမည်**
ပုဇွန်တောင်မြို့နယ်၊ အလယ်ဘလောက်၊ ၅၁ လမ်း(၈) ထပ်တိုက်ရှိ ၂၀×၆၀ ပေ၊ တစ်လွှာချင်းစီ၊ အမြင့် ၁၂ပေ၊ ရေမီးစုံ၊ ဖုန်းပါ။ ဖုန်း-၀၉-၅၁၀၂၇၄၈၊ ၂၅၀၅၇၉

**ဝန်ဆောင်မှု**
ဆေးကျောင်းသားများမှ တက္ကသိုလ်ဝင်တန်းနှင့် International Schools များအတွက် Sinence နှင့် Maths သင်သည်။ ဖုန်း-၀၉-၅၁၅၉၄၂၇

**Combridge & Young Learners**
(Starter, Mover, Plyer, KET, PET) များကို အချိန်တိုအတွင်း အမှတ်ကောင်းကောင်းရအောင်သင်ပေးသည်။ ဖုန်း-၀၉-၅၇၇၂၈၆၇

**ဘဝတူ ကာတွန်းဆရာများသို့**
ကာတွန်းဆရာများ၏ ကျန်းမာရေးအတွက် ကူညီထောက်ပံ့ပေးနိုင်ရန် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်း သတင်းပေးပို့နိုင်သည်။ ဖုန်း-၀၉-၇၃၁၂၂၀၄၁၁

**တိုက်ခန်းအမြန်ရောင်းမည်**
အမှတ်(၁၀)၊ ၇ လွှာ၊ ၁၇×၇၀ ပေ၊ ၁၆၃ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၄၃၈၁၆

**K.S.Linn**
Educational Services Centre LCCI & MYOB Level I, II & III, Computerised Accounting, Computer Basic. PH: 227152

**တရုတ်စာ (အခြေခံ)**
တစ်ဦးချင်း သီးသန့်သင်ပေးသည်။ အိမ်လိုက်သင်သည်။ HSK Level 2 ဖြေမည့်သူများအတွက် Guide လုပ်ပေးသည်။ ဖုန်း-၀၉-၇၃၀၅၇၂၀

**နက္ခတ်ဗေဒင်ပညာပြန့်ပွားရေး**
သင့်ဘဝကံကြမ္မာကို အချိန်ကာလနှင့် တိကျမှန်ကန်မြန်ဆန်စွာ အကြံပြုပေးသည်။ ကွန်ပျူတာဇာတာ(မြန်မာဘာသာ)ဖြင့် ဖွဲ့ပေးသည်။ ဖုန်း-၀၉-၅၀၂၈၁၄၀

**Horoscoper**
သင်၏ဘဝတွင် ကံကြမ္မာအဆိုးအညံ့များဖြစ်နေချိန်တွေကို ပြောင်းလဲဖို့ ဗေဒင်ပညာဖြင့် ယတြာတွေချေပေးနေပါသည်။ ဖုန်း-၀၉-၄၃၀၃၂၁၀၉

**Singapore Condo Sales**
စင်ကာပူတွင် ကွန်ဒိုတိုက်ခန်းဝယ်ယူလိုသူများဆက်သွယ်ပါ။ Email:keindayi@gmail.com

**အိမ်လိုက်သင်သည်**
၅၊ ၆၊ ၇၊ ၈တန်း သင်္ချာသီးသန့်၊ ၃၊ ၄၊ ၅၊ ၆၊ ၇တန်း ဘာသာစုံသင်ကြားပေးပါသည်။ ဖုန်း-၀၉-၇၃၁၉၅၁၀၅

**ဝန်ဆောင်မှု**
အရေးပေါ် သွေးလှူဒါန်းအဖွဲ့ ဖုန်းနံပါတ် ပြောင်းလဲခြင်း။ ဖုန်း-၀၁-၂၁၀၉၂၂

**ဝန်ဆောင်မှု**
The PIXE DUST အစီရင်ခံစာများနှင့် ဥပဒေအတိုင်ပင်ခံ ဝန်ဆောင်မှု၊ အဝေးရောက်သူများအတွက် အွန်လိုင်းမှ စီစဉ်ဆောင်ရွက်ပေးသည်။ ဖုန်း-၀၉-၇၃၀၅၅၁၂၄

Environment

7 DAY NEWS JOURNAL

Vol.10, No.34 • NOVEMBER 10, 2011

# မိန်းမလှကျွန်းတွင် တောဆင်ရိုင်းတစ်ကောင် ဝင်ရောက်ကျက်စား

**ရန်ကုန်၊ နိုဝင်ဘာ- ၄**

ဘိုကလေးမြို့နယ်အတွင်းရှိမိန်းမလှကျွန်းဘေးမဲ့တောအတွင်းသို့ တောဆင်ရိုင်းတစ်ကောင်လာရောက်ကျက်စားနေသည်ကိုတွေ့ရှိပြီးထိုသို့ရောက်ရှိလာခြင်းမှာ လူအများ၏ခြောက်လှန့်အနှောင့်အယှက်ပြုခြင်းကြောင့်ရွှေ့ပြောင်းကျက်စားခြင်း ဖြစ်နိုင်ကြောင်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။



ဓာတ်ပုံ - မိန်းမလှကျွန်းဘေးမဲ့တော

ဘေးမဲ့တောအတွင်း လာရောက်ကျက်စားနေသောတောဆင်ရိုင်းမှာမူလကကဒုံကနိကြိုးဝိုင်းတွင် ကျက်စားသည်ဟုယူဆရပြီး ကြိုးဝိုင်းအတွင်းရှိ ကျေးရွာများ၌ စပါးခင်းများကို ဝင်ရောက်စားသောက်သဖြင့် လူအများခြောက်လန့်မှုကြောင့် နယ်မြေသစ်ရှာကျက်စားလာခြင်းဖြစ်ကြောင်း မိန်းမလှကျွန်း ဘေးမဲ့တောမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းတောဆင်ရိုင်းသည် အရပ်အမြင့် ၈ ပေ ၉ လက်မခန့်ရှိသော ဆင်အထီးဖြစ်ပြီးဘေးမဲ့တော၏ အနောက်ဘက်ခြမ်းရှိ ကဒုံကနိကြိုးဝိုင်းမှကဒုံကနိမြစ်ကိုဖြတ်ကူးကာ မိန်းမလှကျွန်း ဘေးမဲ့တောအတွင်းသို့ ၂၀၁၀နှစ်ကုန်ပိုင်းကတည်းကလာရောက်ကျက်စားသည်ဟုခန့်မှန်းရကာ

*စာ(၄၀) သို့*

# ပတ်ဝန်းကျင်ဆိုင်ရာကိစ္စများ ဆောင်ရွက်ရန် ဌာနတစ်ခုဖွဲ့စည်းမည်

**ထူးသန့်**

**နေပြည်တော်၊ နိုဝင်ဘာ- ၁**

ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များကို ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းဆောင်ရွက်သွားရန်အတွက် ဌာနတစ်ခု ဖွဲ့စည်းသွားတော့မည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းက ယနေ့ကျင်းပပြုလုပ်သော ပထမအကြိမ် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်တွင် ပြောကြားခဲ့သည်။


၎င်းအပြင် ရေးဆွဲပြီးဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဥပဒေကြမ်းနှင့် ပတ်သက်၍လည်း "ဌာနဆိုင်ရာတာဝန်ရှိသူတွေအကြားအကျေအလည် ဆွေးနွေးညှိနှိုင်းပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းကိုပြင်ဆင်ရေးဆွဲခဲ့ပါတယ်။ အခုအဲဒီဥပဒေကြမ်းလွှတ်တော်မှာ ဆွေးနွေးညှိနှိုင်းနေပြီး သဘောတူအတည်ပြုရင်း ပြဋ္ဌာန်းကျင့်သုံးသွားမှာဖြစ်ပါတယ်"ဟု ဝန်ကြီးက ထပ်မံပြောကြားခဲ့သည်။

အစိမ်းရောင်စီးပွားရေးသည် လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များကို ပေါင်းစပ်စဉ်းစားထားသော စီးပွားရေးစနစ်ပြောင်းလဲမှုအသစ်တစ်ခုဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်မှုကို အလွန်အကျွံအလေးပေးလျှင် ပတ်ဝန်းကျင်ပျက်စီးယိုယွင်းပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုသာ အဓိကဦးစားပေးလျှင်လည်း စီးပွားရေးတိုးတက်မှုနှေးကွေးသွားမည်ဖြစ်ကြောင်း ၎င်းကပင်ဆက်လက်ပြောသည်။

အဆိုပါဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပင် "အစိမ်းရောင် စီးပွားရေးဆိုရင် လူတွေကသစ်ပင်စိုက်တာကိုပဲပြေးမြင်ကြတယ်။ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်၊ သံယံဇာတစတာတွေကို သဟဇာတဖြစ်စေမယ့်လုပ်ငန်းတွေအားလုံးလည်း အကျုံးဝင်တယ်။ အာရှမှာ တောင်ကိုရီးယားကတော့ စလုပ်နေပြီ"ဟူ၍ အစိမ်းရောင် စီးပွားရေးအပေါ် အမြင်နှင့်ပတ်သက်ပြီး အောက်တိုဘာလကုန်ပိုင်းက ပြုလုပ်ခဲ့သည့် သစ်တောရက်သတ္တပတ် အခမ်းအနားတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ အနာဂတ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စက်မှုလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများဆိုင်ရာ ဥပဒေများကိုလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလိုအပ်ချက်များနှင့် ကိုက်ညီအောင် ပြန်လည်ပြင်ဆင် ရေးဆွဲပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်းလည်း နိုင်ငံတော်သမ္မတ၏ ကတိကဝတ်ပြုပြောကြားချက်များတွင် ပါရှိကြောင်း သိရသည်။

## Environment Cartoon



# အစိမ်းရောင် စီးပွားရေးနှင့် အစိမ်းရောင် ဖွံ့ဖြိုးမှုဖိုရမ် ပထမဆုံးအကြိမ် ကျင်းပ

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ- ၄**

ပထမဆုံးအကြိမ်ကျင်းပသော အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးမှုဖိုရမ်မှ စီးပွားရေးဖွံ့ဖြိုးမှုနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှုအကြား ထိန်းညှိပေးနိုင်မည့်စီးပွားရေးလုပ်ငန်းများအတွက် ရလဒ်ကောင်းများ ပေါ်ထွက်လာရန် မျှော်လင့်ကြောင်း ပြည်တွင်းရှိသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများကပြောသည်။

"လုပ်သင့်တဲ့ဟာတွေပဲ တင်ပြသွားတယ်။ လုပ်သင့်တဲ့ အရာတွေက လူထုလူတန်းစားတွေနဲ့ အလှမ်းဝေးနေသေးတယ်။

*စာ(၄၀) သို့*



Tourism
7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

# နေပြည်တော်ဟိုတယ်ဇုန် (၂) တွင် ဟိုတယ်သစ်ထပ်မံဖွင့်လှစ်

**စိုင်းသာအောင်**

**မန္တလေး၊ နိုဝင်ဘာ- ၄**

နေပြည်တော်ဟိုတယ်ဇုန်(၂)ဥတ္တရသီရိဇုန်တွင် အောက်တိုဘာ ဒုတိယပတ်အတွင်း အဆင့်မြင့် ဟိုတယ်သစ်တစ်ခု ဖွင့်လှစ်ခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဟိုတယ် လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)မှ အမှုဆောင်တစ်ဦးက ပြောသည်။



ဓာတ်ပုံ - နေလင်းအောင်

အဆိုပါ ဖွင့်လှစ်သော ဟိုတယ်မှာ ဆောင်းသဇင် ဟိုတယ်ဖြစ်ပြီး အောက်တိုဘာ ၁၁ ရက်က ဖွင့်လှစ်ခဲ့ကြောင်း Superior Room ၂၈ ခန်း၊ Delux Room ၁၀ ခန်း၊ Delux Suite ၁၄ ခန်း၊ စုစုပေါင်း အခန်း ၅၂ ခန်းဖြင့် စတင်ဖွင့်လှစ်ခဲ့ကြောင်း ဆောင်းသဇင် ဟိုတယ်ပိုင်ရှင် ဒေါ်ဆွေသဇင်ကပြောသည်။

သူမက ဆက်လက်၍"ယခုအခန်း ၅၂ ခန်းက (Soft Opening) ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ဆက်လက်၍ Superior Room ၉၅ ခန်း၊ Delux Room ၃၆ ခန်း၊ Super Delux ၃၆ ခန်း၊ Super Suite ၁၄ ခန်း၊ Presidental Suite ၁ ခန်း၊ စုစုပေါင်း ၁၈၃ ခန်းကို ၂၀၁၃ ခုနှစ်အတွင်း နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပွဲအမီ တည်ဆောက်သွားမည်ဖြစ်ကြောင်း တာဝန်ယူဆောက်လုပ်သည့် အောင်ကောင်းကျော်ဆောက်လုပ်ရေးမှ ဦးကျော်ဝေက ရှင်းပြသည်။

နေပြည်တော်ဟိုတယ်ဇုန်(၂) ဥတ္တရသီရိဇုန်တွင် ဆောင်းသဇင်ဟိုတယ်သည် ဒုတိယမြောက်ဖွင့်လှစ်သော ဟိုတယ်ဖြစ်ပြီး ပထမဦးဆုံးဖွင့်လှစ်သော ဟိုတယ်မှာ ရန်ကုန်မြို့ စိုးလျှပ်စစ်မှ တည်ဆောက်သော ဥတ္တရသီရိဟိုတယ်ဖြစ်သည်။

# လေးနိုင်ငံမှ ရုပ်သေးပညာရှင်များ တွေ့ဆုံဖျော်ဖြေပွဲ ကျင်းပမည်

**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ- ၁**

မြန်မာ၊ ကမ္ဘောဒီးယား၊ ထိုင်း၊ အင်ဒိုနီးရှားလေးနိုင်ငံ ပူးပေါင်းပြုလုပ်မည့် နိုင်ငံတကာရုပ်သေးပညာရှင်များ တွေ့ဆုံဖျော်ဖြေပွဲကို ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံရှိပြင်သစ်ယဉ်ကျေးမှုဌာနများ၊ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ Empty Space ယဉ်ကျေးမှုစင်တာ၊ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ရှိ La Meta House နှင့် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှ Goethe Institut တို့ ပူးပေါင်းတင်ဆက်ခြင်းဖြစ်ကြောင်း ရန်ကုန်အခြေစိုက် ပြင်သစ်ယဉ်ကျေးမှုဌာနမှ သတင်းရရှိသည်။ ယင်းဖျော်ဖြေပွဲတွင် နောက်ထပ်ပါဝင်မည့်အဖွဲ့များမှာ ထွေးဦး မြန်မာရုပ်သေးအဖွဲ့၊ ပြင်သစ်နိုင်ငံမှ Les Remouleurs အဖွဲ့၊ ကမ္ဘောဒီးယားအနုပညာဌာနမှ ရုပ်သေးအဖွဲ့၊ ထိုင်းနိုင်ငံမှ The Makhmpom ပြဇာတ်အဖွဲ့နှင့် ဂျာမနီနိုင်ငံမှ Wild & Vogel Puppen Spieler အဖွဲ့တို့ဖြစ်ကြသည်။

အဆိုပါအဖွဲ့အနေဖြင့် ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံများတွင် ၄င်းတို့၏ ရုပ်သေးအနုပညာဖန်တီးမှုများကို လှည့်လည်တင်ဆက်ခဲ့ပြီး မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် ယခုလ ၁၁ နှင့် ၁၂ ရက်များ၌ ပြင်သစ်ယဉ်ကျေးမှုဌာနတွင် ကျင်းပပြုလုပ်ပေးသွားမည်ဟု အထက်ပါဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါ်ဝါဝါတင်ကပြောသည်။

ရန်ကုန်မြို့တွင် ပြုလုပ်မည့် အဆိုပါရုပ်သေးဖျော်ဖြေပွဲမတိုင်မီ ယခုလ ၇ ရက်မှ ၁၀ ရက်အထိ ရုပ်သေးပညာဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ ဆက်တိုက်ပြုလုပ်ပေးသွားမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်မည်ဟု သိရသည်။

# ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝတ်ပြုမှုဆိုင်ရာ သင်တန်းများအသင်းကို ကော်မတီအဖြစ် ပြောင်းလဲဖွဲ့စည်း

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ - ၂၈**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းနှင့် ဧည့်ဝတ်ပြုမှုဆိုင်ရာသင်တန်းများ အသင်းကို ကော်မတီအနေဖြင့် ပြောင်းလဲဖွဲ့စည်းလိုက်ကြောင်း အဆိုပါကော်မတီဝင် သင်တန်းကျောင်းတစ်ခု၏ မန်နေဂျင်းဒါရိုက်တာကပြောသည်။


ယခုလပိုင်းတွင်ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံခရီးသွားလုပ်ငန်းနှင့် ဧည့်ဝတ်ပြုမှုဆိုင်ရာသင်တန်းများအသင်းတွင် ပြည်တွင်း၌ ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ သင်ကြားနေသော ကန်တော်ကြီးဟိုတယ်သင်တန်းကျောင်း၊ အမ်အိတ်အာသင်တန်းကျောင်း၊ စတားရီဆော့ဟိုတယ်သင်တန်းကျောင်း၊ မန္တလေးဟိုတယ်သင်တန်းကျောင်း၊ အာရှမာစတာ ဟိုတယ်သင်တန်းကျောင်း၊ စီဗီစီ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းကျောင်း၊ တီအာစီ သင်တန်းကျောင်း စသည့်သင်တန်းကျောင်းများ ပါဝင်သည်။ ယခုအခါ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းနှင့်ဧည့်ဝတ်ပြုမှုဆိုင်ရာသင်တန်းများကော်မတီအနေဖြင့် ရပ်တည်သွားမည်ဖြစ်ပြီး သင်တန်းကျောင်းများအချင်းချင်း တွေ့ဆုံဆွေးနွေးခြင်း၊ အသိပညာဖလှယ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

"တခြားနိုင်ငံတွေမှာ အသင်းအဖွဲ့တွေက အားကောင်းနေပါပြီ။ ဒီမှာက အခုမှ စဖွဲ့တာဖြစ်တဲ့အတွက် နောက်ကျနေတယ်လို့ပြောရပါမယ်"ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

အဆိုပါကော်မတီသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ လက်အောက်တွင် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ဟိုတယ်သင်တန်းကျောင်းများ တရားဝင်အသိအမှတ်ပြု ဖွင့်လှစ်ခွင့်ရရှိရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။



# Cartoon






7DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

# မဲခေါင်မြစ်လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရန် တရုတ်၊ မြန်မာ၊ ထိုင်း၊ လာအို လေးနိုင်ငံ သဘောတူ

**ဘေဂျင်း၊ နိုဝင်ဘာ - ၁**
မဲခေါင်ဒေသ နိုင်ငံများဖြစ်သော တရုတ်၊ ထိုင်း၊ မြန်မာနှင့် လာအိုနိုင်ငံတို့သည် မဲခေါင်မြစ်အတွင်း လုံခြုံရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့သည်။

အောက်တိုဘာလ ၃၁ရက်က အဆိုပါလေးနိုင်ငံမှ တာဝန်ရှိသူများ မြို့တော်ဘေဂျင်းတွင် တွေ့ဆုံပြီးနောက် မဲခေါင်မြစ်အတွင်း ထိုသို့ လုံခြုံရေးပူးပေါင်းဆောင်ရွက်ရန် ဥပဒေပြဌာန်းထိန်းချုပ်မှုများပြုလုပ်ရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောကြေညာချက်တွင်လည်း "မဲခေါင်မြစ်တစ်လျှောက်မှာ မကြာသေးမီနှစ်များအတွင်း မူးယစ်ဆေးနဲ့ လက်နက်မှောင်ခိုမှုတွေ များပြားလာခဲ့ပါတယ်။ လုယက်မှု၊ လက်နက်ကိုင်ဓားပြတိုက်မှုတွေဟာလည်းရေကြောင်းသွားလာရေးအတွက်အန္တရာယ်ဖြစ်လာခဲ့ပါတယ်" ဟုဖော်ပြထားသည်။ ယခု လေးနိုင်ငံပူးပေါင်းရေး သဘောတူညီချက်သည်ပြီးခဲ့သည့်လက မဲခေါင်မြစ်အတွင်း တရုတ်သင်္ဘောနှစ်စင်းမှသင်္ဘောသား ၁၃ဦး အသတ်ခံရပြီးနောက် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုအမှုနှင့်ပတ်သက်၍ သံသယရှိသူ ထိုင်းစစ်သားကိုးဦးကိုလည်း မကြာသေးမီက ဖမ်းဆီးထားပြီဖြစ်သည်။

ယခုလုံခြုံရေးသဘောတူညီချက်အရ မဲခေါင်မြစ်ကြောင်း လုံခြုံရေး၊ ထောက်လှမ်းရေးသတင်းများမျှဝေရေး၊ ဥပဒေစိုးမိုးမှုရှိရေးတို့ကိုလည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ မဲခေါင်မြစ်သည် အရှေ့တောင်အာရှတွင် အရှည်ဆုံးမြစ်တစ်စင်းဖြစ်ကာ ကီလိုမီတာ ၄,၈၈၀ ရှည်လျားပြီး တရုတ်နိုင်ငံမှ ကျန်အရှေ့တောင်အာရှနိုင်ငံများသို့ဖြတ်သန်းတည်ရှိသည်။ ပြီးခဲ့သည့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၉ အထိ ဆယ်စုနှစ်အတွင်း ထိုမြစ်တစ်လျှောက် တရုတ်နိုင်ငံယူနန်ပြည်နယ်မှတရုတ်ကုန်တင်သင်္ဘောစီးရေသုံးသန်းခန့်ဖြတ်သန်းသွားလာခဲ့သည်။

—*Ref: Xinhuanet*


Photo - AP




# လုံခြုံမှုမပေးနိုင်သည့် ၄၁ နိုင်ငံသို့ နိုင်ငံသားများ သွားရောက်အလုပ်လုပ်ခွင့် ဖိလစ်ပိုင် ပိတ်ပင်

**မနီလာ၊ နိုဝင်ဘာ - ၂**
ဖိလစ်ပိုင်တာဝန်ရှိသူများသည် ၎င်းတို့၏နိုင်ငံသားများအား လုံခြုံစိတ်ချမှုမပေးနိုင်သည့်နိုင်ငံပေါင်း ၄၁ နိုင်ငံသို့ ပြည်သူများ ခရီးသွားအလုပ်လုပ်ကိုင်ခွင့် ပိတ်ပင်ထားကြောင်းပြောကြားသည်။

ဖိလစ်ပိုင်အလုပ်သမားရေးရာနှင့် အလုပ်အကိုင်ဌာနက ၎င်း၏ဝက်ဘ်ဆိုက်တွင် ဖော်ပြချက်၌ အမည်ပျက်စာရင်းသွင်းထားသောယင်း၄၁နိုင်ငံသည်နိုင်ငံခြားလုပ်သားများ ကာကွယ်ရေးအတွက်အပြည်ပြည်ဆိုင်ရာသဘောတူညီချက်စာချုပ်များ လက်မှတ်ထိုးရန်ပျက်ကွက်ထားကြောင်းဆိုသည်။

ယင်းဌာနက "အဲဒီစာရင်းထဲက ဘယ်နိုင်ငံကမှ ပြည်ပရောက်ဖိလစ်ပိုင်လုပ်သားတွေကို ကာကွယ်ရေးအတွက်နှစ်နိုင်ငံသဘောတူညီချက်တွေ လက်မှတ်ထိုးထားတာမရှိပါဘူး" ဟုဆိုသည်။ ဖိလစ်ပိုင်၏ အလုပ်သမားစေလွှတ်မှုပိတ်ပင်ထားသော နိုင်ငံများစာရင်းတွင် အာဖဂန်နစ္စတန်၊ လစ်ဗျား၊ အီရတ်၊ ဆူဒန်၊ ချတ်ဒ်နှင့် ပါကစ္စတန်နိုင်ငံများပါဝင်သည်ဟု သိရသည်။

ယခုအခါ ဖိလစ်ပိုင်နိုင်ငံတွင် ပြည်ပရောက်လုပ်သား ကိုးသန်းခန့်ရှိနေပြီး ယင်းမှာ နိုင်ငံ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိကြောင်း တရားဝင်ထုတ်ပြန်သည့်ကိန်းဂဏန်းများကဖော်ပြသည်။

—*Ref: AFP*

# ဘန်ကောက်ရေကြီးမှုကြောင့် ဓာတ်လိုက်မည့် အန္တရာယ်တိုးလာနိုင်ကြောင်း ထိုင်းအာဏာပိုင်များ သတိပေး

**ဘန်ကောက်၊ နိုဝင်ဘာ - ၂**
ထိုင်းအာဏာပိုင်များသည် မြို့တော်ဘန်ကောက်တွင် ရေကြီးမှုများကြောင့် လျှပ်စစ်ဓာတ်လိုက်မည့်အန္တရာယ်များ တိုးပွားလာနိုင်ကြောင်းမြို့ခံပြည်သူများကို သတိပေးချက်ထုတ်ပြန်ထားသည်။

ဘန်ကောက်မြို့အလယ်ဗဟိုနေရာများတွင် ရေမကြီးသေးဘဲ ခြောက်သွေ့နေဆဲရှိသော်လည်း မြို့တော်မြောက်ပိုင်းနှင့် ဆင်ခြေဖုံးဒေသများတွင် ရေများမှာ လူတို့၏ခါးလယ်ခန့်အမြင့်ထိ တက်နေဆဲဖြစ်သည်။ ရေကြီးမှုများကြောင့် လူပေါင်း ၄၂၇ ဦးသေဆုံးခဲ့ပြီး အများစုမှာ ရေနစ်မြုပ်သေဆုံးခြင်းဖြစ်ကာ လူသုံးဒါဇင်ခန့်မှာမူ ဓာတ်လိုက်သေဆုံးရခြင်းဖြစ်ကြောင်း အစိုးရက ဆိုထားသည်။

ပြည်သူ့ကျန်းမာရေးဌာနမှ အရာရှိတစ်ဦးက "ပြီးခဲ့တဲ့ ၁၀ ရက်အတွင်း ဓာတ်လိုက်သေဆုံးသူဦးရေဟာ ကိုးဦးကနေ ၃၆ ဦးအထိ ရှိလာခဲ့ပါတယ်။ အဲဒီထဲက လူ ၈၀ ရာခိုင်နှုန်းဟာ ဘန်ကောက်မြို့ပတ်ဝန်းကျင်နေသူတွေဖြစ်ကြပါတယ်" ဟု ပြောသည်။

ထိုင်းနိုင်ငံတွင် ပြီးခဲ့သောသုံးလမှစ၍ မုတ်သုံမိုး ရွာသွန်းမှုများကြောင့် နိုင်ငံအနှံ့နေအိမ်များနှင့် လူပေါင်းများစွာ ရေဘေးဒဏ်ခံခဲ့ရသည်။ ထိုင်းဝန်ကြီးအဖွဲ့သည်ရေကြီးမှုကြောင့် နေအိမ်ပျက်စီးခဲ့ရသည့် မိသားစု တစ်စုချင်းအတွက် လျော်ကြေး ဘတ် ၃၀,၀၀၀ (ဒေါ်လာ ၁,၀၀၀ ခန့်) စီ ပေးအပ်သွားရန် နိုဝင်ဘာ လ ၁ ရက်က ဆုံးဖြတ်အတည်ပြုခဲ့သည်။

—*Ref: AP*

7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011





## Leader's Profile

# အရှေ့အာရှမှ အချမ်းသာဆုံးပုဂ္ဂိုလ်

# မစ္စတာလီကာရှင်း

ရဲမင်း

မစ္စတာလီကာရှင်းသည် ဟောင်ကောင်အခြေစိုက် စီးပွားရေးလုပ်ငန်းရှင်ကြီးဖြစ်ပြီး အရှေ့အာရှနွယ်ဖွား အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်သည်။ လက်ရှိတွင် မစ္စ တာလီသည် Hutchison Whampoa Limited (HWL)နှင့် Cheung Kong Holdings တို့၏ ဥက္ကဋ္ဌဖြစ်သည်။ မစ္စတာလီသည် ကမ္ဘာပေါ်တွင် ကွန်တိန်နာဆိပ်ကမ်းလုပ်ငန်း အများဆုံးပိုင်ဆိုင်သူဖြစ်ပြီး ကျန်းမာရေးနှင့် အလှကုန်လုပ်ငန်း အကျယ်ပြန့်ဆုံးလုပ်ကိုင်သူလည်းဖြစ်သည်။

မစ္စတာလီကာရှင်းအား ၁၉၂၈ ခုနှစ် ဇွန်လ ၁၃ ရက်တွင် ဂွမ်ဒေါင်းပြည်နယ်၊ ချောင်ဇူးဒေသ၌ မွေးဖွားခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် တရုတ်ပြည်မကြီး မငြိမ်မသက်မှုများကိုတိမ်းရှောင်ရင်းဟောင်ကောင်သို့ရောက်ရှိလာသည်။ လီတို့မိသားစုမှာ ချမ်းသာသောဦးလေး၏ နေအိမ်တွင် နေထိုင်ရသည်။ ဦးလေး၏ အောင်မြင်မှုကိုအားကျ၍ လီက လူတစ်လုံး သူတစ်လုံးဖြစ်ရန်ကြိုးစားခဲ့သည်။

ဟောင်ကောင်တွင် ဖခင်ဖြစ်သူ သေဆုံးသွားခဲ့ရာ မိသားစုတာဝန်များကို လွှဲပြောင်းတာဝန်ယူခဲ့ရသည်။ လီသည် အသက် ၁၅ နှစ်မပြည့်မီမှာပင် ကျောင်းမှထွက်၍ ပလတ်စတစ်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်သည်။ ၁၉၅၀ ပြည့်နှစ်တွင်လီက Cheung Kong Industries ကုမ္ပဏီကို စတင်ထူထောင်ခဲ့သည်။ ပလတ်စတစ်ပစ္စည်းများထုတ်လုပ်ရာမှ Cheung Kong ကုမ္ပဏီအား ဟောင်ကောင်အိမ်ခြံမြေရောင်းနီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုဖြစ်လာရန်လီကာရှင်းကဦးဆောင်ခဲ့သည်။

မစ္စတာလီကာရှင်းသည် ၁၉၇၂ ခုနှစ်တွင် ၎င်း၏ ကုမ္ပဏီအား ဟောင်ကောင်စတော့အိတ်ချိန်း၌ စာရင်းသွင်းခဲ့ပြီး ၁၉၇၉ နှင့် ၁၉၈၅ ခုနှစ်တို့တွင် Hutchison Whampoa Limited (HWL)နှင့် Cheung Kong Holdings တို့ကို ဝယ်ယူခဲ့သည်။ ယင်းကုမ္ပဏီများကိုဝယ်ယူလိုက်ခြင်းဖြင့် မစ္စတာလီကာရှင်းသည် ကမ္ဘာ့အကြီးကျယ်ဆုံး ကွန်တိန်နာလုပ်ငန်း လုပ်ကိုင်သူဖြစ်လာသည်။

Hutchison Whampoa အုပ်စုသည် စီးပွားရေးလုပ်ငန်းများကိုဝယ်ယူ၍ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ပြီးပြန်လည်၍အမြတ်တင်ရောင်းချရာတွင်လည်း နာမည်ကြီးသည့်ကုမ္ပဏီဖြစ်သည်။ မကြာသေးမီကပင် အိန္ဒိယမိုဘိုင်းကုမ္ပဏီ Hutchison Essar အား Vodafone ကုမ္ပဏီသို့ ရောင်းချခဲ့ရာ ကန်ဒေါ်လာ ၁၁ ဒသမ ၁ ဘီလီယံရရှိခဲ့သည်။ စောစောပိုင်းတွင် Hutchison က ကန်ဒေါ်လာ ၂ ဘီလီယံခန့်သာ ရင်းနှီးမြှုပ်နှံခဲ့သည်။

မစ္စတာလီကာရှင်း၏ စီးပွားရေးလုပ်ငန်းများသည် ကမ္ဘာ့နိုင်ငံပေါင်း ၅၅ နိုင်ငံအထိ ကျယ်ဝန်းပြီး ဝန်ထမ်း ၂၆၀,၀၀၀ ကို အလုပ်ပေးထားသည်။

မစ္စတာလီသည် ကမ္ဘာပေါ်တွင် ၁၁ ဦးမြောက် အချမ်းသာဆုံးပုဂ္ဂိုလ်လည်းဖြစ်ပြီး ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ် ဘီလ်ဂိတ်ကဲ့သို့ပင် အလှူအတန်းရက်ရောသူဖြစ်သည်။ ၎င်း၏ မွေးရပ်မြေ ချောင်ဇူးတွင် တက္ကသိုလ်တစ်ခု ထူထောင်ခဲ့သလို ဟောင်ကောင်၊ စင်ကာပူ၊ ကနေဒါ၊ အင်္ဂလန်၊ အမေရိကန်နိုင်ငံ တက္ကသိုလ်များသို့ လှူဒါန်းမှုများပြုပြီး ၎င်း၏ ချမ်းသာကြွယ်ဝမှု သုံးပုံတစ်ပုံ ကန်ဒေါ်လာ ၁၀ ဘီလီယံခန့်ကို လှူဒါန်းမည်ဟု ၂၀၀၆ ခုနှစ်ကပင် ကတိကဝတ်ပြုခဲ့သည်။

မစ္စတာလီကာရှင်းသည် အနေရိုးရှင်းသူဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်များတွင် ကန်ဒေါ်လာ ၅၀ တန် Citizen လက်ပတ်နာရီသာ ဝတ်ဆင်ခဲ့ပြီး ယခု အခါ Seiko နာရီသာဝတ်ဆင်သည်။ ၎င်းတွင် သားနှစ်ယောက်ရှိပြီး နှစ်ဦးစလုံးမှာ ကနေဒါနိုင်ငံသားများဖြစ်သည်။

—Ref: Wikipedia

## နောက်ကျောဖုံး - ဂွာတီမာလာ သမတရွေးကောက်ပွဲ ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦး အနိုင်ရ မှ

ရွေးကောက်ပွဲတွင် ရှေးရိုးဆန်သော မျိုးချစ်ပါတီမှ ဗိုလ်ချုပ်ကြီးဟောင်း အော်တိုပီရက်စ်မိုလီနာက မဲအရေအတွက် ၅၅ ရာခိုင်နှုန်းရရှိခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်အဖြစ်မှ လူထုအကြိုက်လိုက်လျောသည့် နိုင်ငံရေးသမားဖြစ်လာသူမယ်နျူရယ်ဘယ်ဒီဇင်ကမဲ အရေအတွက် ၄၅ ရာခိုင်နှုန်းရရှိခဲကြောင်း ဂွာတီမာလာရွေးကောက်ပွဲ ခုံရုံးထုတ်ပြန်ချက်အရ သိရသည်။

ဂွာတီမာလာနိုင်ငံတွင် စစ်ဘက်အုပ်ချုပ်ရေးအဆုံးသတ်ပြီး ၂၅နှစ်ကြာမြင့်လာချိန်တွင်သမ္မတရွေးကောက်ပွဲ၌ ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦး ပထမဆုံးအကြိမ် ရွေးကောက်ပွဲအနိုင်ရရှိလာခြင်းဖြစ်သည်။

"ကျွန်တော်တို့ ပထမဆုံးလုပ်ရမှာတော့ သွေးထွက်သံယိုအကြမ်းဖက်မှုတွေ၊ မလုံခြုံတဲ့ အခြေအနေတွေကို လျှော့ချနိုင်ဖို့နဲ့ နိုင်ငံတော်ဘတ်ဂျက်ကို တိုးတက်စေရေး ဥပဒေပြုသူတွေနဲ့ ပူးပေါင်းလုပ်ဆောင်ဖို့ပဲဖြစ်ပါတယ်" ဟု ဗိုလ်ချုပ်ကြီးဟောင်း ပီရက်စ် (၆၁) နှစ်က ပြောကြားသည်။





ဗဟိုအမေရိကဒေသရှိလူဦးရေ ၁၄ သန်းရှိသော ဂွာတီမာလာနိုင်ငံသည် မက္ကဆီကို မူးယစ်ဆေးဝါးဂိုဏ်းကြီးများနှင့် အုပ်စုလိုက် ပြစ်မှုကျူးလွန်သည့် ဂိုဏ်းများ ကြီးစိုးရာ နိုင်ငံဖြစ်ပြီး နိုင်ငံလူဦးရေထက်ဝက်ကျော်မှာ ဆင်းရဲသားများဖြစ်ကြသည်။

—Ref: AP

## နောက်ကျောဖုံး - ဂရိဝန်ကြီးချုပ်ပါပန်ဒရူး ရာထူးမှဆင်းပေး ၎နိုပေါင်းအစိုးရဖွဲ့မည် မှ

ယူရိုငွေကြေးသုံးစွဲသည့် ယူရိုဇုန်တွင်ပါဝင်သည့် ဂရိနိုင်ငံ ဒေဝါလီမခံရစေရန်ဥရောပသမဂ္ဂနှင့် နိုင်ငံတကာ ငွေကြေး ရန်ပုံငွေအဖွဲ့တို့က ယူရိုငွေဘီလီယံများစွာသုံး၍ နှစ်ကြိမ်တိုင်တိုင် ကယ်တင်ထားရသည်။ ယင်းအဖွဲ့အစည်းများမှ နောက်ထပ်အရစ်ကျချေးငွေ ကန်ဒေါ်လာ ၁၇၈ ဘီလီယံရရှိရန် ဂရိနိုင်ငံအနေဖြင့် အစိုးရအလုပ်အကိုင်များနှင့် ပင်စင်ငွေများ လျှော့ချခြင်း၊ နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းများ ပိုမိုလုပ်ဆောင်ရမည်ဖြစ်သည်။

—Ref: UPI

## နောက်ကျောဖုံး - ထိုင်းရေကြီးမှုကြောင့် သေဆုံးသူ ၅၀၀ ကျော်လာ မှ



Photo - Reuters

အနည်းဆုံး ဘန်ကောက်မြို့ ရေယာဉ်ငါးပုံ တစ်ပုံ ရေမြုပ်နေပြီး အမှိုက်သရိုက်များ၊ တိရစ္ဆာန်အသေကောင်များ၊ စက်မှုစွန့်ပစ်ပစ္စည်းများနှင့် ညစ်ညမ်းနေခြင်းအတွက် လူဦးရေ ၁၂ သန်းနေထိုင်သည့် မြို့တော်တွင် ရောဂါဘယထူပြောလာမည်ကို စိုးရိမ်နေကြသည်။

မြို့တော်သို့ ဝင်ရောက်လာသောရေများမှာ ဘန်ကောက်မြို့၏ အချက်အချာကျရာ စီးပွားရေးနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများရှိရာ နေရာများမှ ကီလိုမီတာအနည်းငယ်အကွာသို့ ရောက်ရှိလာပြီဖြစ်ရာ အာဏာပိုင်များက မြို့တော်၏ အရှေ့ဘက်နှင့် အနောက်ဘက်ရှိ ရေလမ်းကြောင်းများမှ တစ်ဆင့် ရေများအား ပင်လယ်ဆီသို့ တွန်းထုတ်ရန် ကြိုးပမ်းနေကြသည်။

ထိုအတောအတွင်း ထိုင်းဝန်ကြီးချုပ် ယင်လပ်ခ်ရှင်နာဝါထရာက မြို့တော်၏ စီးပွားရေး အချက်အချာဒေသများမှာ အများအားဖြင့် ခြောက်သွေ့နေမည်ဖြစ်ပြီး "ခဏတဖြုတ်နှင့် အနည်းအကျဉ်းသာ" ရေလွှမ်းမှုရှိနိုင်ကြောင်း ပြောကြားသည်။

—Ref: AFP

## နောက်ကျောဖုံး - နိုင်ငံတကာအဏုမြူအေဂျင်စီ အစီရင်ခံစာကြောင့် အရှေ့အလယ်ပိုင်းတင်းမာမှုများ မြင့်တက်စေနိုင် မှ

ကြိုးပမ်းမှုကို ထိခိုက်နိုင်သည်ဟု ရုရှားနှင့် တရုတ်နိုင်ငံတို့ကစိုးရိမ်နေကြပြီး အီရန်အပေါ် ဒဏ်ခတ်မည့် ကုလသမဂ္ဂအရေးယူမှုများအပေါ် ဆန့်ကျင်သည့် အရိပ်အယောင်များပြသခဲ့သည်။

အီရန်နိုင်ငံကလည်း အဏုမြူဗုံး ထုတ်လုပ်ရန် ရည်မှန်းချက်ရှိသည်ဆိုခြင်းကို ငြင်းဆိုပြီး ၎င်းတို့၏ နျူအစီအစဉ်မှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက်သာဖြစ်သည်ဟု ပြောကြားသည်။

အိုင်အေအီးအေ၏ အစီရင်ခံစာအား နိုဝင်ဘာ ၉ ရက်တွင် အဖွဲ့ဝင်နိုင်ငံများသို့ ဖြန့်ဝေရန် ရည်ရွယ်ပြီး ရှေ့လာမည့် သီတင်းပတ်အတွင်း အိုင်အေအီးအေအဖွဲ့ဝင် ၃၅ နိုင်ငံ ဘုတ်အဖွဲ့အစည်းအဝေးသို့လည်း တင်ပြမည်ဖြစ်သည်။

—Ref: Reuters

7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

# ဂျော့ချ်ကလူနေးနှင့် မေးခွန်း ၁၀



**ကျော်မျိုး**

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသား ဂျော့ချ်ကလူနေးဟာ မကြာသေးမီကပဲ The Ides of March အမည်ရဇာတ်ကားသစ်မှာသမ္မတလောင်းတစ်ဦးရဲ့ ဇာတ်ရုပ်နေရာမှာ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဂျော့ချ်ဟာ ဟောလိဝုဒ်သရုပ်ဆောင်အလုပ်အပြင် လူမှုဝန်ထမ်းအလုပ်တွေကိုပါ ပူးတွဲဆောင်ရွက်နေသူဖြစ်ပါတယ်။ ၎င်းဟာ ယခုဖော်ပြမယ့် အင်တာဗျူးမှာတော့ အမေရိကန် ပြည်တွင်းနိုင်ငံရေးအကြောင်း၊ ဆူဒန်မှာ လုပ်ဆောင်နေတဲ့ ၎င်းရဲ့စီမံကိန်းအကြောင်း၊ ဝေါလ်စထရိဆန္ဒပြမှုများအကြောင်းနဲ့ ရော်နယ်ရေဂင်လိုပဲ မင်းသားဘဝကနေ အမေရိကန်သမ္မတဖြစ်ဖို့ ရွေးကောက်ပွဲဝင်၊ မဝင် ကိစ္စတွေကိုပါ ဖြေကြားထားတာတွေ့ရပါတယ်။

**ခင်ဗျားရဲ့ ရုပ်ရှင်သစ် The Ides of March က နည်းနည်းတော့ စိတ်ညစ်စရာပါ။ နိုင်ငံရေးသမားတွေအပေါ် ခင်ဗျားရဲ့အမြင်ကရော၊ သူတို့အားလုံးဟာ အလျှော့ပေး စေ့စပ်တတ်တဲ့သူတွေလို့မြင်လို့လား။**

ကျွန်တော့်အဖေကတော့ ၂၀၀၄ တုန်းက ကွန်ဂရက်အမတ်ဖြစ်ဖူးတယ်။ ဒီတော့ ကျွန်တော့်မှာလည်း အသိတစ်ခုရခဲ့တယ်။ အဲဒါကတော့ အလျှော့အတင်းလုပ် စေ့စပ်မှုတွေမရှိဘဲနဲ့တော့ အောင်မြင်မှုများများရဖို့လမ်းမရှိဘူးဆိုတာပဲ။

**(အဲဒီရုပ်ရှင်ထဲက) ခင်ဗျားရဲ့ ဇာတ်ရုပ်ဖြစ်တဲ့ သမ္မတလောင်းဟာ အမှားတစ်ခုလုပ်မိတယ်။ လူတွေဟာ နိုင်ငံရေးသမားတွေအဖြစ် လွှမ်းမိုးနိုင်စွမ်းမရှိတဲ့ သမ္မတလောင်းတွေရဲ့ အားနည်းချက်တွေကို ခွင့်လွှတ်တတ်ပါသလား။**

ဒါမျိုးက မိုက်မဲတဲ့အပြုအမူတွေကို သာမက အဲဒီမိုက်မဲတဲ့ အပြုအမူကိုပါ ဖုံးအုပ်ပစ်ရေးအတွက်ပါ အမြဲတမ်းပဲ လက်ဆင့်ကမ်းလေ့ရှိတယ်လို့ ကျွန်တော်တကယ်ထင်တယ်။ တကယ်လို့သာ နှစ်ကဆင်ဟာ တိပ်ခွေတွေကိုယူပြီး သူ့အိမ်ရှေ့ မြက်ခင်းမှာ အဲဒါတွေကို မီးရှို့ပစ်ပြီး "ဒါတွေကိုငါပိုင်တယ်ကွ"လို့သာပြောဖြစ်ခဲ့ရင် ဝါးတားဂိတ်အရှုပ်တော်ပုံကိစ္စဟာ တကယ်ဖြစ်ခဲ့တာနဲ့ လုံးဝခြားနားသွားမှာပဲလို့ ကျွန်တော်ယုံတယ်။

**သမ္မတအိုဘားမားကိုရော ခင်ဗျား စိတ်ပျက်နေမိသလား။**

ကျွန်တော်ကတော့ သူ့အပေါ် သည်းမခံနိုင်တဲ့လူတွေကို တကယ်ဒေါသထွက်နေမိတယ်။ သူ့နေရာမှာ ရီပက်ဘလေကန်သမ္မတတစ်ယောက်သာဖြစ်ကြည့်။ ရီပက်ဘလေကန်တွေက ပြောမှာပဲ။ "ကျုပ်တို့တော့ တစ်လကို အလုပ်အကိုင်နေရာပေါင်းလေးသိန်းလောက်ဆုံးရှုံးနေရပြီ။ ကျုပ်တို့ အဲဒါကိုရပ်ပစ်လိုက်ပြီ။ ကားလုပ်ငန်းလောကကို ကယ်ဆယ်လိုက်ပြီ"လို့ ပြောမှာပဲ။ ခင်ဗျားအနေနဲ့ စာရင်းကို လျှော့ချပစ်နိုင်တာပဲလေ။ ဒီမိုကရက်တွေဟာ အဲဒီကိစ္စတွေထဲက တချို့ကို ဘယ်လိုစိတ်သဘောထားမျိုးထားရမယ်ဆိုတာနဲ့ပတ်သက်လို့ ဟောလိဝုဒ်ကို သွားဆွေးနွေးသင့်တယ်။ ဆိုပါစို့၊ ခင်ဗျားမှာ အခွန်ရှောင်တဲ့ကိစ္စတွေအကြောင်းပြောရမယ်ဆိုပါတော့။ "ရှောင်တယ်" ဆိုတာတွေပြောမယ့်အစား ဥပဒေကို လက်တစ်လုံးခြားပြီး "အခွင့်အရေးယူတယ်"လို့ ပြောပါလား။ မဟုတ်ဘူးလား။ ဒီမိုကရက်တွေဟာ ဒီကိစ္စမှာတော့ ဆိုးရွားတယ်လို့ ကျွန်တော်ထင်တယ်။

**ရော်နယ်ရေဂင်ကပြောပါတယ်။ "သမ္မတတစ်ယောက်ဟာမင်းသားတစ်ယောက် မဖြစ်နိုင်ရဘူးလား"တဲ့။ အိုဘားမားကရော ဘယ်လိုတော်တဲ့ သရုပ်ဆောင်မင်းသားပါလဲ။ (မှတ်ချက်။ ။ ရေဂင်သည် မင်းသားဘဝမှ သမ္မတဖြစ်လာသူဖြစ်သည်)**

တကယ်လို့ ခင်ဗျားက ကိုယ်ဖြစ်စေချင်တဲ့သူတစ်ယောက်ကို သရုပ်ဆောင်ကောင်းတစ်ဦးလို့ တွေးမယ်ဆိုရင် သူလည်း သိပ်ကောင်းတဲ့ သရုပ်ဆောင်ပဲ။ ဘာကြောင့်လဲဆိုတော့ သူက နံရံကို မှီထားတာ။ အမြဲတော်နေမှာပေ့ါ။ သူက တစ်ခါတလေမှာ နေ့စဉ်ပြောဆိုဆက်ဆံရေးစွမ်းရည်တချို့ကို လေ့လာထားသင့်ပါတယ်။

**ဂြိုဟ်တုပေါ်က စောင့်ကြည့်ရေးစီမံကိန်းလို့ဆိုတဲ့ Satellite Sentiner Project နဲ့ ခင်ဗျား ဘာတွေလုပ်နေပါသလဲ။**

ကျွန်တော်တို့မှာ ဆူဒန်နိုင်ငံအပေါ်(ကောင်းကင်ယံ)က မိုင် ၄၀၀ အထက်ကနေ ဓာတ်ပုံတွေရိုက်ယူနေတဲ့ ကင်မရာရှိတယ်။ ကျွန်တော်က ဆူဒန်သမ္မတအိုမာအယ်လ်ဘာရှီးရာကိုလည်း ကျွန်တော်ရထားသလောက် ကျော်ကြားမှုမျိုး အတိအကျရစေချင်တယ်။ အဲဒီမှာ ကျွန်တော်တို့ (ဆူဒန်အစိုးရတပ်တွေက) မြေမြှုပ်ဖို့လုပ်နေတဲ့အစုအပြုံလိုက်အသတ်ခံရတဲ့သင်္ချိုင်းရာတွေ ရှာတွေ့ထားတယ်။ လူမျိုးစုစစ်ပွဲ ဆင်နွှဲဖို့သက်သက်အတွက်လို့ ထင်ရတဲ့နေရာမှာ လေယာဉ်တွေ၊ ရဟတ်ယာဉ်တွေ၊ တင့်ကားတွေ သုံးနေတဲ့ ဓာတ်ပုံ(အထောက်အထား)တွေလည်း ကျွန်တော်တို့ရထားတယ်။ အဲဒီပုံတွေကိုပါ ကျွန်တော်တို့ ကုလသမဂ္ဂကို ပေးအပ်နိုင်စွမ်းရှိပါတယ်။

**ခင်ဗျား Twitter (လူမှုကွန်ရက်ဆိုက်)ကိုရောသုံးသလား။**

ဟင့်အင်း၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က ညနေပိုင်းသောက်တတ်တယ်။ ကျန်တာဘာမှမလိုချင်ဘူး။ ညသန်းခေါင်ကျတော့ ကိုယ့်အလုပ်ကို အဆုံးသတ်ဖို့ စာရေးတယ်။ အားလုံးစာလုံးပေါင်းမှားနေတာပဲ။

**ခင်ဗျား ကိုမိုရေကန်နံဘေးမှာနေကတည်းက ဒီကိုလာတဲ့ ဧည့်သည်တွေပိုများလာသလား။**

ကျွန်တော့်အိမ်လာတဲ့ ဧည့်သည်တွေတော့ တိုးလာတယ်။ နှစ်တိုင်းပဲ ပိုကြီးတဲ့လှေကြီးတွေ ရောက်လာတယ်။ ပြီးတော့ နှစ်တိုင်းပဲ သူတို့ပြောတာတော့ ကျွန်တော့်နေအိမ်အတွက် ကျွန်တော်ပေးထားတာ (ဝယ်ထားတဲ့ဈေးနှုန်းဟာ) ပိုတက်လာနေတယ်။ အခုဆို (သူတို့ပြောတဲ့ ကျွန်တော့်အိမ်တန်ဖိုးက) ဒေါ်လာ ၂၅သန်းလောက်ရှိပြီနဲ့တူတယ်။ ကျွန်တော် အဲဒီလောက် မပေးရပါဘူး။

**ဝေါလ်စထရိသိမ်းပိုက်ရေး ဆန္ဒပြမှုတွေ Occupy Wall Street ကို ဘယ်လိုမြင်ပါသလဲ။**

ဘယ်အချိန်မဆို အောက်ခြေလူထုလှုပ်ရှားမှုတွေကို ဖန်တီးဖို့ကြိုးစားနေတဲ့လူတွေကထောက်ပံ့ပေးတာမဟုတ်တဲ့ တကယ့်အောက်ခြေက လူထုလှုပ်ရှားမှုတွေရှိတတ်တာပါ။ အဲဒါ စိတ်ဝင်စားစရာလို့ ကျွန်တော်မြင်တယ်။

**ဝါရင့်ဘတ်ဖတ်ရဲ့ အဆိုကရော ဘယ့်နှယ့်လဲ။ ဝင်ငွေရှိတဲ့သူတွေက (တိုင်းပြည်စီးပွားရေးကျချိန်မှာ) အခွန်ပိုပေးသင့်တယ်ဆိုတာလေ။**

အခွန်ပိုဆောင်ရေးကိစ္စမှာ ပါဝင်နိုင်လောက်အောင် ငွေရှိပြီးကံကောင်းတဲ့သူတွေကို နှိုးဆော်တာဟာ မျိုးချစ်စိတ်ဓာတ်နဲ့လုပ်ရမယ့် အလုပ်ပဲ။ ခင်ဗျား ဒါကို ဘယ်လိုနည်းနဲ့ ဆန့်ကျင်ပြောချင်ရသလဲ ကျွန်တော်မသိဘူး။

**ခင်ဗျားအနေနဲ့ ရွေးကောက်ပွဲဝင်ဦးမလား။**

ဟင့်အင်း။ ကျွန်တော့်အလုပ်က ဒီထက်ပိုပြီးတောင် ပျော်စရာကောင်းပါတယ်။

*—Ref: 10 Questions for George Clooney*

## တရုတ်နှင့်ရုရှားသည် လာဘ်ထိုးမှုအများဆုံး နိုင်ငံများဖြစ်ကြောင်း နိုင်ငံတကာစစ်တမ်းတစ်ရပ်တွေ့ရှိ

**လန်ဒန်၊ နိုဝင်ဘာ – ၁**

ခြစားမှုတိုက်ဖျက်ရေး နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည့် Transparency International (TI) က နိုင်ငံပေါင်း ၂၈ နိုင်ငံမှ စီးပွားရေးလုပ်ငန်း အမှုဆောင်အရာရှိများကို မေးမြန်းစစ်တမ်းကောက်ယူထားချက်များအရ နိုင်ငံရပ်ခြား၌ စီးပွားရေးလုပ်ရာတွင် ရုရှားနှင့် တရုတ်နိုင်ငံတို့မှ ကုမ္ပဏီများသည် လာဘ်ထိုးရန် အလားအလာအများဆုံးဖြစ်ကြောင်းတွေ့ရှိခဲ့သည်။

လာဘ်ထိုးမှုအနည်းဆုံးနိုင်ငံများစာရင်းတွင် နယ်သာလန်နှင့် ဆွစ်ဇာလန်နိုင်ငံတို့က ထိပ်ဆုံးတွင်ရှိနေပြီး ဗြိတိန်နိုင်ငံက နံပါတ်ရှစ်နှင့် အမေရိကန်နှင့် ပြင်သစ်နိုင်ငံတို့၏ အထက်တွင်ရှိသည်။ ယေဘုယျအားဖြင့် အစိုးရနှင့်သက်ဆိုင်သောလုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လာဘ်ထိုးမှုအများဆုံးဖြစ်ကြောင်း သိရသည်။

နိုင်ငံအများအပြားမှ စီးပွားရေးလုပ်ငန်းများ ကမ္ဘာတစ်ဝန်းစီးပွားရေးဖြန့်ကြက်နေရာ၌ ခြစားမှုနှင့်လာဘ်ပေး၊ လာဘ်ယူမှုများသည် ၎င်းတို့ စီးပွားရေးလုပ်သည့် လူ့အဖွဲ့အစည်းအပေါ် ရိုက်ခတ်မှုရှိပြီး ကုမ္ပဏီများ၏ မျှမျှတတယှဉ်ပြိုင်နိုင်စွမ်းကိုလည်းထိခိုက်ကြောင်း TI အစီရင်ခံစာတွင် ဆက်လက်ဖော်ပြသည်။

*—Ref: BBC*

ဧမသင်းနိုင်
အိမ်၊ ခြံ၊ မြေအကျိုးဆောင်

168 ကရုဏာတိုင်းရင်းဆေးကုခန်း

7DAY NEWS JOURNAL

# Entertainment

Vol.10, No.34 • NOVEMBER 10, 2011



ဓာတ်ပုံ-လမင်းနိုင်

## ရဲတိုက် ပြောတဲ့ လူငယ်နဲ့အခွင့်အရေး

ချမ်းခိုက်ခိုက်

**နယ်က လူငယ်တစ်ယောက်ပေမယ့် အောင်မြင်တဲ့သရုပ်ဆောင်တစ်ယောက်ဖြစ်အောင် ဘဝဖြတ်သန်းမှုမှာ ကြုံကြိုက်လာတဲ့ အခွင့်အရေးတွေကို အကျိုးရှိရှိ အသုံးချခဲ့တဲ့သူက သရုပ်ဆောင်ရဲတိုက်ပါ။ မိမိဆီရောက်လာတဲ့အခွင့်အရေးတွေကို မိမိရဲ့လက်ရှိဘဝနဲ့အံဝင်ခွင်ကျဖြစ်အောင်၊ တိုးတက်အောင်မြင်အောင် ဖန်တီးနိုင်ခဲ့တဲ့ရဲတိုက်က အခွင့်အရေးတွေပေါ် အသုံးချခဲ့မှုအကြောင်းကို ဒီကဏ္ဍကနေ ပြောပြခဲ့ပါတယ်။**

ကျွန်တော်နားလည်ထားတာကတော့ အခွင့်အရေးဆိုတာကြုံလာရင်ယူရတယ်။ ယူတဲ့အခါမှာလည်း ကိုယ်စောင့်စည်းရမယ့်ကျင့်ဝတ်တွေရှိမယ်။ အခွင့်အရေးကို နားလည် သဘောပေါက်ပုံရှိမယ်။ နောက် ဒီအခွင့်အရေးကကိုယ့်ကိုဘယ်လို တိုးတက်အောင်လုပ်ပေးမှာလဲ။ ဒီအခွင့်အရေးက ကိုယ့်ဆီကို ဘာကြောင့်လာတာလဲဆိုတာကို အတတ်နိုင်ဆုံး၊ အမှန်ကန်ဆုံး အဖြေထွက်အောင်ချဉ်းကပ်ရမယ်။ အဲဒါတွေကို ကောင်းကောင်း နားလည်ပြီဆိုတော့မှ ဒီအခွင့်အရေးကို အသုံးချရမယ်လို့ မြင်တယ်။ ဒါကတော့ ကျွန်တော့်ခံယူချက်ပါ။

ကျွန်တော် အသက်ပြည့်တဲ့အချိန်မှာ ကျောင်းနေခွင့်ရတယ်။ အဲဒါဟာ အခွင့်အရေးပဲ။ ကျွန်တော့်အမေဆုံးတဲ့အချိန်မှာ ကျွန်တော့်ကို အိမ်ကပြင်ဦးလွင်မှာ ဘော်ဒါသွားနေမလား၊ ကိုယ့်နေရပ်မှာပဲ ကျောင်းဆက်တက်မလားဆိုပြီး ရွေးချယ်ခိုင်းတယ်။ အဲဒီအခွင့်အရေးမှာ ကျွန်တော် ပြင်ဦးလွင်မှာ ဘော်ဒါသွားနေဖို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီအချိန်က အဲဒီလမ်းကိုရွေးခဲ့တဲ့အတွက် ကျွန်တော့်ဘဝမှာ မိတ်ဆွေအပေါင်းအသင်းသစ်တွေအများကြီးရခဲ့တယ်။ ဒါက ငယ်ဘဝတုန်းကရခဲ့တဲ့ ကိုယ်ရွေးချယ်ခဲ့တဲ့ အ ရာတွေပါ။ အခွင့်အရေးတွေပါ။

လောလောဆယ် ဖြစ်တည်နေတဲ့အခြေအနေနဲ့ သက်ဆိုင်တဲ့ အခွင့်အရေးကတော့ ဆာတိုရီက ကျွန်တော့်ကိုပေးခဲ့တဲ့အခွင့်အရေးပါပဲ။ သရုပ်ဆောင်တစ်ယောက် အဖြစ်ရပ်တည်မလား၊ ဒါမှမဟုတ် ကြိုးစားကြည့်မလားဆိုတဲ့အခွင့်အရေးရခဲ့တယ်။အဲဒီအခွင့်အရေးကို ကျွန်တော့်ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှသုံးတယ်။

ကျွန်တော် ဒီနေ့ရိုက်တဲ့ကားဆိုရင် ကျောင်းသားတစ်ယောက်ပုံစံပေါ့။ ဒါပေမဲ့ အင်တာနေရှင်နယ်ကျောင်းသားပုံစံရိုက်ချင်တယ်လို့ ထုတ်လုပ်သူကို တောင်းဆိုတယ်။ ထုတ်လုပ်သူဘက်ကလည်း လိုက်လျောပေးတယ်။

စာ(၄၉)သို့

## Mnet အာရှဂီတဆုပေးပွဲ ဆန်ခါတင်စာရင်းတွင် ကိုရီးယားပေါ့ပ်ဂီတအဖွဲ့များ ဦးဆောင်နေ

**စင်ကာပူ၊ နိုဝင်ဘာ - ၁**

စင်ကာပူနိုင်ငံတွင် လာမည့် နိုဝင်ဘာလ ၂၉ ရက်၌ ကျင်းပမည့် ၂၀၁၁ Mnet Asian Music Awards ဆုပေးပွဲအတွက် ဆန်ခါတင်စာရင်း၌ ကိုရီးယားပေါ့ပ်ဂီတလောက၏ နာမည်ကြီးအဖွဲ့များဖြစ်သော Big Bang၊ Super Junior၊ SNSD တို့ပါဝင်နေကြောင်း သိရသည်။

ဆုအမျိုးအစားပေါင်း ၁၇ ခု ချီးမြှင့်မည့် ယင်းဆုပေးပွဲတွင် အကောင်းဆုံး အမျိုးသားဂီတအဖွဲ့ဆုအတွက် Big Bang၊ Super Junior၊ Beast၊ TVXQ နှင့် 2PM အဖွဲ့များပါဝင်နေသည်။ အကောင်းဆုံး အမျိုးသမီးဂီတအဖွဲ့ဆုအတွက် စာရင်းတွင် ကိုရီးယားမိန်းကလေးဂီတအဖွဲ့များဖြစ်သော SNSD၊ KARA၊ 2NE1 တို့ပါဝင်နေသည်။

ဆုပေးပွဲ၏ လူကြိုက်အများဆုံးဆုများမှ တစ်ခုဖြစ်သော တစ်နှစ်တာသီချင်းဆုစာရင်းတွင် Tablo၊ Hyun-A၊ 4 Minute နှင့် Secret အဖွဲ့များပါဝင်နေကာ တစ်နှစ်တာ အနုပညာရှင်ဆုအတွက်လည်း Dal Shabet၊ A Pink၊ Brave Girl၊ Boy Frien အဖွဲ့များ ရေပန်းစားနေကြောင်းသိရသည်။

၂၀၁၁ Mnet အာရှဂီတဆုပေးပွဲအတွက် ပွဲလက်မှတ်များကို ယခုအခါ စင်ကာပူတွင် စတင်ရောင်းချနေပြီဖြစ်သည်။ Ref: CNA



## လွတ်လပ်ခြင်းအနုပညာ ရုပ်ရှင်ပွဲတော်တွင် ကျော်သူပါဝင်ရိုက်ကူးယှဉ်ပြိုင်မည်

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ- ၁**

ဒေါ်အောင်ဆန်းစုကြည်၏ အကြံပေးမှုဖြင့် ဒါရိုက်တာ မောင်သူရနှင့်ဒါရိုက်တာမင်းထင်ကိုကိုကြီးတို့စီစဉ်သော ‘လွတ်လပ်ခြင်း အနုပညာရုပ်ရှင်ပွဲတော်’ တွင်ကျော်သူက နှစ်မိနစ်ခန့် ရုပ်ရှင်ဇာတ်လမ်းတိုဖြင့် ဝင်ရောက်ရိုက်ကူးယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

“ဇာတ်လမ်းကိုတော့ နှစ်မိနစ်စာပဲရိုက်မှာဆိုတော့ ပြောမနေတော့ဘူး။ ရိုက်ကူးမယ့်ကင်မရာကိုလည်းအခုမှစီစဉ်တုန်းပဲ။ နှစ်မျိုး၊ သုံးမျိုးနဲ့တော့ ရိုက်ဖြစ်မယ်။ ဘယ်အရုပ်တွေ ယူဖြစ်မလဲတော့ မသိသေးဘူး။ ဒီရက်ပိုင်းအတွင်း ရိုက်တော့မှာ ပါ” ဟု ၎င်းကပြောသည်။

ယခုရက်ပိုင်းအတွင်း ဒါရိုက်တာအောင်ဆွေမြန်မာရိုက်ကူးပြီး ကျော်သူ၊ စိုင်းစိုင်းခမ်းလှိုင်၊ မို့မို့မြင့်အောင်နှင့် သက်မွန်မြင့်တို့ သရုပ်ဆောင်ထားသော ‘ရင်ခုန်နှင်းဆီ’ ရုပ်ရှင်ကားမှာ ဗီဒီယိုအဖြစ်ပြန်လည်ထွက်ရှိလာပြီဖြစ်သည်။

## ပြည်ပရောက်သီးနှစ်သီးနှင့်မင်းသမီး နိုဝင်ဘာ ၂၇ တွင် ပြန်ရောက်မည်

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ- ၂**

ပြည်ပတွင် ကျန်ရစ်သောသီးလေးသီးအဖွဲ့ဝင်များဖြစ်ကြသည့်ကြယ်သီး၊ ပန်းသီးနှင့် မင်းသမီးမြစပယ်ငုံတို့သည် ရန်ကုန်မြို့သို့ နိုဝင်ဘာလ ၂၇ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း ၎င်းတို့နှင့်နီးစပ်သည့် လူရွှင်တော်အသိုင်းအဝိုင်းက ပြောသည်။

“သူတို့ပြန်ရောက်လာတော့မှာပါ။ သူတို့ပြန်လာရင် အငြိမ့်က လူစုံပြီ။ ဒီတော့ ဆေးရောင်စုံအငြိမ့်ရော ၊ အရင်ကခဲ့တဲ့ မြပုဏ္ဏမာအငြိမ့်ရော ပြန်ကမယ်။ ပထမဒီဇင်ဘာလောက်ကမယ်လုပ်ထားတာ။ ခုတော့ ရုပ်ရှင်ပွဲတော်လည်း တစ်ဖက်ကရှိနေတော့ ရုပ်ရှင်ပွဲတော်အပြီးလောက်ကျမှကဖြစ်မလားမသိဘူး။ ကချင်တဲ့နေရာကတော့ အောင်ဆန်းကွင်းပေါ့” ဟုသီးလေးသီးဆေးရောင်စုံအငြိမ့်ကို စတင်တည်ထောင်ပေးခဲ့သူ ဇာဂနာကပြောသည်။ “ဒီလကုန်ပိုင်းလောက် ပြန်ရောက်မယ်။ နိုဝင်ဘာ ၂၇လို့လည်း ကြားတယ်။ သူတို့ပြန်ရောက်ရင်တော့ သီးလေးသီးစုံပြီ။ မင်းသမီးတွေလည်းစုံပြီ။ ဆေးရောင်စုံအငြိမ့်ကို ပြန်ကမယ်လို့လည်း ကိုဇာဂနာကပြောပါတယ်” ဟု လူရွှင်တော်ကင်းကောင်ကပြောသည်။ ပြည်ပတွင် လက်ရှိရောက်ရှိနေထိုင်နေသောသီးနှစ်သီးနှင့်မြစပယ်ငုံတို့သည်ပြီးခဲ့သည့်ရက်ပိုင်းအတွင်း သီးညီနောင်အငြိမ့်အမည်ဖြင့် ကပြခဲ့ပြီး ဇာဂနာ၏ အမေရိကားခရီးစဉ်တွင်လည်း ဇာဂနာနှင့်တွဲဖက်၍ အငြိမ့်ကပြရန်စီစဉ်ထားသည်ဟုသိရသည်။

7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011



# ခရစ္စမတ်အယ်လ်ဘမ်သစ်နဲ့ရန်ပုံငွေလှုပ်ရှားမှုစတင်တဲ့ဂျပ်စတင်ဘီဘာ

**လော့စ်အိန်ဂျလိစ်၊နိုဝင်ဘာ - ၂** ကနေဒါလူငယ်ပေါ့ပ်အဆိုတော် ဂျပ်စတင်ဘီဘာသည် ၎င်း၏ ခရစ္စမတ်အယ်လ်ဘမ်သစ် Under the Mistletoe ဖြန့်ချိခြင်းနှင့်အတူ အလှူရန်ပုံငွေလှုပ်ရှားမှုတစ်ခုကို စတင်ခဲ့ကြောင်းသိရသည်။


အသက် ၁၇နှစ်အရွယ်ထိုလူငယ်အဆိုတော်၏ ဆင်ဂယ်လ်အယ်လ်ဘမ်တွင် မာရီယာကာရေး၊ ဘတ်စတာရိုင်းမ်၊ အူရှာ၊ Boys II Men အဖွဲ့နှင့် The Band Perry အဖွဲ့များလည်း ပူးပေါင်းပါဝင်ထားသည်။ ဘီဘာ၏ ယခုခရစ္စမတ်အယ်လ်ဘမ်ကို ချပ်ရေ ၁၆၄,၀၀၀ ခန့် ရောင်းချနိုင်ရန် မျှော်လင့်ထားကြောင်း ဟောလိဝုဒ်ရီပို့တာသတင်းကလည်း ဖော်ပြသည်။

အယ်လ်ဘမ်သစ်အတွက် ထုတ်ပြန်သော ကြေညာချက်၌လည်း ဘီဘာက "ကျွန်တော့်ရဲ့ The Believe Charity Drive ရန်ပုံငွေအစီအစဉ်ဟာ ရန်ပုံငွေအဖွဲ့တွေအတွက် တိုက်ရိုက်အကျိုးအမြတ်ဖြစ်ထွန်းစေမှာပါ"ဟု ဖော်ပြထားပြီး ပရိသတ်များအားလည်း အလှူငွေများ လှူဒါန်းရန် နှိုးဆော်ထားသည်။

ဘီဘာသည် ၂၀၁၂ တွင် Believe ဟုအမည်ပေးထားသော အယ်လ်ဘမ်သစ်ကိုဖြန့်ချိရန်ရှိပြီး Pencils For Promise အဖွဲ့အပါအဝင် ရန်ပုံငွေအဖွဲ့အစည်းခုနစ်ခုသို့ အယ်လ်ဘမ်ရောင်းချခြင်းမှ ဒေါ်လာသန်းပေါင်းများစွာ လှူဒါန်းနိုင်ရန်မျှော်လင့်နေသည်။

—Ref: USdaily








7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011



## စာ – ၄၇၊ ရဲတိုက်ပြောတဲ့ လူငယ်နဲ့ အခွင့်အရေး မှ

ဒီလိုအခွင့်အရေးမျိုးကို တောင်းဆိုတဲ့အခါလိုက်လျောမှုလေးတွေရလာခဲ့တယ်ဆိုရင် ကျွန်တော့်တောင်းဆိုမှုဟာ ကျွန်တော့်ဇာတ်ကောင်ကိုအများကြီး အထောက်အပံ့ဖြစ်တယ်။ တောင်းဆိုမှုတွေသိပ်များလာရင်ကိုယ့်ကိုဒီအခွင့်အရေးတွေ မပေးတော့မှာ စိုးရိမ်တဲ့စိတ် ကျွန်တော့်မှာ ရှိခဲ့တယ်။ ဒါပေမဲ့ အလုပ်လုပ်လာတာကြာတဲ့အခါဘယ်အရာကတော့တောင်းဆိုသင့်တယ်၊ ဘယ်အရာကတော့သရုပ်ဆောင်တစ်ယောက်အနေနဲ့ ရသင့်တယ်ဆိုတာမျိုးလေးတွေကိုနားလည်လာတဲ့အခါကျတော့တောင်းဆိုရဲလာတယ်။ ဒါကြောင့်လည်း ကျွန်တော်ရိုက်ချင်တဲ့ဇာတ်ကလေးတွေ တစ်ခါတလေမှာ ရိုက်ခွင့်ရ လာပါတယ်။ ဇာတ်ကားအတွက် ကိုယ်တတ်နိုင်သမျှ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ အခွင့်အရေးသာရှိနေရင် အားထုတ်လို့ရတယ်လို့ ကျွန်တော်ယူဆထားတယ်။

တိုက်ပိုင်မင်းသားအနေနဲ့ မဟုတ်ဘဲ တခြားထုတ်လုပ်ရေးတိုက်တွေရဲ့ ကမ်းလှမ်းမှုတွေအပေါ်မှာလည်း ကျွန်တော်အခွင့်အရေးကို အသုံးချခဲ့ပါတယ်။ မနှစ်ကဆို ကျွန်တော်စိန်ဌေးနဲ့ ရိုက်တယ်။ ကျွန်တော် ဆာတိုရီမှာ သရုပ်ဆောင်အဖြစ်ရှိစဉ်က တခြားဒါရိုက်တာတွေနဲ့မရိုက်ဖူးဘူး။ အခုလို တခြားဒါရိုက်တာတွေနဲ့လည်း ရိုက်ခွင့်ရလာတဲ့အတွက် တခြား ဒါရိုက်တာဆီက ပညာကို ကျွန်တော်ရခဲ့တယ်။ ဒါလည်းကျွန်တော့်အတွက် အခွင့်အရေးပါပဲ။

အခွင့်အရေးဆိုတာ ကိုယ်က ယူတာလည်းရှိသလို ကိုယ့်အပေါ် အခွင့်အရေးယူကြတဲ့ လူတွေလည်းရှိတယ်။ ဒါပေမဲ့ ကျွန်တော်ဆို ကျွန်တော့်ကို အသုံးချရတာကိုကြိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က အသုံးဝင်တဲ့ လူတစ်ယောက်ဖြစ်ချင်တယ်။ ဘယ်လိုလူက ကိုယ့်ကိုအသုံးချမှာလဲ၊ ဘာအတွက်အသုံးချမှာလဲ ဆိုတာတော့ အရေးကြီးတယ်။ နံပါတ်တစ် ကိုယ့်ကိုအခွင့်အရေးယူမယ့်လူကို ကြည့်မယ်၊ ရည်ရွယ်ချက်ကို ကြည့်မယ်၊ ပြီးရင် ကိုယ်ပြန်ရမယ့် ရလဒ်ကိုကြည့်မယ်။ အဲဒါတွေကြည့်ပြီးမှ ကျွန်တော့်ဘက်က အခွင့်အရေးပေးသင့်မပေးသင့် စဉ်းစားမယ်။

ကျွန်တော် အခုလုပ်နေတဲ့ ပရဟိတအလုပ်တွေရဲ့ အခြေခံအရင်းအမြစ်က စိတ်ကောင်းစေတနာပါပဲ။ စိတ်ကောင်းစေတနာက မွေးတည်းက ပါလာနိုင်သလို ကိုယ်မွေးဖွားကြီးပြင်းခဲ့တဲ့ ပတ်ဝန်းကျင်ကြောင့် ရကောင်းရလာနိုင်တယ်။ ကျွန်တော်ကတော့ စိတ်ကောင်းစေတနာ ကိုမွေးယူတယ်။ ပြီးတော့ပရဟိတအလုပ်တွေ အများကြီးရှိတဲ့ အထဲကမှ ကိုယ်စိတ်ကတကယ်သက်ရောက်တဲ့ လမ်းပေါ်မှာရှိတဲ့ ကလေးတွေအတွက် အရင် ဆုံးစဉ်းစားဖြစ်တယ်။ ကျွန်တော့် ဖောင်ဒေးရှင်းကနေ ကလေးတွေအတွက် အခွင့်အရေးတွေ ပေးထားပါတယ်။ လောလောဆယ် သူတို့ကိုယ်တိုင်က သူတို့ရဲ့ဘဝကို ပြောင်းလဲဖို့ အခွင့်အရေး ကျွန်တော့်ကို ပေးဖို့လိုပါတယ်။ အဲဒီအခွင့်အရေး ကျွန်တော့်ကိုမပေးကြသေးဘူး။ ဘာကြောင့်လဲဆိုတော့ ကလေးတစ်ယောက်နဲ့ ကျွန်တော် ကြာကြာ စကားပြောခွင့်တောင် မရသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကလေးတွေကလူတွေကိုသိပ်မယုံကြသလိုအမှန်ကို သိပ်မပြောကြဘူး။ အချိန်တော့နည်းနည်းစောင့်ရဦးမှာပေါ့။

ဘယ်အလုပ်တစ်ခုကိုမဆို ကျွန်တော်ရလာတဲ့အခွင့်အရေးရယ်၊ ကျွန်တော်လိုချင်တဲ့ပုံစံရယ်၊ ကိုယ်ပြန်မြင်ချင်တဲ့ကိုယ့် ဘဝအနေအထားရယ်ကို စဉ်းစားပြီး လုပ်ဖြစ်တာ။ အခြားအကြောင်းအရာ၊ အားကိုးယုံကြည်မှုတွေ၊ ဂုဏ် သတင်းကျော်စောမှုတွေကို ထည့်မတွက်ခဲ့မိသလို အဲဒီလို ထည့်တွက်ခဲ့မယ် ဆိုရင်လည်း လုပ်ဖြစ်မယ်မထင်ပါဘူး။

လွန်ခဲ့တဲ့ ငါးနှစ်တုန်းက ကျွန်တော် ဂရပ်ဖစ်ဒီဇိုင်နာတစ်ယောက် ဖြစ်ချင်ခဲ့ဖူးတယ်။ အဲဒီအတွက်လည်း ကျွန်တော် သဲသဲမဲမဲကြိုးစားတယ်။ ဒါပေမဲ့ လုပ်ဖို့ အခွင့်အရေး မရခဲ့ဘူး။ အဲဒီအခွင့်အရေးမရခဲ့ပေမယ့် ကျွန်တော့်မှာ ကျေနပ်နိုင်တဲ့ နောက်ထပ်အခွင့်အရေးတစ်ခု ထပ်ရခဲ့တယ်။ ဒါကြောင့်အခွင့်အရေးဆိုတာ ကျွန်တော်တို့တီဗီဂိမ်းကစားရင် ရတတ်တဲ့ Bonus (အပိုဆုကြေး)တွေလိုပါပဲ။ ဘောနပ်စ်ဆိုတာကို ဘာမှန်းသေချာနားလည်ထားမယ်ဆိုရင်အခွင့်အရေးတစ်ခုက လက်လွတ်သွားပေမယ့်လည်း နောက်ထပ် အခွင့်အရေးတစ်ခုကို တွေ့အောင် ရှာလို့ရပါတယ်။




**အေးသူစံ**

■ပြုံးအလှပိုင်ရှင်ရွေးချယ်ပွဲ၊ တန်ဆောင်တိုင်စျေးပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့ နိုဝင်ဘာ ၁၀ ရက်မှ ၁၃ရက်အထိ ဂန္ဓမာလက်ကားဈေးစင်တာတွင် ကျင်းပမည်ဖြစ်သည်။ ယင်းပွဲများကို Star Event Management Business Group နှင့် KTT ကုမ္ပဏီတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး လပြည့်နေညနေပိုင်းတွင် ဂျီလတ်၊ ဗီနိုထွန်း၊ ဖြိုးကြီး၊ ပူစူး၊ ရည်မွန်၊ အိမ့်ချစ်အစရှိသည့် အဆိုတော်များက သီဆိုဖျော်ဖြေမည်ဖြစ်သည်။ ပြုံးအလှပိုင်ရှင်ရွေးချယ်ပွဲဝင်လိုသူများနှင့် ဆိုင်ခန်းဖွင့်လိုသူများအနေဖြင့် ဖုန်းနံပါတ် ၀၉-၇၃၀၀၄၀၄၉ သို့ ဆက်သွယ်နိုင်ပြီး ပြိုင်ပွဲအတွက် လျှောက်လွှာများကိုနိုဝင်ဘာ ၈ ရက် နောက်ဆုံးလျှောက်ထားရမည်ဖြစ်သည်။

■နေရဲမာန်၏ ရှစ်ခွေမြောက်စီးရီးဖြစ်သည့်'လျှောက်မပြောနဲ့' စီးရီးကို နိုဝင်ဘာ ၆ရက်တွင် စတင်ဖြန့်ချိမည်ဖြစ်ပြီး ယင်းနေ့တွင် ပရိုမိုးရှင်းပွဲနှင့် ဖျော်ဖြေပွဲကို ဟက်ပီးဝေါတွင် နေ့လယ် ၁ နာရီ၌ ပြုလုပ်မည်ဖြစ်သည်။ ယခုစီးရီးတွင် ထွန်းအိန္ဒြာဗို၊ လေးလေးဝါးနှင့် ချောစုခင်တို့က စုံတွဲအဆို ပါဝင်ထားပြီး ဗီစီဒီကို ညီညီထွန်းလွင်၊ ကိုဇော်(အရုဏ်ဦး)၊ ကျော်ဇောလင်း (အတွေးပုံရိပ်)၊ မောင်ပြည့်ဝ(ပန်းဝေသီ)၊ မိုးဟိန်း (MH3)၊ ဇော်ကိုကို၊ ကိုပေါက်နှင့် ဦးချန်ဟိန်း(ရတနာမြိုင်)တို့က ရိုက်ကူးပေးထားသည်။

## လက်ထပ်အပြီး သုံးလအကြာ ကွာရှင်းပြတ်စဲတော့မယ့် ကင်မ်ကာဒါရှီယန်

**လော့စ်အိန်ဂျလိစ်၊ နိုဝင်ဘာ - ၁**

အမေရိကန်ရုပ်သံရှိုးများ၏ စတား မင်းသမီး ကင်မ်ကာဒါရှီယန်သည် ဘတ်စကက်ဘောကစားသမား ခရစ်ဟမ့်ရှိုင်းယားနှင့် လက်ထပ်အပြီး သုံးလမပြည့်ခင်ကာလ၌ပင် ကွာရှင်းပြတ်စဲရန် တရားရုံးသို့ အောက်တိုဘာလ ၃၁ ရက်တွင် လျှောက်ထားခဲ့ကြောင်းသိရသည်။

ကွာရှင်းရန် ဆုံးဖြတ်ရခြင်းနှင့်ပတ်သက်၍ ကင်မ်ကာဒါရှီယန်က "သေသေချာချာ စဉ်းစားပြီးချိန်မှာတော့ ကျွန်မတို့ရဲ့ လက်ထပ်ထိမ်းမြားမှုကို အဆုံးသတ်ဖို့စီစဉ်ခဲ့ပါတယ်။ ဒါဟာ လွယ်ကူတဲ့ ဆုံးဖြတ်ချက်တစ်ခု မဟုတ်ဘူးဆိုတာ လူတိုင်းနားလည်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်။ ကျွန်မတို့ဟာ မိတ်ဆွေကောင်းတွေအဖြစ် ဆက်ရှိနေဦးမှာပါ"ဟု E! online သတင်းသို့ပြောသည်။

ကင်မ်ကာဒါရှီယန်(၃၁ နှစ်)သည် တစ်ကြိမ် လက်ထပ်ဖူးကာ ကွာရှင်းခဲ့သူဖြစ်ပြီး ခရစ်ဟမ့်ရှိုင်းယား (၂၆နှစ်)နှင့်ပြီးခဲ့သည့်ဩဂုတ်လ ၂၀ ရက်တွင်လက်ထပ်ခဲ့သူဖြစ်သည်။ ထိုစဉ်က သူမအတွက် ခရစ်ကဒေါ်လာ နှစ်သန်းတန် စေ့စပ်လက်စွပ်ပေးအပ်ခဲ့ရာ မီဒီယာများတွင် ထိုသတင်းကို အရေးတယူဖော်ပြခဲ့သည်။

—Ref: AFP




## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Puss in Boots | N/A | ၃၄,၀၇၇,၄၃၉ | ၁ |
| ၂။ | Paranormal Activity 3 | Paramount Pic. | ၈၀,၉၁၉,၁၇၀ | ၂ |
| ၃။ | In Time | 20th Century Fox | ၁၂,၀၅၀,၃၆၈ | ၁ |
| ၄။ | Footloose | Paramount Pic. | ၃၈,၅၄၄,၈၂၅ | ၃ |
| ၅။ | Headhunters | Magnolia Pic. | ၂,၀၃၁,၈၂၀ | ၁ |
| ၆။ | Real Steel | DreamWorks | ၇၃,၉၄၁,၄၁၆ | ၄ |
| ၇။ | The Three Musketeers | Summit Entertainment, LCC | ၁၄,၈၄၇,၂၃၇ | ၂ |
| ၈။ | The Ideas of March | Sony Picture | ၃၃,၆၀၀,၆၁၈ | ၄ |
| ၉။ | Moneyball | Sony Pictures | ၆၇,၄၀၈,၀၉၉ | ၆ |
| ၁၀။ | Courageous | TriStar Pic. | ၂၇,၆၈၁,၉၇၅ | ၅ |

## Movie Review

### Immortals




၁၉၈၃ ခုနှစ်တွင် Kenny အား လူသတ်မှုဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်လိုက်သောအခါ သူ၏ ညီမ Anne က Kenny အနေဖြင့် လူသတ်မှု မကျူးလွန်ခဲ့ကြောင်းကို သက်သေပြရန်ကြိုးစားသည်။ ထိုသို့သက်သေပြနိုင်ရန်အတွက် ကလေးနှစ်ယောက်မိခင် Anne သည်အထက်တန်းကျောင်းပြန်တက်၊ ထိုမှ ကောလိပ်ဆက်တက်ပြီး နောက်ဆုံးတွင် ဥပဒေဘွဲ့ရရှိအောင် ကြိုးစားရသည်။ ၎င်းနောက်တွင်မှ ၎င်း၏ အခင်ဆုံးသူငယ်ချင်း Rice၏ အကူအညီဖြင့် သူမတို့မြို့ငယ်လေးမှ ရဲမေ Nancy စုဆောင်းခဲ့သောမသက်ဖွယ်ရာ အထောက်အထားများကို ပြန်လည်တူးဖော် ပြီး ၁၈ နှစ်ကြာပြီးနောက် သူမ၏ အစ်ကိုတွင် အပြစ်မရှိကြောင်း DNA အထောက်အထားဖြင့် သက်သေပြသောအခါ . . .။

တကယ့်အဖြစ်အပျက်အပေါ် အခြေခံထားသော ဒရာမာဇာတ်ကားတွင် Hilary Swank, Minnie Driver, Sam Rockwellတို့ဦးဆောင်ပါဝင်သည်။ ဒါရိုက်တာ Tony Goldwyn ကရိုက်ကူးထားပြီး Hilary Swank တို့အဖွဲ့ကပင်ထုတ်လုပ်ထားသည့် ဇာတ်ကားကို အောက်တိုဘာလ ၁၅ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။


# ဆီးဂိမ်းမှာ မြန်မာ ဘယ်အဆင့်ရမလဲ

ဗိုလ်ဗိုလ်ဝင်း




ဆီးဂိမ်းအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုမှတ်တမ်းဓာတ်ပုံများ

ဓာတ်ပုံ - အောင်ဇေအောင်







အရှေ့တောင်အာရှဒေသ၏ အဆင့်မြင့်ဆုံး အားကစားပြိုင်ပွဲကြီးဖြစ်သည့် ဆီးဂိမ်း(ယခင် ကျွန်းဆွယ်)ပြိုင်ပွဲကြီးသည် ယခုနှစ်တွင် (၂၆) ကြိမ်မြောက်ရှိလာပြီဖြစ်သည်။ ၁၉၅၉ ခုနှစ်က ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲအမည်ဖြင့် စတင်ကျင်းပခဲ့ပြီး ထိုင်း၊ မြန်မာ၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပထမအကြိမ် ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု၌ အဆင့်-၂အဖြစ် ရပ်တည်နိုင်ခဲ့ဖူးသည်။

မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၉၆၁ ခုနှစ် ဒုတိယအကြိမ်ပြိုင်ပွဲ၌ မြန်မာအားကစားအဖွဲ့အနေဖြင့် နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အဆင့်-၁ အဖြစ် ရပ်တည်နိုင်ခဲ့သည်။ တတိယအကြိမ်၊ စတုတ္ထအကြိမ် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲများတွင်မူ မြန်မာနိုင်ငံအနေဖြင့် အဆင့်-၄ တွင် ရပ်တည်နိုင်ခဲ့ကာ ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သည့် (၅)ကြိမ်မြောက်ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့မှာ အဆင့်-၁ နေရာ၌ ပြန်လည်ရပ်တည်နိုင်ခဲ့သည်။

၁၉၇၇ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့်ပြိုင်ပွဲမှ စတင်၍ အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ (SEA Games)ကို အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (Sea Games) ပြိုင်ပွဲအဖြစ် တိုးချဲ့ကျင်းပခဲ့သည်။ ပြိုင်ပွဲဝင်နိုင်ငံအနေဖြင့်လည်း ခုနစ်နိုင်ငံအထိရှိလာခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲ၏ ၁၉၅၉ မှ ၁၉၇၉ ခုနှစ်အထိ ထိပ်ဆုံးလေးနေရာအတွင်း ရပ်တည်နိုင်ခဲ့သော်လည်း ၁၉၈၁ ခုနှစ် ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့၏ ရပ်တည်မှုသည် အဆင့်-၅ နေရာ ရောက်ရှိသွားခဲ့သည်။

နောက်ပိုင်းတွင်လည်း အကျဘက်ကိုသာ ဦးတည်လာခဲ့ပြီး ၁၉၈၅ ခုနှစ် ထိုင်းဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှာ အဆင့်-၆ သို့ ရောက်ရှိလာခဲ့သည်။ အဆင့်-၆ နေရာတွင် ၁၉၉၁ ခုနှစ်အထိ လေးနှစ်ဆက် ရပ်တည်နိုင်ခဲ့ပြီးနောက် ၁၉၉၃ ခုနှစ် ပြိုင်ပွဲတွင်မူ ဗီယက်နမ်အသင်း၏ ကျော်ဖြတ်ခြင်းကိုခံခဲ့ရကာ အဆင့်-၇ သို့ ရောက်ရှိသွားခဲ့သည်။

၁၉၉၉ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင်လည်း အိမ်ရှင်ဘရူနိုင်းအသင်း၏ ကျော်ဖြတ်မှုကိုခံခဲ့ရကာ အဆင့်-၈ နေရာဖြစ်သွားခဲ့ရသည်။ ၂၀၀၁ ခုနှစ် ပြိုင်ပွဲမှ ၂၀၀၇ ခုနှစ် ပြိုင်ပွဲအထိ အဆင့်-၇ နေရာတွင် ရပ်တည်နိုင်ခဲ့သော်လည်း နောက်ဆုံးကျင်းပခဲ့သည့် ၂၀၀၉ ခုနှစ် လာအိုဆီးဂိမ်းပြိုင်ပွဲတွင်မူ မြန်မာနိုင်ငံအနေဖြင့် ပြိုင်ပွဲဝင် ၁၁ နိုင်ငံ အနက် အဆင့်-၈ နေရာ၌ ရပ်တည်ခဲ့သည်။

ဆီးဂိမ်းပြိုင်ပွဲ၌ မြန်မာအားကစားအဖွဲ့၏ ရပ်တည်မှုကျဆင်းလာရသည့်အကြောင်းရင်းကိုလေ့လာဆန်းစစ်ကြည့်ပါက မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်မှုနှင့် အဆက်မပြတ်ပြင်ဆင်လေ့ကျင့်မှုအပိုင်းတွင် အလွန်အားနည်းသွားခြင်း၊ အခြားနိုင်ငံများက အားကစားကိုပိုမိုလုပ်ဆောင်နေသည့်အချိန်တွင် မိမိတို့နိုင်ငံမှာ ပုံမှန်ထက်လျော့နေခြင်းများကြောင့် တဖြည်းဖြည်းနှင့် နောက်ကျကျန်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ် (၂၆)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့နှင့် ပလန်ဘန်းမြို့တို့တွင် နိုဝင်ဘာလ ၁၁ ရက်မှ ၂၂ ရက်အထိ ကျင်းပတော့မည်ဖြစ်သည်။ အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၄၂မျိုးထည့်သွင်းကျင်းပသွားမည်ဖြစ်သော်လည်း မြန်မာနိုင်ငံမှာ အားကစားနည်း ၂၇ မျိုးတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်အရေအတွက် ၂၀ မကျော်သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ပြီး ယခုနှစ်ပြိုင်ပွဲတွင်မူ ပြီးခဲ့သည့် လာအိုဆီးဂိမ်းပြိုင်ပွဲထက်ရွှေတံဆိပ်အရေအတွက်ပိုမိုရရှိရန်မျှော်လင့်ရသည်။

နှစ်ပေါင်း ၄၄ နှစ်အတွင်း ဆီးဂိမ်းပြိုင်ပွဲကိုပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ်တွင် လက်ခံကျင်းပခွင့်ရရှိမည်ဖြစ်သည့်အတွက် ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲ၌ မြန်မာအားကစားအဖွဲ့၏ ပြင်ဆင်မှုများ ပိုအားစိုက်လာသည်ကိုတွေ့ရသည်။

ယခုနှစ်ပြိုင်ပွဲကိုမြန်မာအားကစားသမား ၅၆၀ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယခင်ပြိုင်ပွဲများထက် ပြိုင်ပွဲဝင်ဦးရေပိုမိုများပြားခဲ့သည်။

အစဉ်အလာနှင့် ပြင်ဆင်မှုများအရ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများတွင် မြားပစ်၊ ပြေးခုန်ပစ်၊ ဘိလိယက်၊ လက်ဝှေ့၊ လှေလှော်၊ စစ်တုရင်၊ ဂျူဒို၊ ပန်ကြပ်ဆီလတ်၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊

**စာ(၅၂)သို့**








7 DAY NEWS JOURNAL
Vol.10, No.34 ▪ NOVEMBER 10, 2011

အားကစားကြယ်ပွင့်

# ၂၀၁၁ အငြင်းပွားဖွယ်မရှိ ကမ္ဘာ့အကောင်းဆုံးစက်ဘီးသမား ဖိလစ်ဂီးလ်ဘတ်



ကိုအေးမြတ်

ဘယ်လ်ဂျီယံစက်ဘီးသမား ဖိလစ်ဂီးလ်ဘတ်ဟာ မကြာမီရက်ပိုင်းကပဲ ပြင်သစ်စက်ဘီးအားကစားမဂ္ဂဇင်း Velo dOr (ရွှေစက်ဘီး)က ချီးမြှင့်တဲ့ ၂၀၁၁ ရဲ့ တစ်နှစ်တာအကောင်းဆုံးစက်ဘီးသမားဆုဗယ်လိုဒီအော(ရွှေစက်ဘီး) ဆုကိုရရှိသွားခဲ့ပါတယ်။ ဂီးလ်ဘတ်ဟာ ဒီတစ်နှစ်တာအတွင်း ဆုနဲ့ထိုက်တန်အောင် အစွမ်းပြနိုင်ခဲ့သူတစ်ဦးဖြစ်ပြီး အာဒင်းနက်စ်ကလပ်စစ်ပြိုင်ပွဲ ပွဲစဉ်တွေမှာဆို သုံးပွဲတောင် အနိုင်ရခဲ့တာကြောင့် နိုင်ငံတကာစက်ဘီးအားကစား အဖွဲ့ချုပ်(ယူစီအိုင်)ရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာလည်း နံပါတ်တစ် နေရာရရှိခဲ့ပါတယ်။ ဒါ့ကြောင့် လက်ရှိ ကမ္ဘာ့စက်ဘီးအားကစားလောကရဲ့ ပြိုင်ဘက်မရှိချန်ပီယံဟာ ဖိလစ်ဂီးလ်ဘတ်လို့ပဲ ပြောရမှာပါ။

**အားကစားဘဝဖြတ်သန်းမှု**

ဂီးလ်ဘတ်ဟာ အခြားအားကစားနည်းများမှ ထိပ်တန်းကစားမားတွေလိုပဲ ငယ်စဉ်ကတည်းက အငယ်တန်းအဆင့်ပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်အနိုင်ရပြီး တာထွက်ကောင်းခဲ့သူပါ။ သူဟာ ပရော်ဖက်ရှင်နယ်ကစားသမားအဖြစ် FD Jeux အသင်းမှာ ၂၀၀၃ ကစလို့ ပါဝင်ခဲ့ပြီး ပွဲဦးထွက်အဖြစ် Tour de 'Avenir မှာ အဆင့်တစ်ဆင့်အနိုင်ရခဲ့ပါတယ်။ ဒီနောက် ၂၀၀၄ ကမ္ဘာ့အိုလံ ပစ်မှာလည်း ဘယ်လ်ဂျီယံလက်ရွေးစင်အဖြစ်ဝင်ပြိုင် ခဲ့ပြီး အဆင့်-၄၉ ရခဲ့တယ်။ အဲဒီ့အချိန်က သူ့အသက် ၂၄ နှစ်ပဲရှိပါသေးတယ်။ ဂီးလ်ဘတ်ဟာ အိုလံပစ်မှာ အောင်မြင်မှုမရခဲ့ပေမယ့် Parris- Correze ပြိုင်ပွဲ အပါအဝင် ပြင်သစ်စက်ဘီးဖလားပြိုင်ပွဲ Coupe de France de cyclisme sur route မှာပါ အနိုင်ရအောင်မြင်ခဲ့ပါတယ်။

ဒီနောက် ၂၀၀၆ မှာတော့ အအောင်မြင်ဆုံးရာသီလို့ ခေါ်ရလောက်အောင် Omloop Het Volk ပြိုင်ပွဲ၊ GP de Fourmies ပြိုင်ပွဲ၊ GP de Wallonie ပြိုင်ပွဲတွေမှာပါအနိုင်ရခဲ့တယ်။ ၂၀၀၇ နှစ်ဆန်းမှာတော့ ဂီးလ်ဘတ်ဟာ တင်ပါးကင်ဆာတစ်ရှူးခွဲစိတ်မှုခံယူခဲ့တာကြောင့် ရာသီအစနှောင့်နှေးခဲ့ရပြီး Tour de Limousin ပြိုင်ပွဲတစ်ခုသာ အနိုင်ရခဲ့တယ်။ ဒီလိုနဲ့ ဒဏ်ရာပြဿနာနဲ့ရုန်းကန်ပြီး နောက် ၂၀၀၈ ရာသီမှာတော့ King of the Mountains စီးရီးပြိုင်ပွဲက Tour Down Under ပွဲမှာ အနိုင်ရခဲ့ပြီး မာယော့ကာမြို့မှာ ပြုလုပ်တဲ့ Vuelta a Mallorca မှာပါ အဆင့်နှစ်ဆင့်အနိုင်ရခဲ့ပါတယ်။ ဒီနောက် Het Volk ပွဲကိုဒုတိယအကြိမ်အနိုင်ရခဲ့သလို GP Samyn ပွဲကိုပါ အနိုင်ရခဲ့လို့ ရာသီကုန်မှာတော့ ကမ္ဘာ့အဆင့်တက်လာခဲ့ပါတယ်။

၂၀၁၀ ရာသီကတော့ ဂီးလ်ဘတ်ကို ယနေ့အခါမှာ ကလပ်စစ်ပြိုင်ပွဲ စပယ်ရှယ်လစ်တစ်ဦး ရယ်လို့ စတင်သတ်မှတ်ဖို့ အစပျိုးပေးတဲ့နှစ်ပါပဲ။ ၎င်းဟာကစားသမားသက်တမ်းပထမဆုံးက လပ်စစ်သရဖူအဖြစ် Amstel Gold Race ပြိုင်ပွဲကို အနိုင်ရခဲ့ပြီး Tour de Belgique မှာ ပထမအဆင့်၊ Vuelta a Espana မှာ အဆင့်နှစ်ဆင့်ရခဲ့ကာ အောင်မြင်ခဲ့တယ်။ ဒါကြောင့် ၂၀၁၀ ရာသီကိုပြန်ချုပ်ရင် အဓိက ကလပ်စစ်ပြိုင်ပွဲကြီးနှစ်ခုဖြစ်တဲ့ Giro di Lombardia နဲ့ Amstel Gold ပွဲတွေမှာ ပထမရခဲ့တာကိုတွေ့ရပါမယ်။ ဒါ့ကြောင့် ၎င်းဟာ ဘယ်လ်ဂျီယံအကောင်းဆုံး အားကစားသမားဆုကိုလည်း ၂၀၀၉ နဲ့ ၂၀၁၀ နှစ်နှစ်ဆက် တိုက်ရခဲ့ကာ ခရစ္စတယ်ဘိုင်စကယ်ဆုကိုလည်း ၂၀၀၈ မှ ၂၀၁၀ အထိ သုံးနှစ်ဆက်ဆက်တိုက်ရ သူဖြစ်လာပါတယ်။

၂၀၁၁ ကတော့ တစ်ရာသီလုံးအနေနဲ့ခြုံကြည့်ရင် ဂီးလ်ဘတ်အတွက် အောင်မြင်မှုအများဆုံးဖြစ်ခဲ့တယ်။ အရေးပါတဲ့ UCI World Tour မှာ ပထမရခဲ့သလို Tour of Belgium အပါအဝင် အခြားပြိုင်ပွဲငယ်များ၊ ပြီးတော့ ကလပ်စစ်ပြိုင်ပွဲလေးခုဖြစ်တဲ့ Amstel Gold Race၊ La Fleche Wallone၊ Liege Bastogne နဲ့

စာ(၅၂)သို့

ယခုတစ်ပတ်ထုတ် 7Day News ဂျာနယ်တွင် စာမျက်နှာ ၅၃ ကို နှစ်ကြိမ်ထပ် ရိုက်နှိပ်ဖော်ပြထားခြင်းအတွက် အနှောက်အယှက်ဖြစ်ရသော စာဖတ်ပရိသတ်အား တောင်းပန်အပ်ပါသည်။ (အယ်ဒီတာ)



7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

## စာ(၅၀) - ဆီးဂိမ်းမှာ မြန်မာ ဘယ်အဆင့်ရမလဲ မှ



ဓာတ်ပုံ - အောင်အောင်

တိုက်ကွမ်ဒို၊ အလေးမ၊ ဝူရှူးအားကစားနည်းများမှ ရွှေတံဆိပ်များ ရရှိရန် မျှော်မှန်းနိုင်ပြီး မြန်မာအားကစားအဖွဲ့တွင် ပြိုင်ပွဲဝင် တစ်ရာကျော်ဖြင့် အများဆုံး ဝင်ရောက်ယှဉ်ပြိုင်မည့် အားထားရသည့် လှေလှော်အားကစားနည်းမှလည်း ရွှေတံဆိပ်အများဆုံး ရရှိရန်မျှော်လင့်ရသည်။

မြန်မာအားကစားအဖွဲ့အနေဖြင့် ယခုနှစ် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်အရေအတွက် ၂၀ကျော်ရရှိခဲ့ပါက အောင်မြင်သည်ဟုဆိုနိုင်ပြီး အိမ်ရှင်အဖြစ်ပြုလုပ်မည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် တွန်းအားများ ပို၍ရရှိလာစေမည်ဖြစ်သည်။


၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပပြုလုပ်ခွင့်ရရှိခြင်းသည် မြန်မာအားကစားပြန်လည်မြင့်တက်လာရန် အခွင့်အလမ်းပြန်လည်ပေါ်ပေါက်လာခြင်းဖြစ်ပြီး မြန်မာအားကစားအဖွဲ့များ အဓိကရင်ဆိုင်နေရသည့် မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်မှုနည်းပါးနေခြင်းပြဿနာအား ဝိုင်းဝန်းအဖြေရှာနိုင်မှသာ မြန်မာ့အားကစားအဆင့်အတန်း ပြန်လည်ဦးမော့လာနိုင်မည်ဖြစ်သည်။




### ဆီးဂိမ်း(ယခင်ကျွန်းဆွယ်)ပြိုင်ပွဲ သမိုင်းတစ်လျှောက် မြန်မာနိုင်ငံ၏ ဆုတံဆိပ်ရရှိမှု

| အကြိမ် | အိမ်ရှင် | ရွှေ | ငွေ | ကြေး | အဆင့် |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၁၁ | ၁၅ | ၁၄ | ၂ |
| ၂ | မြန်မာ | ၃၅ | ၂၆ | ၄၃ | ၁ |
| ၃ | မလေးရှား | ၈ | ၇ | ၁၈ | ၄ |
| ၄ | ထိုင်း | ၁၁ | ၁၆ | ၃၂ | ၄ |
| ၅ | မြန်မာ | ၅၇ | ၄၆ | ၄၆ | ၁ |
| ၆ | မလေးရှား | ၂၀ | ၂၈ | ၁၃ | ၄ |
| ၇ | စင်ကာပူ | ၂၈ | ၂၄ | ၁၅ | ၄ |
| ၈ | ထိုင်း | ၂၈ | ၃၅ | ၃၃ | ၃ |
| ၉ | မလေးရှား | ၂၅ | ၄၂ | ၄၃ | ၄ |
| ၁၀ | အင်ဒိုနီးရှား | ၂၆ | ၂၆ | ၂၄ | ၃ |
| ၁၁ | ဖိလစ်ပိုင် | ၁၅ | ၁၉ | ၂၇ | ၅ |
| ၁၂ | စင်ကာပူ | ၁၈ | ၁၅ | ၁၇ | ၅ |
| ၁၃ | ထိုင်း | ၁၃ | ၁၉ | ၃၄ | ၆ |
| ၁၄ | အင်ဒိုနီးရှား | ၁၃ | ၁၅ | ၂၀ | ၆ |
| ၁၅ | မလေးရှား | ၁၀ | ၁၄ | ၂၀ | ၆ |
| ၁၆ | ဖိလစ်ပိုင် | ၁၂ | ၁၆ | ၂၉ | ၆ |
| ၁၇ | စင်ကာပူ | ၈ | ၁၃ | ၁ | ၇ |
| ၁၈ | ထိုင်း | ၄ | ၂၀ | ၃၇ | ၇ |
| ၁၉ | အင်ဒိုနီးရှား | ၈ | ၃၄ | ၄၄ | ၇ |
| ၂၀ | ဘရူနိုင်း | ၃ | ၁၀ | ၁၀ | ၈ |
| ၂၁ | မလေးရှား | ၁၉ | ၁၄ | ၅၃ | ၇ |
| ၂၂ | ဗီယက်နမ် | ၁၆ | ၄၃ | ၅၀ | ၇ |
| ၂၃ | ဖိလစ်ပိုင် | ၁၇ | ၃၄ | ၄၈ | ၇ |
| ၂၄ | ထိုင်း | ၁၄ | ၂၆ | ၄၇ | ၇ |
| ၂၅ | လာအို | ၁၂ | ၂၂ | ၃၇ | ၈ |

## စာ(၅၁) - အားကစားကြယ်ပွင့် မှ



Clasica de San Sebastian ပွဲတွေမှာပထမရခဲ့တာကြောင့်ရမှတ် ၇၁၈ မှတ်နဲ့ ဒုတိယနေရာက ကာဒန်အီဗန်(ရမှတ် ၅၇၄)ကို အမှတ်ရာကျော် ဖြတ်ကျော်ကာ UCI ရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ အဆင့်တစ်ဖြစ်လာခဲ့ပါတယ်။ ဒါ့ကြောင့် စက်ဘီးလောကရဲ့ ဂုဏ်သိက္ခာကြီးတဲ့ အားကစားမဂ္ဂဇင်း ဗယ်လိုဒီအောက ချီးမြှင့်တဲ့ ဗယ်လိုဒီအောဆုကိုပါ တိုးဒီဖရန့်ချန်ပီယံ ကာဒယ်အီဗန်၊ ကမ္ဘာ့ချန်ပီယံ မက်ကာဗင်ဒစ်ရှ်တို့ကိုဖြတ်ကျော်ပြီး ရခဲ့ခြင်းပါပဲ။ ဂီးလ်ဘတ်ဟာ ဒါ့ကြောင့်မှတ်တမ်းတွေအရ တစ်နှစ်အတွင်း ဘာဒင်နတ်စ်ကလပ်စစ်ပွဲသုံးပွဲစလုံး အနိုင်ရသူ ကမ္ဘာ့ဒုတိယမြောက် စက်ဘီးသမားဖြစ်ခဲ့သလို ဒီစံချိန်ကိုရတဲ့ ဘယ်လ်ဂျီယံကစားသမားတွေထဲက ပထမဆုံးကစားသမားလည်း ဖြစ်လာပါတော့တယ်။

ဂီးလ်ဘတ်ဟာ ကလပ်စစ်ပြိုင်ပွဲ စပယ်ရှယ်လစ်တစ်ဦးဖြစ်သလို တစ်နေ့တည်းအပြီး ပြိုင်ရတဲ့ one-day race ပြိုင်ပွဲ စပယ်ရှယ်လစ်တစ်ဦးလည်းဖြစ်ပါတယ်။ သူ့ရဲ့ လျင်မြန်တဲ့ ပါးနပ်တဲ့ စက်ဘီးနင်းဟန်က ကြံ့ခိုင်မှုနဲ့ သက်လုံပါ ထပ်မံ ပေါင်းစပ်နိုင်တာမို့ ဒီ ၂၀၁၁ ထဲမှာ တစ်နေ့တာ သက်တမ်းပြိုင်ပွဲပေါင်း ၁၈ ပွဲကိုအနိုင်ရစေခဲ့ပြီး အငြင်းပွားဖွယ်မရှိကမ္ဘာ့နံပါတ်တစ်ဖြစ်စေခဲ့တာပါ။ ဒါ့ကြောင့် လာမယ့်နှစ်မှာလည်း ဂီးလ်ဘတ်တစ်ယောက် စပိန်မှ အယ်လ်ဘာတိုကွန်တေဒေါလိုမျိုး ဗယ်လိုဒီအောဆုကို သုံးနှစ်ဆက်တိုက် ရနိုင်ဦးမလား စောင့်ကြည့်ရတော့မှာပါ။

### ဖိလစ်ဂီးလ်ဘတ်၏ ကိုယ်ရေးအကျဉ်း

| | | |
|---|---|---|
| မွေး | - | ၅၊ ဇူလိုင် ၁၉၈၂ |
| နိုင်ငံသား | - | ဘယ်လ်ဂျီယံ |
| အရပ်အမြင့် | - | ၅ ပေ ၁၀ လက်မ |
| ကိုယ်အလေးချိန် | - | ပေါင် ၁၅၀ |
| လက်ရှိအသင်း | - | အိုမီဂါဖာမာလော့တို |
| ၂၀၁၂ တွင် ကစားမည့်အသင်းသစ် | - | BMC Racing Team |

7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

# တ ုတ်အာကာသယာဉ်နှစ်စင်း အာကာသထဲတွင် အောင်မြင်စွာချိတ်ဆက်


Photo - Reuters

**ဘေဂျင်း၊ နိုဝင်ဘာ - ၃**

ကမ္ဘာ့အပြင်ဘက်တွင် အာကာသယာဉ်နှစ်စင်း အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့၍ တရုတ်နိုင်ငံသည် အာကာသတွင် လူလိုက်ပါမည့် အာကာသစခန်းတည်ဆောက်ရေးအတွက် အရေးပါသောအဆင့်ကို ကျော်ဖြတ်ခဲ့သည်။

ရှင်ဇူး-၈ အာကာသယာဉ်သည်တီယန်ဂေါင်း-၁ သုတေသနယာဉ်နှင့်အောက်တိုဘာလ ၂ရက် နံနက် ၁ နာရီ ၃၆ မိနစ်တွင် ကမ္ဘာမြေ၏အထက် ၂၁၃ မိုင်အကွာ၌ ညင်ညင်သာသာချိတ်ဆက်ခဲ့ကြောင်း ဆင်ဟွာသတင်းအေဂျင်စီကဖော်ပြသည်။

ရှင်ဇူးအာကာသယာဉ်မှာ ပထမဆုံးတရုတ်အာကာသယာဉ်မှူးများအား အာကာသအတွင်း သယ်ဆောင်ခဲ့သောယာဉ်ကို အဆင့်မြှင့်တင်ပြုပြင်ထားသောယာဉ်ဖြစ်သည်။ ၂၀၂၀ပြည့်နှစ်အရောက်တွင် အာကာသစခန်းတစ်ခုတည်ဆောက်နိုင်ရန်တရုတ်နိုင်ငံကရည်မှန်းထားရာ အာကာသယာဉ်များချိတ်ဆက်ခြင်းနည်းပညာကို ပိုင်နိုင်ကျွမ်းကျင်ရန်လိုအပ်သည်။

အာကာသယာဉ်နှစ်စင်းချိတ်ဆက်မှုအား ဘေဂျင်းအာကာသပျံသန်းမှုထိန်းချုပ်ရေးစင်တာမှတိုက်ရိုက်ထုတ်လွှင့်ပြသရာ ဝန်ကြီးချုပ်ဝမ်ကြားပေါင်အပါအဝင် တရုတ်ခေါင်းဆောင်များလာရောက်ကြည့်ရှုခဲ့သည်။ ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲအတွက် ပြင်သစ်နိုင်ငံတွင် ရောက်ရှိနေခဲ့သည့်တရုတ်သမ္မတဟူကျင်တောင်ကလည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ —*Ref: AFP*

# ဗြိတိန်ဝန်ကြီးချုပ်၏ အကူအညီဖြတ်တောက်မည့် ခြိမ်းခြောက်စကားကို ဂါနာခေါင်းဆောင်များ ဝေဖန်

**အက်ကရာ(ဂါနာ)၊ နိုဝင်ဘာ - ၁**

ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် လိင်တူချင်းပေါင်းသင်းမှုများအား ပိတ်ပင်ထားသည့်နိုင်ငံများကို ဗြိတိန်နိုင်ငံကအကူအညီများဖြတ်တောက်မည်ဟုပြောကြားခဲ့သည့်အတွက် ဂါနာနိုင်ငံမှ ဘာသာရေးနှင့် နိုင်ငံရေးခေါင်းဆောင်အချို့က ၎င်းကိုပြင်းထန်စွာ ပြန်လည်ဝေဖန်ခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ်ကင်မရွန်းသည် မကြာသေးမီက ပြုလုပ်ခဲ့သည့် ဘီဘီစီဝမ်း၏ အင်ဒရူးမားရုပ်သံရှိုး အင်တာဗျူးတွင် လိင်တူဆက်ဆံသူများအား ဖိနှိပ်ဆန့်ကျင်သောနိုင်ငံများကိုကူညီထောက်ပံ့မှုများ ဖြတ်တောက်မည်ဟုခြိမ်းခြောက်ခဲ့ပြီး ဗြိတိသျှအကူအညီရယူသောနိုင်ငံများသည်လူ့အခွင့်အရေးအခြေခံများကို လေးစားလိုက်နာသင့်ကြောင်း ကြေညာခဲ့သည်။

၎င်းက သြစတြေးလျနိုင်ငံတွင် ပြုလုပ်ခဲ့သော ဓနသဟာယနိုင်ငံများ၏ အကြီးအကဲများတွေ့ဆုံပွဲတွင်လည်း ခေါင်းဆောင်အချို့နှင့် ယင်းကိစ္စကို ဆွေးနွေးခဲ့သေးကြောင်းဆိုသည်။ သို့သော် ဂါနာနိုင်ငံမှ အက်ကရာ သာသနာပိုင် ခရစ်ယာန်ဘုန်းတော်ကြီး ချားလ်ပါလ်မာဘက်ကယ်က ဂါနာသည်မိမိ၏ ကိုယ်ပိုင်တန်ဖိုးများကို ကာကွယ်သင့်ပြီး အခြားနိုင်ငံများကို ခြယ်လှယ်ခွင့်မပေးသင့်ကြောင်း ပြောကြားသည်။

အစ္စလာမ် ဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်သည့် အယ်လ်ဟတ်ဆန်အဗ္ဗဒူလ်လိုင်ကလည်း အစ္စလာမ်ဘာသာရေးအဖွဲ့အစည်းကို ဗြိတိသျှဝန်ကြီးချုပ်က ခြိမ်းခြောက်ခြင်းသာဖြစ်ကြောင်း ဂါနာတွင် လိင်တူဆက်ဆံခွင့်ကို တရားဝင်ဖြစ်စေရန် ဗြိတိသျှအစိုးရက စီမံနေမှုများအပေါ် ဆန္ဒပြကန့်ကွက်သွားမည်ဖြစ်ကြောင်းဆိုသည်။

ဂါနာကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဟန်နာတက်တီကလည်း လိင်တူချင်းပေါင်းသင်းမှုကို အာဖရိကယဉ်ကျေးမှုများတွင်လက်ခံနိုင်ခြင်းမရှိကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ ဗြိတိန်နိုင်ငံက ဂါနာအား ခြိမ်းခြောက်မှုမရှိကြောင်းဆိုသည်။

ဗြိတိန်ဒေးလီးမေးလ်သတင်းစာတွင် ပြီးခဲ့သည့်လက ဗြိတိန်နိုင်ငံတကာဖွံ့ဖြိုးရေးဝန်ကြီး အင်ဒရူးမိုက်ကယ်အား ကိုးကား၍ ဗြိတိန်သည် မိန်းမလျာနှစ်ဦးအား အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၄နှစ်ချမှတ်ခဲ့သော မာလာဝီနိုင်ငံအား အကူအညီအထောက်အပံ့ငွေ ပေါင် ၁၉ သန်း ဖြတ်တောက်ခဲ့ကြောင်းဆိုသည်။ —*Ref: Reuters*

# ဥရောပတွင် ပူပန်မှုများတိုးပွားလာစဉ် အမေရိကန်ရှယ်ယာဈေးနှုန်းများ ထိုးကျ

**နယူးယောက်၊ နိုဝင်ဘာ - ၁**


Photo - Getty Images

ဥရောပသမဂ္ဂကယ်ဆယ်ရေးအစီအစဉ်နှင့်ပတ်သက်၍ သဘောထားခံယူချက်မဲခွဲမှုပြုလုပ်မည်ဟု ဂရိနိုင်ငံကပြောကြားခဲ့ရာဥရောပတစ်ဝန်း စိုးရိမ်ပူပန်မှုများမြင့်တက်လာပြီး အမေရိကန်ရှယ်ယာဈေးကွက်များလည်း ထိုးကျခဲ့သည်။

တရုတ်နိုင်ငံမှကုန်ထုတ်လုပ်မှုလုပ်ငန်း ကိန်းဂဏန်းများမှာလည်း စိတ်ပျက်စရာကောင်းခဲ့၍ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကိုထိခိုက်ခဲ့သည်။ ထိပ်တန်းကုမ္ပဏီများစုဝေးရာ ဒေါင်ဂျုံးစက်မှု ပျမ်းမျှညွှန်းကိန်းသည် ၂ ဒသမ ၄၈ ရာခိုင်နှုန်းဆုံးရှုံးသွားသည်။ နည်းပညာကုမ္ပဏီများလွှမ်းမိုးရာ Nasdag Composite ဈေးကွက်မှာ ၂ ဒသမ ၈၉ တန်ဖိုးလျော့ကျခဲ့ပြီး ရှယ်ယာဈေးကွက်အခြေအနေကို ကျယ်ကျယ်ပြန့်ပြန့်ပြဆိုသည့် SXP 500 ညွှန်းကိန်းသည်လည်း ၂ ဒသမ ၇၉ ရာခိုင်နှုန်း တန်ဖိုးကျဆင်းခဲ့သည်။

ယူရိုဇုန်ကြွေးမြီအကျပ်အတည်းအပေါ် ပူပန်မှုများရှိနေစဉ် ခြိုးခြံချွေတာရေးအစီအစဉ်များနှင့်ပတ်သက်၍ ပြည်သူ့သဘောထား ခံယူရေးလုပ်ဆောင်မည်ဟု ဂရိနိုင်ငံကကြေညာခဲ့ခြင်းကြောင့် အောက်တိုဘာလကုန်တွင် အနည်းငယ်အားကောင်းခဲ့သည့် ရှယ်ယာဈေးနှုန်းများမှာ နိုဝင်ဘာလအစမှာပင် အကျဘက်မှနေ၍ စတင်ခဲ့ကြောင်း ချားလ်စ်ရှက်ဘ်ဈေးကွက် လေ့လာဆန်းစစ်သူများအဖွဲ့က ၎င်းတို့ ဖောက်သည်တစ်ဦးထံပေးပို့သည့်မှတ်ချက်တွင် ဖော်ပြခဲ့သည်။

ဂရိဝန်ကြီးချုပ် ဂျော့ပါပန်ဒရူးက ၎င်း၏ မူဝါဒများအပေါ် ဆန့်ကျင်မှုများပြားနေ၍ အယုံအကြည်ရှိ၊ မရှိ အဆိုကို မဲခွဲမှုနှင့် ပြည်သူ့သဘောထားခံယူချက် ကျင်းပရန် အောက်တိုဘာလ ၃၁ ရက်နေ့က ပြောကြားခဲ့သည်။ —Ref: UPI



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.34 · NOVEMBER 10, 2011

# ကြွေးမြီသဘောတူညီချက်လက်မခံပါက ယူရိုအဖွဲ့မှထွက်ရန် အီးယူက ဂရိအား သတိပေး

**ကိန်းစ်၊ နိုဝင်ဘာ - ၃**

ယူရိုငွေကြေးသုံးစွဲသည့် ယူရိုဇုန်တွင် ဆက်လက်ပါဝင်လိုပါက ကြွေးမြီကယ်ဆယ်ရေးသဘောတူညီချက်ပါ အချက်များကို အလျင်အမြန်လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတဆာကိုဇီနှင့် ဂျာမန် အဓိပတိ အန်ဂျလာမာကယ်တို့က ဂရိနိုင်ငံအားသတိပေးပြောကြားသည်။

ဘေးကျပ်နံကျပ်ဖြစ်နေသည့် ဂရိဝန်ကြီးချုပ် ဂျော့ပါပန်ဒရူးနှင့်တွေ့ဆုံဆွေးနွေးပြီးနောက် မြင်သာထင်သာဒေါသထွက်နေသည့် ယူရိုဇုန်ခေါင်းဆောင်များက မစ္စတာပါပန်ဒရူးအနေဖြင့် ဆန္ဒခံယူပွဲကို အမြန်ဆုံးကျင်းပ၍ မရေရာမှုများကို ရှင်းလင်းသွားစေရန် လုပ်ဆောင်သွားရမည်ဟု ပြောကြားသည်။

ယခင်ရက်သတ္တပတ်အတွင်း ယူရိုဇုန်ခေါင်းဆောင်များ မဖြစ်ဖြစ်အောင် ညှိနှိုင်းခဲ့သည့် ကြွေးမြီသဘောတူညီချက်ပါ အချက်များကို လိုက်နာရန် ဂရိနိုင်ငံက သဘောမတူညီပါကဥရောပသမဂ္ဂနှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)ထံမှနောက်ထပ်အရစ်ကျချေးငွေ တစ်ပြားတစ်ချပ်မျှရရှိမည်မဟုတ်ကြောင်းဇင်းတို့ကသတိပေးသည်။

ထပ်မံအရစ်ကျငွေကြေးယူရိုရှစ်ဘီလီယံသာမရရှိပါကဂရိနိုင်ငံသည် အစိုးရလစာပေးရေးပြဿနာများအပြင်သီတင်းပတ်အနည်းငယ်အတွင်း ကြွေးမြီပျက်ကွက်မှုအရှုပ်တော်ပုံနှင့်လည်းကြုံတွေ့ရလိမ့်မည်ဟု လေ့လာသူများကသတိပေးထားသည်။ *—Ref: AFP*


Photo - Getty Images




## အီရန်အကြမ်းဖက်တိုက်ခိုက်မှုများအတွက် ခါမေနီက အမေရိကန်အား စွပ်စွဲ

**တီဟီရန်၊ နိုဝင်ဘာ - ၃**

အီရန်နိုင်ငံနှင့်အခြား အရှေ့အလယ်ပိုင်းဒေသမှ အကြမ်းဖက်လုပ်ရပ်များ၏နောက်ကွယ်တွင် အမေရိကန်နိုင်ငံရှိနေသည်ဆိုသည့် ငြင်းပယ်၍မရသော အထောက်အထားစာရွက်စာတမ်းတစ်ရာခန့် ၎င်းထံတွင်ရှိကြောင်း အီရန်ထိပ်သီးခေါင်းဆောင် အယာတိုလာခါ မေနီကပြောကြားသည်။

ဝါရှင်တန်ရှိဆော်ဒီအာရေးဗီးယား သံအမတ်ကြီးအား သတ်ဖြတ်ရန်ကြံစည်မှုတွင် အီရန်ပါဝင်ပတ်သက်နေကြောင်း အမေရိကန်နိုင်ငံကစွပ်စွဲပြီးနောက် အီရန်ထိပ်သီးခေါင်းဆောင်၏မှတ်ချက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။ အမေရိကန်၏ စွပ်စွဲမှုမှာ အခြေအမြစ်မရှိဟူ၍ အီရန်က ငြင်းဆိုခဲ့သည်။

"အီရန်နဲ့ဒေသတွင်းအကြမ်းဖက်မှုကန့်လန့်ကာရဲ့နောက်ကွယ်မှာ အမေရိကန်ရှိတယ်ဆိုတာကိုပြသနေတဲ့ ငြင်းပယ်လို့မရနိုင်တဲ့ စာရွက်စာတမ်းတွေ ကျွန်တော်တို့ဆီမှာရှိပါတယ်"ဟု အီရန်အကြီးအကဲကပြောသည်။ ၁၉၇၉ ခုနှစ်တွင် အီရန်တော်လှန်ရေးကျောင်းသားများက တီဟီရန်ရှိ အမေရိကန်သံရုံးအား စီးနင်းမှုအထိမ်းအမှတ်ပွဲတွင် အယာတိုလာခါမေနီက ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းစာရွက်စာတမ်းတစ်ရာအားဖော်ထုတ်ခြင်းဖြင့် ကမ္ဘာ့အလယ်တွင်အမေရိကန်အားသိက္ခာကျဆင်းစေမည်ဖြစ်ကြောင်း အီရန်အကြီးအကဲက ဆက်လက်ပြောကြားသည်။ ယင်းစာရွက်စာတမ်းများကိုမည်သည့်အချိန်တွင်မည်သူ့ထံသို့ ထုတ်ဖော်မည်ကိုမူ အီရန်ခေါင်းဆောင်က မပြောကြားခဲ့ချေ။ *—Ref: Reuters*

## ကမာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေး အာရုံစိုက်ရန် ကမာ့ဘဏ်သတိပေး

**ဝါရှင်တန်၊ နိုဝင်ဘာ - ၁**

ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေးပြဿနာသည် အန္တရာယ်ပေးနိုင်သည့်အဆင့်ရှိနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ အဓိကစီးပွားရေးအင်အားကြီး နိုင်ငံများအနေဖြင့်စားနပ်ရိက္ခာပြဿနာကိုဆက်လက်အာရုံစိုက်သွားရန်လိုအပ်နေကြောင်း ကမ္ဘာ့ဘဏ်က သတိပေးပြောကြားသည်။

ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌရောဘတ်ဇိုးအဲလစ်က"စားနပ်ရိက္ခာအကျပ်အတည်း ပြီးဆုံးဖို့ဆိုတာ အများကြီးလိုပါတယ်။ ဈေးနှုန်းတွေဟာမြင့်တက်နေဆဲဖြစ်ပြီး ကမ္ဘာ့ လူသန်းပေါင်းများစွာဟာလည်းဒုက္ခ ခံစားနေရဆဲပါ"ဟု မကြာမီကျင်းပမည့် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲအကြိုပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ် အစားအစာဈေးနှုန်းစောင့်ကြည့်ရေးအဖွဲ့၏အဆိုအရ စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်းသည် ၂၀၁၁ ဖေဖော်ဝါရီလတွင် အမြင့်ဆုံးဖြစ်ခဲ့ရာမှ ၅ ရာခိုင်နှုန်းကျဆင်းကာ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလတွင်ဖြစ်ခဲ့သောနှုန်းအထက်၌၁၉ရာခိုင်နှုန်းဖြင့် ရပ်တည်နေဆဲဖြစ်ကြောင်း သိရသည်။

ဥက္ကဋ္ဌ ဇိုးအဲလစ်က "ကမ္ဘာ့လူသန်းပေါင်းများစွာဟာ နေ့စဉ်ဆာလောင်မှုနဲ့ အာဟာရပြတ်လပ်မှုကိုရင်ဆိုင်နေရပါတယ်။ ကိန်းမြို့မှာ ပြုလုပ်မယ့် ဂျီ-၂၀ ဆွေးနွေးပွဲမှာ ဒီလိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ လုပ်သင့်ပါတယ်"ဟုပြောကြားသည်။
*—Ref: Xinhua*

# ဂျူလီယန်အက်ဆန်းအား ပြည်နှင်ဒဏ်ပေးရန် ဗြိတိန်ဆုံးဖြတ်

**လန်ဒန်၊ နိုဝင်ဘာ - ၂**

လိင်ပိုင်းဆိုင်ရာ ပြစ်မှုစွပ်စွဲချက်များအတွက် စစ်ဆေးမှုခံယူရန် ဝီကီလိခ်တည်ထောင်သူ ဂျူလီယန်အက်ဆန်းအား ဗြိတိန်နိုင်ငံမှ ဆွီဒင်နိုင်ငံသို့ပို့သင့်ကြောင်း လန်ဒန်အထက်တန်းတရားရုံးက ဆုံးဖြတ်လိုက်ပြီး ပြည်နှင်ဒဏ်မပေးရန် ၎င်း၏ အယူခံကိုပယ်ချလိုက်သည်။

ဝီကီလိခ်လုပ်အားပေးဟောင်း အမျိုးသမီးနှစ်ဦးက စွပ်စွဲသည့် မုဒိမ်းမှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်ပတ်သက်၍ ဆွီဒင်အာဏာပိုင်များက အက်ဆန်းအား စုံစမ်းစစ်ဆေးလိုကြသည်။

အက်ဆန်းသည် လန်ဒန်တရားရုံးချုပ်သို့ အယူခံဝင်ရန် ရက်သတ္တပတ်နှစ်ပတ်အချိန်ရမည်ဖြစ်သည်။ သို့သော် ဗြိတိန်နိုင်ငံ၏ တရားရုံးချုပ်သို့ ဦးတိုက်လျှောက်ထားသည့်အမှုမှန်သမျှမှာ ပြည်သူလူထု၏ အကျိုးစီးပွားဟုယူဆသည့် ဥပဒေဆိုင်ရာအချက်တစ်ချက်ပေါ်တွင်အခြေခံတင်ပြရမည်ဖြစ်သည်။ အယူခံဝင်ခွင့်ကိုလည်း အထက်တန်းတရားရုံးထံမှ ရယူရမည်ဖြစ်သည်။

ဆယ်မိနစ်ကြာမြင့်သည့် တရားရုံးကြားနာမှုကို ဂျူလီယန်အက်ဆန်းက စူးစူးစိုက်စိုက် နားထောင်ခဲ့ပြီး ဆုံးဖြတ်ချက်ချမှတ်ချိန်တွင် ထူးထူးခြားခြားစိတ်လှုပ်ရှားမှုမပြသခဲ့ပေ။ တရားရုံးပြင်ပ၌ ၎င်းအား ထောက်ခံသူများ ကိုင်ဆောင်ထားသည့် စာတန်းများတွင်မူ အက်ဆန်းမှာ စစ်ပွဲနှင့် အမှန်တရားတိုက်ပွဲ၌အမှတ်မထင်ကျဆုံးသူဟူ၍ ကြွေးကြော်ထားသည်ကိုတွေ့ရသည်။

—Ref: Reuters



Photo - Getty Images

# အမေရိကန်ဗဟိုဘဏ်က ဂျီဒီပီခန့်မှန်းချက်များ လျှော့ချ

**ဝါရှင်တန်၊ နိုဝင်ဘာ - ၃**


Photo - Reuters

အမေရိကန်ဗဟိုဘဏ်သည် နိုဝင်ဘာလ ၃ ရက်တွင် ဖွံ့ဖြိုးတိုးတက်မှု ခန့်မှန်းချက်များကိုလျှော့ချ၍ အလုပ်လက်မဲ့နှုန်းခန့်မှန်းချက်များကို မြှင့်တင်လိုက်ကြောင်းသိရသည်။ စီးပွားရေးနာလန်ထမှုကို အားကောင်းစေရန်အတွက်လည်း အိမ်ရာအပေါင်ကြွေးမြီများ ပိုမိုဝယ်ယူရန် စဉ်းစားနေသည်ဟု ဗဟိုဘဏ်က ပြောကြားသည်။

စီးပွားရေးနှိုးဆွမှုအစီအစဉ်များ ပိုမိုပြုလုပ်ရန် ဗဟိုဘဏ်မူဝါဒချမှတ်ရေး အရာရှိတစ်ဦးကပြောကြားပြီး ဗဟိုဘဏ်ဥက္ကဋ္ဌ ဘင်ဘာနန်ကီးကလည်း ဥရောပကြွေးမြီအကျပ်အတည်းကြောင့် ကြီးမားသော စီးပွားရေးအန္တရာယ်များကြုံတွေ့နိုင်ကြောင်းပြောကြားသည်။

နှစ်ရက်ကြာမြင့်သော အစည်းအဝေးပြီးနောက် ထုတ်ပြန်သည့် သတင်းစာရှင်းလင်းပွဲတွင် ဗဟိုဘဏ်ဥက္ကဋ္ဌက အိမ်ရာအပေါင်ချေးငွေ ကျားကန်ပေးထားသည့် အာမခံစာရွက်များ ထပ်မံဝယ်ယူရေးကို ဆက်လက်လမ်းဖွင့်ထားကြောင်းနှင့် ဗဟိုဘဏ်မူဝါဒလမ်းကြောင်းအတွက် ရှင်းလင်းသောလမ်းညွှန်ချက်များပေးရန် နည်းလမ်းရှာဖွေနေကြောင်းပြောသည်။


အချိန်ကြာလာသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းများနှင့် အလုပ်အကိုင်အခြေအနေများ တိုးတက်မည်ဟု မျှော်လင့်ထားသော်လည်း တိုးတက်မှုမှာ စိတ်ပျက်စရာကောင်းလောက်အောင် နှေးကွေးနေသေးကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌကပြောသည်။ ဥရောပတွင် ဖြစ်ပေါ်နေသည့်အခြေအနေများကိုလည်း ဗဟိုဘဏ်က အနီးကပ်စောင့်ကြည့်လေ့လာနေကြောင်း ၎င်းကပြောသည်။ *—Ref: Reuters*



7 DAY NEWS JOURNAL

# International

Vol.10, No.34 • NOVEMBER 10, 2011



## ဂရိဝန်ကြီးချုပ်ပါပန်ဒရူး ရာထူးမှဆင်းပေး၍ ညွန့်ပေါင်းအစိုးရဖွဲ့မည်

**အေသင်၊ နိုဝင်ဘာ- ၇**

လက်ရှိဝန်ကြီးချုပ်ဂျော့ချ်ပါပန်ဒရူး မပါဝင်သော ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် ဂရိခေါင်းဆောင်များ သဘောတူညီခဲ့ကြောင်းဂရိသမ္မတရုံးကထုတ်ပြန်ပြောကြားသည်။

လက်ရှိဝန်ကြီးချုပ် ဂျော့ချ်ပါပန်ဒရူး ရာထူးမှ ဆင်းပေးမည်ဖြစ်ပြီး၎င်းအားဆက်ခံမည့်သူကိုနိုဝင်ဘာ ၇ ရက်ဆွေးနွေးပွဲများတွင် ရွေးချယ်သွားမည်ဖြစ်ကြောင်း ကြေညာချက်၌ဖော်ပြသည်။ ဝန်ကြီးချုပ် ပါပန်ဒရူး ရာထူးမှနုတ်ထွက်သင့်ကြောင်းအဓိကအတိုက်အခံပါတီခေါင်းဆောင် အန်တိုနစ်ဆာမာရက်က အစောပိုင်းတွင် တောင်းဆိုခဲ့သည်။

ဂရိသမ္မတ ကာရိုလော့စ်ပါပိုလီးယက်စ်ကလက်ခံကျင်းပခဲ့သည့် ဆွေးနွေးမှုများတွင်ဝန်ကြီးချုပ်ပါပန်ဒရူးနှင့် အတိုက်အခံခေါင်းဆောင်ဆာမာရက်လည်း ပါဝင်ခဲ့သည်။ ဝန်ကြီးချုပ်သစ်ရွေးချယ်ပြီးပါက အစိုးရသစ်တွင် ပါတီပေါင်းစုံ ပါဝင်လာရန် ဂရိသမ္မတကပြောကြားမည်ဖြစ်ကြောင်းသိရသည်။

ဝန်ကြီးချုပ် ပါပန်ဒရူးသည် ညွန့်ပေါင်းအစိုးရတစ်ရပ်ဖွဲ့စည်းရန်ကြိုးစားနေသော်လည်း ၎င်းအနေဖြင့် ရာထူးမှ ဦးစွာနုတ်ထွက်ရမည်ဟု အတိုက်အခံခေါင်းဆောင်ဆာမာရက်က တောင်းဆိုခဲ့သည်။ ပါပန်ဒရူး ရာထူးမှ မနုတ်ထွက်ပါက ဆွေးနွေးပွဲများတွင် ပါဝင်မည်မဟုတ်ကြောင်း မစ္စတာဆာမာရက်က ခြိမ်းခြောက်ခဲ့သည်။ လွှတ်တော်တွင်ပြုလုပ်ခဲ့သည့် အယုံအကြည်မရှိ အဆိုတင်သွင်းမှုတွင်မူ ဝန်ကြီးချုပ်က အနိုင်ရရှိခဲ့သည်။

စာ(၄၅)သို့

## ထိုင်းရေကြီးမှုကြောင့် သေဆုံးသူ ၅၀၀ ကျော်လာ

**ဘန်ကောက်၊ နိုဝင်ဘာ- ၇**

ထိုင်းနိုင်ငံတွင် ဆယ်စုနှစ်များစွာအတွင်း အဆိုးရွားဆုံး ကြုံတွေ့နေရသည့် ရေကြီးရေလွှမ်းမိုးမှုများကြောင့် သေဆုံးသူ စာရင်း ၅၀၀ ကျော်လာစဉ် တားဆီး၍မရနိုင်ဟုပင်ထင်ရသော ရေလုံးကြီးများ မြို့တော်ဘန်ကောက်အတွင်းသို့စီးဝင်လာပြီး အရေးပါသည့် လမ်းမကြီးများ ရေလွှမ်းမိုးခံရကာ မြို့လယ်ဒေသကိုပါ ခြိမ်းခြောက်နေကြောင်း သိရသည်။

ရေဘေးဒုက္ခကြောင့် နိုင်ငံတစ်ဝန်း သေဆုံးသူ ၅၀၆ ဦးရှိလာပြီဖြစ်ကြောင်း အစိုးရက ပြောကြားခဲ့ရာ ယင်းမတိုင်မီတစ်ရက်က စာရင်းထက် ၆၀ ဦး တိုးလာခြင်းဖြစ်သည်။ ဘန်ကောက်ရေိယာတွင်မူ သေဆုံးသူမရှိသေးကြောင်း သိရသည်။

စာ(၄၅)သို့



Photo - Getty Images

Photo - Reuters

Photo - AFP

Photo - AFP

## နိုင်ငံတကာအဏုမြူအေဂျင်စီ အစီရင်ခံစာကြောင့် အရှေ့အလယ်ပိုင်းတင်းမာမှုများ မြင့်တက်စေနိုင်

**ဗီယင်နာ၊ နိုဝင်ဘာ- ၇**

ကုလသမဂ္ဂ၏ နျူကလီးယားစောင့်ကြည့်ရေးအဖွဲ့ IAEA (နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီအဖွဲ့) က အီရန်နိုင်ငံ၏ နျူကလီးယားသုတေသနလုပ်ငန်းများနှင့် ပတ်သက်သည့် အသေးစိတ် အစီရင်ခံစာတစ်ရပ်ကိုယခုရက်သတ္တပတ်အတွင်း ထုတ်ပြန်မည်ဟု မျှော်လင့်ထားရာ အီရန်၏ နျူအစီအစဉ်အပေါ် နိုင်ငံတကာမသင်္ကာမှုများတိုးပွားလာပြီးအရှေ့အလယ်ပိုင်းတွင် တင်းမာမှုများမြင့်တက်လာစေသည်။

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ၏ အစီရင်ခံစာ မထုတ်ပြန်ခင်မှာပင်အီရန်အပေါ် စစ်ရေးအရ အရေးယူမှု အခြေအနေနီးစပ်လာကြောင်း အစ္စရေးနိုင်ငံက ပြောကြားခဲ့သည်ဟု မီဒီယာသတင်းများတွင်ဖော်ပြသည်။

အိုင်အေအီးအေ အစီရင်ခံစာကို ဆုပ်ကိုင်၍ အနောက်အင်အားကြီးနိုင်ငံများက အီရန်အပေါ် ပိတ်ဆို့တားဆီးမှုများ ပိုမိုပြုလုပ်ရန် တိုက်တွန်းသွားဖွယ်ရှိကြောင်းရိုက်တာသတင်းတွင်ဖော်ပြသည်။

အိုင်အေအီးအေ၏ တွေ့ရှိချက်များကြောင့် အီရန် နျူကလီးယား အငြင်းပွားမှုအား သံတမန်ရေးအရ

စာ(၄၅)သို့

## ဂွာတီမာလာ သမ္မတရွေးကောက်ပွဲ ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦး အနိုင်ရ

**ဂွာတီမာလာ စီးတီး၊ နိုဝင်ဘာ- ၇**

ဗဟိုအမေရိကဒေသရှိ ဂွာတီမာလာနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် မူးယစ်ဆေးဝါးအကြမ်းဖက်မှုများနှင့် ပြစ်မှုထူပြောခြင်းကို တင်းကျပ်စွာကိုင်တွယ်သွားမည်ဖြစ်ကြောင်း ကတိပြုထားသည့် ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦးက အနိုင်ရရှိသွားကြောင်း သိရသည်။

စာ(၄၅)သို့



7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011



# ထိုင်းနိုင်ငံရောက်ရေဘေးသင့် မြန်မာအလုပ်သမားများ အရေးပေါ်အကူအညီလိုအပ်

အေးမြကျော်

**ရန်ကုန်၊ နိုဝင်ဘာ-၇**



ထိုင်းနိုင်ငံ ဘန်ကောက်မြို့အပြင်ဘက်ရှိ Pathum Thani တွင် တွေ့ရသော ရေဘေးဒုက္ခသည်များ

Photo - Getty Images

ထိုင်းနိုင်ငံ၊ဘန်ကောက်မြို့တွင်နေထိုင်ကာ အလုပ်လုပ်နေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် မကြုံစဖူးကြုံတွေ့နေရသော ရေလွှမ်းမိုးမှုများကြောင့် အရေးပေါ် အကူအညီများ လိုအပ်လျက်ရှိနေကြောင်း အလုပ်သမားများကို အကူအညီများပေးနေသည့် မြန်မာလူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ပြောကြားသည်။

"ထိုင်းနိုင်ငံမှာ သဘာဝဘေးအန္တရာယ်တစ်ခုခုဖြစ်ရင် ထိုင်းအစိုးရအနေနဲ့ ပထမဆုံးအကူညီပေးတာက သူတို့နိုင်ငံသားတွေနဲ့ နိုင်ငံကြီးတွေကလာလုပ်နေကြတဲ့ နိုင်ငံခြားသားအလုပ်သမားတွေအတွက်ပဲအရင်ကူပါတယ်။ မြန်မာအပါအဝင် ကမ္ဘောဒီးယား၊ လာအိုတို့ကရွှေ့ပြောင်းအလုပ်သမားတွေဟာ အမေ့လျော့ခံရတဲ့ ဒုက္ခသည်တွေပါ"ဟု မြန်မာအလုပ်သမားများကို အကူအညီများပေးနေသော အခြေခံလူမှုပညာပေးရေးကော်မတီ(GHRE ) မှ အမှုဆောင်ဒါရိုက်တာ ဦးထူးချစ်ကပြောသည်။

ယခုအခါ မြန်မာအလုပ်သမားဦးရေလေးသိန်းကျော်နေထိုင်အလုပ်လုပ်ကိုင်နေသော ဘန်ကောက်မြို့ရှိ စမွတ်ဆခွန်ဒေသတွင် ရေများလွှမ်းမိုးလျက်ရှိပြီး အချို့စက်ရုံများတွင် မြန်မာအလုပ်သမားများ အပြင်သို့ ထွက်နိုင်ခြင်းမရှိဘဲ စက်ရုံတွင်းပိတ်မိနေကာ စားသောက်၊ နေထိုင်ရေး အခက်တွေ့လျက် အကူအညီများလို အပ်နေဆဲဖြစ်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာများက အွန်လိုင်းမှတစ်ဆင့် ပြောကြားသည်။

စမွတ်ဆခွန်(ခေါ်)မဟာချိုင်ဒေသသည် လက်ရှိတွင် ရေလွှမ်းမိုးမှုများကြောင့် စိုးရိမ်ဖွယ်အခြေအနေနှင့်ကြုံတွေ့နေရပြီး မြန်မာအလုပ်သမားများအနေဖြင့် ဘန်ကောက်မြို့၏ တောင်ဘက် နခွန်ပထုန်မြို့နယ်၊ ဝပ်ရိုက်ခင်ဝစ်ထယာ ဘုန်းကြီးကျောင်းအတွင်း တွင်ဖွင့်လှစ်ထားသောကယ်ဆယ်ရေးစခန်းသို့ လာရောက်သူမှာ နည်းပါးနေသေးပြီး အချို့မှာ အလုပ်ရှင်များကဆက်သွယ်ပို့ဆောင်ခြင်းမရှိခြင်းနှင့် အကြောင်းအမျိုးမျိုးတို့ကြောင့် ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိနိုင်ခြင်းမရှိသေးကြောင်း ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကူညီစောင့်ရှောက်ရေးအဖွဲ့အစည်းများထံမှသိရသည်။

ထိုင်းနိုင်ငံရောက် ရေဘေးသင့်မြန်မာအလုပ်သမားများကို ဘန်ကောက်အခြေစိုက်မြန်မာသံရုံးအနေဖြင့်လည်း အကူအညီများပေးနေပြီး ရေဘေးသင့်သဖြင့် နိုင်ငံကူးလက်မှတ်ပျက်စီး၊ပျောက်ဆုံးသွားသူများကို သံရုံးနှင့် ထိုင်းအစိုးရအစီအစဉ်ဖြင့် ယာယီနိုင်ငံကူးလက်မှတ်များထုတ်ပေးသွားမည်ဟုသိရသည်။လက်မှတ်နှင့်စာရွက်စာတမ်းမရှိသူများကို ယာယီသွားလာခွင့်လက်မှတ်ထုတ်ပေးထားမည်ဖြစ်ကြောင်းသိရသော်လည်းအဆိုပါကယ်ဆယ်ရေးစခန်းသို့လာရောက်သူအရေအတွက်မှာ ဘန်ကောက်တွင်ရှိသော မြန်မာအလုပ်သမားဦးရေနှင့်နှိုင်းယှဉ်ပါက အလွန်နည်းပါးနေသေးကြောင်းကူညီရေးအဖွဲ့အစည်းများကပြောကြားသည်။

ထိုင်းနိုင်ငံတွင် ရေဘေးဒုက္ခကြုံနေရသည့် မြန်မာနိုင်ငံသားများအား ဖမ်းဆီးခြင်းမပြုလုပ်နိုင်ရန်ထိုင်းအလုပ်သမားဝန်ကြီးဌာနနှင့်ပူးပေါင်း၍ မြန်မာသံရုံးက ယာယီနေထိုင်ခွင့်စာရွက်စာတမ်းများကိုအောက်တိုဘာ ၂၉ရက်နေ့တွင်စတင် ထုတ်ပေးနေကြောင်း သိရသည်။

ရေဘေးသင့်မြန်မာအလုပ်သမားအများစုမှာ မည်သည့်နေရာသို့သွားရမည်မသိဖြစ်နေပြီး အချို့မှာ အလုပ်ရှင်များက လုပ်ခလစာများထုတ်ပေးထားခြင်းမရှိသဖြင့်စားရေးသောက်ရေးပင်အခက်တွေ့နေကြသည်။ ထိုသူများကို မြန်မာနိုင်ငံအစိုးရအနေဖြင့် အကူအညီတစ်စုံတစ်ရာပေးနိုင်လျှင်ကောင်းမည်ဟု ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားကူညီသည့်အဖွဲ့အစည်းများက တိုက်တွန်းပြောကြားကြသည်။

ဘန်ကောက်မြို့အပါအဝင် ထိုင်းနိုင်ငံ၏သုံးပုံတစ်ပုံမှာရေလွှမ်းမိုးမှုကို မကြုံစဖူးကြုံတွေ့နေရပြီး ရေလွှမ်းမိုးမှုမှာ ရက်သတ္တပတ်များစွာကြာမြင့်လာသည်နှင့်အမျှ စက်ရုံ၊ အလုပ်ရုံများလည်း ပိတ်ထားရသဖြင့် အလုပ်လုပ်နေကြသော မြန်မာအလုပ်သမားများ အပါအဝင်ကမ္ဘောဒီးယား၊လာအိုစသည့်နိုင်ငံများမှ ရွှေ့ပြောင်းအလုပ်သမားများသည် လုပ်ခလစာများမရဘဲ ဝင်ငွေမရှိဖြစ်နေကြောင်း ထိုင်းနိုင်ငံမှ အလုပ်သမားကူညီရေးအဖွဲ့အစည်းများထံမှသိရသည်။

ထိုင်းနိုင်ငံတွင် နေရာအနှံ့၌ အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားအရေအတွက်မှာ နှစ်သန်းကျော်ရှိမည်ဟု အလုပ်သမားကူညီစောင့်ရှောက်ရေးအဖွဲ့အစည်းများက ခန့်မှန်းထားကြသည်။

# ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေပြင်ဆင်သည့် ဥပဒေမူကြမ်း လွှတ်တော်တွင် တင်သွင်း

အိဖြူလွင်

**ရန်ကုန်၊ နိုဝင်ဘာ- ၄**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအားနိုဝင်ဘာ ၂ရက်ကစတင်ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့သည်။

လက်ရှိကျင့်သုံးနေသော စည်ပင်သာယာဥပဒေသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ထိုဥပဒေတွင်ပါရှိသော ငွေဒဏ်များသည် ခေတ်နှင့် လျော်ညီသော ငွေဒဏ်များမဟုတ်တော့သည့်အတွက်ထိရောက်သောစည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဥပဒေမူကြမ်းအား တင်သွင်းခြင်းဖြစ်ကြောင်းပြင်ဆင်သည့် ဥပဒေ မူကြမ်းအားတင်သွင်းသူ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးဦးလှမြင့်က ပြောကြားသည်။

စည်ပင်သာယာရေးကော်မတီက မည်သည့်အကြောင်းကြောင်းနှင့်မျှ ခွင့်ပြုချက်မပေးနိုင်သည့်အခြေအနေများရှိရာဥပဒေဖောက်ဖျက်ကျူးလွန်သူများသည် နည်းပါးသော ငွေဒဏ်များကို အကြိမ်ကြိမ်ဆောင်၍ ကျူးလွန်နေကြသဖြင့်စည်ပင်သာယာက အကြိမ်ကြိမ်တရားစွဲဆိုနေရသော အမှုများ ပို၍များလာသည်ဟု ဦးလှမြင့်က ပြောကြားခဲ့သည်။

ဥပဒေနှင့်မညီဘဲစဉ်ဆက်မပြတ်ဖောက်ဖျက်နေသောကြောင့် စည်ပင်သာယာက ဆက်လက်တရားစွဲဆိုနေသော အမှုများမှာ အကြိမ် ၅၃ ကြိမ်မြောက်တရားစွဲဆိုနေရသော အမှု ၃၀ မှု၊ ၄၇ ကြိမ်မြောက်တရားစွဲဆိုနေသော အမှု ၃၅ မှု၊ ၃၇ ကြိမ်မြောက် တရားစွဲဆိုနေသောအမှု၃၅စသဖြင့်တရားရင်ဆိုင်ရာတွင်ပေးဆောင်ရသည့် ငွေဒဏ်နည်းပါးသောကြောင့် အကြိမ်ကြိမ် ဖောက်ဖျက်နေပြီး အကြိမ်ကြိမ် တရားစွဲနေရသော အမှုများစွာရှိနေကြောင်း ဦးလှမြင့်က ပြောသည်။

ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပေးဆောင်ရသည့် ငွေဒဏ်များကို ခေတ်နှင့် လျော်ညီစေရန် တိုးမြှင့်ပြင်ဆင်သတ်မှတ်ချက်များ ပါဝင်ကြောင်း သိရသည်။

# ရမ်းဗြဲရှိ ကျေးရွာတစ်ရွာမီးလောင်မှုကြောင့် မိသားစု ၃၀၀ ကျော်အိုးအိမ်မဲ့ဖြစ်

ဝေယံ

**ရန်ကုန်၊ နိုဝင်ဘာ- ၃**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်အပိုင် ကျောက်နီမော်ကျေးရွာရှိ ရပ်ကွက်တစ်ခု မီးလောင်မှုကြောင့် အိမ်ခြေ ၁၄၂ အိမ်ဆုံးရှုံးပျက်စီးကာ မိသားစု ၃၂၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ငါးဖမ်းလုပ်ငန်းသုံးပစ္စည်းအများအပြားဆုံးရှုံးခဲ့ရကြောင်း သတင်းရရှိသည်။

ကျောက်နီမော်ကျေးရွာမှာ ရမ်းဗြဲမြို့၏ ၁၆ မိုင်အကွာတွင်တည်ရှိပြီး နိုဝင်ဘာ ၁ ရက်ည ၉ နာရီ ၂၅မိနစ်ခန့်အချိန်က ပုစွန်ပြုတ်ရာမှ စတင်လောင်ကျွမ်းခဲ့သောမီးကြောင့် ကျောက်နီမော်ကျေးရွာတောင်ပိုင်းရပ်ကွက် တစ်ခုလုံးရှိအိမ်ခြေ ၁၄၂ အိမ် မီးဘေးသင့်ခဲ့ရပြီး နိုဝင်ဘာ ၂ရက်နံနက် ၂နာရီ ၄၅ မိနစ်အချိန်တွင်မှ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်းသိရသည်။ အဆိုပါ မီးဘေးသင့်မှုကြောင့် ငါးလုပ်ငန်းအဓိက လုပ်ကိုင်သည့်ထိုကျေးရွာရှိ ငါးဖမ်းပိုက်အများအပြား ဆုံးရှုံးခဲ့ကာ စုစုပေါင်း ကာလတန်ဖိုး ငွေကျပ်သိန်း ရှစ်ထောင်ဖိုးခန့်ဆုံးရှုံးခဲ့ရသည်ဟု သိရသည်။

"ကမ်းနားတစ်လျှောက်မှာရှိတဲ့ ရွာတန်းရှည်ကြီးမီးလောင်တဲ့တောင်ပိုင်းရပ်ကွက်မှာ အိမ်တွေကလည်း နီးနီးကပ်ကပ် ရှိနေတော့ မီးကူးမြန်တယ်။ ဒါကြောင့် တစ်ရပ်ကွက်လုံး ပါသွားတာ။ တိုက်အိမ်တွေရော၊ ပျဉ်ထောင်အိမ်တွေရောပဲ။ သေဆုံးတာတော့မရှိဘူး။ ကလေးနဲ့ သက်ကြီးရွယ်အိုတွေတော့ အနည်းငယ်ထိခိုက်သွားတာ ငါးဦးရှိတယ်"ဟု ကျောက်နီ မော်ကျေးရွာ မြောက်ပိုင်းရပ်ကွက် တွင်နေထိုင်သူ ဦးအောင်ဝေက 7Day News သို့ ပြောသည်။

မီးလောင်မှုကြောင့် အိုးအိမ်မဲ့ဖြစ်ခဲ့ရသော မိသားစုများအား သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အင်န်ဂျီအိုအဖွဲ့အစည်းများနှင့် ရမ်းဗြဲမြို့ရှိပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့မှ အသုံးအဆောင်များ၊ စားသောက်ဖွယ်ရာများနှင့် ငွေကြေးများကို နိုဝင်ဘာ ၂ရက်တွင် စတင်လာရောက်ပေးအပ်မှုများရှိကြောင်းသိရသည်။

7DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011

# လွှတ်တော်နှစ်ရပ်တွင် ရန်ဖြစ်နေခြင်းမဟုတ်ကြောင်း သူရဦးရွှေမန်းပြောကြား

သတင်းအဖွဲ့

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တွင် အမြင်မတူညီခြင်းများရှိကောင်းရှိနိုင်သော်လည်း ရန်ဖြစ်နေခြင်းမဟုတ်သည်ကို အားလုံးနားလည်ရန်လိုကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းက ပြောကြားသည်။

"လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြောဆိုဆွေးနွေးဆောင်ရွက်နေမှုများသည် ဂုဏ်သိက္ခာမြင့်မားရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ယုံကြည်သည်နှင့် အညီ မိမိတို့သည် ဥပဒေ၊ နည်းဥပဒေများနှင့် အညီမှန်မှန်ကန်ကန် ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ ၎င်းပေါ်မူတည်၍ အချို့အဓိပ္ပါယ်ကောက်မှားပြီး ပြောဆိုနေမှုများရှိပါကလည်း ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သဘောထားကွဲသည်ဆိုသည့်နေရာတွင် အမြင်မတူညီခြင်းရှိကောင်းရှိနိုင်သည်ဟုသိရှိရန်လိုအပ်ပါကြောင်း၊ သို့ရာတွင်ရန်ဖြစ်နေခြင်းမဟုတ်သည်ကိုလည်း အားလုံးနားလည် ရန်လိုအပ်ပါကြောင်း" သူရဦးရွှေမန်းက နိုဝင်ဘာ ၃ ရက်၌ ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး ၄၅ ရက်မြောက်နေ့တွင် ပြောကြားသည်။

"ပြည်ထောင်စုလွှတ်တော်က အတည်ပြုကြောင်း သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသည်ဟုမှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ရေးအတွက် ပေးပို့ခြင်းမပြုမီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိ၊ သံသယရှိသော ကိစ္စရပ်များပါဝင်ပါက ယင်းဥပဒေကြမ်းများကို စိစစ်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ပေးပို့ရန်"ဟူသည့် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ လွှတ်တော် ၂ ရပ်တွင် အမြင်မတူညီမှုများဖြစ်ပေါ်နေခြင်းဖြစ်သည်။

ထိုဆုံးဖြတ်ချက်ကို အောက်တိုဘာ ၂၈ ရက်တွင်ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ပြည်ထောင်စုလွှတ်တော်တွင် ထည့်သွင်းဆွေးနွေးကာ ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်နိုဝင်ဘာ ၁ ရက်၌ကျင်းပသောပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အထက်ပါဆုံးဖြတ်ချက်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သော်လည်းကောင်း၊ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေနှင့် သော်လည်းကောင်း၊နည်းဥပဒေများနှင့်သော်လည်းကောင်း ညီညွတ်မှုမရှိပါသဖြင့် ကန့်ကွက်ခွင့်ပြုနိုင်ပါရန်နှင့် အထက်ပါဆုံးဖြတ်ချက်အားပယ်ဖျက်ပေးနိုင်ရန်အဆိုကိုပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်က အရေးကြီး အဆိုအဖြစ် တင်သွင်းသည်။

"ပြည်ထောင်စုလွှတ်တော်နာယက၏ဆုံးဖြတ်ချက်တွင်ဥပဒေပြုရေးကိစ္စဆောင်ရွက်ရာတွင် ခုံရုံး၏ စီရင်ဆုံးဖြတ်ရေး ကဏ္ဍကို ထည့်သွင်းလိုက်ခြင်းဖြစ်သည်ဟု သဘောထားရရှိပါကြောင်း၊ဥပဒေကြမ်းများတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိ သံသယရှိသော ကိစ္စများပေါ်ပေါက်လာပါက ပြည်ထောင်စုလွှတ်တော်သို့သာ တင်ပြပြီး ညှိနှိုင်းဆောင်ရွက်ဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းပြီးနောက် အငြင်းပွားမှုများ ပေါ်ပေါက်သောအခါမှသာ ခုံရုံးသို့တင်သွင်းပြီး ခုံရုံးက စီရင်ဆုံးဖြတ်ပေးရမည်ဖြစ်ပါကြောင်း" ဒေါက်တာစိုးရင်က၎င်းအဆိုကိုတင်သွင်းစဉ်ပြောကြားခဲ့သည်။ ၎င်းအဆိုနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၇ ဦးက ထောက်ခံဆွေးနွေးပြီးနောက်၊ လွှတ်တော်၏အဆုံးအဖြတ်ခံယူရာတွင်လည်း သဘောမတူသူမရှိသည့်အတွက် ယင်းအဆိုကိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

နိုဝင်ဘာ ၂ ရက်တွင် ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေး ၄၄ ရက်မြောက်တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်က ဖွဲ့စည်းပုံအခြေခံနှင့် ကိုက်ညီခြင်းရှိမရှိ သံသယရှိခဲ့သော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ရယူမည်ဆိုခြင်းသည် လုပ်ငန်းစနစ်တစ်ရပ်ဖြစ်ပါကြောင်း၊ လုပ်ငန်းစနစ်ကို နောင်လာနောင်သားတို့နားလည်စေရန် ရည်ရွယ်ပြီး နာယက က ပြည်ထောင်စုလွှတ်တော်၏ သဘောထားကို အောက်တိုဘာ ၂၈ ရက်တွင် မေးမြန်းခဲ့ခြင်းသာဖြစ်ပြီး ထိုကိစ္စသည် အဆိုတစ်ရပ်မဟုတ်သည်ကို အများသူငါနားလည်နိုင်ပါကြောင်း ဆက်လက်ပြောသည်။

အခြေခံဥပဒေနှင့် ကိုက်ညီခြင်းရှိမရှိ သံသယရှိသည့် ဥပဒေကြမ်းများကို ခုံရုံးသို့ ပေးပို့ခြင်းသည် လွှတ်တော်၏ ဥပဒေပြုအာဏာကို ခုံရုံး၏ အောက်သို့ သွတ်သွင်းလိုက်ခြင်း လုံးဝမဟုတ်ပါကြောင်း၊ သံသယရှိသည့် ဆိုသည့် စကားရပ်ပါဝင်နေသည်ကို သတိချပ်ရန်လိုပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။



ပြည်သူ့လွှတ်တော်အစည်းအဝေးတွင်တွေ့ရသည့် ဥက္ကဋ္ဌသူရဦးရွှေမန်း

ထို့အပြင် အောက်တိုဘာ ၂၈ ရက်က အတည်ပြုခဲ့သော "ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် အတည်ပြုသည်ဟုမှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ရေးအတွက် ပေးပို့ခြင်းမပြုမီ ဥပဒေကြမ်းပူးပေါင်းကော်မတီအားစိစစ်စေပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ညီညွတ်ခြင်းရှိမရှိသံသယရှိသော ကိစ္စရပ်များပါဝင်ပါက ယင်းဥပဒေကြမ်းများကို စိစစ်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ပေးပို့ခြင်းအားထောက်ခံကြောင်းနှင့် ပြည်သူ့လွှတ်တော်၌ ၎င်းကိစ္စအားပယ်ဖျက်ရန်အတည်ပြုသောအဆိုကိုကန့်ကွက်ကြောင်း" အဆိုကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်က တင်သွင်းသည်။ ယင်းအဆိုကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးက ဆွေးနွေးပြီး လွှတ်တော်ကအတည်ပြုခဲ့သည်။

ပြည်သူ့လွှတ်တော်၏ အထက်ပါအဆိုကို ပြည်ထောင်စုလွှတ်တော်၌ အဆိုအဖြစ် တင်သွင်းလာလျှင် နာယက၏ မှန်ကန်သည့်ဆောင်ရွက်ချက်ကိုဟန့်တားနှောင့်ယှက်ရာကျသော အဆိုဖြစ်သည့်အတွက် နာယက အနေဖြင့် ခွင့်ပြုစရာမရှိပါကြောင်းလည်း ဦးခင်အောင်မြင့်က ထိုနေ့လွှတ်တော်တွင်ပြောကြားခဲ့သည်။

ပူးပေါင်းကော်မတီ (သို့မဟုတ်) ကော်မရှင်တစ်ရပ် ဖွဲ့စည်းစေပြီး သက်ဆိုင်ရာဥပဒေပညာရှင်များကို ဖိတ်ခေါ်ကြားနာစေမည်ဖြစ်ပါကြောင်း၊ ကော်မတီ၏ တွေ့ရှိချက်အရနာယက၏ဆောင်ရွက်ချက်မှားယွင်းကြောင်းဆုံးဖြတ်လျှင် နာခံရန်ဖြစ်သည်ကို ပြောကြားလိုသည်ဟု ပြောသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက တိုင်းပြည်၏ ဥပဒေပြုခွင့်အာဏာကို အပြည့်အဝရရှိထားသော ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုလုပ်ငန်းစဉ်အဆင့်ဆင့်တွင် အခြေခံ ဥပဒေခုံရုံးထပ်တိုးလာမည်ကို မလိုလားဘဲ၊ အခြေခံဥပဒေ၌လည်း ထိုသို့မပြဋ္ဌာန်းထားသည့်အတွက် ပုံမှန်ဥပဒေပြုမှု လုပ်ငန်းစဉ်တွင် အခြေခံဥပဒေခုံရုံးထပ်ထည့်ခြင်းကို ကန့်ကွက်ကြခြင်းဖြစ်သည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကလည်းပုံမှန်ဥပဒေပြု လုပ်ငန်းစဉ်တွင် ဥပဒေကြမ်းတိုင်းကို အခြေခံဥပဒေခုံရုံးသို့ တင်ပြမည်မဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိ သံသယရှိသော ကိစ္စရပ်များပါဝင်မှသာ တင်ပြမည်ဖြစ်၍ လက်ခံသင့်သည်ဟုယူဆကာ လက်ခံကြခြင်းဖြစ်သည်။

"ပြည်ထောင်စုလွှတ်တော်ကချမှတ်တဲ့ ဥပဒေကြမ်းတွေကို အခြေခံဥပဒေခုံရုံးတင်ဖို့ကို အချက် ၃ ချက်နဲ့ ကန့်ကွက်ပါတယ်။ (၁)ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၈၆ အရပြည်ထောင်စုလွှတ်တော်ကဥပဒေကြမ်းကိုတင်ဖို့ဆိုရင်အရင်ဆုံးဆွေးနွေးရမယ်။ ပြီးမှဆုံးဖြတ်ရပါမယ်။ (၂)ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဥပဒေကြမ်းကော်မတီများကဥပဒေကြမ်းကို အသေးစိတ်စစ်ဆေးပြီး သဘောထားမှတ်ချက်ကို ပြည်ထောင်စုလွှတ်တော်ကိုပေးပို့နိုင်တယ်လို့ပါပါတယ်။ (၃) ဥပဒေကြမ်းတွေကို စိစစ်ဖို့အခြေခံ ဥပဒေခုံရုံးကို အခွင့်မပေးထားပါဘူး။ ဒါကြောင့် ခုံရုံးကိုပေးဖို့အတွက် အခြေခံဥပဒေအခန်း ၁၂ အရ ပြင်ဆင်ပြီးမှလုပ်လို့ရပါမယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကတော့ ဒီကိစ္စကိုကန့်ကွက်တယ်။ ပယ်ဖျက်ဖို့တောင်းဆိုပါတယ်။ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ၂ ရပ်လုံးကအခွင့်အာဏာတူတဲ့အတွက် ကွဲလွဲတာသဘာဝကျပါတယ်။ အခုရက်ပိုင်းမှာလွှတ်တော်နာယကကြီးများရဲ့ သဘောထား ကွဲလွဲချက်တွေက လွှတ်တော်ရဲ့ဂုဏ်သိက္ခာကို မထိခိုက်စေဘဲ ပိုပြီးတော့ကောင်းပါတယ်လို့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကပြောခဲ့ပါတယ်။ မြန်မာပြည် ဒီမိုကရေစီကူးပြောင်းတဲ့ကာလမှာ ဒီကိစ္စကတိုးတက်တဲ့ အခြေအနေကို ပြတယ်လို့ ကျွန်တော်ကမြင်ပါတယ်"ဟုပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ပြောသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးအေးမောင်ကလည်း "ပြည်ထောင်စုလွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်းကို အခြေခံဥပဒေခုံရုံးကို တင်သွင်းရမယ်ဆိုတဲ့ ကိစ္စက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ အခြေခံဥပဒေခုံရုံးတို့ရဲ့ ဥပဒေနည်းဥပဒေတို့ကို ကြည့်ရင် သိနိုင်ပါတယ်။ ခုံရုံးရဲ့ လုပ်ငန်းတာဝန်ထဲမှာ ဥပဒေကြမ်းတွေက အခြေခံဥပဒေနဲ့ညီမညီကို သူ့ဘာသာ စိစစ်နေရမှာပါ။ ပြည်ထောင်စုလွှတ်တော်က တင်ပြရမယ်ဆိုရင် ခုံရုံးက လွှတ်တော်ရဲ့အထက်မှာရှိသလိုဖြစ်သွားမှာပါ။ ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုတဲ့ ဥပဒေကို နိုင်ငံတော်သမ္မတဆီပို့၊ သမ္မတက အတည်ပြုပြီးရင်ဥပဒေအဖြစ်ပြဋ္ဌာန်းပါပြီ။ ခုံရုံးက လွှတ်တော်တွေမှာ အတည်ပြုတဲ့ ပြဋ္ဌာန်းတဲ့ ဥပဒေကြမ်းတွေကို သူ့ဘာသာစိစစ်နေရမှာပါ။

လာမယ့်ပြည်ထောင်စုလွှတ်တော်မှာဒီကိစ္စကို မဲခွဲဆုံးဖြတ်ရင်ပိုကောင်းမှာပါ။ မဲခွဲရင်လည်း အရေအတွက်အရ ပြည်သူ့လွှတ်တော်ကနိုင်မှာပါ။ အခုလိုသဘောထားကွဲလွဲတယ်ဆိုတာ ထာဝရပါ။ ဒီထဲကမှကျွန်တော်တို့က အဓိပ္ပါယ်တစ်ခုပဲရှိတဲ့ အမှန်တရားကို ရှာဖွေယူရမှာပါ"ဟု ပြောကြားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းကလည်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော ဥပဒေကြမ်းများကိုအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့တင်ပြရန်ဆိုသောအချက်မှာ မပါဝင်သည့်အတွက် ခုံရုံးသို့ မတင်စေလိုဘဲ၊ ပူးပေါင်းကော်မတီမှ သံသယရှိသည်ဟု ဆုံးဖြတ်မှသာ အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ထင်မြင်ချက်တောင်းသင့်သည်(ခုံရုံး၏ ဆုံးဖြတ်ချက် တောင်းခံခြင်းမဟုတ်) ဟူသော နည်းဥပဒေကိုသာ ပြည်ထောင်စုလွှတ်တော်က စတင်ချမှတ်သင့်ကြောင်း သူ၏အမြင်ကို ပြောသည်။

ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကလည်း ထိုသို့ လွှတ်တော် ၂ ရပ်ကြားတွင် သဘောထားကွဲလွဲနေခြင်းနှင့်ပတ်သက်၍ "ဒါက ဖြစ်သင့်ပါတယ်။ သဘောထားကွဲလွဲတယ်ဆိုတာ လွှတ်တော်မှာ ဖြစ်ရမယ့်ကိစ္စပါ"ဟု မှတ်ချက်ပေးပြောကြားသည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး အခြေခံဥပဒေကိုလေ့လာထားသူ ဒေါက်တာနေဝင်းမောင်ကလည်း "ဥပဒေပြုအာဏာမှာပြည်ထောင်စုလွှတ်တော်ကအမြင့်ဆုံးအဖွဲ့အစည်းဖြစ်တယ်။ ဥပဒေပြုလုပ်ငန်းစဉ်အဆင့်ဆင့်နဲ့ပတ်သက်ရင်သူ့အထက်အဖွဲ့အစည်းမရှိတာဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်မှာပဲ မဲခွဲပြီးဆုံးဖြတ်ရမယ်။ အခြေခံဥပဒေခုံရုံးကအခြေခံဥပဒေနဲ့ပတ်သက်လို့ Interpretation (ဘာသာပြန်အဓိပ္ပာယ်ဖွင့်)ရုံသာဖြစ်တယ်။ ဥပဒေပြုအာဏာမှာတော့ ပြည်ထောင်စုလွှတ်တော်က အမြင့်ဆုံးပဲ။ အခြားနေရာမှာ ဘယ်လိုမှရှင်းလို့မရဘူး။ ဥပဒေပြုအာဏာထဲမှာဖြစ်တဲ့အဆို၊ သဘောထားကွဲလွဲတာ၊ ဥပဒေကြမ်းသဘောထားကွဲလွဲတာအားလုံး ဥပဒေပြု အာဏာရဲ့ အမြင့်ဆုံးဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်မှာပဲရှင်းရမယ်။ အခြားနည်းလမ်းမရှိဘူး"ဟု ပြောကြားသည်။


UMFCCI မှဒုတိယ ဥက္ကဋ္ဌ ဦးလှမောင်ရွှေကလည်း "အခြေခံဥပဒေရဲ့ကျောရိုးမှာကိုကလည်း အများပြည်သူအတွက် လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိတယ်။ ပြည်ထောင်စုလွှတ်တော်ထက်မြင့်တဲ့ ဥပဒေပြုအဖွဲ့အစည်းမရှိတော့ဘူး၊ လွှတ်တော်နှစ်ရပ်မှာကွဲလွဲနေတဲ့အတွက်ပြည်ထောင်စုလွှတ်တော်မှာပဲ အဆုံးအဖြတ်ခံသင့်တယ်၊ ဘာကြောင့်လဲဆိုတော့ ဘယ်သူတစ်ဦးတစ်ယောက်ကမှ အခြေခံဥပဒေကို ကျော်လုပ်လို့မရလို့"ဟုမှတ်ချက်ပေးပြောကြားသည်။

လွှတ်တော်အတွင်း ယခုဖြစ်ရပ်များသည် တစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာနိမ့်ကျရေးအတွက် ဆောင်ရွက်ခြင်းမဟုတ်ဘဲ လွှတ်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်နာယကနှင့် ဥက္ကဋ္ဌများ၏ ဂုဏ်သိက္ခာအတွက် ဆောင်ရွက်နေသည်ကို မှတ်ယူရမည်ဖြစ်ကြောင်း သူရဦးရွှေမန်းက ပြောကြားသည်။

7 DAY NEWS JOURNAL
Vol.10, No.34 • NOVEMBER 10, 2011



## ကုလသမဂ္ဂ၏ တက်ကြွစွာပါဝင်မှုကို မြင်လိုကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြောကြား



အိဖြူလွင်

**ရန်ကုန်၊ နိုဝင်ဘာ - ၄**

ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေး မစ္စတာဗီဂျေနမ်ဗီးယားတို့သည် နိုဝင်ဘာ ၃ရက်ညနေ၅နာရီခွဲတွင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်၌တွေ့ဆုံခဲ့ကြသည်။

အချိန်တစ်နာရီကျော်ကြာမြင့်ခဲ့သော ဆွေးနွေးပွဲအပြီးတွင် မစ္စတာနမ်ဗီးယားက မြန်မာနိုင်ငံ၌ တိုးတက်မှုများ တွေ့မြင်နေရပြီဟုပြောကြားသွားခဲ့ပြီး အစိုးရအဖွဲ့နှင့် တွေ့ဆုံမှုကို အသေးစိတ်မပြောဘဲ မြန်မာအစိုးရအဖွဲ့မှ ယခုရက်ပိုင်းအတွင်း သတင်းထုတ်ပြန်နိုင်မည်ဟုယူဆကြောင်း ပြောကြားသွားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်က မစ္စတာနမ်ဗီးယားပြောသော တိုးတက်မှုများဆိုသည်မှာ ဒီမိုကရေစီဘက်သို့သွားသောခြေလှမ်းများကိုရည်ရွယ်ပြောသည်ဟု ထင်မြင်ကြောင်းပြောခဲ့သည်။

မစ္စတာနမ်ဗီးယားနှင့် တွေ့ဆုံမှုအပြီးတွင် ဒေါ်အောင်ဆန်းစုကြည်က သတင်းထောက်များနှင့်တွေ့ဆုံရာ၌ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံငယ်များအတွက် အင်အားရှိစွာဖြင့်ပါဝင်ခြင်းသည် အကျိုးရှိသဖြင့် ကုလသမဂ္ဂ၏တက်ကြွစွာပါဝင်သည်ကိုမြင်ချင်ပါကြောင်း ပြောကြားခဲ့သည်။

ယခုမြန်မာနိုင်ငံအတွက်လည်းကုလသမဂ္ဂသည်တတ်နိုင်သမျှကူညီချင်သောစိတ်ဆန္ဒရှိသည်ဟု ထင်မြင်ကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်က ဆက်လက်ပြောကြားသည်။

မစ္စတာနမ်ဗီးယားသည် မြန်မာနိုင်ငံသို့ အောက်တိုဘာ ၃၁ ရက်တွင် ရောက်ရှိခဲ့ခြင်းဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အစရှိသော အစိုးရအဖွဲ့များနှင့်လည်း တွေ့ဆုံမှုများ ပြုလုပ်ခဲ့သည်ဟုသိရှိရသည်။

## ဆန္ဒပြမှုများမှာ လက်ရှိတည်ဆဲဥပဒေများအရ အကျုံးမဝင်ခြင်းကြောင့် တာဝန်ရှိသူများက လူစုခွဲရခြင်းဖြစ်သည်ဟုဆို

အိဖြူလွင်

**ရန်ကုန်၊ နိုဝင်ဘာ - ၄**

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းသည် ယခုချိန်ထိ နိုင်ငံတော်သမ္မတက အတည်မပြုရသေးသောကြောင့် လက်ရှိဥပဒေတွင် ၁/၈၉ အရ ငါးဦးထက်ပို၍ စုဝေးခွင့်မပြုခြင်းသည် တည်မြဲလျက်ပင်ရှိနေသေးကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြောကြားသည်။

ထို့ကြောင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနရုံးရှေ့တွင် လွန်ခဲ့သည့် ၁၀ ရက်ခန့်က ဆန္ဒပြမှုများသည် လက်ရှိတည်မြဲလျက် ရှိနေသေးသောဥပဒေများအရ အကျုံးမဝင်ကြောင်းသိရသည်။

အဆိုပါဆန္ဒပြမှုကိုလုံခြုံရေးတာဝန်ရှိသူများက လူစုခွဲခဲ့ခြင်းမှာ အများပြည်သူသွားရာလမ်းကို အဟန့်အတားဖြစ်စေ၍ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ်ကပြောကြားခဲ့သည်။

လွှတ်တော်နှစ်ရပ်က အတည်ပြုပြီးဖြစ်သော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကြမ်းသည် ဥပဒေအဆင့်သို့ရောက်၍ အာဏာတည်ပါက မြန်မာနိုင်ငံသည်လည်း အမေရိကန်နိုင်ငံတို့ကဲ့သို့ ဒီမိုကရေစီအပြည့်အဝရသောနိုင်ငံများ ဖြစ်လာမည်ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်း ဒေသကြီးလွှတ်တော်တွင် နိုဝင်ဘာလ ၃ ရက်က သတင်းထောက်များနှင့်တွေ့ဆုံရာ၌ ပြောကြားခဲ့သည်။

# အမေရိကန်၏ မြန်မာအစိုးရအပေါ် ချမှတ်ထားသော ကန့်သတ်ချက်အချို့ စတင်လျှော့

အားမာန်

**ရန်ကုန်၊ နိုဝင်ဘာ - ၄**



မစ်ရှဲလ်(ဝဲ)နှင့် ပို့စနာတို့ကို တွေ့ရစဉ်။ ဓာတ်ပုံ - အားမာန်

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် အလွန်ပင်အပြုသဘောဆောင်သောခြေလှမ်းများကိုမြင်တွေ့နေရသောကြောင့် အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ် လိုက်လျောညီထွေစွာဆက်ဆံနိုင်ရေးအတွက် စတင်စဉ်းစားနေပြီဖြစ်ကြောင်း အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဒဲရက်မစ်ရှဲလ်ကပြောကြားသည်။

"အခုအချိန်ထိတော့ အလွန်အပြုသဘောဆန်တဲ့ခြေလှမ်းတွေ (Very Positive Step)၊ အပြုသဘောဆောင်တဲ့လက္ခဏာ (Positive Gesture)တွေ မြင်တွေ့နေရပါပြီ။ ဒါ့ကြောင့်မို့ ကျွန်တော်တို့(အမေရိကန်အစိုးရ)က ဘယ်လိုဆက်လက်ဆောင်ရွက်ရမယ်ဆိုတာကိုစတင်စဉ်းစားနေပါပြီ။ စီးပွားရေးပိတ်ဆို့မှုတွေကိုရုပ်သိမ်းဖို့ ပိုမိုခိုင်မာတဲ့ခြေလှမ်းတွေကို မြင်တွေ့ရဖို့လိုပါတယ်။ မြန်မာနိုင်ငံအပေါ် ကန့်သတ်ချက်တွေကိုလည်းအခုကတည်းကစတင်လျှော့ချလာခဲ့ပါပြီ။ ဥပမာ ခရီးသွားလာမှုမျိုးပေါ့။ အဲဒီတော့ ကျွန်တော်တို့ဘက်ကလည်းစတင်လှုပ်ရှားနေပါပြီ"ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်က အမေရိကန်က မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများကို ပယ်ဖျက်ပေးရန်အတွက်မည်ကဲ့သို့သောလိုအပ်ချက်များရှိနေပါသလဲဟု နိုဝင်ဘာ ၄ ရက်ညနေပိုင်းက 7Day News ၏မေးမြန်းမှုကိုဖြေကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

အမေရိကန်အစိုးရက ယခင်မြန်မာအစိုးရအရာရှိများ အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိပါက ကုလသမဂ္ဂဌာနချုပ်၏ ကန့်သတ်မိုင်အတွင်းသာ ခရီးသွားလာခွင့်ပြုခဲ့သည်။ ယခုအခါ ထိုကန့်သတ်ချက်ကို ဖြေလျှော့လိုက်ပြီဖြစ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံအပေါ် ပေးအပ်နေသော အကူအညီများကို တိုးမြှင့်ပေးရန်အတွက်လည်း ဆွေးနွေးနေပြီဖြစ်သည်။

ထို့အပြင် မြန်မာအစိုးရအနေဖြင့် အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုကို အာရုံမထားဘဲ စစ်မှန်သောပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ပါက အမေရိကန်အစိုးရမှ ပူးပေါင်းကူညီမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် စစ်မှန်သောပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်နေသည်ကို အမေရိကန်လွှတ်တော်အမတ်များသိရှိရန် သက်သေပြနိုင်ရန်လိုပြီး၊ မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များကို အမေရိကန်အစိုးရက အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ဒဲရက်မစ်ရှဲလ်က ဆက်လက်ပြောသည်။

အမေရိကန်က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများအပေါ် အနီးကပ်စောင့်ကြည့်ရာတွင် မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲမှုများအတွက် ပြည်သူများ၏ တုံ့ပြန်မှုများကိုလည်း စောင့်ကြည့်သွားမည်ဖြစ်ပြီး မြန်မာပြည်သူများ၏ အစိုးရအပေါ် အမြင်နှင့်တုံ့ပြန်မှုများမှာလည်း အရေးပါကြောင်း ၎င်းကပြောသည်။

"စီးပွားရေးအရ ပိတ်ဆို့မှုတွေက ဘာလဲဆိုတာ စားပွဲပေါ်မှာချပြထားပါတယ်။ ကျွန်တော်တို့ကလည်း ပြုပြင်ပြောင်းလဲမှုတွေကိုမြင်တွေ့နေပါတယ်။ ပိတ်ဆို့အရေးယူမှုက အမေရိကန်ဥပဒေသဖြစ်ပါတယ်။ ကျွန်တော်တို့က ကွန်ဂရက်လွှတ်တော်မှာဆွေးနွေးကြပါမယ်။ သူတို့(အမေရိကန်လွှတ်တော်အမတ်များ)ကလည်း ဒီပြုပြင်ပြောင်းလဲမှုတွေကိုမြင်တွေ့ဖို့လိုပါတယ်။ သူတို့က စစ်မှန်တဲ့ပြုပြင်ပြောင်းလဲမှုတွေ(Genuine Reform၊ Evidence of Genuine Reform)ကိုမြင်တွေ့ဖို့လိုပါတယ်။ ခံစားနိုင်ဖို့လည်း လိုပါတယ်။ ကျွန်တော်တို့ ဒီအဆင့်တွေကို ကျော်လွှားသွားနိုင်ဖို့လိုပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့က မြန်မာအစိုးရရဲ့ ဆောင်ရွက်ချက်တွေကို အနီးကပ်စောင့်ကြည့်သွားမှာပါ။ အစိုးရရဲ့ ပြုမူချက်တွေကိုပြည်သူတွေကတုံ့ပြန်မယ်။ ပြည်သူတွေက ဘယ်လိုတုံ့ပြန်မလဲဆိုတာကိုလည်း ကျွန်တော်တို့စောင့်ကြည့်သွားမယ်"ဟု ဒဲရက်မစ်ရှဲလ်က ပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ်သည် မြန်မာနိုင်ငံသို့ နိုဝင်ဘာလ ၂ ရက်မှ၄ရက်အထိတတိယအကြိမ်မြောက် လာရောက်ခဲ့သည်။ ပြီးခဲ့သော စက်တင်ဘာလကုန်ပိုင်းတွင် ပထမအကြိမ်၊ အောက်တိုဘာ ၂၄၊ ၂၅ ရက်တွင် ဒုတိယအကြိမ်လာရောက်ခဲ့သည်။

အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ဒဏ်ခတ် ပိတ်ဆို့အရေးယူမှုကို ၁၉၉၇ ခုနှစ်မှ စတင်ချမှတ်လာပြီး ၂၀၀၃ခုနှစ်တွင် ထပ်မံတိုးမြှင့်အရေးယူခဲ့သည်။ အိုဘားမားအစိုးရလက်ထက်တွင် အမေရိကန်၏ မြန်မာနိုင်ငံအပေါ် ကျင့်သုံးသောမူဝါဒ အနည်းငယ်ပြောင်းလဲခဲ့သည်။ စီးပွားရေးအရ ပိတ်ဆို့မှုများကို ဆက်လက်ထားရှိပြီး တစ်ဖက်တွင်လည်း မြန်မာအစိုးရနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံလာခြင်းဖြစ်သည်။

## အကျဉ်းသားလွှတ်ပေးရေးနှင့် ပါတီမှတ်ပုံတင်ဥပဒေ ပြောင်းလဲခြင်းကို ဦးစားပေးသင့်ဟုဆို

အိဖြူလွင်

**ရန်ကုန်၊ နိုဝင်ဘာ-၄**

လွတ်ငြိမ်းချမ်းသာခွင့် အရ အကျဉ်းသားများလွှတ်ပေးခြင်းနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပြောင်းလဲခြင်းများကို ဦးစားပေး အစီအစဉ်များအဖြစ်မှတ်ယူလုပ်ဆောင်သင့်သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဗီဂျေနမ်ဗီးယားက မြန်မာနိုင်ငံတွင် ငါးရက်ကြာ ခရီးစဉ်အပြီး ရန်ကုန်လေဆိပ်၌ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အထူးသဖြင့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် ယခုရရှိသော အခြေအနေကောင်းများအပေါ် အခြေခံ၍ အမျိုးသားစည်းလုံးညီညွတ်မှုနှင့်နယ်စပ်ဒေသများတွင် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးအတွက် အားလုံးပါဝင်သော ကျယ်ပြန့်သည့် ဆွေးနွေးမှုများလည်း ဆက်လက်လုပ်ဆောင်သင့်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအတွက် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အသိအမှတ်ပြုမှုနှင့်ယုံကြည်မှုများတိုးပွားလာစေရန် ယခုကဲ့သို့ အရေးပါသောအချိန်တွင် ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျ ဆက်လက်လုပ်ဆောင်ရမည်ဟု မစ္စတာနမ်ဗီးယားက ပြောကြားခဲ့သည်။

မစ္စတာနမ်ဗီးယားသည် အောက်တိုဘာ ၃၁ ရက်တွင် မြန်မာနိုင်ငံသို့ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး နေပြည်တော်၊ မန္တလေး၊ ရန်ကုန်မြို့တို့တွင် အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြားသော



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဗီဂျေနမ်ဗီးယား ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။